www.burmeseclassic.com



www.burmeseclassic.com

မထမအကြိမ်၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ

စာမူခွင့်ပြုချက်အမှတ် ၁၉၈/၉၉ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၃၃ / ၉၉ (၇)

မျက်နှာဖုံးပန်းချီ ဝသုန်

အတွင်းပန်းချီ နိုင်သူ

မျက်နှာဖုံးပုံနှိပ် ဦးအေးမြင့်

သင်းပုံနှိပ်တိုက် (မြ-၀၃၃၄၂)

အမှတ် (၈၀)၊ ၄၃လမ်း

ရန်ကုန်မြို့။

အတွင်းပုံနှိပ် ဒေါ်ပိုရိုတီ (၀၁၈၂၈)

တောက်တောက်ဝင်းအောက်(ဖ်)ဆက်

အမှတ် (၁၆၉)၊ ၃၃လမ်း၊ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးအောင်ကြီး (၀၉၈၆)

ရွှေပုရပိုက်စာပေ၊

အမှတ် (၅)၊ တင့်ဆန်းလမ်း၊ ဂွတ္တလစ်

ရန်ကုန်မြို့။

စောင်ရေ ၅၀၀

တန်ဖိုး ၃၀၀ ကျပ်

တွန်မြူတာစာစီ "လင်းဆက်" "QUICK"

အဖုံးဖလင် "ALPHA"

အတွင်းဖလင် "နိုင်လေး"

ဖြန့်ချိရေး "လင်းဆက်" စာပေဝင်ပေါက် (၂၃)

အခန်း ၀-၂/၃ ယုဇနပလာဇာ

မြေညီထပ်၊ မင်္ဂလာတောင်ညွန့်

ရန်ကုန်မြို့။

ဖုန်း ၂၀၀၇၄၃ / Ext ;3

# စာစု

# ၃

LS လင်းဆက် စာပေ

ဝင်ပေါက် (၂၃)၊ အခန်း ၀-၂/၃ ယုဇနပလာဇာ၊ မြေညီထပ်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၀၀၇၄၃ - ၁၁၇၇

www.burmeseclassic.com

www.burmeseclassic.com

မွေးဖေ

မွေးမေ

ပြီးတော့

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဖြစ်သည့်

ဆရာ သော်တာဆွေ အား ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။

၁-၇-၉၉

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူစကား | ၆ |
| ၂။ | ဒီညာခိုးကသဲ့ ဇားဒေဒေဇား | ၈ |
| ၃။ | ဦးပေလု၏လှူယုံတော် | ၂၅ |
| ၄။ | တာဆုံ | ၅၁ |
| ၅။ | မုဆိုးမလေး ကျားနီ | ၇၇ |
| ၆။ | ကျားနီမ၏ စွမ်းရည်ပြိုင်ပွဲ | ၉၀ |
| ၇။ | ရယူထိုက်သော သင်ခန်းစာ | ၁၀၈ |
| ၈။ | အစွဲ | ၁၁၉ |
| ၉။ | အမှောင်မှသည် အလင်းဆီ | ၁၃၆ |
| ၁၀။ | လူကျားနာခံ | ၁၅၅ |
| ၁၁။ | အလှည့် | ၁၆၇ |
| ၁၂။ | အငြိုး | ၁၈၄ |
| ၁၃။ | အငြိုးတကြီးနဲ့ ခြေတိုးကြီး | ၁၉၅ |
| ၁၄။ | မျှော်လင့်လျက်ပါ 'အင်ဂျယ်လာ' | ၂၁၇ |
| ၁၅။ | အစ်ကိုကြီးအဖအရာ ဆိုငြားသော်လည်း | ၂၃၅ |
| ၁၆။ | အနာဝတ်တစ္ဆေ | ၂၆၇ |


www.burmeseclassic.com

www.burmeseclassic.com



# "စာရေးသူ၏စကား"

ထဝမ်ရာစီ နှလုံးသားနှင့် မုဆိုးဝတ္ထုတိုများပေါင်းချုပ်ကို ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေပြီးတွင် အတိုင်းအတာတစ်ခုထိတိုင် စာဖတ်သူတို့၏အားပေးမှုကို ရခဲ့သည့်ကြောင့် ၁၉၉၈ခုနှစ်တွင် "မုဆိုး၏မုဆိုးများ" ဝတ္ထုတိုပေါင်းချုပ်ကို ဆက်ထုတ်ခဲ့၏။ ထင်ထားသည်ထက် သာလွန်အောင်မြင်သည်ဟု ဆိုရပေလိမ့်မည်။

ဆစဉ်ထုတ်မဂ္ဂဇင်းအချို့တွင် ဖော်ပြခဲ့ပြီး ဝတ္ထုတိုများကို စုစည်းထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာဖတ်ပရိတ်သတ် နှစ်ခြိုက်ခဲ့သည် ကာပေလောကသားတို့ စိတ်ဝင်စားခဲ့သည်။ ထိုသည်ကား မိမိတွက် အားရဖွယ်၊ အားတက်ဖွယ်ပင်၊ ပို၍တွေနှပ် ကြည်နူးဖွယ်ဖြစ်ရသည် ကား မိမိ၏မုဆိုးဝတ္ထုများမှ ဗဟုသုတရဖွယ်၊ မှတ်သားဖွယ်အချို့ ဆွတ်တွက်ဖောက်အိမ်သော် လည်းကောင်း၊ စာပိုဒ်အချို့သော်လည်း ကောင်း၊ စကားတစ်လုံးသော်လည်းကောင်း၊ ထိုသည်တို့ကို မုဆိုး ဝတ္ထုရေးလာသူအချို့တွက် အသုံးတည့်ထည့်တွင်း အသုံးပြုလာကြ ခြင်းများကို တွေ့ရသည့်ကြောင့်ဖြစ်တော့၏။

မိမိ၏ မူရင်းရည်ရွယ်ချက်သည်ကား စာဖတ်သူတို့နှင့် (မြို့နေလူတန်းစားအတော်များများကိုဆိုလိုခြင်းဖြစ်၏။) လွန်စွာမှ စိမ်းလှသော မြန်မာ့တောတောင်၊ ၎င်းတွင်မှီတင်းနေထိုင်ကြသော သားရဲတိရစ္ဆာန်ကောင်များတို့၏သဘာဝ၊ စရိုက်၊ သားရဲကောင်များ

www.burmeseclassic.com



ဖြစ်ပြီး အသိဉာဏ်ရှိကြပုံများကို သိထားစေလိုခြင်း၊ ထိုမှတဖန် အခြေခံ၍အသိဉာဏ် ပို၍ဖွံ့ဖြိုးသောလူသားတို့က သတ္တဝါ့များ အပေါ် ကိုယ်ချင်းစာနာစိတ်ရှိရန်၊မေတ္တာထားတတ်ကြရန် ရည်ရွယ်၍ မိမိကိုယ်တွေ့တွေ့လက်မုဆိုးတို့၏ ကိုယ်တွေ့ ကြုံဖြစ် ရပ်များကို ဖောက်တွက်ဖောက်အိမ်တည်၍ တင်ပြခဲ့ခြင်း များဖြစ်သည်။

ဖြစ်ရပ်မှန်များသည် ရံခါဆိုသလို စိတ်တူးယဉ်ထက်ပို၍ ဆန်းကြယ်တတ်ပါသည်။

ထိုသည် ကြုံတွေ့ခဲ့သည်များကို တစ်ဆင့် ကူးလူး မျှဝေ ခံစားလိုသည်ဖြစ်၍ စာဖတ်သူတို့ အစာတတ်နိုင်ဆုံး နားလည်စေရန် မဂ္ဂဇင်းအချို့တွင် ရေးသားတင်ပြခဲ့သည်။

မဂ္ဂဇင်းအချို့ဆိုရာ၌ ဖတ်ဖြစ်သူ၊ မဖတ်ဖြစ်သူ၊ ဖတ်လိုသူ တို့အတွက် မဖတ်လိုက်ရအဖြစ်မျိုး မရှိစေရန် အလို့ငှာ မုဆိုးစာပေ နှစ်ခြိုက်သူ စာဖတ်ပရိတ်သတ်အတွက် မိမိ၏ ဝတ္ထုတိုများ တစ်စု တစ်စည်းတည်းဖတ်နိုင်ရန် တစ်နှစ်တစ်အုပ် ပေါင်းချုပ်လုပ်၍ ထုတ် ဝေရခြင်း ဖြစ်ပေသည်။

စာဖတ်ပရိတ်သတ်များအပေါ် အစဉ်လေးစားလျက်

ကိုမိုက်

၂၆-၂-၉၉

www.burmeseclassic.com

www.burmeseclassic.com






# "ဝိညာဉ်ကလဲ့စားလေလား"

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က ကျွန်တော်သည် တောတောင်နှင့်မကင်းသော ဝန်ထမ်းတဦးဖြစ်သည်ကြောင့်၊ ဝန်ထမ်းတပိုင်း မုဆိုးတပိုင်းဖြစ်ခဲ့သည်။ ထိုသည်ကြောင့် တောတောင်နှင့် ပတ်သက်၍ အံ့ဖွယ်ထူးဆန်းအသွယ်သွယ်ကို ကိုယ်တိုင်ကြုံခဲ့၊ မြင်တွေ့ခဲ့ရသည့် ရှိခဲ့ ဆိုသလို တကယ်ဖြစ်ရပ်မှန်များသည် စိတ်ကူးယဉ်ထက်မယုံနိုင်လောက် ယ်ဆန်းကြယ်နေတတ်ပါသည်။ ထိုသည်များမှ လက်ခံယုံကြည်နိုင် လောက်ဖွယ်များကိုသာ ဝတ္ထုသဘောဆင်၍ အတော်များများ ရေးသား ပြီးဖြစ်သည်။ သို့ပြား အရှေ့ရိုးမတနေရာရှိ ပန်းပုတ်ကြီးစခန်းတွင် ဒေသခံမုဆိုးကြီးစောလူး မိတ်ဆွေကြီးလင်းမြင့်လှိုင်တို့နှင့် အမဲပစ်ထွက်ခဲ့ စဉ်က ကျွန်တော်ကိုယ်တိုင်ကြုံခဲ့၊ ဖြစ်ပျက်ခဲ့ရသော အကြောင်းအရာတွေ အများကြီးမှ အကြောင်းအရာလေးတခုသည် လွန်စွာမှုမယုံနိုင်လောက် အောင်အံ့ဩဖွယ်ဖြစ်သည်ကို ယနေ့တိုင် မမေ့နိုင်သေးချေ။ ထိုသည် အကြောင်းလေးကို တင်ပြလိုသည့် စိတ်ဆန္ဒပြင်းပြလျက်ရှိသည်မှာ ကြာပြီ ဖြစ်သော်လည်း လက်တွန့်နေမိသည်။ အဘယ်ကြောင့်ဆိုသော် ယုံရခက် ခက်မယုံရခက်ခက်ဖြစ်နေခြင်းကြောင့်ပင်၊ သို့ပေသော်လည်း ယနေ့တိုင် ကျွန်တော်ကိုယ်တိုင် ထိုပဟေဠိဆန်ဆန်ကိစ္စလေးကို အဖြေမထုတ်နိုင်ခဲ့ ပါသဖြင့် စာဖတ်ပရိသတ်မှ စဉ်းစားဆုံးဖြတ် အဖြေထုတ်ပေးနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



အလို့ငှာထင်ပြလိုက်ပါသည်။ ထိုသည့်ကြောင့်လည်း

လွန်စွာမှု အမဲပစ်၍ကောင်းသော ဆောင်းကာလနှောင်းပိုင်း လေးတွင် လင်းမြှင့်လှိုင် ကျွန်တော်နှင့်ဒေသခံမုဆိုးကြီး စောလူးတို့သည် အရှေ့မိုးမတောတွင်းသို့ဝင်ခဲ့ကြသည်။ အဓိကရည်ရွယ်ချက်ပစ် မှတ်သား ကောင် ရယ်လို့ သတ်သတ်မှတ်မှတ်မရှိ၊ အမဲပစ်မထွက်သည်မှာ ကြာပြီ ဖြစ်ခြင်း၊ လင်းမြှင့်လှိုင်နှင့်ကျွန်တော်သည် အလုပ်အားနေကြသည်လည်း ဖြစ်၍တစ်ကြောင်း၊ ဒေသခံမုဆိုးကြီးစောလူးနှင့်လည်း မတွေ့တာကြာပြီ ဖြစ်သဖြင့် ဆုံတွေ့လိုခြင်းလည်းဖြစ်သည့်ကြောင့် အမဲလိုက်ထွက်ခဲ့ခြင်း ဖြစ်တော့၏။

မုဆိုးကြီးစောလူးနေထိုင်ရာ တင်းမတီးကျေးရွာမှ နံနက် ၈း၀၀ နာရီလောက်တွင် ထွက်ခဲ့ကြသည်။ တောတွင်းသို့လှည့်လည်သွားလာကြ ရင်း ဝန်းပုတ်ကြီးစခန်းသို့ ရောက်ခဲ့သော်ငြား မည်သည့်သားကောင်မျှ မပစ်ခတ်ရသေးချေ။ သို့ကြောင့် . . . ဝါးခုတ်တဲပေါင်းထဲတွင် နားနေ ကြရင်း အဆာပြေအလို့ငှာ မုဆိုးကြီးစောလူးယူလာသည့် ဆတ်သား ခြောက်နှင့် လင်းမြှင့်လှိုင်ထံမှ အမြဲကိုယ်နှင့်မကွာပါလာတတ်သည့် "ဘလက်လေဘယ်" ပုလင်းအတွင်းမှ အရသင့်ဆော်ဒါဖြင့်ရောစပ်ခဲ့ပြီး ဖြစ်သည့်အရက်ကို မော့ရင်းသောက်ကြရင်း စကားစမြည်ပြောနေကြတော့ ၏။ ထိုစဉ်ကျွန်တော်တို့ ရှေ့ခပ်လှမ်းလှမ်းတောင်စွယ်လေးပေါ်မှ သတ္တဝါ တစ်ကောင်ပြေးလွှားနေသံကြားရသည်ဖြစ်၍ ထိုနေရာသို့ သုံးယောက်သား



ချောင်းမြောင်းတိုးကပ်သွားလိုက်သည်။ ကျွန်တော်တို့ရှာဖွေနေသော သား ကောင်တွေ့ပြီ။

ဒရယ်လေးတစ်ကောင်သည် ယောက်ယက်ခတ်စွာဟိုသည် ပြေးလွှားနေ၏။ ထိုသို့ပြေးလွှားရင်း အော်ဟစ်နေပြန်၏။ မိခင်ဒရယ်မကြီး ကိုတမ်းတခေါ် နေသည်လား။ သို့တည်းမဟုတ် တစုံတခုသောအား အကူအညီ တောင်းခံနေသည်လားဆိုသည်ကိုတော့ဖြင့် ကျွန်တော်သည် တိရစ္ဆာန်တို့ ၏ ဘာသာစကားကို နားမလည်၍ မသိပေငြား တိရစ္ဆာန်နှင့်တူ ကြောင့် ဒုက္ခရောက်နေ၍ အော်ဟစ်ပြေးလွှားနေခြင်းကိုတော့ဖြင့် သိလိုက် ပေသည်။

ကျွန်တော်သည် အမဲပစ်မုဆိုးတစ်ယောက်ဖြစ်သော်လည်း ဒုက္ခ ရောက်နေသည့် သတ္တဝါ၊ တိရစ္ဆာန်များကိုမူ ပစ်ခတ်သတ်ဖြတ်လေ့မရှိပါ။ သို့ကြောင့် ထိုဒရယ်လေးမည်သည့်အန္တရာယ်နှင့်ကြုံနေရသည်၊ မည်သို့ ကူညီရမည်သိလို၍ ရှေ့ခပ်လှမ်းလှမ်းတွေ့မြင်နေရသည့် ဒရယ်လေးနှင့် နီးနိုင်သမျှနီးအောင် ချောင်းမြောင်းတိုးကပ်သွားလိုက်၏။ သည်တော့ ဒရယ်လေးအား ညွှတ်ကွင်းမိနေခြင်းလည်းမဟုတ်၊ ဆူးငြောင့်ဒုက္ခပေးခံရ ခြင်းလည်းမဟုတ်ကြောင်းသိရ၏။ ထိုနေရာတဝိုက်မှာပင် ဝေးဝေးသို့ ပြေး လွှားသွားခြင်းမရှိဘဲ ယောက်ယက်ခတ်လှည့်ပတ်ပြေးနေသဖြင့် ထူးဆန်း လှချည်ရဲ့ ဆိုပြီး ထိုပတ်ဝန်းကျင်တဝိုက် စူးစမ်းအကဲခတ်ကြည့်မိသည်။

မည်သည့်အတွက်ကြောင့် ဒရယ်လေးသည် အန္တရာယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နေရသော်ငြား ဝေးဝေးပြေးမသွားလေသနည်းဆိုသော် ထိုနေရာမှဝေးရာသို့ပြေးလွှားထွက်သွားလို့ငြား . . . ပြေးလွှားထွက်သွား၍ မရခြင်းကြောင့်ပင်ဖြစ်တော့၏။ ထိုသို့ပြေးလွှားထွက်မသွားနိုင်ရန်အလို့ငှာ လုပ်ဆောင်ထားသူမှာ ညှို့အားကောင်းသည့် စပါးကြီးမြွေတကောင်ကြောင့်ပင်ဖြစ်တော့၏။ ထိုဒရယ်လေး၏ခပ်လှမ်းလှမ်းနေရာတွင် စပါးကြီးမြွေတကောင်ရှိနေ၏။ စိုစွတ်လျှက်ရှိသော မြေသလင်းပေါ်မှထောင်ရစ်နေသည့် ဒရယ်လေး၏ လတ်လတ်ဆတ်ဆတ်ခြေရာကွက်လေးကို မြွေကြီးသည် လျှာလေးပြူတစ်၊ ပြူတစ်လုပ်ရင်း ရူးရှူးသောမျက်ဝန်းများဖြင့် စူးစိုက်ကြည့်နေ၏။ ရံခါဆိုသလို "တဖူးဖူး" မြည်နှာမှုတ်နေသေးပြန်၏။

ထိုမြင်ကွင်းကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်နှင့် ဒေသခံမုဆိုးကြီးစောလူးတို့နှစ်ယောက်အား အသာအယာလက်ကာပြကာ စပါးကြီးမြွေသည် သူ၏သားကောင်ဒရယ်လေးကို မည်သို့ဖမ်းယူလေမည်ကို စောင့်ကြည့်ကြရန်အချက်ပြလိုက်သည်နှင့် သူတို့၂ယောက်သည် အလိုက်တသိဖြင့် ကျွန်တော်အနားမှာပင် တိုးတိတ်ညင်သာစွာ စိတ်ဝင်တစားကြည့်နေကြတော့၏။

ဒရယ်လေးသည် ဖော်ဟစ်ပြေးလွှားနေရာမှ မောပမ်းသွားလေ၍လား သို့တည်းမဟုတ် စပါးကြီးမြွေ၏ညှို့အားကြောင့်ပေလား မသိ အသံတိတ်ဆိတ်ငြိမ်သွားသလို ညှို့နွမ်းခွေယိုင်သွားလေတော့၏၊ ထိုအခါ စပါးကြီးမြွေသည် "ဖူး" ကနဲတချက်နှာမှုတ်ထုတ်လိုက်သည်နှင့် ဒရယ်



လေးသည်သူ့အနားသို့ ဒယီးဒယိုင်ဖြင့် တန်းတန်းမတ်မတ် တိုးကပ်သွားလေတော့၏။ ထိုသည်တွင် စပါးကြီးမြွေသည် ကိုယ်ကိုဆတ်ကနဲတချက်လှုပ်လိုက်ကာ ခေါင်းထောင်လာတော့၏။ ထိုစပါးကြီးမြွေ၏ လှုပ်ရှားမှုကိုကြည့်ခြင်းအားဖြင့် ရှေ့ဆက်မည်သို့ပြုလုပ်တော့မည်ကို ကြိုတင်သိလိုက်ရပြီဖြစ်၍ ကျွန်တော်သည် လက်တွင်းရှိသေနတ်ကို ကမန်းကတန်းမောင်းအင်လိုက်ကာ၊ ထိုစပါးကြီးမြွေကို ပစ်ခတ်လိုက်တော့သည်။

"ဒိုင်း"

ပြင်းထန်သော "ယမ်း" အားပေါက်ကွဲသံကြောင့် ဒရယ်လေးသည် ထိတ်လန့်တုန်လှုပ်သွားကာ အသိစိတ်ပြန်ဝင်သွားပြီး ထိုနေရာမှဝေးရာသို့ ဖော်ဟစ်ပြေးလွှားသွားတော့သည်။

စပါးကြီးမြွေကား သူထင်မှတ်မထားသော ရန်သူက သူ့အားချိန်တိုက်ခိုက်ခြင်းခံလိုက်ရသည်ကို သိချင်မှသိပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကိုက် ၁၀၀ ပတ်လည်အတွင်းရှိ မည်သည့်ပစ်မှတ်မဆို မလွဲအောင် ပစ်ခတ်နိုင်စွမ်းရှိသည့် ကျွန်တော်၏ "သေမင်းတမန်" သေနတ်ပြောင်းဝမှ ဝရုန်းသုန်းကားထွက်လာသော ခဲကျည်းဖူးသည် သူ့အား မြွေလောကမှ အပြီးတိုင်ခွဲထုတ်သွားသောကြောင့်ပင် ဖြစ်သည်။

ရုတ်တရက်လှုပ်ရှားလိုက်သည့် ကျွန်တော်အပြုအမူကြောင့် မုဆိုးကြီးစောလူးနှင့် လင်းမြင့်လှိုင်သည် အံ့သြတကြီးဖြစ်သွားကာ

"ကိုပိုက်ရာဘာလို့ပစ်လိုက်ရတာလဲ . . . မြွေကြီးကဒရယ်

www.burmeseclassic.com

www.burmeseclassic.com



လေးတိုဘယ်လိုဖမ်းပြီးမြိုမလဲဆိုတာ ကြုံတောင့်ကြုံခဲမြင်ရမှာဗျာ၊ ခုတော့ ခင်ဗျားကြောင့် ဒရယ်လေးလဲမြေးပြီ မြွေကြီးလဲသေပြီ"

"ခင်ဗျားတို့အတွက်ကြုံတောင့်ကြုံခဲ အတွေ့အကြုံလေးကို ကျွန်တော်တဖျက်လိုက်သလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်ဗျာ ကျွန်တော်အနေနဲ့ စပါးကြီးမြွေက ဒရယ်လေးကို တဖြည်းဖြည်းမြိုနေမှာကို မကြည့်ရက်လို့ ခုလိုလုပ်လိုက်တာပါ။ ဒီလိုဗျာ ဒရယ်လေးသူ့နားရောက်ရင် သူ့ကိုယ်လုံးနဲ့ဒရယ်လေးကို ရစ်ပတ်လိုက်ပြီး အရိုးအဆစ်တွေ ပြုတ်ထွက်သွားအောင် ဆွဲဆန့်လိုက်လိမ့်မယ်၊ အဲဒီအခါ ဒရယ်လေးဟာ အရှင်လတ်လတ်ခံရတော့မယ်။ မြွေကြီးကအဲလိုလုပ်လိုက်တော့ ဒရယ်လေးဟာ အရိုးအဆစ်တွေပြုတ်ထွက်မယ်၊ တချို့ကြေမယ်၊ သည်တော့မှ မြွေကြီးဟာဒရယ်လေးနဲ့ ဦးခေါင်းကနေစပြီး တဖြည်းဖြည်း မြိုတော့မှာပေါ့ဗျာ . . . အဲသည်မြင်ကွင်းကို ကျွန်တော်မမြင်ရက်ဘူး၊ ဒါကြောင့် ခုလိုလုပ်လိုက်ရတာပါ"

"ဪ . . . ကလေးရာ စပါးကြီးမြွေသားကလဲ အင်မတန်စားကောင်းသဗျ" ရယ်လို လင်းမြင့်လှိုင်ကိုရှင်းပြလိုက်ပြီး သူတို့နှစ်ယောက်အားဦးဆောင်၍ ထိုစပါးကြီးမြွေနားသို့သွားလိုက်သည်။ ပြီးနောက် အသက်စိဉာဉ်ချုပ်ငြိမ်းလေပြီဖြစ်သော မြွေကြီးအား လင်းမြင့်လှိုင် မုဆိုးကြီးစောလူး တို့၏ အကူအညီဖြင့် စခန်းချမည့်နေရာသို့ သယ်မ ယူလာလိုက်သည်။

"သဘာဝအရ သူ့အစာအလိုငှာ ဖမ်းယူစားသောက်တတ်တဲ့



အကျင့်စရိုက်ကြောင့် မြွေကြီးဟာ ဒရယ်လေးအပေါ်မှာ မတရားလုပ်တယ်လို့ ကျွန်တော်မမြင်ဘူးဗျာ၊ တိုပိုက်ကစုလို မြွေကြီးကို သတ်ပစ်လိုက်တော့ မုဆိုးချင်းစည်းဖေါက်ရာ ကျမနေဘူးလား"

မြွေကြီးကို တွဲလောင်းဆွဲ အရေခွာ အသားဖျက်နေသည့် ကျွန်တော်အား "လင်းမြင့်လှိုင်" က စခန်းတဲပေါ်မှ လှမ်းပြောလိုက်သဖြင့် အတော်ကလေးတုန်လှုပ်သွားမိသည်။ (ဟုတ်ပါရဲ့) မြွေကြီးသည် သူ့ဖမ်း ရေးအတွက်သူ့ရှာစားတာပဲ၊ ဘာကယ်တန်းမထရှင်းသည်ကား ကျွန်တော် ရယ်လို့ သတိမြုလိုက်မိသည်။ ဖြစ်ပြီးလေမှတော့ မည်သို့တတ်နိုင်တော့ပါမည်နည်း။

အသားတစ်တုံးများဖြစ်သွားသည့် မြွေကြီးသားကို ကျွန်တော်သည် မီးကင်တန်သည့်မီးကင်၊ ကြော်တန်သည်ကြော်၊ ချက်တန်သည် ချက်လိုက်သည်။

ထိုနေ့ညနေခင်းစာကို မြွေသားနှင့်မြိန်ယှက်စွာ စားလိုက်ကြတော့သည်။

"အာပါး . . . မြွေသားတယ်ကောင်းတယ်ဗျ"

ခုမှတကြိမ်တခါ မြွေသားစားဖူးသော လင်းမြင့်လှိုင်ကပြော၏။

"ဟုတ်တယ်ဆိုလင်း . . . အစက ကျွန်တော် လင်းမြွေသားပဲ စားဖူးတာ အဲဒီတုန်းက လင်းမြွေသားကောင်းလှချည့်လို့ ထင်ခဲ့တယ်မို စပါးကြီးမြွေသားက ပိုကောင်းနေပါကလားဗျ" ရယ်လို့ မုဆိုးကြီးစောလူး

www.burmeseclassic.com

www.burmeseclassic.com



တမြောလာပြန်သဖြင့် ကျွန်တော်သည် သူတို့ ၂ယောက်အားကြည့်၍ ပြုံးနေလိုက်သည်။ ပြီးမှ -

"စပါးကြီးမွေသားထက်ကောင်းတဲ့ မွေသားရှိသေးသဗျ" ဆိုလိုက်တော့ "ဘာမွေရှိသေးတုန်း" ရယ်လို့ ၂ယောက်သားပြိုင်တူမေးလာကြသည်။

"တောကြီးမွေပေါက်"

ကျွန်တော်အဖြေကြောင့် နှစ်ယောက်သား မျက်လုံး မျက်ဆန်ပြူးသွားကြကာ အံ့ဩတကြီး ဖြစ်သွားကြတော့၏။

"သည်လောက်အဆိပ်ပြင်းတဲ့မွေစားလို့ရသလားဗျာ"လင်းမြင့်လှိုင်ဟာ မယုံရဲရဲမေးလာသဖြင့် -

"ရပါတယ်ဗျာ . . . အဆိပ်ပြင်းလေ သူ့အသားကစိုလေးပိုချိုလေပေါ့ဗျာ" ဆိုလိုက်တော့ "အဲလောက်အဆိပ်ပြင်းတဲ့မွေကို စားတာ အန္တရာယ်မဖြစ်နိုင်ဘူးလား" မေးလာပြန်သည်။

"လွယ်ပါတယ် . . . ဘယ်လိုအမျိုးအစားမွေဖြစ်ဖြစ် . . . ခေါင်းကိုသာဖြတ်ပစ်လိုက် အဆိပ်အိတ်ကခေါင်းထဲမှာပါသွားတယ်။ ပြီးတော့ ကျောရိုးမှာရှိတဲ့ သွေးကြောလေးကို ဖြတ်ထုတ်လိုက်၊ ချက်တဲ့အခါမှာလဲအိုးအဖုံးဖွင့်ချက်ဗျာ ဘာမှမဖြစ်ပါဘူး၊ အဆိပ်သင့်နိုင်တဲ့အကောင်ခြင်းတူတူ ငါးပုတင်းစားမလား၊ မွေသားစားမလားဆိုရင်တောင်မှ ကျွန်တော်က မွေသားစားမှာဗျာ. . . မွေသားဟင်းချက်စားတာ ငါးပုတင်းချက်စားတာထက် အန္တရာယ်ပိုကင်းသဗျ၊ အဲအဆိပ်ပြင်းတဲ့ မွေသားစားရင်းနဲ့နဲ့တော့ပူတာပေါ့ဗျာ. . . မဆိုစလောက်ကလေးပါ။ ကဲကိုလင်းရေ သည်မွေသား အစိုချက်ဟင်းထက် မွေသားကြွပ်တိုက်ကိုချက်တဲ့ ဟင်းက ပိုစားကောင်းတယ်ဆိုတာ နောင်မှခင်ဗျား သိလာဦးမှာပါ သည်ကပြန်ရင် မွေသားကြွပ်တိုက်တွေယူသွားချေဗျာ. . ."

"ကောင်းတာပေါ့ဗျာ" ဆိုကာလင်းမြင့်လှိုင်သည်သူ့ဓာတ်အတိုင်းသွားတက်ကလေးများပေါ်အောင် ရယ်လိုက်ပြီး စပါးကြီးမွေသားဟင်းကိုအားပါးတရ နှိုက်ယူစားလေတော့သည်။ သူအမှန်တကယ်ကြိုက်၍ အားပါးတရစားနေခြင်းလား "ဆေး" ကပဲစားနေလေသည်လား မသိ၊ မ ... ပျော်နီဝါကား" ပုလင်းသည် အခွံသာဖြစ်နေတော့၏။

စားသောက်ပြီးကြသည်နှင့် ကျွန်တော်တို့သည် ထင်းမီးဖိုထားလိုက်သည်။ ယနေ့ည ဤပန်းပုတ်ကြီးစခန်းတွင် နားကြမည်ဖြစ်သည်။ ... တက်တနေ့မှအထက်ပိုင်းရှိစခွဲအိုးဘက်သို့အမဲကြီးပစ်သွားရင်း "ကျောက်တောင်" ဘက်ဖြတ်ကာ မုဆိုးကြီးစောလူးတို့ရွာ ပြန်ကြမည်ဖြစ်သည်။

တနေ့ကုန်လျှောက်ခဲ့ကြသည်ကြောင့် ပင်ပမ်းနွမ်းနယ်နေပြီ ... ၍ စခန်းတဲပေါ်တွင် အသီးသီးကျောဆန့်လဲလျောင်းလိုက်ကြသည် ... ကာမီအိပ်ပျော်သွားကြသည်။

"ရှိုး . . . ရှိုး . . . ရှိုး"

မွေတွန်သံဖြစ်သည်။ ခပ်ဝေးဝေးမှ လာသောအသံများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရခါဆိုအာလျှင်ညစ္စက်အော်သံနင် ရှိ (ချေ) ဖောက်သံကြာ
ချခြင်းဖြစ်၏။ အချိန်လုံးကြားနေရသည်ကား မြွေမျိုးစုံ၏ တွန်သံများပင်
ဖြစ်တော့သည်။ ထူးဆန်းလိုက်ခြင်းရယ်လို့ စိတ်မှာမှတ်ရင်း . . . နားစွင့်
နေမိသည်။

"ရှီး . . . ရှီး . . . ရှီး"

ထိုကျယ်လောင်သော မြွေတွန်သံရှည်ကြီးသည် တဲစခန်းနား
ဖြစ်သည်ကြောင့် ကမုန်းကတန်းထထိုင်လိုက်သည်။ ပြီးနောက် ထိုအသ
လာရာသို့ မမှိတ်မသုန်စူးစိုက်ကြည့်လိုက်သည်။ ထင်းမီးဖိုသည်
မီးတောက်မီးလျှံကို့ဖြင့် ရဲရဲတောက်နိုင်လျက်ရှိနေသေးခြင်းကြောင့် တဲစခ
ပတ်ဝန်းကျင်တဝိုက် အလင်းရောင်ရှိနေသော်ငြား ထိုတွန်သံရှင် မြွေ
မတွေ့ရပါချေ။ မည်သည့်နေရာလောက်မှ ဖြစ်မည်နည်းကို နားစွင့်ကြ
နေမိသည်။

"ရှီး . . . ရှီး . . . ရှီး"

အလင်းရောင်မရောက်သည့်နေရာဆောက်ဆီမှ ထွက်ပေါ်
သံ ကြောင့် မျက်မှောင်ကုတ်ကြည့်လိုက်သည် တွေ့ချေပြီ။ မြေပြင် နား
လျက် ဘယ်ညာယိမ်းလှုပ်ရှားနေသည့် မျက်ဝန်းတစုံကို တွေ့လိုက်သ
မဟုတ်မှလွဲ ထိုမျက်ဝန်းတစုံပိုင်ရှင်ကား "မြွေ" ပင်ဖြစ်မည်။
ချကြောင့်ပိုသေချာအောင် လက်နှိပ်ဓါတ်မီးဖြင့် ဖင်းထိုးလိုက်သည်။
မှုမဟုတ်၊ ဘာကောင်မှုမတွေ့၊ သို့ကြောင့် ဓါတ်မီးကိုပြန်ပိတ်လိုက်သ



ထိုနေရာမှာပင် တောက်ပစူးရဲသော မျက်ဝန်းတစုံပြန်မြင်ရပြန်သည်။
သို့ကြောင့် ဓါတ်မီးပြန်ထိုးလိုက်ပြန်သည်။

ဘာကောင်မှုမတွေ့ပြန်၊ မဖြစ်နိုင်ငါကွယ်ပျောက်နေရန်ထိုနေရာ
တွင် မည်သည့်အမှိုက်သရိုက်နှင့် ချုံပုတ်ငယ် သစ်ပင်ငယ်မှုမရှိ၊ မြေ
သလင်းပြောင်ပြောင်လေးဖြစ်နေသည်။ သို့ကြောင့် ဓါတ်မီးကို တဖန်
ပြန်ပိတ်လိုက်ပြန်သည်နှင့် တောက်ပစူးရဲသော မျက်ဝန်းတစုံသည် ဘယ်
ညာယိမ်းလျက် ပေါ်လာပြန်သည်။ စဉ်းစားဝေခွဲမရဖြစ်ရသည်။

"ရှီး . . . ရှီး . . . ရှီး"

"ဖူး"

ထိုနေရာမှ မြွေတွန်သံအပြင် နှာမှုတ်သံမင် နီးနီးကပ်ကပ်ကြား
ရပြန်၏။ သို့ကြောင့် ကျွန်တော်သည် နံဘေးမှသေနတ်ကို ကောက်ယူပြီး
ဓါတ်မီးထိုး၍ ထိုနေရာသို့ သွားလိုက်သည်။ စခန်းတဲနှင့် မညီမျှ ဝေးကွာ
ခြင်းမရှိသောကြောင့် သွားဝန့်ခြင်းဖြစ်သည်။

မြင်တွေ့နေရသော မျက်ဝန်းတစ်အကွာအဝေးသို့ ရောက်သည်
တိုင် ဓါတ်မီးထိုးကာသွားလိုက်သည်။ ဘာမှုမရှိ၊ ဘာကောင်မှုမတွေ့၊
သို့ကြောင့်တဲဆီပြန်လာလိုက်သည်။ တဲနားရောက်လုတွင် ထိုနေရာသို့
ပြန်သွားကြည့်လိုသည့်စိတ်ပေါ် လာသဖြင့် ပြန်လှည့်သွားလိုက်ပြန်၏။
မည်သို့မှုမထူးခြား သို့ကြောင့် တဲသို့ ခြေဦးပြန်လှည့်လိုက်ပြန်၏။ တဲနား
ရောက်လုတွင် ထိုနေရာသို့ ပြန်သွားကြည့်လိုစိတ်ပေါ် လာပြန်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လှည့်သွားလိုက်ပြန်သည်။ ထိုကဲ့သို့အကြိမ်ကြိမ်အခါခါဖြစ်နေသည်။ ကြာလာတော့ကာ ယိုင်လဲလှမတတ် ခွေယိုင်သွားသည်။ ပြီးနောက် ခေါင်းတွေလေးလာပြန်သည်။ ကြာလတော့ နှုံးချိလာပြီး ဟပ်ထိုးခွေယိုင်လဲကျသွားတော့သည်နှင့် ကျွန်တော်အားချောက်လှန်နေသည့် မျက်ဝန်းတစုံရှိနေသည့်နေရာလောက်တွင် "ဖူး" ကနဲနှာမှုတ်သံကြားလိုက်ရပြီး ကျွန်တော်မြင်လိုတွေ့လိုသော စူးရဲတောက်ပသည့် မျက်ဝန်းတစုံကို ထိပ်တိုက်တွေ့လိုက်ရသည်ကြောင့် လွန်စွာမှုထိတ်လန့်သွားရသည်။ လျှာတစ်လစ်တစ်လစ်ဖြင့် မြွေကြီးဖြစ်နေတော့၏။ သို့ကြောင့် ကျွန်တော်သည် တဲစခန်းသို့ ပြန်ပြေးရန် ကြိုးစားအားယူထလိုက်နိုင်ပြီး ခန္ဓာကိုယ်တဖက်လှည့်ညာခြေတဘက်လှမ်းလိုက်နိုင်ပေမင့် ဘယ်ခြေတဘက်ခြေကျင်းဝတ်ကို မြွေကြီးကလှမ်း၍ ခဲလိုက်တော့သည်။

"အား"

နာကျင်လွန်း၍ အသံကုန်ဟစ်အော်လိုက်မိသည်။

"ဟိတ်လူတိုပိုက် ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

"ဗျာ"

မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ လင်းမြင့်လှိုင်က ကျွန်တော်ကို လှုပ်နှိုးရင်း စိုးရိမ်စိတ်ဖြင့် မေးနေသည်ကြောင့် ဘာပြန်တာလဲ ကျွန်တော်ကအံ့သြရပြန်သည်။ ထို့ကြောင့် . . .

" ကျွန်တော်ကို မြွေကိုက်လို့"



ကျွန်တော်စကားကြောင့် လင်းမြင့်လှိုင်သည် ပြုံး၍ကြည့်ရင်း

"ခင်ဗျား အိပ်မက်ဆိုးတွေမက်နေတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်နဲ့ ဖထီးခင်ဗျားခြေရင်းမှာ ထိုင်ရင်းစကားစမြည်ပြောနေကြတာ မိုးလင်းပြီ လေဗျာ ဘယ်နှယ့်ခင်ဗျားကို မြွေကိုက်ရမှာတုန်း. . . ကျွန်တော်တို့ ခင်ဗျားအနားရှိနေတာပဲဗျာ. . ."

သည်တော့မှ ကျွန်တော်အသိဝင်လာသည်။ အိပ်မက်ဆိုးမက်နေတာများလား ကျွန်တော်သည် တဲပေါ်မှာပင်ရှိနေ၏။ သို့ပြင်လည်းခြေတဖက်ကနာကျင်ကာ တင်းတျပ်ကျပ်ခံစားနေရသည်ဖြစ်၏။ အိပ်နေရာမှ တမန်းကတန်းထကာ "ခြင်" ရန်မှ ကင်းဝေးရန် ခြုံထားသည့် လွှာချင်းစောင်တလေးကို ဖယ်၍ ဘယ်ခြေထောက်ကိုမယူကြည့်လိုက်သည်။

"ဟာ"

ရုတ်တရက်မို့ ထိတ်လန့်သွားမိသည်။ ကျွန်တော် ဘယ်ခြေသလုံးသားတွင် ညနေကဖျက်ခွာထားသော စပါးကြီးမြွေအရေခွံကြီးကပတ်လျှက်ရှိနေ၏ ထူးခြားလိုက်တာ မီးဖိုနဘေး ဝါးတန်းပေါ်တွင် လှမ်းထားသည့် မြွေရေခွံသည် ဘယ့်တွက်ကြောင့် ကျွန်တော်ခြေသလုံးသားတွင်လာရောက်ရစ်ပတ်နေပါလိမ့် လင်းမြင့်လှိုင်နှင့် မုဆိုးကြီးစောလူးတို့ နောက်ပြောင်ကြည့်ဆယ်လုပ်ထားလေသလားရယ်လို့ သူတို့နှစ်ယောက်ကို အဓိပ္ပါယ်ပါပါကြည့်လိုက်ပြီး သူတို့နှစ်ယောက်သည် ကျွန်တော် ဘာလိုသည်ကို သိနေကြသည့်အလား သူတို့နောက်ပြောင်ကြည့်စယ်ခြင်း

www.burmeseclassic.com



မဟုတ်ပါရယ်လို့ ခေါင်းခါပြရင်း ကျွန်တော်ကဲ့သို့ပင် အံ့ဩနေကြပြန်သည်။ ထို့ကြောင့် ကျွန်တော်သည် ထိုမြွေအရေခွံကို ဖြုတ်၍ စခန်းတဲအောက်သို့ပစ်ချလိုက်ပြီး နာကျင်နေသည့် ခြေကျင်းဝတ်နေရာကို ကြည့်လိုက်ပြန်သည်။

"တင်"

သွေးစို့နေသည့် အစက်နှစ်စက်၊ ဒါ . . . မြွေကိုက်ခံရသည့် အမှတ်အသားလေးများလား သို့ကြောင့် ကျွန်တော်သည် ကြောက်လန့်တကြား ဖြစ်မိကာ ဆရာရှင်သေ့ "ခမ္မပါလ" စွန့်ကြဲပေးခဲ့ဖူးသော မနောမယကျောက်သွား ကို အကျီအိတ်ကပ်အတွင်းမှထုတ်ယူပြီး အမဲလိုက်ခါးမြောင်ဖြင့်ပေါ်တင်၍သွေးတော ထိုအစက်ရာနှစ်ခုပေါ် သို့ လိမ်းကျံလိုက်သည်။ အတန်ကြာတွင် နာကျင်နေသည့် ဝေဒနာပျောက်ကင်းသွားတော့သည် သို့မှ ကျွန်တော်သည် အိပ်မက်လိုလို တကယ်လိုလိုဖြစ်ခဲ့ရသည့် အဖြစ်အပျက်ကို လင်းမြင့်လှိုင်နှင့် မုဆိုးကြီးစောလူးတို့ ပြန်ပြောလိုက်၏ ထိုအခါ သူတို့သည် လွန်စွာအံ့ဩထိန့်လန့်သွားကြသည်။

"အေးဗျာ . . . ကျွန်တော်တို့လဲ မြွေတွန်သံတွေ တညလုံး ကြားနေရတယ်" လို့ပြောလာသည်။

မိုးလင်းချေပြီဖြစ်၍ ဆက်မအိပ်တော့ဘဲ သုံးယောက်သား ခေါင်းချင်းဆိုင်အဖြေညှိနေကြတော့သည်။ အဖြေမှန်ကို ရှာမတွေ့ကြ။ ထို့ကြောင့် သိမ်းဆည်းစရာရှိသည်တို့ကို သိမ်းဆည်း၍ စခန်းမှ ထွက်ခဲ့ကြ



တော့သည်။

ညက ကျွန်တော်အိပ်မက်ဆိုးအတွင်း မြင်ခဲ့ရသော ထူးခြားသည့် မျက်ဝန်းတစုံရှိရာသို့ သွားကြည့်လိုက်ကြသည်။ ထိုနေရာတွင် ထူးဆန်းအံ့ဖွယ်ရာ လူခြေရာများကိုတွေ့ရ၏။ ကျွန်တော်ညက အိပ်မက်ဆိုးအတွင်း အခေါက်ခေါက်အခါခါ လျှောက်လှမ်းနေခဲ့သော နေရာဖြစ်၍ ကျွန်တော့်ခြေရာများဟုပင် သတ်မှတ်ရမလိုဖြစ်နေသည်။ ပို၍ပင် အံ့ဖွယ်ရာ တခုကား အိပ်မက်ဆိုးအတွင်းတွေ့ရသည့် မျက်ဝန်းတစုံတွေ့သည့်နေရာတွင် ထူးခြားစွာ မြွေဦးခေါင်းပြတ်တလုံးကို တွေ့ရ[illegible] သည်။ ထိုမြွေဦးခေါင်းကား ကျွန်တော်မနေ့က ခေါင်းဖြတ်တစ်ဆို့ မီးကင်ထားသည့် စပါးကြီးမြွေခေါင်းပင်ဖြစ်၏။ ဘယ့်တွက်ကြောင့် ဤနေရာသို့ ရောက်နေပါသနည်း။ စဉ်းစားမရဖြစ်ရပြန်သည်။ တောကြောင် တကောင် လာဆွဲသွားသည်လည်း မဖြစ်နိုင် ထိုဦးခေါင်းပြတ် နဘေးချိုင့်ခွက်လေး တခုရှိနေ၏။ ထိုချိုင့်ခွက်လေးတွင် အမှိုက်သရိုက်များ ဖုန်းလွှမ်းနေသည် ကြောင့်သတိမကင်းဖြစ်မိ၏ ထိုအမှိုက်သရိုက်များကို ဖယ်ရှားပစ်လိုက် သည့်အခါတွင်ကြီးမားသောမြွေဥကြီးသုံးလုံးကိုအံ့ဩဖွယ် တွေ့ရလေတော့၏။ သို့ကြောင့် ကျွန်တော်သည် ရှင်းလင်းဖြတ်သားသော အဖြေ တခုကို ထုတ်လိုက်နိုင်တော့၏။ ထိုမြွေဥကြီး သုံးလုံးကား မနေ့က ကျွန်တော် ပစ်သတ်လိုက် စပါးကြီးမြွေ၏ ဥများမှချောက်ခလွှဲ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ လွန်စွာမှ စိတ်မကောင်း ဖြစ်တွေ့လိုက်ရသည့်အကြောင့်

www.burmeseclassic.com



ကျွန်တော်သည့် နောင်ဘယ်သောအခါမှ မြွေသားမစားတော့ရန် ဆုံးဖြတ်လိုက်သည်။ ရိတ္တာအလို့ငှာ မီးကြပ်တိုက်ထားသည့် မြွေသားခြောက်များနှင့် မြွေကြီးအရေခွံ၊ မြွေဦးခေါင်းပြတ်တို့ကို ထိုနေရာမှာပင် တစုတစေးတည်း မြေကျင်းတူးထည့်လိုက်တာ သရဏဂုံတင်၊ မေတ္တာပို့အမျှဝေလိုက်ပြီး မြုပ်နှံလိုက်တော့သည်။ ပြီးနောက်ထိုနေရာမှ စိတ်ကောင်းခြင်းများစွာဖြင့် ဖြေးလေးသော ခြေလှမ်းများနှင့် ထွက်ခဲ့တော့၏။

ထိုနေရာနှင့်ဘာမျှမဝေးသော နေရာလေးသို့ ရောက်လာသည့်အခါ ဗိုရ်ပင်ထူးခြားအံ့ဩဖွယ်နှင့် တွေ့လိုက်ကြရပြန်တော့သည်။ အဘယ်ကြောင့်ဆိုသော မနေ့က ကျွန်တော်မြွေကြီးကို ပစ်ခတ်ခဲ့သောနေရာသို့ပြန်ရောက်ခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။ မနေ့က ထိုနေရာမှ ညကစခန်းချခဲ့သော နေရာသို့ ကျွန်တော်တို့ ၂ နာရီခန့် လျှောက်ခဲ့ကြရသော်ငြား ယခုမူ ၅မိနစ်ခန့်သာ လျှောက်ရသောကြောင့်ပင်ဖြစ်သည်။ သို့ဆိုပါလျှင် ကျွန်တော်တို့ ထိုနေ့က တောမှောက်ခဲ့ကြရသည်ကြောင့်လား သို့တည်းမဟုတ် သေဆုံးသွားသော မြွေမကြီးက ညှို့ထား၍လေလား ဆိုသည်ကိုတော့ဖြင့် ယနေ့တိုင် စဉ်းစားအဖြေထုတ်မရခဲ့ပါလေ။ သို့ကြောင့် ပြောမယုံကြုံဖူးလေမှသာလျှင် သိကြပေလိမ့်မည်ဟု ဆိုချင်ပါတော့သည်။

တိုးမင်း

(၂၄-၉-၉၈)

# ဦးဗေလု၏ လူယုံတော်



www.burmeseclassic.com



## "ဦးဇေလု၏လှုယံတော်"

မိမိတွင် အတောင်ပံမရှိပါဘဲလျက် ငှက်တစ်ကောင်ကဲ့သို့ လေတွင်မည်သို့လွတ်လပ်၊ သွက်လက်၊ ပေါ့ပါးစွာပျံသန်း၍ရပါအံ့နည်း။

ထိုနည်းတူ ပါးတတ်၊ အမြီးပြား၊ ဆူးတောင်မရှိပါဘဲလျက် ငါးသတ္တဝါကဲ့သို့ ရေတွင်မည်သို့လွတ်လပ်သွက်လက် ပေါ့ပါးစွာ ကူးခတ်၍ရပါအံ့နည်း။

ထိုသူကား အတော်ပင် ရယ် (ရီ) စရာကောင်းသေးတော့၏။ "တီရစ္ဆာန်ဆိုတာ လူလောက်အသိဉာဏ်ရှိတာမဟုတ်ဘူး၊ ကျုပ်တို့မှာ သူတို့လို အချိန်မရွေး သတ်ဖြတ်သုတ်သင်နိုင်တဲ့လက်နက် (သေနတ်ကိုဆိုလိုခြင်းဖြစ်သည်) ရှိနေတာပဲ၊ ဘာမှ တွေးပူနေစရာမလိုပါဘူး၊ သည်တော့ ကျုပ်သဘောပြောရရင် ရင်းမဲ့ရင် အမြတ်များများရတာ ရင်းတော့မပေါ့ (ကျား) ဟင်းကောင်နောက်ဘဲလိုက်မယ်ဗျာ 'ဟင်းကောင်'သာရမယ်ဆိုရင် ဘာမှအလေအလွင့်မရှိဘူး အရိုးကအစ အသုံးဝင်တယ်၊ ရောင်းစားလို့ရတယ်၊ တုန်တုန်ပြောရရင် 'ဟင်းကောင်' (ကျား) နှုတ်ခမ်းမွေးကအစ တန်ဖိုးရှိသဗျ"

ကျွန်တော်သည်ကို အတော်ကလေးစိတ်ကုန်သွားမိသည်။ ပန်းထိမတတ်ခင် 'ရှေဦး' သင်နေသူပါကလား။ သို့ကြောင့် ကျွန်တော်သည် 'လင်းမြင့်လှိုင်' ကိုလှမ်းကြည့်ရင်း စိတ်ချင်းစကားပြောလိုက်သည်။ "ခင်ဗျာ



လူကိုတော့ အတော်ကလေးစိတ်ကုန်သွားပြီဗျာ" ရယ်လို့ သဘောဆောင်သည့် မေးဆတ်မော့ပြလိုက်ခြင်းဖြစ်၏။ ကျွန်တော့်သဘောထားကို 'လင်းမြင့်လှိုင်' ကောင်းကောင်းသိပါသည်။ အတူတူအမဲလိုက်ထွက်ခဲ့သည့် အကြိမ်ပေါင်းမနည်းရှိနေပြီပဲ။ 'လင်းမြင့်လှိုင်' သည်လည်း ကျွန်တော့်ကဲ့သို့ပင် ထိုသူကို စိတ်ပျက်နေပုံရနေပြီ။ သူ၏မိတ်ဆွေ 'ဦးဇေလု' မျက်နှာကြောင့် မပြောမဆိုသာရှိနေပုံရသည်။ သူ့အခက်အခဲ အကြပ်အတည်းကို ကျွန်တော် ကိုယ်ချင်းစာမိသည်။ သို့ကြောင့်

"သည်လိုလုပ်ဗျာ 'ကိုလင်း' သူတို့နဲ့လိုက်သွားကျွန်တော်တစ်ယောက်သည်ဘက်တောင်ကြောသွားမယ်ညနေမှောင်ခင်သည်နေရာမှာ ပြန်ဆုံကြတာပေါ့" ရယ်လို့ပြောရင်း ကျွန်တော်ဦးတည်သွားမည့် တောင်ကြောစွယ်ထိပ်ရှိ ကျွန်းပင်ကြီးတစ်ပင်တွင် အမှတ်အသားတစ်ခု ဓါးဖြင့် ခုတ်ထစ်မှတ်လိုက်သည်။ ပြီးနောက် -

"ကဲကိုလင်းသွားပြီဗျို့ သတိဝီရိယနဲ့သွားနော်" ရယ်လို့လင်းမြင့်လှိုင်တို့ သတိပေးစကားပြောပြီးသည်နှင့် ဂျီ (ချေ) ခြေရာလတ်လတ်ဆတ်ဆတ်များသွားရာလမ်းကြောင်း တောင်ကြောပေါ်သို့ ခြေရာခံလိုက်သွားတော့သည်နှင့် ထိုသူ၏အော်ကြီးဟစ်ကျယ်ပြောလိုက်သံကို ကြားလိုက်ရတော့သည်။

"ကိုပိုက်က ဟင်းကောင်နောက်မလိုက်ရဲလို့ လမ်းခွဲထွက်သွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့အားကျွန်တော် မည်သို့မျှခွန်းတုန့်မပြန်တော့ တစ်ချက်လှည့်ကြည့်ပြုံးပြလိုက်ပြီး ကိုယ်လမ်းကိုယ်ဆက်လျှောက်လိုက်တော့သည်။

တကယ်တော့ သူတို့သုံးဦးနှင့် လမ်းခွဲထွက်လာခြင်းသည် ထိုသူပြောသလို 'ဟင်းကောင်' နောက်မလိုက်ရဲ၍ မလိုက်ဝံ့၍မဟုတ်။ လင်းမြင့်လှိုင်၏မိတ်ဆွေ ဦးဗေလုတို့အားနာသောကြောင့် ယခုကဲ့သို့ လမ်းခွဲထွက်ကာ သားကောင်တစ်ကောင်ကောင်ကိုပစ်ခတ်ဖမ်းဆီး အပြန်လက်ဆောင်မဖြစ်မနေပေးလိုခြင်းဖြစ်သည်။

လွန်ခဲ့သောတစ်လခန့်က ရန်ကုန်မြို့ကြီးတွင် လင်းမြင့်လှိုင်က ကျွန်တော်အား ဦးဗေလုနှင့်ဆုံတွေ့မိတ်ဆက်ပေးခဲ့၏။ ကျွန်တော် ရန်ကုန်တွင်ရှိနေစဉ်ကာလအတွင်း ဦးဗေလုက ဧည့်ဝတ်ကျေပွန်လှပေသည်။ ကျွန်တော်ကို အမဲပစ်မုဆိုးမှန်းသိသည်ကြောင့်

"ကိုပိုက်ရာ ကျုပ်တို့မြို့မှာလဲ တောကောင်သားတွေအချိန်မရွေးရသဗျ လိုက်စားလှည့်ကြည့်ပါ" ဟု ဖိတ်မန္တကပြုလေပြီး တောကောင်သားများရောင်းချသောဆိုင်ကြီး၊ ဆိုင်ငယ်၊ ဟိုတယ်များသို့ လှည့်ပတ်ပို့ဆောင်ကျွေးမွေးဧည့်ခံလေတော့၏။ အတော်များများသည် အစစ်အမှန်အသားများမဟုတ်ကြပါလေ။ ဦးဗေလုကားမသိရှာ၊ အားပါးတရစားလဲစားညွှန်းလဲညွှန်းနေသဖြင့် သူ့အားကြည့်ရင်း စိတ်မကောင်းဖြစ်ရ၏။ ထိုသည်ကား ဦးဗေလုမှမဟုတ် အစစ်အမှန်အသားများထင်၍ ဈေးကြီးပေးဝယ်အရသာခံကာ မြိန်ယှက်စွာစားသောက်နေကြသူများအားလုံးကိုဖြစ်သည်။



စဉ်းစားကြည့်ပါလေ တောတွင်းအမဲပစ်ထွက်လေသည့်မုဆိုးကို သူ့ဇနီးမယားက 'ဒီ ကနေ့ကျွန်မဆတ်သားစားချင်တယ်' ဒါမှမဟုတ် 'ဒီနေ့ကျွန်မ ဂျိ(ချေ)သား စားချင်တယ်ရအောင်ပစ်လာခဲ့' ရယ်လို့မှာ၍ မည်သို့ရပါလိမ့်မည်နည်း။ ဝမ်းစာအတွက်ရှာဖွေစားသောက်နေရသည့် မုဆိုးအား တောတောင်အတွင်း သားကောင်တိုးလှည့်ပတ်ရှာဖွေရင်း တွေ့ရာသားကောင်ကို ပစ်ခတ်ရမည့်သူဖြစ်သည်။ (အပျော်တမ်းတောပစ် မုဆိုးများအတွက် (သို့) ကြေးစားတောပစ်မုဆိုးများအတွက် သားကောင်ရှာဖွေပစ်၍တော့ရပါသည်။ သို့ကြား မိမိလိုချင်သောသားကောင်အတွက် တောရွေးရမည်။ အချိန်ပေး ရမည်။ ကနေ့ထွက်ပစ်၍ ကနေ့ရချင်မှရပေလိမ့်မည်)

ဝမ်းစာအတွက် နိစ္စဓူဝ နီးနီး တောလိုက်နေရသည့်မုဆိုးများအဖို့ သားကောင်တွေ့တိုင်းပစ်ခွင့်ရချင်မှရပေမည်။ ရလို့ဖောက်ပ်၍ အလောတကြီးပစ်မိခြင်းကြောင့် သားကောင်ကို မှန်ချင်မှမှန်ပေဦးမည်။ သို့ကြောင့် ရန်ကုန်မြို့ကြီးမှာနေစဉ် ဂျိ(ချေ) သား၊ ဆတ်သား၊ တောဝက်သား၊ စသည် စသည်တောကောင်သားများ အချိန်မရွေးရနိုင်သည့်ဆိုင်များရှိနေခြင်းသည် ကျွန်တော်အတွက် အံ့ဖွယ်တပါးပင်ဖြစ်တော့သည်။ သူတို့ ဘယ်က၍ ချက်ပြုတ်ရောင်းနေကြပါလိမ့်။ ထိုသားကောင်များသည် အိမ်မွေးတိရစ္ဆာန်များလည်းမဟုတ်။ အဲ တောမုဆိုးတစ်ယောက်က ကနေ့ သားကောင်တစ်ကောင်ပစ်ခတ်ရခဲ့ပြီဆိုပါစို့ အဲဒီမုဆိုးဟာ အဲဒီသားကောင်ကို တောထဲကနေ သူ့ရွာကိုယူလာရမယ် သူ့ရွာနဲ့အတော်ဝေးဝေးဘာခေါင်ခေါင်ထိလိုက်မှာသာလျှင် သားကောင်ရနိုင်ခြင်းဖြစ်သည်။ ရွာ

www.burmeseclassic.com

www.burmeseclassic.com



နားနီးနီးတောပတ်ဝန်းကျင်တွင် သားကောင်ကို လွယ်လင့်တကူ ပစ်ခတ်ရနိုင်မည်မဟုတ်။ ထားပါလေ တောစပ်နားတရွာကနေ တောမြို့လေးကို တစ်ခေါက်သယ်လာဦး ပြီးတော့ အနည်းလေး မိုင်လေးငါးဆယ် ရှိလောက်မဲ့ ရန်ကုန်မြို့ကြီးကိုတစ်ဆင့်ယူရဦးမယ် သည်တော့ သူပစ်ခတ်ရရှိတဲ့ သားကောင်ကပုပ်ပြီပေါ့။ ဘယ်လိုဖြစ်နိုင်မှာတုန်း။ တစ်ခုတော့ဖြစ်နိုင်တာပေါ့လေ။ တောစပ်ရွာကနေ (၇) မိုင် (၈) မိုင်လောက်လာမှရောက်နိုင်မဲ့ တောမြို့လေးကနေပြီး အအေးခန်းကားနဲ့သွားထိုင်စောင့်ယူရင်တော့ ရနိုင်မပေါ့။ အဲလောက်ကြီးတော့ ဝင်ဝင်း၊ အချိန်ကုန်ခံလုပ်နိုင်မည့်သူမရှိသေးဟုထင်သည်။

ကျွန်တော်သည် ဦးဖေလုကို ရှင်းပြရသည်။ ဦးဖေလုကလည်း ကျွန်တော်၏ကြောင်းကျိုး ကိုးကားစကားကိုသဘောပေါက်လွယ်သွားသည်။

“အေးဗျာ ဟုတ်တာပေါ့ ခင်ဗျားပြောတာဖြစ်နိုင်တယ်”

“ဟဲ ဦးဖေလု ခင်ဗျားအလုပ်ပါးတဲ့အချိန်ဖြစ်ဖြစ် အားတဲ့အချိန်ဖြစ်ဖြစ် ကျွန်တော့်ဆီလာခဲ့ဗျာ။ တောထဲမှာ အမဲလိုက်ပစ်ကြရင်း လတ်လတ်ဆတ်ဆတ်တောကောင်တွေ အသားကျွေးချက် ပေးလိုက်ချင်သေးတယ်” ရယ်လို့ ဖိတ်ခေါ်ခဲ့မှုကြောင့် ဦးဖေလုသည် သူ၏တပည့်ကျော်ဖြစ် ‘စိုးဝင်း’ နှင့်အတူ ထင်းမြင့်လှိုင်မြင်း ကျွန်တော်ထံရောက်လာခြင်းဖြစ်သည်။ ဦးဖေလု၏တပည့်ကျော် ‘စိုးဝင်း’ သည် ရှေ့ခါဆိုသလို အမဲပစ်လို



ဖူးသူဟုသိရ၏။ တောပစ်ကျွမ်းကျင်မှုရှိသည်၊ မရှိသည်ဟုကျွန်တော်မသိ။ အင်မတန်လေလုံးထွားသူတစ်ယောက်ဆိုသည်ကိုတော့ သိလိုက်ပါသည်။ ဦးဖေလုကား သူ၏တပည့်ကျော် ‘စိုးဝင်း’ ကို အတော်ကလေးအထင်ကြီး အားကိုးပုံရလေသည်။

ယခုလည်းကြည့် အမဲလိုက်ထွက်ခဲ့ကြရင်း ‘ဟင်းကောင်’(ကျား) ခြေရာလတ်လတ်ဆတ်ဆတ်များတွေ့လိုက်သည်တွင် ထိုအကောင်ကို သူရအောင်ပစ်လိုသည်ဟုပြောလာ၏။ မည်သို့ဆိုစေ ကျွန်တော်သည် ‘ဟင်းကောင်’ ကို မပစ်ခတ်လိုချေ။ ‘ဟင်းကောင်’ သည်လည်း တောမုဆိုးဝင် မဟုတ်ပါလော သို့ကြောင့် မုဆိုးချင်း စည်းမဖောက်သင့်ဟုထင်ပါသည်။ ပြီးတော့ (ကျား) ဟင်းကောင်ကိုပစ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်။ စွန့်စားမှုတစ်ခုကိုပြုခြင်းဖြစ်သည်။ ယခု သူပစ်လိုသောကျား (ဟင်းကောင်) သည် လူသားတွေအပေါ် မည်သို့သစ္စာမဲ့ခဲ့ဖူးပါသနည်း။ မရှိ သူလမ်းသူသွားနေခြင်းဖြစ်သည်။ သို့ကြောင့် ကိုယ်လည်း ကိုယ့်လမ်းကိုယ်သွားခြင်းသည် အကောင်းဆုံးဖြစ်ပေမည်။ သို့ဖြင့်

‘စိုးဝင်း’ သည် တန်ဖိုးကြီးသော ‘ကျား’ ကိုပစ်လို၏။ ထိုးနှိုဖြစ်လို၏။ အထက်တွင်ပြောသလို သူ့စကားများကြောင့် ဦးဖေလုသည်

“ကြုံတုန်း ကျားပစ်အတွေ့အကြုံလဲရ ပစ်ခတ်ရခဲ့ရင်လဲ နိုန်နေ့နေ့ရမည့်တန်ဖိုးမဟုတ်၊ ပြီးတော့ ‘ကျား’ သားဆိုတာလဲ စားဖူးတယ် ရှိသွားတာပေါ့။ မြို့ကမိတ်ဆွေတွေအတွက်လည်း ကျားသားစားဖူးဝရဲ

www.burmeseclassic.com

www.burmeseclassic.com



အောင် ယူသွားနိုင်ရင်သိပ်ကောင်းမှာဗျ စိုးဝင်းပြောတာ သဘောတူတယ် ဗျာ” ရယ်လို့ စိတ်အားထက်သန်သွားလေသည်ဖြစ်၍ ကျွန်တော်သည် လည်း မည်သို့မျှမပြောလိုတော့ပါချေ။ သို့ကြောင့် သူတို့တတွေ ကျားခြေ ရာနောက်လိုက်ကြပါစေ၊ ကျွန်တော်ကား အသေအချာပစ်မှတ်ရှိသည့် ချေ(ဂျိ) ခြေရာနောက်သို့ လို သွားရန်သာ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါ သည်။

“ကိုလင်း သတိဝီရိယနဲ့သွားနော်” ဟုမှာလိုက်ရသော်လည်း သူ တို့ မည်သည့်အန္တရယ်မျှမကြုံနိုင်ခြင်းနှင့် မည်သည့်သားကောင်မျှပစ်ခတ် ခွင့် ရနိုင်မည်မဟုတ်ကြောင်းကို ကြိုတင်သိထားပါသည်။ ကျွန်တော် တို့တွေ့ သော ‘ကျား’ ခြေရာလတ်ဆတ်သည်မှာမှန်၏။ သို့ြား ခြေရာကို အသေအချာလေ့လာကြည့်သည့်အခါ ခြေရာများကျဲနေခြင်း၊ နောက် ခြေဖနောင့် နေရာသည် မြေပျော့ပေါ်တွင် ပို၍နက်စွာ ထင်ကျန်ရ နေခြင်း၊ ရှေ့လက်ရာ၌ကား လက်ဖနောင့်ရာထက် လက်ချောင်းကလေး များ အရာသည် ပိုမိုထင်ကျန်နေသည်ကိုကြည့်ခြင်းအားဖြင့် ထိုကျားသည် သားကောင်တစ်ကောင်နောက်ကို အားသွန်ခွန်စိုက် ပြေးလွှားလိုက်သွာ ခြင်းမှာ ထင်ရှားနေသည်ဖြစ်၍ ထိုကျားနောက် မည်သို့မျှလိုက်မီမည် မဟုတ်ကို သိလိုက်ခြင်းအပြင် ကျားသတ္တဝါ လာလမ်းတစ်လျှော မည်သည့်တော တိရစ္ဆာန်ငယ်မျှရှိနေကြလိမ့်မည်မဟုတ်ချေ။

ကျွန်တော်ကဲ့သို့ လင်းမြင့်လှိုင်လည်းသိထားပါလိမ့်မည် ဝင်းကို ပညာပေးလို၍ အလိုက်သင့်နေ နေခြင်းဖြစ်ဟန်တူသည်။



သို့ကြောင့် ကျွန်တော်သည် ဦးဇေလုအတွက် လတ်ဆတ်သော ဂျီ(ချေ)သားတွေးလိုခြင်း၊ အပြန်လက်ဆောင်ပါးလိုခြင်းအတွက် အိမ်ရှင် တွေရားကျေပွန်ရန်အလို့ငှာ လမ်းခွဲထွက်ခဲ့ခြင်းဖြစ်တော့သည်။

ဂျီ(ချေ) ခြေရာနောက်သိပ်မလိုက်ခဲ့ရချေ။ ခန့်တောစပ်အလွန် ကလေးရှိ ရေအိုင်ငယ် အနားတွင်ရေသောက်နေသည့် ဂျီ(ချေ) တစ် ကောင်ကိုတွေ့လိုက်ရသည်ကြောင့် လွယ်လင့်တကူပင် ပစ်ခတ်သတ်ဖြတ် နိုင်ခဲ့သည်။

သို့ဖြင့် ကျွန်တော်သည် သားကောင်လည်းရပြီဖြစ်၍ ထိုနေရာ ၌ပင် အနားယူရင်း ဆေးလိပ်ထိုင်သောက်နေလိုက်၏။ စီးကရက်တစ်လိပ် ကုန်သည်ထိဖွာရှိုက်ရင်း အနားယူလိုက်ရသည်ကြောင့် အတော်ကလေး အတ်သောင့်သက်သာရှိသွားပြီဖြစ်၍ ပစ်ခတ်ရရှိထားသော ဂျီ(ချေ)သေ ကိုထမ်းပိုးတာ လာလမ်းအတိုင်း ပြန်ခဲ့လေတော့သည်။

လင်းမြင့်လှိုင်တို့နှင့် လမ်းခွဲခဲ့သည့်နေရာရောက်သည့်အခါတွင် သူတို့ရောက်မလာကြသေးသည်ဖြစ်၍ ကျွန်တော်အမှတ်အသားပြုခဲ့သည့် ကျွန်းပင်ကြီးအောက်တွင် မှီထိုင်ရင်း အမောဖြေကာ သူတို့အလာကိုစောင့် နေလိုက်သည်။ တော်တော်နှင့်သူတို့ရောက်မလာကြ။ နေလည်း စောင်းလု ချေပြီ။ သည်လိုဆိုမှဖြင့် ကျွန်တော်တို့ရွာကိုပြန်ရောက်နိုင်ကြမည်မဟုတ်၊ တောတွင်း၌ပင် စခန်းချညအိပ်။ နောက်နေ့ခပ်စောစောထ ပြန်ကြရပေ တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီနီးပါးထိုင်စောင့်ခဲ့ရပြီးလေမှ သူတို့ပြန်လာကြသည်
ရှေ့ဆုံးကသုတ်ခြေတင်လာသူမှာ 'စိုးဝင်း' ဖြစ်သည်။ သူ့လက်ထဲတွင်
တော ကြက်သေတစ်ကောင်ပါလာ၏။ အခြားမည်သည့်အားတောင်
ပါမလာ။ သို့ကြောင့်

"စိုးဝင်းတို့ကျားပစ်သွားတာ တောကြက်တော့ပါလာသား
သိပ်မဆိုးရပေဘူးပေါ့" ရယ်လို့ ကျွန်တော်က ရယ်သွမ်းသွေးပြောလို
သည်တွင် လင်းမြင့်လှိုင်က

"အဲဒီတောကြက်ကဝယ်လာခဲ့ရတာဗျ" ဟု ပြုံးစစမျက်နှာ
ဖြင့် ပြောလာသဖြင့်

"ဟာ--ဘယ်လိုဖြစ်တာတုန်း ဒါသူဝစ်ခဲ့တာမဟုတ်လား"
အံ့ဩ တကြီးမေးလိုက်သည်။

"မဟုတ်ရပါဘူးဗျာ ဝါးခုတ်သမားတွေထောင်ထားတဲ့ 'သု
ကိုင်း' မှာမိနေတဲ့တောကြက်ကိုသူဖြုတ်ယူလာတာ။ ဒါကြောင့် ကျွန်
က တောတောင်ထဲမှာရှာဖွေစားသောက်ကြသူချင်း သစ္စာရှိရမယ်။
ဆို တာထားကြရမယ် ဒါကြောင့်အဲလိုသူများထောင်ထားတဲ့ထောင်ချော
တွေမှာ သားကောင်တွေမိနေခဲ့ရင် ပိုင်ရှင်ကလွဲပြီး ဘယ်သူကမှဖြုတ်
ကြရဘူးလို့ သူ့သဘောပေါက်အောင်ပြောရတယ်။ သည်တော့ ဦးဖေလှ
သူတောကြက်သားမစားဖူးလို့စားချင်လှပါတယ်ဆိုတော့ ကျွန်တော်
အနီးရှိတဲ့ ဝါးခုတ်တဲကိုသွားပြီး သူတို့ထောင်ထားတဲ့ သုတ်ကိုင်းသော



တော့ကာ တောင်းတောင်းပန်ပန်နဲ့ပြောဆိုပြီး ပိုက်ဆံပေးဝယ်ခဲ့ရတာပဲဗျို့"

လင်းမြင့်လှိုင်ပြောပြမှ အဖြစ်မှန်ကိုသိလိုက်ရသည်ကြောင့်
အား ပါးတရရယ်မောလိုက်ပြီး

"ဟား--ဟား--ဟား--ဟားဖြစ်မှဖြစ်ရလေစိုးဝင်းရယ်ကဲဦးဖေလှ
ရ ခင်ဗျားတို့နဲ့ ကျွန်တော်လိုက်ခဲ့ရင် ကျွန်တော်ဟာ စည့်ဝတ်မကျေတဲ့
အိမ်ရှင်ဖြစ်သွားမှာစိုးလို့ ခုလိုလမ်းခွဲထွက်ခဲ့ရတာကို ခွင့်လွှတ်ပါဗျာ ဒီည
တာထဲမှာစခန်းချညအိပ်ရမယ် ရွာပြန်လို့ကလဲ အချိန်လင့်နေပြီ မမီ
တော့ဘူး၊ ဒါကြောင့် အေးအေးလူလူ တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်
အစောမှထပြန်ကြတာပေါ့ ဦးဖေလှတို့ကို ညကျရင် ကျီသားမီးကင်လေးနဲ့
ည့်ခံပါ့မယ်ဗျာ" ဆိုလိုက်တော့ ဦးဖေလှတစ်ယောက် သူ့က မည်သော
ဝင်းလုပ်ရပ်ကြောင့် ပြုံးနွမ်းနေသည့်မျက်နှာပြင်သည် လန်းဆန်းလာ
တော့၏။

"ကိုလင်း ပါလာသေးရဲ့မဟုတ်လား"

ကျွန်တော်အမေးအား လင်းမြင့်လှိုင်သဘောပေါက်ပါသည်။

"ထုံးစံဖျက်ရိုးရိုးလို့လားကိုပိုက်ရယ် သည်တစ်ခေါက် ၂ ပုလင်း
တောင်ယူလာတာဗျ" ဆိုပြီး သူ၏ဖိုးလ်ဂျက်ကက် ကပ်အိတ်ကြီးနှစ်ခု
အတွင်းမှ ရမ်ပုလင်းပြားတို့ကိုထုတ်ပြလေတော့၏။

"ဟာ တန်လိုက်လေဗျာ"

ဦးဖေလှက အားရဝမ်းသာပြောလာတော့၏။

"တဲ အချိန်မှီတုန်းစခန်းသာတဲ့နေရာလေးတစ်ခုရှာပြီးညအိပ်

www.burmeseclassic.com

www.burmeseclassic.com



စခန်းချကြတာပေါ့ဗျာ" ရယ်လို့ ပြောပြီး ကျွန်တော်ကပင် ဦးဆောင်၍ ထိုနေရာမှထွက်ခဲ့တော့၏။

"ဟိတ်ကောင်စိုးဝင်း မင်းလုပ်ရပ်ကြောင့် ငါ့မျက်နှာပျက်ရတယ် ဒါကြောင့် ဒဏ်ပေးရမယ်။ မင်းအဲဒီဂျီသေကောင်ထမ်းလာခဲ့ မင်းနောက် ငါကိုင်လာခဲ့မယ်"

ဦးဇေလု၏ဆုံးဖြတ်ချက်စကားကြောင့် စိုးဝင်းတစ်ယောက် မှုန်စွာဖြင့် ဂျီ (ချေ) သေကောင်ကိုထမ်းပိုးရင်း ကျွန်တော်တို့နောက်မှ လေးစွာ လိုက်ပါလာတော့သည်။

မိနစ် ၂၀ လောက်လျှောက်ခဲ့ကြပြီးသည်နှင့် ချောင်းဝတစ် ရေအနက်ရှိ ကျောက်ချောင်းကလေးနံဘေး ကွင်းပြောင်ပြောင်တွင် စခန်းချလိုက်ကြသည်။ ချောင်းနံဘေးဖြစ်သည်ကြောင့် နေရောင်အနည်းငယ် ရနေသေး၏။ သို့ကြောင့် 'လင်းမြင့်လှိုင်' တို့ယာယီစခန်း တဲဆောက် နေစဉ်မှာပင် ကျွန်တော်သည် ဂျီ(ချေ) သေကောင်ကို စနစ်တကျ လိုက်ကာ မီးဖိုလိုက်ပြီး အသားများကို တစ်စီးထိုးမီးကင်ထားလိုက်သည် ကျွန်တော် လုပ်ငန်းလည်းပြီး လင်းမြင့်လှိုင်တို့ဆောက်လုပ်နေသော ယာယီဝါးတဲလေးလည်းပြီးလေပြီဖြစ်၍ အားလုံး ခေတ္တခဏနား စကား စမြည်ထိုင်ပြောကာ အလင်းရောင်မပျောက်ခင်မှာပင် ချောင်းထဲ ဆင်းလိုက်ကြပြီး အောက်ဘက်အနည်းငယ်မျှစုန်ဆင်းလိုက်သည်နှင့် လည်ပင်းလောက်ရေအနက် ရှိသည့်နေရာတွင် ရေမိုးချိုးလိုက်ကြသည်။ နောက် စခန်းသို့ပြန်တက် အဝတ်အစားလဲ ပြီးသည်နှင့် နားနေ အပ



ဖြေရင်း ဂျီသားကင်အမြည်းလုပ်ကာ အရက်သောက်ကြတော့၏။

"ဟာ သိပ်အရသာရှိတယ်ဗျာ သည်လိုစည်းစိမ်မျိုး၊ သည်လို သဘာဝတောတောင်အလှအပကို ခံစားဖို့ဆိုတာ မြို့နေလူတွေအတွက် အိပ်မက်ကလေးတောင် မက်ခွင့်ရလိမ့်မယ်မထင်ဘူးဗျာ. . ကျုပ်တော့ သိပ်သဘောကျသွားပြီ နောင်အားရက်တွေမှာ မဖြစ်မနေ ခင်ဗျားတို့ဆီ လာခဲ့မယ်ဗျို့ ကျုပ်မိတ်ဆွေတွေကိုလဲ ခေါ်ခဲ့ပြီး ကြွားချင်တယ်ဗျာ"

ဦးဇေလုတစ်ယောက် အားရဝမ်းသာပြောလေတော့၏။ ကျွန် တော်နှင့်လင်းမြင့်လှိုင်ကပြုံး၍သာကြည့်နေလိုက်၏။

အရက်နှစ်ပြားလည်းကုန်ချေပြီ။ ချေကုန်လက်ပန်းကျချေပြီ။ သည်တော့ ယာယီဝါးတဲကလေးပေါ်တွင် လေးယောက်သား ကျောဆန့် အနားယူအိပ်စက်လိုက်ကြသည်။

မှေးကနဲတစ်ချက်ငိုက်ကျသွားရာမှ ကျယ်လောင်သော ကျား ဟိန်းသံကြားလိုက်ရသဖြင့် ခေါင်းနပမ်းကြီးသွားမိသည်။

'ဝေါင်း'

ကျားဟိန်းသံ၏အကွာအဝေးသည် စခန်းတဲနှင့် ဝေးကွာခြင်း သိပ်မရှိလှသောနေရာမှဖြစ်ခြင်းကြောင့်ပင်။

သို့ကြောင့် ကဗျာကသီ အိပ်ယာမှလူးလဲထလိုက်ပြီး နံဘေးမှ သေနတ်ကိုကောက်ယူမောင်းတင်လိုက်သည်။

"ချောက်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နားတပါလိမ့် နားစွင့်ထားလိုက်သည်။

"ခေါင်း"

"ဝေါင်း"

ဟုတ်ပြီ စခန်းတဲရှေ့တဖက်ချောင်းစပ်မှဖြစ်သည်။

ပြာဖုန်းစပြုနေသည့်လျှော့ရဲရဲထင်းမီးခဲများကိုမြင်၍ဖြစ်ပေမ

သို့ကြောင့်

"ကိုလင်း ထင်းမီးမြှန်မြှန်မွှေးဗျို့ မီးတောက်အောင် မြှန်မြှန်လ

နို့မဟုတ် သည်ကောင်ကြီး သည်ဘက်ကူးလာပြီး ကျွန်တော်တို့ကို

ခေးလိမ့်မယ်"

ပြောပြောဆိုဆို ကျွန်တော်သည် စခန်းတဲ ဖတ်ဝန်းကျင်တစ်

မှ ထင်းခြောက်များကိုကောက်၍ လျှော့ရဲရဲမီးခဲပုံပေါ် သို့တင်ကာ မီး

လိုက်ရသည်။ လင်းမြင့်လှိုင်က ကျွန်တော်အား လာရောက်ကူညီမ

ဦးဖေလှသည်အတွေ့အကြုံမရှိသည်ကြောင့် ကျားဟိန်းသံကြားသည်

ဇောချွေးပျံကာ ကြောက်လန့်နေပုံရသည်။ သို့ကြောင့် တဲပေါ်မှပင်

မလာတော့ချေ။ စိုးဝင်းကတော့

"မီးဖို့မနေပါနဲ့ဗျာ စိုင်တော်လို့ချုံပေါ် ရောက်လာတာပဲ၊ ကျား

ချင်လို့ တစ်နေကုန်လိုက်ရှာပါတယ် မတွေ့ခဲ့ဘူး။ ခုခါမှ ရှေ့တည့်တ

ရောက်လာတော့တယ် အဆင်သင့်ပဲပေါ့ဗျာ" ဆိုပြီး သူ့လက်တွင်းမှ

နတ်မြင့် ကျားဟိန်းသံကြားရာ ချောင်းစပ်သို့ထိုးချိန်ပြီး ရှုစမ်းကြည့်နေ



သဖြင့်

"ဟိတ်လူ မလုပ်နဲ့ မလုပ်နဲ့ မီးတောက်မြင်ရင် သည်ကောင်ကြီး

ထွက်သွားလိမ့်မယ် သူတို့က မီးသိပ်ကြောက်တာဗျ. . " လို့ပြောလိုက်

သော်လည်း

"အိုဗျာ ကိုယ့်ရှေ့တည့်တည့်ရောက်လာတာပဲ အခွင့်သာတုန်း

ပစ်ထည့်လိုက်ရမှာပေါ့" ဆိုပြီး 'ဝေါင်း' ကနဲကျားဟိန်းသံကြားရာသို့ မှန်း၍

လှမ်းပစ်လိုက်လေတော့သည်။

"ဒိုင်း"

ကျယ်လောင်သောသေနတ်အားပေါက်ကွဲသံကြောင့် ညငှက်များ၊

လန့်ဖျတ်ပျံပြေးသွားကြ၏။ အိပ်တန်းဝင်တောကောင်ငယ်များ ပြေးလွှား

ထွက်သွားကြကုန်သည်။

"ဟာဗျာ အတော်မိုက်ကန်းတဲ့လူပဲ"

မျှော်လင့်မထားသောသူ၏လုပ်ရပ်ကြောင့်ကျွန်တော်သည်လည်း

ကျရောက်လာမည့်မမြင်နိုင်သေးသောအန္တရာယ်ကို ကြိုတင်စောင့်စား

ကာတွယ်နိုင်ရန်အလို့ငှာ အရံသင့်အနေအထားဖြင့် ထိုကျား (ဟင်း

တောင်) ရှိရာ ချောင်းစပ်သို့ မမိတ်မသုန်စူးစိုက်ကြည့်နေလိုက်ရသည်။

'ဝေါင်. . .'

'ဝေါင်. . . ရော. . . ဝေါ. . ဝေါင်"

ပြေးလွှားတိုးဝှေ့ထွက်ပြေးသွားသံဖြစ်သည်။ပြီးတော့ခုံကျင်

www.burmeseclassic.com

www.burmeseclassic.com



စွာ ဝေဒနာခံစားလိုက်ရ၍ အော်ဟစ်လိုက်သောအသံကြောင့် စိုးဝင်းမ
ဖစ်ချက် ထိမှန်သွားပုံရသော်လည်း ချက်ကောင်းကိုမထိခြင်းမှာ သေချာ
သည်။

"ဟာ ထိသွားပုံရတယ်ဗျ ဒီကောင်ကြီးနောက်လိုက်ကြရအော
ဗျာ" အားရဝမ်းသာသံဖြင့်ပြောပြောဆိုဆို စိုးဝင်းသည် နေရာမှထ၍ကျား
ထွက်ပြေးရာနောက်လိုက်မည့်ဟန်ပြင်နေသဖြင့်

"ဘာလဲ ခင်ဗျားလှူမြည်မှာကြာကြာမနေချင်တော့ဘူးလား။ ခင်
ဗျားပစ်လိုက်တဲ့ကျားက ဒဏ်ရာကြီးနဲ့ထွက်ပြေးသွားတာ၊ ခင်ဗျားမယုံရင်
လိုက်သွားလေ၊ ကျားစာမဖြစ်ရင် ပြောချင်တိုင်းပြော. ."

စိတ်ပေါက်ပေါက်ရှိသည်နှင့် ကျွန်တော်က ခပ်ဆတ်ဆတ်ပြော
လိုက်သည်။

"ချက်ကောင်းမထိလဲနာသွားပြီပဲ၊ သိပ်ဝေးဝေးပြေးနိုင်တော့မှာ
မဟုတ်တာဗျ" ရယ်လို့ မကျေမနပ်သံဖြင့် စောဒကတက်လာပြန်သည်။

"အေးလေ ဒါဖြင့် ခင်ဗျားလိုက်ချင်လိုက် ကျွန်တော်တို့တော့
မ လိုက်ဘူး ကျားနောခံ. . အခဲမခံနိုင်ပေါင်ဗျာ. ."

သူမည်သို့မျှပြန်မပြောလေတော့ ကျားထွက်ပြေးသွားရာလမ်း
သာ မချိတင်ကဲ လှမ်းကြည့်ရင်းဂဏှာမငြိမ်ဖြစ်နေတော့သည်။ ကျွန်တော်
တို့အမြင်ကြည်လင်ပုံမရတော့ တစ်သောက်ထည်းလိုက်သွားရန်လည်း
တွင်သတ္တိရှိဟန်မပေါ။ သို့ကြောင့် ကျားထွက်ပြေးရာလမ်းသို့ မျှော်



ကြည့်လိုက်၊ မီးပုံနဘေး လှဲလျောခေါက်တုန့်လျှောက်နေလိုက်ဖြင့် သူ့ကို
မြင့်ရသည်မှာ ရယ်စရာပင်ကောင်းနေသေးတော့၏။

ကျွန်တော်တို့ထင်းမီးပုံကြီးသည် မီးရဲရဲတောက်လောင်နေပြီဖြစ်၍
စခန်းပတ်ဝန်းကျင်တဝိုက် လင်းထိန်သွားတော့သည်။

ယခုတော့လည်း တိတ်ဆိတ်ငြိမ်သက်လို့နေပြန်သည်။ နာရီ
ကြည့်လိုက်တော့ သန်းခေါင်ယံကျော်လေပြီ။ သို့ကြောင့်

"ကဲ ဦးဖေလု ခင်ဗျားတို့အိပ်ချင်အိပ်၊ ဘာမှတွေးပူ တွေး
ကြောက်မနေနဲ့၊ စိတ်ချလက်ချအိပ်၊ ကျွန်တော်ထိုင်စောင့်ပေးမယ်။ ညက
ကျွန်တော်သတိတစ်ချက်လွတ်သွားတယ်။ မူးမူးနဲ့ ထင်းမီးမထည့်ခဲ့ဘဲ
အိပ်ယာ ထဲတန်းဝင်ခဲ့မိတယ်။ ကိုလင်းလဲ အိပ်ချင်အိပ်လေ ကျွန်တော်တ
မအိပ်ချင်သေးလို့ပါ"

စခန်းအနားနီးနီးကျားရောက်လာခြင်းကြောင့်အင်မတန်ကြောက်
ရွံ့ထိတ်လန့်နေဟန်တူသော ဦးဖေလုကိုပြောလိုက်၏။

တကယ်တော့ ထင်းမီးဖို ဒီလောက်ကောင်းနေခြင်းကြောင့် မည်
သည့်သားရဲတိရစ္ဆာန်ကောင်မျှ စခန်းနားသို့ကြလိမ့်မည်မဟုတ်ပါ။ ကျွန်
တော်သည်လည်း အိပ်လိုက စိတ်ချလက်ချအိပ်၍ရနိုင်ပါလျက် စိုးဝင်း
၏ လုပ်ရပ်အပေါ် ဒေါသထွက်နေမိခြင်းကြောင့် အိပ်မပျော်နိုင်တော့ပါ
သဖြင့် သူတို့ကိုသာ အိပ်နိုင်းလိုက်ခြင်းဖြစ်သည်။

စိုးဝင်းဆိုသူသည် အတော်ဆိုးသူဖြစ်သည်။ ကိုယ်မပိုင်ဘဲနှင့်
ကျားကိုသွားပစ်ခြင်းသည် သူ့အတွက် လွန်စွာကြီးမားသော အမှားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းလွှန်လိုက်ခြင်းဖြစ်သည်။ နာနေသောကျားသည် အင်မတန် ကြောက် စရာကောင်းသော ရန်သူတစ်ယောက်ဖြစ်သွားနိုင်သည်ကို သူသိပါလေစ။ ကျားနာသည် ဒဏ်ရာကြောင့် မစွမ်းမသန်ဖြစ်သွားပါက တောကောင်ငယ်များကို လျင်မြန်ဖြတ်လတ်စွာ ရှာဖွေဖမ်းဆီး စားသောက် နိုင်ခြင်းမရှိလာသည့်အခါ လူတို့နေထိုင်ရာရွာများသို့ရောက်လာပြီး အိမ် မွေးတိရစ္ဆာန်များ ကိုသော်လည်းကောင်း၊ တောတောင်တွင်း ရှာဖွေ စားသောက်နေရသည့် သစ်ခုတ်၊ ဝါးခုတ်၊ မျှားဖွပ်သမားများကိုသော် လည်းကောင်း ဒုက္ခလှလှကြီး ပေးလေတော့မည်။

ထိုသည်ကား နောင်ဖြစ်လာမည့်အကျိုးဆက်ကိစ္စ၊ ယခုတွင် လည်း သူ့ကြောင့် ကျားသည် ဒဏ်ရာရသွား၏။ ကျားနာသည် ကျားနာ ခံပေတော့မည်။ ထိုဒဏ်ရာဖြင့် ပြေးထွက်သွားသော ကျားကိစ္စ၊ မည်သို့ ဆက် ဆောင်ရွက်ရမည်ကို စဉ်းစားလိုက်လေတိုင်း စိုးဝင်းတို့ဒေါသထွက်မိ သည်။ သို့ကြောင့် အိပ်၍မပျော်။

"ကိုပိုက် အိပ်မရဘူးထင်တယ်"

လင်းမြင့်လှိုင်အနားရောက်လာ၍မေးသည်။

"အေးဗျာ ဘယ်လိုမှအိပ်မရဘူး ဟိုကောင့်အပေါ် ဒေါသတွေ ထွက်နေမိတယ်"

ကျွန်တော်ဘယ်လိုခံစားနေရသည်ကို သူသိပါသည်။ သို့ကြောင့်

"ကျွန်တော်တာပဲ ကြားကနေကောင်းမနေပါတယ်ဗျာ ဦးပေလု ပျက်နာရှိသေးတယ်မဟုတ်လား။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာတုန်း တ



ပါဗျာ ခေါင်းထဲကနေ ဖျောက်လိုက်ပါတော့"

ညီးငယ်စွာဖြင့်ကြားမှနေ၍ကောင်းပန်နေရှာသောလင်းမြင့်လှိုင် ကြောင့် "အင်းလေ သူက ဘာမှသိတာမဟုတ်ဘူး ပြီးတော့ ကျွန်တော်တို့ က အိမ်ရှင်တွေပဲ ခွင့်လွှတ်နိုင်ပါတယ်ဗျာ အရေးကြီးတာကဟိုဟင်းကောင် ကျားကြီးကိစ္စဘယ်လိုဆက်လုပ်ကြမလဲသည့်အတိုင်းလွှတ်ထားလို့ကတော့ တောကိုမှီပြီးရှာဖွေစားသောက်နေတဲ့သူတွေအတွက်အန္တရာယ်ရှိနိုင်တယ်။ ကျွန်တော်တို့တာဝန်မကင်းဖြစ်ရပြီနော်" ဟု စကားလမ်း ကြောင်းလွှဲပြော ရင်း တိုင်ပင်လိုက်၏။

"ဟုတ်တာပေါ့ အဲဒါဘယ်လိုလုပ်ကြမလဲ"

"ခင်ဗျားမိတ်ဆွေ နက်ဖြန်တစ်ရက် တောထဲမှာနေလို့ အချိန် ပေးနိုင်ဦးမလား ဒါဆိုရင် မနက်ကျ ဒဏ်ရာရသွားတဲ့ (ဖွင်းကောင်) ကျားနောက်လိုက်သွားကြည့်ကြမယ်။ ဒဏ်ရာသိပ်ပြင်းရင် ဝေးဝေးသွား နိုင်မှာ မဟုတ်ဘူး၊ သည်နားတစ်ဝိုက်တင်ခိုနေမှာ အဲဒါ တွေ့အောင် လိုက်ရှာပြီး သုတ်သင်လိုက်ကြတာပေါ့ နက်ဖြန် သည်နားတစ်ဝိုက်မှာ ရှာလို့မတွေ့လဲ ဦးပေလုတို့တို့ရွာအထိ ပြန်လိုက်ပို့ထားပြီး ခင်ဗျားနဲ့ ကျွန်တော် တောထဲ ပြန်ဝင်မယ်။ ဒီကောင်ကြီးကို မရမက ပြန်ရှာပြီး သတ်ရတော့မှာပဲ မတတ်နိုင်ဘူးဗျာ။ အဲလိုမလုပ်လို့မရတော့ဘူးလေ နို့မဟုတ် တောတောင်ကို မှီပြီး ရှာဖွေစားနေကြရတဲ့သူတွေအတွက် အန္တရာယ်ရှိနိုင်တယ်။ စိုးဝင်းကြောင့် မုဆိုးချင်းစည်းဖောက်သလို ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားရပြီ"

"အင်း၊ တိုပိုက်အစီအစဉ်ကောင်းတယ် ခု သူတို့အိပ်နေပြီ။ မနက်ကျမှ ဦးပေလုကိုပြောပြပြီး ဟင်းကောင်ကြီးနောက်လိုက်ကြတာပေါ့ ခုတော့ အိပ်လိုက်ကြရအောင်ဗျာ. . ." ဆိုကာ ကျွန်တော်အား ပြောလာသဖြင့် သူနှင့်အတူ အိပ်ရာ ဝင်ခဲ့တော့သည်။ မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။

"ကိုပိုက် ကိုပိုက် ထထစမ်းပါဦးဗျ ဦးပေလုနဲ့ စိုးဝင်းမရှိကြတော့ဘူး"

အလောတကြီးလှုပ်နှိုးပြောနေသည့်လင်းမြင့်လှိုင်ကို မှုတ်မှုတ်မြန်ကြည့်လိုက်ရင်း

"ဒီနားတဝိုက် အလေးအခင်းသွားနေကြတာဖြစ်မပေါ့" ဟုပြောလိုက်သည်။

"မဟုတ်ဘူး စခန်းနားတဝိုက်လှည့်ပတ်ရှာပြီးပြီ တစ်နေရာရာကို ထွက်သွားကြတာဖြစ်မယ် ကျွန်တော်အထင်တော့ စိုးဝင်းဟာ ဦးပေလုကို အဖော်ခေါ်ပြီး ဒဏ်ရာရသွားတဲ့ (ဟင်းကောင်) ကျား နောက်ကိုလိုက်သွားတာဖြစ်မယ်"

"ဟာ ဖြစ်နိုင်တယ် ကိုလင်း ဒါဆိုရင်ဖြင့် သူတို့အတွက် အန္တရာယ်ဘဲ လာဗျာ အချိန်မီလိုက်သွားကြတာပေါ့"

ပြောပြောဆိုဆို သေနတ်ကိုဆွဲယူကာ စခန်းမှထွက်ခဲ့တော့သည်။ လင်းမြင့်လှိုင်ကား ကျွန်တော်နံဘေးမှကပ်ပါလာသည်။ ညက



ကျားရှိသည့်ချောင်းစပ်နံဘေးရောက်သည့်အခါတွင် အိုင်ထွန်းနေသောသွေးကွက်ကြီးကိုတွေ့ရ၏။ ညကစိုးဝင်းပစ်လိုက်၍ ကျားဒဏ်ရာ ရသွားသည်မှာ သေချာပေသည်။ ထို နေရာတစ်ဝိုက် ကျားခြေရာများနှင့်အတူ လူခြေရာများတွေ့ရခြင်းကြောင့် စိုးဝင်းတစ်ယောက် ဦးပေလုနှင့်အတူ ဤနေရာရောက်လာပြီး ကျားခြေရာကောက်၍ နောက်မှလိုက်သွားသည်မှာ သေချာပေပြီ။

"ဘယ်အချိန်က ထွက်သွားကြလဲမသိဘူးဗျာ. . . ဒုက္ခတော့ ရောက် ကြတော့မှာပဲ" လင်းမြင့်လှိုင်က ဦးပေလုအတွက် စိုးရိမ်မှုများစွာဖြင့်ပြောလာ၏။

ကျွန်တော်သည်ထိုနေရာတဝိုက်မှသောက်ပြီးလွှတ်ပစ်ထားသည့် စီးကရက်အတိုတစ်ခုကိုကောက်ယူလိုက်ကာ မီးစွဲထားသည့်နေရာသို့ လက်ညှိုးကလေးဖြင့် အသာဖိကြည့်ရင်း

"ကိုလင်း သူတို့သွားတာဘာမှမကြာသေးဘူးဗျ သည်စီးကရက်ထိပ်ဖျားမှာ အပူငွေ့ရှိနေတုန်းပဲလေ။ ကဲ လာ သူတို့နောက်လိုက်ကြစော ပေါ့" လို့ပြောလိုက်ရင်း ကျားခြေရာနှင့် လူခြေရာတို့ကိုရှာဖွေရင်း သွက်သက်စွာလိုက်သွားတော့သည်။ ရံခါဆိုသလို သစ်ပင်ချုံပုတ်ငယ်များတွင် စွန်းထင်းပေကျံနေသည့် ကျားသွေးများကို တွေ့ရ၏။ ထိုသည်လည်း ကျွန်တော်တို့လမ်းကြောင်းမလွဲရန်အတွက် အထောက်အကူတစ်ခုပင်ဖြစ်သည်။

အချိန် ၁၅ မိနစ်ခန့်ကျော်ခဲ့ကြပြီးသည်တွင် မျှင်ဝါးတောလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအစပ်သို့ရောက်လာကြသည်။ ထိုနေရာရောက်သည်တွင် ခြေရာများ အစဖော်မရတော့ချေ။ သို့ကြောင့် မည်သို့ဆက်လိုက်ရမည်မှန်းမသိ ဖြစ်ခြင်းကြောင့် ခေတ္တနားစဉ်းစားနေစဉ်မှာပင်

'ဒိန်း'

သေနတ်သံတစ်ချက်ကြားလိုက်ရသည်သည် ထိုသေနတ်သံလာရာ သည် မျှင်ဝါးတောတစ်ဖက်မှဖြစ်နေခြင်းကြောင့် မျှင်ဝါးတောကို လျှင်မြန်စွာ တိုးဖေါက်လိုက်ကြသည်။ ရင်စို့လောက်ရှိသည့် ဝါးဝင်ပေါက်များဖြစ်၍ လွန်စွာမှုယားယံခြင်း ဝါးရွက်ရှခြင်းဒုက္ခကိုကြုံကြရသော်ငြား ဦးဗေလု တို့အတွက် စိုးရိမ်စိတ်ကလွှမ်းမိုးနေသည်ကြောင့် ထိုသည်ဒုက္ခအသေး အဖွဲလေးကို ဂရုမစိုက်အားတော့ချေ။ ထိုမျှင်ဝါးဖြိုက်တောလေးအလွန် တွင် တောင်ခြေကြာစွယ်လေးထိပ်မြောင်လေးအတွင်းမှ စိုးဝင်းကို လှမ်းတွေ့ လိုက်ရသည်။ သူသည် မြောင်တစ်ဘက်ရှိ လှိုအတွင်းသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်ခြင်းဖြစ်ဟန်တူသည်။ စိုးဝင်းနောက်တွင် ဦးဗေလုရှိနေ၏။ လှိုအတွင်းမှ မည်သည့်လှုပ်ရှားသံမှုမကြားရ။ တိတ်ဆိတ်ငြိမ်သက်လို့နေ သည်။ ထိုသည်မှာ မကောင်းသောလက္ခဏာဖြစ်သည်။ သို့ကြောင့် ကျွန် တော်တို့သည် တောင်ကြောလေးအတွင်းဆင်း၍ မြောင်လေးအတိုင်း လှို အနားသို့နီးနိုင်သမျှတိတ်ဆိတ်စွာဖြင့် တိုးကပ်သွားလိုက်သည်။ စိုးဝင်းတို့ အား အော်ကြီးဟစ်ကျယ်အသံပြုသတိပေး၍လည်းမဖြစ်ချေ။ အဘယ် ကြောင့်ဆိုသော် စိုးဝင်း၏ဟန်ပန်ကိုမြင်ရခြင်းအားဖြင့် လှိုလေးအတွင်း၌ ကျားရှိနေသည်မှာသေချာခြင်းကြောင့်ဖြစ်သည်။



ထိုသို့ လှိုအနားတိုးကပ်သွားနေစဉ် စိုးဝင်း သည် လှိုအတွင်းမှ မည်သည့်လှုပ်ရှားသံမှုမကြားရခြင်းကြောင့် သူ့လက်ချက်ဖြင့် ဟင်းတောင် သေနေလောက်ပြီဟုတွက်ဆကာ လှိုအတွင်း အရဲစွန့်ဝင်လိုက်သွားတော့ မည့်ပုံမြင်ရသဖြင့်

"ဟိတ်လူ လှိုထဲမဝင်နဲ့ မဝင်နဲ့"

မတတ်နိုင် အကြောင်းကြောင်းကြောင့်အော်ဟစ်သတိပေးလိုက် ရတော့သည်။

ကျွန်တော်က စိုးရိမ်တကြီး သတိလှမ်းပေးလိုက်ငြား စိုးဝင်း သည် သူ့အသံကြားရာ ကျွန်တော်ထံသို့ တစ်ချက်လှမ်းကြည့်ပြီး လှို အတွင်းသို့ ဝင်လိုက်သွားရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် ကျွန်တော်၏ ထိတ်လန့် တကြားအသံကြောင့် လှိုအတွင်းမှ ငြိမ်သက်စွာရှိနေသော ကျား တင်းတောင်သည် ကျယ်လောင်စွာ ဟိန်း၍ခုန်ထွက်လာပြီး စိုးဝင်း အား အလစ်အငိုက် တိုက်ခိုက်ရန် ဟန်ပြင်နေလေတော့၏။ ထိုသည် ကြောင့် ကျွန်တော်သည် လက်တွင်းမှသေနတ်ဖြင့် တမန်းကတန်း ထိုးချိန်ပစ်လိုက်သည်။

"ဒိန်း"

"ဒိန်း"

ကျွန်တော်ထံမှထွက်ပေါ်လာသည့် သေနတ်ယမ်းအားပေါက်ကွဲ သံထက် စိုးဝင်းလက်တွင်းမှ သေနတ်ယမ်းအားပေါက်ကွဲသံက ရှေ့ရောင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၏။ သူပစ်လိုက်သောကျည်ဆန်သည် ကြောက်လန့်တကြား ဖြစ်နေရာမှ ပစ်ခတ်လိုက်ရသဖြင့် ကျားကို တိုက်ရိုက် ထိနိုက်ခြင်းမရှိခြင်း ဖြစ်၍ ကျားသည် သေနတ်သံကြောင့် တစ်ချက်တွန့်သွားပြီး တခဏ အချိန်ပိုင်းကလေးမှာပင် စိုးဝင်းအား ခုန်အုပ်လိုက်စဉ် ကျွန်တော်ထံမှ ပြေးလွှားထွက်သွားသော ကျည်ဖူးက ကျား၏ဝမ်းဗိုက်သားကို ဖောက် ထွက်သွားခြင်းကြောင့် ဟန်ချက်လွဲသွားပြီး စိုးဝင်းအား အုပ်မိုးမမိလိုက် ဖြစ်သွားကာ မြေပြင်ပေါ်သို့ ဘုတ်ကနဲကျသွားလေတော့၏။

ကမန်းကတန်း ကျွန်တော်ပစ်လိုက်သောပစ်မှတ်သည် ကျား၏ နှလုံးသားရှိရာနေရာဖြစ်ပြီး စိုးဝင်း၏ သေနတ်သံကြောင့် ကျားသည် စောလျှင်စွာ လှုပ်ရှားခွင့်ရသွားခြင်းကြောင့် ဝမ်းဗိုက်သို့သာ ချော်ထိမှန် သွားရခြင်းဖြစ်သည်။

ဒဏ်ရာရ (ဟင်းကောင်) ကျားသည် လဲနေရာမှထနိုင်ခြင်းမရှိ သော်လည်း ကြောက်လန့်တကြား နောက်ဆုတ်လိုက်ရာမှ လဲကျသွား သည့် စိုးဝင်းအား မာန်ဖီရင်း လက်ဖြင့်ဖမ်းကုပ်ဆွဲလိုက်သည်။

"အား"

စိုးဝင်းတစ်ယောက် လဲလျောင်းနေရာမှ ချက်ခြင်းရှောင်တိမ်းထ နိုင်ခြင်းမရှိသဖြင့် ကျောကုန်းတွင် တစ်ချက်အကုပ်ခံလိုက်ရသောကြောင့် နာကျင်စွာ အော်ဟစ်လိုက်သည်ဖြစ်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဒိုးရိမ်စိတ်ကြီးမားသွားရသည်ကြောင့် ဒဏ်ရာဖြင့်လဲကျနေရာမှ မာန်ဖီ



အော်ဟစ်ကုပ်ဆွဲနေသည့်ကျားအနားသို့ ပြေးကပ်သွားကြကာ ဦးခေါင်းပိုင်း သို့တစ်ချက် နှလုံးသားဆီတစ်ချက်ဆီ ပစ်ခတ်လိုက်ကြသည်။

'ဒိုန်း'

'ဒိုန်း'

ကျားကြီးငြိမ်သက်သွားချေပြီ။ စိုးဝင်းတစ်ယောက် ကံကောင်း သည်ဟု ပြောရလေမည်လားမသိ။ ဂျာကင်ထူထူဝတ်ထားခြင်းကြောင့် ကျားကုပ်ဆွဲရာသည် သူ့ကျောကုန်းသားပေါ်တွင် ဒဏ်ရာနက်နက်မရလိုက် ချေ။ သို့ကြား လွန်စွာမှနာကျင်နေပေ၍လား သို့တည်းမဟုတ် အသည်း ငယ်သူပေမို့လားမသိ။ အော်ဟစ်ညည်းတွားနေလေတော့သည်။

စိုးဝင်းကြောင့် လူသားအချို့ကို အန္တရာယ်ပေးလာနိုင်သည့် ကျားကို အချိန်မီသုတ်သင်ချေမှုန်းလိုက်နိုင်သဖြင့် စိတ်ချမ်းသာခဲ့ကြ ရတော့သည်။

ကျားသေကြီးကို အသေအချာလှန်လှောကြည့်လိုက်သည့်ဝှင် ညက စိုးဝင်းပစ်လိုက်သောကျည်သည် ကျားကြီး၏ ပေါင်တွင်းသားကို ထိသွားခြင်းဖြစ်သည်။ ထိုဒဏ်ရာဖြင့် မည်သို့သောအကြောင်းကြောင့်ဖြင့် ကျားကြီးမသေနိုင်သည့်အပြင် ယခု ကျွန်တော့်ထက်အလျှင် စိုးဝင်း ပစ် လိုက်နိုင်သော သေနတ်ကျည်ဖူးသည် ကျားကြီးကို မညီသည့်ဒဏ်ရာမျှ မရနိုင်ခဲ့ပြန်ချေ။

ကျားသေကြီးကို ကြည့်နေစဉ်မှာပင် ဦးဓလုသည်ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အနား ရောက်လာပြီး

"အေးဗျာ ခင်ဗျားတို့အိပ်နေတုန်း စိုးဝင်းက ကျားနော
ခြေရာခံလိုက်ပစ်ကြမယ်ပြောလို့ ကျုပ်ကခင်ဗျားတို့ကိုခေါ် ဦးမှ ဖြစ်မ
လို့ပြောတော့ နေပါစေ ရပါတယ် ကျားကဒဏ်ရာရနေပြီပဲ၊ အာ
ကြောက်စရာ မလိုပါဘူး ညက ကျွန်တော်ပစ်လိုက်လို့ ဒဏ်ရာရသွားတ
ဒါကြောင့် ကိုယ့်အစွမ်းအစနဲ့ ကိုယ်ပစ်ခက်ရတဲ့ ကျား ဖြစ်စေချင်တ
ဆိုလို့ ကျုပ်လဲ ကျားပစ်ရတာ ဒီလောက်အန္တရာယ်ကြီးမားမ
ဆိုတာမတွက်မိလို့ထဲ သူနဲ့လိုက်ခဲ့မိတာပါဗျာ ခုတော့သိပ်ထဲတောင်းတ
ဗျာ ခင်ဗျားတို့လိုက် လာခဲ့ကြပေလို့ပဲ" ရယ်လို့ ပြောပြသဖြင့် အကြော
မှန်ကို သိလိုက်ရသည်။

တကယ်တော့ စိုးဝင်းသည် တောလိုက်မှုဆိုးမဖြစ်နိုင်၊ တေ
ကောင်တို့၏သဘာဝ၊ အကျင့်စရိုက်တို့ ဂဃနဏမသိပါဘဲလျက် လွ
လွယ်တွက်လိုက်ခြင်းကြောင့် ယခုလို အန္တရာယ်ဆိုးကြီးဖြင့် ကြုံရ
ဖြစ်ကြောင်း၊ ဦးဖေလှကို ရှင်းပြလိုက်ရသည်။ အကယ်၍ ကျွန်တော်
သာ အချိန်မီရောက်မလာပါက စိုးဝင်းတစ်ယောက် ကျား ကိုက်၍ သေ
တော့မည့်ကိန်းဖြစ်ချေတော့၏။ ကျား မသေနားပါက ဦးဖေလှပင် အဆစ်
နိုင်သေးတော့သည်။

ကိုပိုက်

(၁၃-၁၀-၉၈)

# တာဆုံ



www.burmeseclassic.com

www.burmeseclassic.com



## တာဆုံ

သည့်တစ်ခါတော့မြင့် ဖြစ်တောင့်ဖြစ်ခဲ့ ကျွန်တော်တစ်ယော
တည်း လမ်းမှားခဲ့ချေပြီ။ ထိုသည်ကား ထူးဆန်းလှခြင်း (သို့တည်းမဟုတ်
ပြဿနာမဟုတ်ခြင်းဆိုခြား ကာလ ဒေသအရတော့မြင့် သတိဆိုသည်
မိတ်ဆွေရင်းချာမမှာ သဘောထားယှဉ်တွဲနေရပေလိမ့်မည်။ အဘ
ကြောင့်ဟူသည် ယခုကျွန်တော်ရောက်နေသော တောသည်ကား သွားလ
နေကျမစိမ်းသော ဗဲဆူးရိုးမအရှေ့တောမဟုတ်၊ ရခဲ ဆိုသလို ရောက်တ
သောအလယ်ရိုးမတောလည်းမဟုတ်၊ တခါမျှ မရောက်ခဲ့ဘူးသော ယ
တကြိမ်တခါရောက်ခဲ့ရသော အနောက်ရိုးမတောပင်ဖြစ်တော့၏။ သ
မြင်ခါတိုင်း တောမှောက်လမ်းစပျောက်ခဲ့စဉ်များက အဖော်များဖြင့် မ
တတွဲတွဲဖြင့် ဖြစ်ခြား ယခုမူကား တစ်ယောက်တည်းဖြစ်ချေတော့သည်
သို့ကြောင့် –

လက်နက်ပင် ကိုယ်နှင့်မကွာရှိခြား တောင်ကမ်းမြင့်သော စိ
သောဒေသပေမို့ မည်သည့်သားရဲတိရစ္ဆာန်များရှိတတ်သည်လည်း အတ
မသိနိုင်သေးသည်ကြောင့် မျက်စိဖွင့်၊ နားစွင့်၊ သွားသတိ၊ နား သတိ



ဖြတ်အာရုံထားနေရခြင်းကြောင့် ကြီးစွာသော ဒုက္ခတမျိုးပင် ဖြစ်တော
၏။ သို့ဖြစ်၍ ရခဲဆိုသလို "ငါသားကောင်ဘဝရောက်သွားလေပြီလား
ယ်လို့ပင် တွေးမိသည်။

မုဆိုးကြီးလှိုင်ညွန့်၊ မုဆိုးလင်းမြင့်လှိုင်တို့ဖြင့် လူစုကွဲခဲ့သည်မှာ
ယခုချိန်အထိဆိုပါလျှင် '၂' နာရီခန့်ရှိပေတော့မည်။ 'တဝူဝူ' ရယ်လို့ အာ
ပေးလူခေါ် ရှာဖွေသွားလာနေရသော်ငြားတန့်ပြန်အော်သံကား သဲ့သဲ့ပင်
ကြားရသေးချေ။ ခက်ချေပြီ။

အပေါင်းအဖော်များနှင့်လမ်းစကွဲခဲ့ရပုံကား မထူးဆန်းလှပေ။
လှိုင်ညွန့်ပစ်လိုက်၍ ဒဏ်ရာဖြင့်ပြေးထွက်သွားသောတောဝက်နောက်သို့
လူစုခွဲဖြန့်လိုက်ကြရာမှ ပြန်မဆုံကြခြင်းဖြစ်တော့၏။ သို့ဖြစ်ရခြင်းသည်
ဤတော၊ ဤတောင်ကြောနေရာကား အောက်ပေါင်းရှုတ်၍ ချုံနွယ်ထူထပ်
သောကြောင့်ဖြစ်တော့၏။ ကိုယ်နှင့်စိမ်းသော တော၏ပထဝီအနေအထား
တောင်ကြောအနိမ့်အမြင့်ကို သတိမထားမိသောကြောင့်ဖြစ်သည်။
တောင်ကမ်းမြင့်လျှင် တောင်စွယ်တို၏။ တောင်ကမ်းနိမ့်လျှင် တောင်စွယ်
ရှည်၏။ ခုတောကား တောင်ကမ်းမြင့်သည်ဖြစ်၍ သားကောင်နောက်
လိုက်ရင်း တောင်စွယ်ဖြတ်တို့ တခုပြီးတခုကျော်ကာဖြတ်လာရာမှ မမှတ်
မိနိုင်လောက်အောင် များပြားလာသည်ဖြစ်ခြင်းကြောင့် လမ်းစပျောက်ခဲ့
ရခြင်းဖြစ်တော့သည်။ မည်သို့တတ်နိုင်ပါတော့မည်နည်း။ လင်းမြင့်လှိုင်
နှင့် လှိုင်ညွန့်တို့တူတူရှိနေကြသည်လား တကွဲစီပင်ဖြစ်နေလေသည်လား
မသိ။ ကျွန်တော်ကားတယောက်တည်းလူစုကွဲနေခြင်းဖြစ်သည်။ ကိ

www.burmeseclassic.com

www.burmeseclassic.com



ရှိချေပြီ။ လမ်းဆုံးလျှင် ရွာတွေ့ပေလိမ့်မည်။ သို့ကြောင့် နားလိုက် လျှောက်လိုက်ဖြင့် (အတတ်နိုင်ဆုံးတောင်ခြေဖက်သို့မှန်း၍ လျှောက်နေခြင်း) နံနက် ၉း၀၀နာရီ ကတည်းက ထွက်လာသည်မှာ နေမွန်းတည့်ပေတော့မည်။ ဆာကလည်းဆာနေပြီ မနက်ကသွားလာရင်း ပစ်ခတ်ရမိခဲ့သည့် ယုန်ကလေးတကောင်ရှိပြီး မီးခြစ်ပါမလာသည်ဖြစ်၍ မီးမရနိုင်သဖြင့် မည်သို့မျှ မတတ်နိုင် အစိမ်းလည်းမစားဝံ့ပါချေ။ ကျောက်ခဲချင်းခတ်လျှင်မီးရနိုင်သည် သိသော်ငြား လွယ်လင့်တကူ မဖြစ်နိုင်ခြင်းကြောင့် ကြိုးစားမနေတော့ပါချေ။ သို့ကြောင့် မည်သည့်သားကောင်မျှ ပစ်ခတ်သတ်ဖြတ်လိုစိတ်လည်း မရှိတော့သဖြင့် တချိန်လုံး ခါးကြားရှိ ဓားရတိုသာ ဆောက်နေရသည်ဖြစ်၍ ရေဗူးတွင် ရေသည်လည်း ကုန်ချေပြီ။ ရေဆက် ဘယ်သို့ရှာဆက်ရချေမည်မသိ။ သို့ငြား နေမွန်းလွဲလောက်တွင် တောင်ခြေအနီး၌ မျှော်လင့်မထားသော ရွာစီးရိုးကြီး တခုတွေ့လိုက်ရသည်ကြောင့် လွန်မင်းစွာ ဝမ်းသာရတော့၏။ မည်သို့ဆိုချေ ရွာရှိလျှင် လူရှိမည်။ သို့ဆိုပါလျှင် လမ်းမှန်ရောက်ဖို့ မခက်တော့ပြီ။ သို့တည်းမဟုတ် တညတာနားနေတည်းခိုခွင့် ရလိမ့်မည်။ စားသောက်ဖွယ်ရာလည်း ရနိုင်ပေတော့မည်။ သို့ကြောင့် ကျွန်တော်သည် ထိုရွာစီးရိုးနားသို့ အားရဝမ်းသာပြေးလုမတတ် လျှောက်သွားလိုက်သည်။ တံကောင်းလိုက်များ ရွာစီးရိုးတံခါးကြီးဖွင့်လျက်ရှိသည်ကြောင့် လွယ်လင့်တကူပင် ရွာတွင်းသို့ ဝင်လိုက်သည်နှင့် ကျဆင်းနေစပြုနေသည့် စိတ်ဓါတ်တို့ ပြန်လည်မြင့်တက်လာတော့၏။



ရွာတွင်းသို့ဝင်လိုက်သည်နှင့် လူအချို့ကိုတွေ့ရ၏။ ကျွန်တော့်အား မေးမြန်းခြင်း၊ စုံစမ်းခြင်းမရှိသော်ငြား စူးစမ်းလေ့လာနေပုံတော့ရ၏။ ကျွန်တော့်လက်တွင်းတိုင်အောင်လာသည့်သေနတ်နှင့် 'ယုန်သေ'ကိုသာလျှင် စူးစိုက်ကြည့်နေကြရင်း မနှစ်မြို့လေဟန်တွေ့ရ၏။ မည်သို့မျှတော့ မပြော၊ ဖာသိဖာသာနေကြ၏။ အချို့မှာတ်မှုပွစ်ပွစ်ဖြင့် ဂါထာရွတ်နေကြဟန်တူ၏။ သို့တည်းမဟုတ် ဘုရားစာရွတ်ဖတ် နေကြသည်လား မသိပါချေ။

ထိုရွာသားတို့၏ ထူးခြားပုံတား ကျွန်တော်ကို စူးစမ်းလေ့လာကြည့်နေကြသည်ဆိုငြား သူတို့လုပ်နေဆဲအလုပ်ကို တစိုက်မတ်မတ်လုပ်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ကျွန်တော်သည်လည်း သူတို့လုပ်ငန်းကို အနှောင့်အယှက်ပေးရာရောက်မည်ဖြစ်၍ မည်သို့မျှမေးမြန်းစုံစမ်းခြင်း မပြုလေပဲ တညတာတည်းခိုနေနိုင်ရန်အလို့ငှာ ဘုန်းကြီးကျောင်းကို ရှာဖွေနေမိ၏။ လမ်းတလျှောက်တွေ့သမျှလူတိုင်းသည် အလုပ်ကိုယ်စီဖြင့်ရှိကြသည်။ သို့လျှောက်ရင်း ရွာလယ်သို့အရောက်တွင် လွန်စွာမျှ ကျယ်ပြန့်သော စိုက်ခင်းကြီးတခုကို ထူးဆန်းစွာတွေ့လိုက်သည်။ "ပဒေသာဥယျာဉ်" ရယ်လို့ အဝင်အဝတွင် ဆိုင်းဘုတ်ရေးထားခြင်းကြောင့် ပို၍ပင် အံ့ဩမိသည်။ သို့ကြောင့် တစေ့တစောင်းပင်မဟုတ်။ တည့်တည့်စိုက်ကြည့် စူးစမ်းလိုက်သည်။ ထိုပဒေသာဥယျာဉ်အတွင်း စပါးခင်းကြီးရှိ၏။ သစ်သီးဝန်းမာန်ဝင်မျိုးစုံတွေ့ရ၏။ အသီးအပွင့်တို့ ဝေဝေဆာဆာရှိကြ၏။ ထိုဥယျာဉ်အတွင်း လူအချို့ အလုပ်လုပ်နေကြ၏။ စပါးရိတ်သူ [illegible]ရှင်း

www.burmeseclassic.com

www.burmeseclassic.com



သူ၊ ရေလောင်းသူ စသည် စသည် သူ့လုပ်ငန်းဖြင့်သူ အသီးသီး လုပ်ဆောင်နေကြ၏။

ထိုပဒေသာဥယျာဉ်ကြီးကို ခေတ္တခဏမျှ ရပ်ကြည့်နေပြီး ရွာလမ်းအတိုင်း ဆက်လျှောက်လိုက်သည်။ ရွာဘုန်းကြီးကျောင်းကား ဘယ်ဆီတွင် ရှိနေလေသည်မသိ။ သို့ဖြစ်၍

"မောင်ရင်လေးက ဧည့်စိမ်းထင်ပါ့"

အသက်အားဖြင့် ၇၀ ကျော်ရှိပြီဖြစ်သည့် ဝတ်ဖြူစင်ကြယ်ဝတ် အဖိုးအိုတစ်ဦးကမေးလာသည်ဖြစ်၍

"ဟုတ်တယ်အဖိုး ဒါနဲ့ ဒီရွာမှာ ဘုန်းကြီးကျောင်း ဘယ်ရှိတုန်း"

ကျွန်တော်အမေးကြောင့် အဖိုးအိုသည် ပြုံး၍ အသာအယာ ခေါင်းခါပြ၏။ မရှိဘူးဆိုသည့်သဘောလား၊ မသိဘူးဆိုလေခြင်းလား။ အနည်းငယ် စိတ်ပျက်သွားမိသည်။

"ဘုန်းကြီးကျောင်းမေးပုံထောက်တော့ တညတာတည်းခိုဖို့နဲ့ စားရေးသောက်ရေးကိစ္စဆိုပါလျှင်ဖြင့် အဖိုးရဲ့အိမ်မှာလိုက်တည်းခွင့်ပြုနိုင်ပါတယ်၊ မောင်ရင်လေး တောထဲကနေ လမ်းမှားပြီး သည်ရောက်လာပုံရတယ်၊ ဟုတ်တယ်လားကွဲ့. ဒါတွေထားပါတော့လေ မောင်ရင်လေးကို ကြည့်ရတာ အတော်ပင်ပမ်းနေပုံ၊ ဆာလောင်နေပုံရတယ် လာလာအဖိုးနဲ့ လိုက်ခဲ့တွဲ့."

သို့ကြောင့် ကျွန်တော်သည် ထိုအဖိုးအိုခေါ် ဆောင်ရာနောက်သို့ လိုက်သွားခဲ့တော့၏။



အဖိုးအိုနောက်လိုက်ရင်း ဝဲယာဖက်တချက်ရှိ အိမ်ကလေးများကို သတိထားကြည့်မိသည်။ အိမ်တိုင်း အိမ်တိုင်း ခြံစည်းရိုးခတ်ထားခြင်းမရှိ တိရစ္ဆာန်ဆို၍ ခွေးတကောင် ကြောင်တမြီးမျှမတွေ့။ အတန်ကြာ လျှောက်ခဲ့ပြီးနောက် အဖိုးအိုနေထိုင်ရာအိမ်ကလေးသို့ ရောက်ခဲ့သည်။ အိမ်ကလေးသည် သေးပင်သေးငြား သပ်သပ်ရပ်ရပ် တောင့်တောင့်တင်းတင်းရှိ၏။

"ကဲ မောင်ရင်လေး စိတ်လွတ်ကိုယ်လွတ်နားပေရော့ အချိန်က နေမွန်းလွဲပြီဆိုတော့ မောင်ရင်လေးဆာရောပေါ့ အဖိုးကတော့ စားပြီးပြီ တွဲ့. သည်တော့ မောင်ရင်လေးစားဖို့အတွက် စီစဉ်ချက်ပြုတ်ပေးမယ်" ဆို ကာ အိမ်ပြင်သို့ပြန်ထွက်သွားတော့သည်။

အဖိုးအိုထွက်သွားသည်နှင့် ကျွန်တော်လည်း ပုခုံးထက်လွယ်ပြီး လာသည့် လက်စွဲတော်သေနတ်နှင့် ယူနိဖောင်းကို အိမ်ထောင့်တနေရာတွင် အသာအယာထောင်ထားလိုက်ကာ ကြမ်းပေါ်တွင် ကျောဆန့်လှဲချလိုက်တော့သည်။ တမနက်လုံး ခရီးကြမ်းလျှောက်ခဲ့ရသည်ကြောင့် ညောင်းညာနေပြီဖြစ်၍ ယခုလို စိတ်အေးလက်အေးနားလိုက်ရခြင်းကြောင့် ပင်ပမ်းနွမ်းနယ်မှုများပျောက်ခဲ့ရပြီဖြစ်သည်။

အတန်ကြာတွင် အဖိုးအိုပြန်ရောက်လာ၏။ သူ့တွင် ဆန်ဆီဆားနှင့် ဟင်းသီးဟင်းရွက်အသီးအနှံအချို့ပါလာ၏။ မဟုတ်မှလွဲ ရွာတွင်းရှိ ဈေးဆိုင်ကလေးမှ ဝယ်လာခြင်းဖြစ်မည်။ သို့ကြောင့်

"အဖိုး ဒါတွေဈေးဝယ်လာတာလား မသွားခင်ကပြောရောပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားမှန်းမသိလိုက်လို့ ခုလိုဈေးဝယ်မှန်းသိ ပိုက်ဆံပေးလိုက်ပါတယ် တဲ့ ဟဲ့ အဖိုးတယ်လောက်ဖိုးကုန်ခဲ့သလဲ ရော့ရော့ ဒါပြန်ယူထား" ဆိုတ ဗျွန်တော့်သည် ဘောင်းဘီအိတ်ကပ်အတွင်းမှ ငွေစအချို့ကို ပေးလိုက သည်။ ထိုအခါ အဖိုးအိုသည် ပြုံး၍ကြည့်ပြီး

"ဘယ်ကမှဝယ်လာတာမဟုတ်ဘူး ဝယ်စရာ ဘာဈေးဆိုင်မှ မရှိဘူး ဘာငွေစမှလဲမရှိဘူး မောင်ရင်လေးရွာတဲဝင်လာတုန်းက ပဒေသ ဥယျာဉ်ကြီးတွေ့ခဲ့တယ်မဟုတ်လား။ အဲဒီက သွားယူလာတာ မောင်ရ လေးခုပေးတဲ့ ငွေစဆိုတာတွေ မသုံးကြဘူး ဒို့အတွက် ဘာမှအသုံးမဝ အသုံးမတည့်တာတွေပါကွ ဟဲ. . ဟဲ. . ဟဲ. . ဟဲ"

အဖိုးအိုစကားကြောင့် လွန်မင်းစွာအံ့သြရတော့၏။ ပိုက်ဆံ ကြေးဆိုတာ မသုံးကြဘူးဆိုပါကလား ဘယ်လိုကြောင့်ပါလိမ့်

"မောင်ရင်ခလေးသိအောင်ပြောထားရဦးမယ် ဒို့ဆီမှာ ငွေကြေ တာ မသုံးကြဘူး သုံးစရာလဲမလိုဘူး ဒို့ရွာအတွက် ပဒေသာဥယျာဉ်ကြီ လိုလိုလောက်လောက် ဖန်တီးပေးနိုင်ပါတယ်ကွဲ့ လူဆိုတာ မွေးမယ် မယ် (နေထိုင်စားသောက်မယ်ပေါ့နော) သေမယ် ဒါပဲမဟုတ်လား မွေး ခြင်းနဲ့ သေဆုံးခြင်းကြားမှာ နေကြမယ်ဆိုရင် ဘာလုပ်ကြမလဲ စဉ်း မသေခင် နေထိုင်စဉ်ကာလမှာ ဘယ်လောက် ပျော်သာရှိဖို့ရာအတွ အစာလိုတယ်မဟုတ်လား သည်ပြင် ဘာလိုသေးလဲ မောင်ရင်လေး အတွက်တော့ အသက်ရှင်နေထိုင်နေရတဲ့ကာလမှာ ငြိမ်ရှိရှိနေချင်ကြမ မယ်အတွက် ရှာကြမယ် ဖွေကြမယ် သည်တော့တာ လောဘဆိုတ



တွေရှိလာမယ် ဒေါသဆိုတာတွေဖြစ်လာမယ် မောဟတွေဖုံးလွှမ်းလာ တော့မယ် သည်တော့ လုတာ၊ ယက်တာ၊ ခိုးတာ၊ တိုက်တာတွေဖြစ်လာ ကြလိမ့်မယ်။ ဝဋ်ပဋ္ဋတွေဖြစ်လာနိုင်တယ်။ ကြီးထွားလာတော့ကာ စစ်ပွဲတွေဖြစ်လာမယ် သည်တော့ လူသားအချင်းချင်း သတ်တာ ဖြတ်တာ တွေပါလာပြီ။ အဲဒါမှား တာပဲ။ မသေခင် တကယ်လုပ်ကြရမယ့်အလုပ်ကို လုပ်ဖို့မေ့နေကြတယ် လောကီစည်းစိမ်ခံစားဖို့ပဲသိကြတော့တယ် ဘဝကူး ကောင်းဖို့အတွက် ကြို တင်ပြင်ဆင်ကြဖို့ သတိမရကြဘူး။ သည်တော့ အဖိုးပြောချင်တာ မသေခင်စပ်ကြား တစ်ဦးနဲ့တစ်ဦး အမုန်းပွားဖို့ မလို ဘူး။ အနိုင်ကျင့်စရာမလိုဘူး။ တကယ်တော့ လောကီစည်းစိမ်ကိုမက် ရင် သည်လိုတွေဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေသွားရင် သေခြင်းဆိုတဲ့ တံခါးပေါက်ကနေဖြတ်ပြီး ဘယ်တို့ထွက်ကြမယ်ဆိုတာ စဉ်းစားဖို့လိုတယ်။ အဲလို အမှန်ကို စဉ်းစားမိ ရင်လဲ ကြိုးစားဖို့လိုလာပြီနော်။ လူ့ဘဝ နေထိုင်ရစဉ်ကာလလေးမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် ကောင်းတာလုပ်ခြင်းအတွက် ကုသိုလ်ဖြစ်မယ် ကုသိုလ်များများလုပ်တော့ နိဗ္ဗာန်ရောက်မယ် မကောင်း တာလုပ်ရင် မကောင်းတာဖြစ်မယ် မကောင်းတာလုပ်ခြင်းဟာ အကုသိုလ် ပဲ သည်တော့ အကုသိုလ်တွေများများလုပ်မိရင် ငရဲကျမယ် တဲ့ပြော နိဗ္ဗာန် သွားမလား။ ငရဲတွင်းဆင်းမလား သည်နှစ်လမ်းအနက် ဘယ်လမ်းသွားကြ မလဲ အဖိုးတို့ ရွာကလူတွေဟာ လောဘ မရှိကြဘူး ဒေါသမရှိကြဘူး ကိုယ်ချင်းစာနာစိတ်တွေရှိတယ်။ ဒါကြောင့် ကောင်းတာတွေချည်း လုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြတာကြောင့် လတ်တလောလူ့ဘဝမှာတင် ငြိမ်းငြိမ်းချမ်းချမ်းရှိကြတယ်ကွဲ့ ဒါကြောင့် ပဒေသာဥယျာဉ်ကြီးဖြစ်နေတာပေါ့။ တရွာလုံး စားမကုန်သောက်မကုန်တဲ့ ပဒေသာဥယျာဉ်ကြီးကြောင့် ဘာလို့ ပူပင်သောကတွေရှိကြတော့မှာလဲ သည့်ပြင်ဘာတွေလိုအပ်ကြတော့မှာတုန်း သည်တော့အဖိုးတို့တွေဟာ သေဆုံးခြင်းမတိုင်မီ မပူမပင် မကြောင့်မကျ နေထိုင်စားသောက်ရင်း ဘာလုပ်ကြတယ်မှတ်လဲ နိဗ္ဗာန် ရောက်နိုင်မယ့်လမ်းလျှောက်နိုင်ဖို့ ကြိုးစားနေကြတယ်လေ တကယ်တော့ လူ့ဘဝဆိုတာဘာမှမက်စရာမရှိပါဘူး ကိုယ်ကိုယ်တောင် ကိုယ်မပိုင်တာ ဒုက္ခနွံကြီးပါဒါကိုလူအတော်များများမသိကြဘူး ပျော်စရာလို့ထင်နေကြတယ်။ ဒါကြောင့် ပျော်မွေ့နေကြတယ်။ ခုံမင်နေကြတယ် လူ့ဘဝဆိုတာ ခရီးတစ်ထောက်ပါ။ အဲဒီခရီးတစ်ထောက်မှာ အားယူရမယ် ဒါမှလဲသေဆုံးခြင်းတံခါးပေါက်ကြီးကနေ ဘယ်လမ်းသွားကြမလဲ။ ဘယ်သူမှ ငရဲလမ်းလျှောက်ချင်ကြမှာမဟုတ်ဘူး နိဗ္ဗာန်လမ်းကိုပဲ သွားချင်ကြမှာပေါ့။ သည့်အတွက် လူ့ဘဝမှာ ကြံစည်ကြိုးစားရမပေါ့။ ဟဲ့..တဲ မောင်ရင်လေးစိတ်ရှုတ်သွားပလား၊ ပြောရင်းဆိုရင်း ချက်ပြုတ်ပြီးပြီ မောင်ရင်လေး ကိုယ့်ဖာသာခူးခပ်စားပေရှော့ အဲ တစ်ခုတော့ရှိတယ် အသားဟင်းမပါဘူးတရွာလုံးက အသက်သတ်လွတ်စားကြတယ်။ သည့်ပြင် ကြက်၊ ဝက်၊ဘဲ၊ ဆိတ်၊ နွား၊ ခွေး၊ ကြောင်စတဲ့ အိမ်မွေးတိရစ္ဆာန်တွေလဲ မမွေးကြဘူးသူတို့ကို အသုံးလဲမချဘူး သတ်လဲမစားကြဘူးကွဲ့ ကဲ အဖိုးရွာထဲသွားလိုက်ဦးမယ် နက်ဖြန်မနက်စောစော မောင်ရင်လေးကို အပြန်လမ်းဆီပြန်



လိုက်ပို့ပေးမယ် သည်တညတော့ သည်မှာပဲနားလိုက်ပါကွယ်" ဆိုကာပြန်ထွက်သွားပြန်တော့၏။

အဖိုးအိုထွက်သွားသည်နှင့် ကျွန်တော်သည် ခဏတဖြုတ်အနားယူအညောင်းဆန့်လိုက်ရခြင်းကြောင့် အနည်းငယ် လန်းဆန်းလာပြီဖြစ်၍ ယုန်သေလေးကိုယူကာ အရေခွံစုတ်၊ တံစို့ထိုး၊ မီးကင်နေလိုက်၏။ အတန်ကြာတွင် မွှေးကြိုင်သောယုန်ကင်ရနံ့လေးက ပျံ့လွင့်လာသည်။ စား၍ တော့မရနိုင်သေး အကျက်လိုသေး၏။ ထိုစဉ် ကျွန်တော်အနားသို့ ကလေး (၄) ယောက်ရောက်လာကြ၏။ မီးကင်ယုန်သားကိုတစိုက်မတ်မတ်စူးစိုက် ကြည့်နေကြ၏။ ကလေးများကို ကြည့်ရသည်မှာထူးခြားသလိုရှိသည်ဟု စိတ်၌ထင်လိုက်၏။ ဘယ်တွက်ဆိုမူ ကျွန်တော်သည် တောတောင်အနှံ့ ရောက်ဖူး၏။ ကလေးလူကြီးအစုံ တွေ့မြင်ဖြူး၏။ အတော်များများ ကလေးတို့သည် တောနေတောင်သားတွေဖြစ်ခြင်း၊ ချို့ငဲ့စွာစားသောက်နေထိုင်ရခြင်းကြောင့် အသားရောင်မွဲခြောက်ခြောက်နှင့် ညစ်တီးညစ်ပတ်များ သာဖြစ်ကြ၏။ သန့်သန့်ဖျံ့ဖျံ့ သပ်သပ်ယပ်ယပ်ကလေးများ တွေ့ရခဲ၏။ ယခုကလေးများကား ထိုကလေးများနှင့်မတူလုံးဝကွဲပြားခြားနားနေတော့သည်။ အသားရောင်တို့ ဝင်းဝါကြပြီး ရှမ်းလဲ့တောက်ပသည့်မျက်ဝန်းများ ရှိကြသည်။ လူရည်သန့်ကလေးများဟုဆိုထိုက်ပေသည်။

သူတို့လေးတွေကိုကြည့်ရင်း မြူးမြူးနွတ်ဆက်လိုက်သည်ဖြစ်၍သူတို့တလည်း အပြုံးဖြင့်ပြန်လည်အသိအမှတ်ပြုရင်း မီးဖိုနားသို့ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



လေသည့် ယုန်အရေခွံနှင့် ဦးခေါင်း၊ ခြေဆစ်၊ လက်ဆစ်၊ အူထုပ်အတွေ တို့ကို လက်ညှိုးထိုးပြ တောင်းခံလာသည်ဖြစ်သဖြင့် "သူတို့ဘာလုပ်ဖို့ တောင်းတာပါလိမ့်" သိချင်သည်ဖြစ်၍ "ယူလေ" လို့ နှုတ်မှပြောလိုက် သည်နှင့် ကောင်လေးတစ်ယောက်သည် ထိုစွန့်ပစ်ပစ္စည်းတို့ကို ငှက်ပျော ရွက်ဖက်အတွင်း အသာအယာကောက်ယူထည့်ကာ လေးယောက်သား အမြင့်သို့ပြေးထွက်သွားကြတော့၏။ ကျွန်တော်သည် သူတို့ဘာလုပ်ကြ မည် သိလိုသဖြင့် နောက်မှ အသာလိုက်သွားကြည့်လိုက်၏။

အိမ်ရှေ့ခပ်လှမ်းလှမ်းနေရာတွင် သူတို့သည် ပေါက်ပြားဖြ တွင်းတူးလိုက်ကြပြီး ယုန်ငယ်လေးကိုဖျက်ရာမှထွက်လာသည့် စွန့်ပ ပစ္စည်းများကို မြေတွင်းထဲသို့ထည့်လိုက်ကြကာ ကျွန်တော်ထံသို့ တ ခေါက်ပြန်လာခဲ့ကြသည်။ ကျွန်တော်နံဘေးတွင် တိတ်ဆိတ်ငြိမ်သက်စွ ထိုင်နေကြရင်း ယုန်သားတင်ကို စူးစိုက်ကြည့်နေကြပြန်၏။

"လိမ္မာလိုက်တဲ့ကလေးတွေရယ်" လို့ စိတ်မှမှတ်လိုက်၏။ လှ စွာမှ မွှေးကြိုင်လှသည့် ယုန်သားတင်ကိုစားလိုကြ၍ဖြစ်မည်။ သို့ကြော ကျွန်တော်သည် ကလေးတွေကစားချင်၍မျှော်နေကြသည်ပဲ သူတို့လေ တွေကိုသာကျွေးလိုက်မေတော့မည်ဟုဆုံးဖြတ်လိုက်ကာ ယုန်သားက ကျက်သည်နှင့် ထိုကလေးတွေကိုပေးလိုက်တော့၏။

"စားကြကွဲ့ မွှေးတယ်၊ ချိုတယ်.. ပျော့ပြောင်းတယ်" ကျွ တော် ကမ်းပေးလိုက်သည့် ယုန်သားကင်ကိုရပြီးသည်နှင့် ကလေးေ သည် ကျွန်တော့်အပါးမှပြေးထွက်သွားကြပြန်သည်။ သူတို့လေးတွေေ



စားကြမည်ပေါ့။ မတော်ပါချေ။ ကျွန်တော်အထင်နှင့် အမြင်လုံးဝကြီး တွာခြားသွား ကြချေပြီဖြစ်သည်။

ကလေးတွေသည် ကျွန်တော်ထံမှရရှိလိုက်သော ယုန်သားကင် ကိုယူပြီး ဝေမြိမ်းစားခြင်းမရှိချေ။ အရေခွံ၊ ခေါင်း၊ ခြေ စွန့်ပစ်ပစ္စည်းများ ထည့်ထားသည့်မြေတွင်းသို့ သွားရောက်ကာ ထိုယုန်ကင်ကို အသာအယာ ထည့်လိုက်ပြီး လေးယောက်သား တင်ပလင်ခွေထိုင်လိုက်ကြသည်။ ပြီး နောက် အသက်အငယ်ဆုံးရှိမည်ဟုထင်ရသည့် ကလေးငယ်က ဘုရားစာ ရွတ်ဆိုနေတော့၏။ သူရွတ်ဆိုနေသည့်ဘုရားစာကို အသေအချာနားစိုက် ထောင်ကြည့်သည့်အခါ သရဏဂုံတင်နေခြင်းကို သိလိုက်ရသဖြင့် လွန်မင်းစွာ အံ့ဩမိသည်။ သရဏဂုံတင်ပြီးသည်နှင့် မြေကျင်းကိုဖို့လိုက် ကြသည်။

တိရစ္ဆာန်ငယ်လေးတစ်ကောင်၏ ဈာပနပွဲလေးတစ်ခုမြင်လိုက် လိုက်ကြခြင်းဖြစ်သည်။ ထိုကလေးငယ်တို့၏ထူးခြားသောအပြုအမူ လုပ်ရပ်သည် ကျွန်တော်ရင်ကို လာရောက်ထိခိုက်နာကျင်စေတော့၏။ တကယ်တော့ ကျွန်တော်သည် သူတို့လေးတွေလောက် ကြင်နာသနားစိတ်၊ ကိုယ်ချင်းစာနာစိတ်မရှိသော လူကြီးတစ်ယောက်ဖြစ်နေပါတောလား။ ကြီးမားသော အမှားကြီးတစ်ခုကို ကျွန်တော်သတိထားသိလိုက်မိတော့၏။ ငေးငိုင်တွေဝေနေသော ကျွန်တော်ကို ကလေးများပြုံးပြနှုတ်ဆက်ပြီး ပြေး ထွက်သွားကြတော့သည်။ ကျွန်တော်သည်လည်း သူတို့ကလေးတွေ ကျွန်တော်အမြင်မှပျောက်သွားသည့်အခါတွင် အမိုးအိုးခါ ထားသည့်

www.burmeseclassic.com



ဟင်းနှင့် ထမင်းကို ခူးခပ်စားလိုက်တော့၏။ ဆာနေ၍ပေလားမသိ သီးနှံ
ဟင်းဆိုကြား နတ်သုဒ္ဒါအလား စားကောင်းနေသေးတော့၏။

စားသောက်ပြီးသည်နှင့် တရေးတမောအိပ်မည်ကြံရွယ်နေစဉ်
မှာပင် အဖိုးအိုပြန်ရောက်လာ၏။ အဖိုးအိုကား အလိုက်တသိဖြင့်
"ပင်ပမ်းလာပြီမို့ တရေးအိပ်လိုက်ပါကွယ်" ပြောလာသည်။ "ကျေးဇူးတင်
ပါတယ်" ဆိုပြီး အဖိုးအို၏ တဲကြမ်းခင်းပေါ်တွင် လှဲအိပ်ချလိုက်တော
သည်နှင့် အားလုံးကို မေ့လျော့ကာ အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာ
အိပ်ပျော်သွားလေသည်မသိ အဖိုးအိုလှုပ်နှိုးမှနိုးလေတော့၏။

"မောင်ရင်ရေလေး အချိန်ရှိတုန်းရေချိုးလိုက် အိမ်နောက်ဖေးမှာ
စမ်းချောင်းလေးရှိတယ်၊ ဒီအချိန်ချိုးမှအတော်ပဲ နောက်ကျသွားရင် ချမ်
လာလိမ့်မယ် အဖိုးလဲညစာစားဖို့ ပဒေသာဥယျာဉ်ကြီးကိုသွားလိုက်ဦး
မယ်" ဟုပြောလာသဖြင့်

"အို အဖိုးကလဲ ညစာချက်ပြုတ်စားသောက်ဖို့အတွက် မနက်
ကတည်းက တခါတည်းအလို့ယူမထားတာတုန်း အခေါက်ခေါက်အခါခါ
မပင်ပမ်းပေဘူးလား" ပြောလိုက်သည်။

ကျွန်တော်စကားတွင် မည်သို့ရယ်မောနိုင်ဖွယ်စကားလုံးပါသွား
လေသည်မသိ အဖိုးအိုသည် ကျယ်လောင်စွာရယ်မောရင်း

"ဟား...ဟား...ဟား...ဟား မောင်ရင်လေးနှယ် လောဘ
လိုက်တာကွယ်" ပြောလာသည်ကြောင့် ကျွန်တော်ဒေါသထွက်သွား
သည်။ စေတနာဖြင့်ပြောခြင်းကို စော်ကားခံလိုက်ရခြင်းဖြစ်၏။ သို့ကြော



"အဖိုးအတွက်ပြောတာ တခါစား တခါသွားယူဆိုတော့ ပင်ပမ်း
မှာစိုးလို့ ယူထားပါကလား တရက်စာ နှစ်ရက်စာ" ဟုပြောလိုက်သည်။

"အဲဒါကိုကလောဘကွဲ့၊ လောဘ ဟာကိုယ်ကောင်းဆန်တဲ့
အတ္တသမားရဲ့လောဘခေါ်တယ် ကိုယ်တယောက်ထဲအတွက် အပိုအလျှံ
ယူထားရမယ်လို့ကွယ် မကြံကောင်းမစီရာ" အဖိုးအိုက ပြောလာပြန်
သဖြင့် "မဟုတ်ဘူးလေအဖိုးရဲ့၊ အဖိုးက အသက်ကြီးပြီမဟုတ်လား
အိုစာမင်းစာ ဆိုတာရှိထားသင့်တယ် ယူထားသင့်တယ်လေ" ဟု ထပ်မံ
ရှင်းပြသော်ငြား

"မောင်ရင်လေး အတွေးအခေါ် တွေမှန်မလို့နဲ့ မှားနေပြီကွဲ့ လူ
ဆိုတာ တွေးသောလက်မဆန့်မီ ဆန့်သောလက် မတွေးမီဆိုတယ် မဟုတ်
လား။ မောင်ရင်လေးပြောသလို ယူထားပါပြီတဲ့ ဟော ဖြန်းစားကြီးသေသွား
ပြီကွာ သည်တော့ ယူထားတဲ့စားစရာတွေ အလဟဿဖြစ်သွားမကျန်ဘူး
လား၊ ငါပိုင်တာတွေပါဆိုပြီး ယူသွားလို့လဲရတာမဟုတ်ဘူး၊ ငါ့နောက်လဲ
ပါလာမှာမဟုတ်ဘူး သက်ရှိကျန်နေတဲ့သူတွေအတွက်ရှိနေသင့်တယ်
မဟုတ်လား။ မောင်ရင်လေးကို တစ်ခုပြောပြမယ်အသေအချာနားထောင်၊
တစ်ချိန်က အဖိုးလိုပဲ ဒီရွာမှာလူကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ ရွာက တင်
မြှောက်ထားတာပဲ။ ဒီရွာကလူကြီးဆိုတာ ရွာသားတွေကတင်မြှောက်ထား
ကြတာ ရှိသင့်တဲ့အရည်အချင်းတွေက ဗဟုသုတကြွယ်ဝရမယ်၊ သမာ
သမတ်ရှိရမယ်၊ လူမှုပေါင်း သင်းဆက်ဆံရေးမည်သို့ဖျင်းရဘူး၊ ပြီးတော့ ရွာ
အတွက်ကိုယ်ကျိုးစွန့်သူဖြစ်ရမယ် အဲဒီအင်္ဂါရပ်တွေနဲ့ညီရင် ရွာလူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီပေါ့။ သည်တော့ ရပ်ရေး ရွာရေးကိစ္စကိုသာလျှင် ဦးစီးဦးဆော
လုပ်ပေရော့။ သူတို့ကိုယ်စားပေါ့။ တခြားဘာအလုပ်မှလုပ်စရာမလို
ရွာသူရွာသားတွေသာ စည်းစည်းလုံးလုံးလုပ်ကြလိမ့်မယ် အဲဒါကို စီမံ
ကြပ်မတ်စောင့်ရှောက်ပေးရမယ် ဘယ်နေရာမှာဘာလိုတယ် ရွာစည်
ကြီးပေါက်နေသလား၊ ယိုစီလဲနေသလား၊ သည်ရွာရဲ့အဓိကမဏ္ဍိုင်
ဖြစ်တဲ့ ပဒေသာဥယျာဉ်ကြီး အမွန်ရှည်အောင် မပျက်ဆီးရလေအော
အမြဲကြည့်ရှုလေ့လာပြီး ပြုပြင်သင့်တာတွေ ရှာဖွေပြောရမယ်၊ လ
ခိုင်းရမယ်၊ ဒါရွာလူကြီးအလုပ်၊ သည့်အတွက် ခန့်အပ်ထားတာပေါ့
တစ်ချိန်ကအဖိုးလိုရွာလူကြီးတစ်ယောက်က သူလူကြီးဖြစ်ပြီးဆိုပြီး
ကောင်းကျိုးဘာမှမလုပ်ဘဲနဲ့သူ့တွက်မောင်ရင်လေးစောစောကပြောသ
တုံးလုံးစာ၊ ပက်လက်စာ၊ အိုစာမင်းစာကို ထိတ်တ ခိုးစုဆောင်းတော့အ
ပြီး ပဒေသာဥယျာဉ်ကြီးမှာပဲ နေ့တိုင်းပုံမှန်လာယူ စားနေပြန်တယ်။
သဘောက ပဒေသာသာဥယျာဉ်ကြီးပျက်ဆီးသွားရင် သူ့အတွက်တသ
တ စားဖို့ရှိနေမှာပဲဆိုတဲ့သဘောပေါ့၊ ကြည့်စမ်း ပဒေသာဥယျာဉ်ကြီး
မဖျက်ဆီးမယိုယွင်းအောင် ထိန်းသိမ်း စောင့်ရှောက်မယ်မစဉ်းစား
ဒါပေမဲ့ သူထင်နေသလို ပဒေသာဥယျာဉ်ကြီးက မပျက်ဆီးပါဘူး၊ ဘ
တော့မှလဲပျက်ဆီးလိမ့်မယ်မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ သူတစ်ယော
တာရယ်ပြီး အားလုံးဟာ စည်းကမ်းရှိကြတာကိုး၊ လောဘ၊ ဒေါသ
ကင်းကြတာပဲ၊ စည်းစည်းလုံးလုံးရှိကြတာပဲလေ၊ သူထင်သလိုဖြစ်မလာ
အပြင် သူစုဆောင်းထားတဲ့ရိက္ခာတွေကသာ ပျက်ဆီး ယိုယွင်းလာပေ



ဘယ်၊ ဆိုးဝါးတဲ့အနံ့အသက်တွေ ပြူထွက်လာတော့တယ် သည်တော့
သူ့အိမ်က အပုပ်နံ့လှိုင်ထွက်လာတော့ကာ သူ့မယ် လောဘစိတ်ရှိနေတာ
တကိုယ်ကောင်းဆန်တဲ့စိတ်ရှိတာသိသွားကြတော့ဘယ်သူမှသူ့ကိုဆေးဖော်
ကြောဖက်မလုပ်ကြတော့ဘူး၊ ဘာမှတော့ ကောင်းတယ် ဆိုးတယ်မပြော
ကြပါဘူး၊ အတွာမပယ်နိုင်တဲ့သူကို ဥပေက္ခာပြုလိုက်ကြတယ် ဘာလို့လဲ
ဆိုတော့ သူ့စိတ်ဓါတ်မျိုး ရွာထဲမှာကူးဆက်မှာဖိုးရိမ်လို့ပေါ့၊ ကြာလာတော့
အဲဒီလူဟာ တစ်ရွာလုံးနဲ့တစ်ယောက်ဆိုတော့ကာ အထီးကျန်ဆန် သွား
တော့တယ် သည်ရွာနဲ့သူနဲ့ မအပ်စပ်တော့ဘူးဆိုတာသိသွားတော့ သူ
သဘောနဲ့သူ ရွာကနေအပြီးအပိုင်ထွက်သွားတော့တယ်။ အဲဒီနောက်
အဖိုးတို့ ရွာကလူကြီးခန့်လိုက်ကြတော့တာပဲကွယ်"

အဖိုးအိုစကားကြောင့် ကျွန်တော်လွန်မင်းစွာရှက်သွားရသည်။ ထို့အပြင် အမှားကြီးတစ်ခုကိုပြုလုပ်လိုက်မိသည်ဖြစ်၍လည်း အဖိုးအိုအား ဝန်ချတောင်းပန်လိုက်ရပြန်သည်။

"အဖိုး ကျွန်တော်တို့ခွင့်လွှတ်ပါ။ အဖိုးတို့ရွာကကလေးတွေ ယောက် အတွေးအခေါ် မရှိခဲ့ပါဘူး၊ အသိဉာဏ်မဲ့ခဲ့ပါတယ်။ ခွင့်လွှတ်ပါ အဖိုးရယ်" ဆိုတော့ အဖိုးအိုကပြုံး၍ကြည့်ရင်း

"ခွင့်မလွှတ်တတ်ဘူးဆိုတဲ့စိတ်ဓါတ်မျိုး အဖိုးတို့မှာမရှိပါဘူး ကွယ်အရေးကြီးတာ တောင်းပန်စကားဆိုနေမဲ့အစား ကိုယ့်ကိုကိုပြုပြင် သုံးသပ်ပါ။ ရှုပါ၊ ဘာတွေလိုနေလဲလို့ပေါ့၊ ဟုတ်လား၊ ကောင်းတာလုပ်မိ ဖို့ပဲစဉ်းစားပါ။ ဒါပြင် လောဘ၊ ဒေါသမီးငြိမ်းအောင်လုပ်ပါ။ အတ္တဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတောင်ကြီးကို သေအောင်သတ်၊ တဂျာဆိုတဲ့စွဲလန်းခြင်းကိုဖျောက် ဒါဆိုရင် မောင်ရင်လေးလူ့ဘဝတခဏနေရကြီးနပ်ပါလိမ့်မယ်။ ဒါမှလဲ သေဆုံးခြင်းဆိုတဲ့ တံခါးပေါက်ကြီးကနေ နိဗ္ဗာန်လမ်းကိုတွေ့အောင်ရှာ ခရီးဆက်နိုင်ပေတော့မပေါ့ သံသရာခရီးသည်ကလေးရယ် ကဲ. . တ မနက် ခရီးထွက်ရမယ် စောစောအိပ် အဖိုးလဲ အိပ်တော့မယ်" ဟုဆိုက ကျွန်တော် အပါးမှထကာ အတွင်းခန်းသို့ဝင်သွားလေတော့သည်။ တစ် လုံး အိပ်မပျော်ပါတော့ချေ။ နေ့လည်ခင်းက ကလေးငယ်တို့၏လုပ်ရ အဖိုးအို၏ ပြောစကားများက ကျွန်တော့်ကို ခြောက်လှန့်နေပါသည် ဘုန်းကြီးနှင့် ဖုတ်၊ ပြိတ္တာ၊ သရဲတစ္ဆေတို့ ထိပ်တိုက်ဆုံလိုက်ရသည့်နှ ခံစားလိုက်ရ သည်။ မိုးလင်းလုမှ မှေးကနဲတစ်ချက်အိပ်ပျော်သွားတော့

နောက်တစ်နေ့နံနက်တွင် အဖိုးအိုသည် ကျွန်တော်ကို အ လမ်းတစ်နေရာသို့ လိုက်ပို့လေ၏။ ကျွန်တော်နှင့်လမ်းခွဲကာနီး အဖိုး အား ကျွန်တော်က

"အဖိုးတို့ရွာကလေးကို ညိပ်သဘောကျတယ်ဗျာ ကျွန်တော် နေချင်တာ လက်ခံနိုင်ပါ့မလား" ဆိုလိုက်တော့

"မောင်ရင်လေးမှမဟုတ်ပါဘူး ဘယ်သူမဆို အဖိုးတို့ရွာမှာ လ နေချင်သပဆိုရင် သံယောဇဉ်ဆိုတဲ့ တဏှာကြိုးကိုဖြတ်ခဲ့ကြပါ။ လော မီး၊ ဒေါသမီးတွေ လုံးဝကင်းစင်အောင်ငြိမ်းခဲ့ကြပါ။ အတ္တစိတ်ကို ဖယ် ခဲ့ကြပါ။ ဒါဆိုရင် အဖိုးတို့ကမခေါ်လဲ ကိုယ့်သဘောနဲ့ကိုယ်လာနေ ဖြစ်ပါတယ်။ ပဒေသာဥယျာဉ်ကြီးကရှိနေပြီပဲကွယ်" ဟုပြောလေတော့



အဖိုးအိုစကားကိုကောင်းကောင်းကြီးသဘောပေါက်ချေပြီဖြစ်သည်။

"ကဲ မောင်ရင်လေး သည်လမ်းအတိုင်းတည့်တည့်သာလျှောက်သွား မြို့ ကြီးကိုရောက်သွားလိမ့်မဲ့ ဆင်လမ်းကဖြူးနေတာပဲ လမ်းမှားစရာ အ ကြောင်းမရှိတော့ပါဘူး"

သို့လျှောက်ခဲ့ကြရင်း လမ်းခွဲတစ်နေရာသို့ရောက်လာသည့်အခါ တွင် အဖိုးအိုကဖြူးနေသောဆင်လမ်းကို ညွှန်ပြကာပြောလာတော့၏။ ပြီး နောက် ချာကနဲလှည့်ကာ သူ့လာလမ်းအတိုင်းပြန်သွားလေတော့သည်။

"ကျေးဇူးတင်ပါတယ်အဖိုးရယ် တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန် တော်အဖိုးတို့ရွာမှာလာနေနိုင်အောင် ကြိုးစားပါ့မယ်"

ကျောခိုင်းထွက်သွားသောအဖိုးအိုကို ကြည့်၍ လှမ်းပြောလိုက် ပြီး ကျွန်တော်သည်လည်း အဖိုးအိုညွှန်ပြလိုက်သည့် ဆင်လမ်းအတိုင်း မြို့ကြီးကို ဦးတည်ခရီးဆက်လိုက်တော့သည်။

အတော်လှမ်းလှမ်းရောက်သည့်နေရာလောက်မှ ကျွန်တော်၏ လက်စွဲတော်သေနတ်ကို သတိရလိုက်သည်။ အဖိုးအိုတဲတွင်ကျန်ခဲ့လေပြီ။ ထို့ကြောင့် စောစောလေးကတင်ထွက်သွားသည့်အဖိုးအိုနောက်သို့ ကမန်း ကတန်းပြေးလိုက်သွားသည်။ မိနိုင်သေးသည့် အဖိုးအိုနှင့် လမ်းခွဲခဲ့တာ ညည်သို့မျှကြာသေးသည်မဟုတ်လေပဲ။ ပြီးတော့ အဖိုးအိုတစ်ယောက်၏ လမ်းလျှောက်နိုင်နှုန်းနှင့် ကျွန်တော်၏ပြေးလွှားလိုက်နေနှုန်းသည် အဖိုး အိုအား လိုက်မမီစရာအကြောင်းမရှိနိုင်ချေ။ ထိုသည့်ကား ကျွန်တော်အ တွေးအမြင် သို့ပြား အတန်ကြာကြာ ပြေးလွှားလိုက်သည့်တိုင် အဖိုးအို၏

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အရောင်စင်စင်မမြင်မတွေ့ရပါချေ။ ဘယ်လိုဖြစ်တာပါလိမ့်၊ လမ်းမှားစရာအကြောင်းလဲလုံးဝမရှိ၊ ပြေးလိုက်သူသည် မောပမ်းနွမ်းနယ်ချေပြီဖြစ်သော်ငြား ဆက်၍ပြေးလိုက်နေရဆဲပင်၊ တော ရှေ့ဖုပ်လှမ်းလှမ်းတွင် အဖိုးအိုအား ရိပ်ကနဲလှမ်းတွေ့လိုက်သည်။ သို့ကြောင့်

"အဖိုး . . အဖိုး" ရယ်လို့ အောင်ဟစ်ခေါ်ရင်း အပြေးနှုန်းကိုထပ်တင်လိုက်သည်။ တောစပ်တစ်နေရာမှာပင် အဖိုးအိုပျောက်သွားသည်။ ဘယ်လိုပါလိမ့် အဖိုးအိုကိုလှမ်းတွေ့လိုက်သောနေရာသို့ ကျွန်တော်ရောက်သွားသည်နှင့် ထူးဆန်းအံ့ဖွယ်မြင်ကွင်းတစ်ခုကိုတွေ့လိုက်ရသည်။ ကျွန်တော်မမှားနိုင်၊ လုံးဝမမှားနိုင်၊ ထိုတောစပ်နေရာသည် ကျွန်တော်မနေ့ကလမ်းမှားပြီး ရွာစည်းရိုးကြီးကိုမြင်လိုက်ရသည့်နေရာပင်ဖြစ်နေသည်။ ဘယ့်တွက် သေချာပြောနိုင်ပါသနည်းဆိုပါလျှင် မနေ့က ကျွန်တော်တောစပ်ပေါ်မှ ဆောင်ခြေစိုက်ရောက်သည်နှင့် အလေ့အကျင့်တစ်ခုလိုဖြစ်နေသည့် သစ်ပင်တစ်ပင်၌ပြုလုပ်ခဲ့သော ဓါးထစ်ရာ အမှတ်အသားတစ်ခုသည် ထင်းထင်းကြီးရှိနေသောကြောင့်ဖြစ်သည်။ ထိုစဉ်က ထိုနေရာမှနေ၍ ရွာစည်းရိုးကြီးမြင်ရပေငြား ယခုမြင်ရသည်ကား ချုံနွယ်ထူထပ်နေသည့် ဖုံဆိုးမြေတလင်း ဖြစ်နေခြင်းပင် အံ့ဖွယ်အတိ ဖြစ်တော့သည်။ ထိုမြင်ကွင်းကို ကျွန်တော်မကျေနပ်နိုင်သဖြင့် ထိုကွင်းသို့ သွားလိုက်၏။ မနေ့ကမြင်ခဲ့သော စည်းရိုးဝိတ်တံခါးဝနေရာတွင် ချုံနွယ်သစ်ပင်တို့အုပ်မိုးခြင်းခံထားရသော စေတီပျက်ကြီးတစ်ခုကိုတွေ့ရ၏။ ၎င်းစေတီပျက်နှင့်အနီး လူသွားလမ်းကောင်းကလေးရှိနေသည်ဖြစ်၍ ထို



မ်းအတိုင်း လိုက်လျှောက်မိသည်။ အတန်ကြာလျှောက်လာသည့်အခါ င်းပျက်ကြီးတစ်ခုကိုတွေ့ရ၏။ ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ အင်းပျက်ကြီးနေရာသည် မနေ့က ကျွန်တော်မြင်တွေ့ခဲ့ရသော ဘေးသာဥယျာဉ်ကြီးရှိရာနေရာပင်ဖြစ်သည်။ သို့ထင်လိုက်မိသည် ကြောင့်လည်း ရှေ့သို့ဆက်၍လျှောက်လာလိုက်မြန်သည်တွင် မျှော်လင့်ထားသော ကျွန်တော်၏လိုက်စွဲတော်သေနတ်ကို ချုံနွယ်ပင်ကြီးတစ်ခုအတွင်း ထောင်လျက်သား တွေ့ရ၏။ သို့ကြောင့် သေနတ်ကို ကမန်းကတန်းကောက်ယူလိုက်ကာ အသေအချာစစ်ဆေးလိုက်သည်။ ကျည်ပြည့်နှင့် အကောင်းပကတိရှိနေ၏။ သည့်တော့ ကျွန်တော်စဉ်းစားလိုက်သည်။ တစ်ခုခုကိုသတိရလိုက်သည်ဖြစ်၍ ထိုချုံနွယ်ပင်ကြီးရှေ့ ဘယ်ဘက်အသာလျှောက်ကြည့်လိုက်သည်။ ဟုတ်ပြီ တစ်ခုခုမြုပ်နှံထားသည့် မြေပုံတက်လက်ဆက်ဆက်မို့မို့လေးတစ်ခုကိုထင်ထားသလိုတွေ့လိုက်သည့်ဖြစ်၍ ကမန်းကတန်း လက်ဖြင့်ယက်ကာ တူးဖော်ကြည့်လိုက်သည်။ ခွန်းစွာမှု ခြုံအုပ်ဖွယ်ရာကောင်းနေမြန်သည်။ ထိုမြေပုံမို့မို့လေးအတွင်းမှ တူးဖော်ရှိ လိုက်သည်ကား သုန်ကင်ကလေးနှင့် အပိုစွန့်ပစ်ပစ္စည်းများပင်ဖြစ်ကြနေတော့၏။

ကျွန်တော်အဖြေတစ်ခုကို ကောင်းကောင်းကြီးသိလိုက်ရပြီဖြစ်တော့သည်။

သို့ကြောင့် ကျွန်တော်သည် ထိုနေရာမှ လာလမ်းအတိုင်း ပြေး

www.burmeseclassic.com

www.burmeseclassic.com



လေးသောခြေလှမ်းဖြင့် လှမ်းထွက်ခဲ့တော့သည်။

မနေ့က ကျွန်တော်ရောက်ခဲ့ တစ်ညတာတည်းခိုခဲ့လေသော ထိုနေရာမှ ထူးဆန်းသောရွာကလေး ယခုဘယ်ရောက်သွားချေပြီလဲ။

မည်သို့ပင်ဖြစ်စေ ထိုနေရာတွင် ထိုရွာကလေးအမှန်တကယ်ရှိနေပါလိမ့်မည်။ ထူးဆန်းသောထိုရွာသိမ် ရွာငယ်ကလေးသို့ လောဘမီး၊ ဒေါသမီးငြိမ်းသူ၊ အတ္တကင်းသူ၊ တဏှာကြိုးပြတ်သူ မည်သူမဆို တစ်နေ့နေ့ တစ်ချိန်ချိန် မုချရောက်သွားကြပါလိမ့်မည်။

ထိုရွာသိမ်ရွာငယ်ကလေးသို့ရောက်သွားပါလျှင် သေဆုံးခြင်းဆိုသည့် တံခါးပေါက်မှဖြတ်ထွက်ရလေသည့်အခါ နိဗ္ဗာန်လမ်းကလေးကို လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်ကြပါလိမ့်မည်။

ကိုပိုက်
(၁၆-၈-၉၈)

# မုဆိုးမလေး ကျားနို



www.burmeseclassic.com

www.burmeseclassic.com



## “မုဆိုးမလေးကျွန်း”

သည်လိုလမ်း၊ ဒီလိုခရီးမျိုးကို သည်တစ်ခေါက်လာရသည်မှာ တစ်ယောက်တည်းဖြစ်နေသဖြင့် အားငယ်သလို စိုးရွံ့နေမိသလို ခံစားရ၏။ ယခင်ကဆိုပါလျှင် မုဆိုးလင်းမြင့်လှိုင်နှင့် ဒေသခံမုဆိုးတစ်ယောက် ပါတတ်၏။ တစ်ယောက်တည်းအမဲမစ်ထွက်လာခြင်းတော့မဟုတ်။ အမဲလိုက်ထွက်ကြရန်အတွက် တစ်ယောက်တည်းလာခဲ့ခြင်းဟု ဆိုရပေမည်။

မည်သည့်အတွက်ကြောင့်ဆိုပါမူ မုဆိုးလင်းမြင့်လှိုင်သည် ရေမြောင်ကြီးဆင်စခန်းမှ စောင့်နေမည်ဖြစ်သည်။ ကျွန်တော်သည် အလုပ်ကိစ္စများမပြီးပြတ်သေး၍ နောက်မှလိုက်လာခဲ့ရခြင်းကြောင့် ဖြစ်သည်။

ရေမြောင်းကြီးဆင်စခန်းမှ ဆင်ပိုင်ကြီးစောစံကြိုင်ကို အလျင်အမိတွေ့နိုင်ရန်အတွက် သတင်းအရ (ဆင်ပိုင်ကြီးက ၂ရက်လောက်နေရင် သာယာဝတီဘက်ဆင်းတော့မှာ ဒါကြောင့် သူ့ကိုတွေ့ချင်ရင် ချက်ချင်းသွားမှ သူနဲ့ဆုံနိုင်မှာ) ရယ်လို့ ရွာလူကြီးဦးဇမဏိက ပြောသဖြင့် ကျွန်တော်အားရက်ကို စောင့်ပြီးသွားလျှင် ဆင်ပိုင်ကြီးစောစံကြိုင်ကို တွေ့နိုင်တော့မည်မဟုတ်၍ လင်းမြင့်လှိုင်က စောစံကြိုင်နှင့်တွေ့နိုင်ရန် ကြိုး၍



ခြင်းဖြစ်၏။ သည့်တော့မှ စောစံကြိုင်ကိုသူချုပ်ထားမည်။ ကျွန်တော်လာတိုစောင့်မည်။ ပြီး “စိန်တောင်” ဘက်တွင် အမဲကြီးသွားပစ်ကြမည်။ ‘စိန်တောင်’ တစ်ကြောတောကျွမ်းသူမှာ စောစံကြိုင်ပင်ဖြစ်သည်ကိုး။

သို့ကြောင့် ယခုကျွန်တော်သည် ရေမြောင်းကြီးဆင်စခန်းသို့ လောင်ကုန်းကျေးရွာမှ လာခဲ့ခြင်းဖြစ်၏။ ဦးဇမဏိကတော့ ပြောသား ပေါ် တစ်ယောက်ထည့်လိုက်မည်။ သို့ငြား မလိုအပ်ဟု ကျွန်တော်ပြောခဲ့သည်။ ဘယ်တွက်ဆိုပါမူ မီးလောင်ကုန်းကျေးရွာနှင့် ရေမြောင်ကြီးဆင်စခန်းသည် (၅) မိုင်နီးနီးသာလျှင် ရှိခြင်း၊ ပြီးတော့ ကျွန်တော်တွင် သနတ်ပါလာခြင်းကြောင့်ဖြစ်သည်။ ပြီးတော့လည်း ဆင်သွားလမ်းက နေသည်ကို သို့ကြောင့် ဤခရီးလမ်းကို တစ်ယောက်တည်းထွက်လာခဲ့ခြင်းဖြစ်သည်။

တောသည်တိတ်ဆိတ်နေ၏။ လမ်းတစ်လျှောက်ဝါးခုတ်ထဲ ရှိလိမ့်မည်ထင်သော်ငြား ဝါးခုတ်သမားတစ်ယောက်သလေပင်မတွေ့၊ စေ့စေ့တွေးကြည့်မိလေတော့ “အော်.. တောနက်ကြီးထဲမှာ ငါ ယောက်တည်းပါလား၊ ဒုက္ခတစ်စုံတစ်ရာတွေ့မှပါက မိမိကိုယ် ကိုးရုံမျှတစ်ပါး အခြားအားကိုးဘွယ်ရာမရှိ” ရယ်လို့ တွေးမိလိုက် သည်တွင် အားငယ်စိတ်တို့ အလိုလိုဝင်လာမိ၏။ ထို့ကြောင့် လိုရမယ်ရ သနတ်မောင်းထိန်း ခလုတ်ကို အရံသင့်ဖွင့်ထားလိုက်၏။ တစ်ကြ ပါမူ အဖော်အသင်းနှင့် လာမည်ဆိုပါက (၅) မိုင်ဆိုသော ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



မပြောပလော့ကော်၊ စကားတပြောပြောနှင့်တခဏလေးရောက်လာမည့် ခရီးဖြစ်ပြီး ယခုတစ်ဦးတည်းလာခဲ့ရလေတော့ မရောက်နိုင် ဝေးလွန်းလှပါကလား။ သို့ဖြစ်၍ ခပ်သုတ်သုတ်လျှောက်လိုက်သည်။

သို့ဖြင့် ဦးဇာမဏီပြောသည့် ဝါးတောသို့ရောက်လာချေပြီ။ သူ့အပြောအရ ထိုဝါးတောလွန်လျှင် တောင်ကြောနှစ်ဖြတ်သာသာ ဆက်လျှောက်ပါက ရေမြောင်ကြီးစခန်းနားနီးချေပြီဟု သိရသည်ကြောင့် အားတက်မိသည်။

တောင်ကြောပေါ်တွင် ဝါးပင်တို့အစီအရီပေါက်နေကြ၏။ 'ဝါးဘိုး' တွေပါကလား။ ထို 'ဝါးဘိုး' တောကိုဖြတ်လိုက်ပြီး တောင်ကြောခြေကို ဆင်းလိုက်သည်။ ထိုတစ်ဝိုက်တွင် 'ဝါးသုန်း' များရှိခြင်းကြောင့် တိုးဝှေ့ဆင်းရသည်ဖြစ်၍ မတော် 'ဝက်ဝံ' နှင့်ပက်ပင်းတိုးမိမည် (သို့မဟုတ်) အခြားသားကောင်တို့ဖြင့် ပက်ပင်းထိတ်တိုက်တိုးမိမည်ကို စိုးရိမ်မိသည်ဖြစ်၍ "တဗွူးဗွူး" အသံပြုတိုးဝှေ့ဆင်းလိုက်သည်။ သို့ပြီး . . .

"အား"

မမျှော်လင့်ဘဲ မျက်စိတွင်းသို့ မည်သည့်အရာဝင်ရောက်လာသည်မသိ၊ မျက်လုံးအစုံသည် ကြိမ်းစပ်သွား၏။ သို့အတူ နာကျင်သည့်ဝေဒနာပါတစ်ပြိုင်နက် ခံစားလိုက်ရသည်။ ဘာဖြစ်ပါလိမ့်။ လက်နှစ်ဘက်ဖြင့် မျက်လုံးအစုံကို ပွတ်သပ်လိုက်ပြီးဖွင့်ကြည့်ရန် ကြိုးစားသော်ငြား မည်သည့်အရာမျှ သဲသဲကွဲကွဲမမြင်ရသည့်အပြင် မျက်လုံးတွေကြိမ်းစပ်နေသည်။ မျက်လုံးတွေနာနေသည်။ "ဘုရား ဘုရား" ဘာမျှမမြင်ရတော့ပါကလား။ ဘယ်လိုဖြစ်ရတာပါလိမ့်။ စဉ်းစားမရ။ စမ်းတဝါးဝါးဖြင့်သာ ရှေ့သို့ဆက်လျှောက်နေလိုက်သည်။ ထိုစဉ် အဝေးတစ်နေရာမှ ခွေးဟောင်သံ၊ အူသံကို ကြားလိုက်ရသည်ကြောင့် ကြက်သီးမွေးညင်းများထသွားသည်။ မဟုတ်မှလွဲ ကျွန်တော်တောခွေးတို့၏ ထောင်ချောက်တွင်းမိလေသည်လား မသိချေ။



တောခွေးတို့သည် သားကောင်ကို ဖမ်းဆီးမည်ဆိုပါလျှင် သားကောင်တို့သွားလာတတ်သည့်လမ်းတစ်လျှောက်ရှိ သစ်ပင်ငယ်၊ ချုံနွယ်တို့တွင် ကျင်ငယ်များစွန့်ပက်ဖြန်းထားတတ်ပြီး အဝေးတစ်နေရာတွင် စုဝေးစောင့်ဆိုင်းနေတတ်ကြ၏။ ထိုတောခွေးတို့ ကျင်ငယ်ပက်ဖြန်းထားသည့်အပင်များ ချုံနွယ်များကြားတိုးဝှေ့လာတတ်ကြသည့် သတ္တဝါလေးတို့မျက်လုံးတွင်း ထိုတောခွေးတို့၏ ကျင်ငယ်ရေဝင်ခံလိုက်ရပါမှ မျက်လုံးအစုံသည် ကန်းသွားကာ မည်သို့မျှမသွားတတ်၊ မလာတတ်ဖြစ်နေချိန်တွင် တောခွေးတို့သည် စုဝေးရောက်ရှိလာကြပြီး ဝိုင်းဝန်းကိုက်ခဲအမဲဖျက်လိုက်ကြတော့၏။ ထိုနည်းဖြင့် တောခွေးတို့ပြုမူတတ်ကြသည်ကို သိထားသော ကျွန်တော်သည် ယခုထိုတောခွေးတို့၏ထောင်ချောက်ဝင်မိချေပြီဟု သိလိုက်၏။

အလှမ်းဝေးဝေးမှ ခွေးဟောင်သံသည် ကျွန်တော်အကြားအာရုံတွင် တဖြည်းဖြည်းနီးကပ်လာချေပြီဟု ထင်လိုက်၏။ ထို့ကြောင့် ကျွန်တော်သည် ထိုအသံကြားရာလှမ်းလှမ်းဆီသို့ သေနတ်ပြောင်းမှန်းဆပစ်ခတ်ရင်း မမြင်မစမ်း စမ်းတဝါးဝါးဖြင့် ရှေ့တူရှူသို့ပြေးသွားသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မမြင်မစမ်းမို့ ခလုတ်တိုက်လဲခြင်း၊ သစ်ပင်၊ သစ်ကိုင်းတို့

တိုက်မိခိုက်မိခြင်း၊ အကြိမ်ကြိမ်ဖြစ်ရ၏။ ဒုက္ခ၊ ကြီးမားသောဒုက္ခခံစ

နေရချေပြီ။ ယခုတော့ဖြင့် ကျွန်တော်သည်သားကောင်ဘဝသို့ ပြန်ရော

ရချေပြီဖြစ်တော့၏။ ကြောက်ရွံ့ထိတ်လန့်စိတ်ကြောင့် တောခွေးတို့

မြိုင်ကျနေသည်။

မဖြစ်ချေပြီ။ တောခွေးတို့၏ ဝိုင်းဝန်းတိုက်ခဲအမဲဖျက်ခြင်း

လွတ်မြောက်အောင် ကြိုးစားပြေးရပေမည်။ ခက်သည်ကား မျက်ဝန်းအ

လည်း လုံးဝဖွင့်မရ။ ဖွင့်ကြည့်လိုက်တိုင်း ကျိန်းစပ်နာကျင်သ

ဝေဒနာဆိုးကို ခံစားရသဖြင့် မျက်ဝန်းတို့ကို ပိတ်ကာမှန်းတမ်းလ

ရှာပြေးနေရ၏။ ခွေးသံတို့ကြားလေတိုင်းလည်း သေနတ်ကိုရမ်းပစ်

၏။

ကျွန်တော့်အမြင်တွင် မှောင်နှင့်မဲမဲဖြစ်နေခြား စမ်းတဝါးဝါး

နေရဆဲမှာပင် ကျွန်တော့်ခြေအစုံသည် မြေပြင်နှင့်ထိတွေ့ခြင်းမှ လွ

ကင်းသွားတော့၏။ "ဗုဒ္ဓေါ" ရင်ထဲတွင် လှိုက်ကနဲဖြစ်သွား၏။ တွင်း

ကြီး တစ်ခုအတွင်း ကျဆင်းသွားသည်ကဲ့သို့ ခံစားလိုက်ရပြန်သည်။

နောက် ကျွန်တော်ကျောပြင်သည် မာကျောကျောအရာတစ်ခုနှင့် အ

ပြင်းထန်စွာ တိုက်မိသွား၏။

"ဒုတ်"

"အင့်"

ကျွန်တော်ဘာမှ မသိတော့ မခံစားရတော့ မည်မျှကြာသွ



သည်မသိ ကျွန်တော်အသိတွေပြန်ဝင်လာချိန် အစတွင်တော့ အကြား

အာရုံတွင် ခွေးဟောင်သံတို့ နီးနီးကပ်ကပ်ကြားလိုက်ရသည်ကြောင့်

လူးလဲထပြေးရန် ကြိုးစားလိုက်သည်။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးလှုပ်ရှားပင်

မရတော့၊ ခွေးစာတော့ဖြစ်ချေပြီ။ မည်သို့တတ်နိုင်ပါတော့မည်နည်း။

မျက်လုံးအစုံသည်လည်း ယခုတိုင်ဖွင့်လို့ပင်မရသေး။ ကျိမ်းစပ်နေဆဲ၊

နာကျင်နေဆဲ၊ သို့ကြောင့် ကျွန်တော်လုပ်နိုင်သည့်အလုပ်မှာ အကြား

အာရုံကို စွင့်ထားပြီး ခံစားရုံမှတစ်ပါး အခြားမရှိချေပြီ။

တောခွေးတို့သည် ကျွန်တော်အား မည်သည့်အချိန်တွင်

စ၍တိုက်ခဲဆွဲဖြဲကြလိမ့်မည်နည်းဆိုသည်ကို ကြိုတင်စဉ်းစားမိလိုက်ချိန်

မှာပင်၊ ကျွန်တော်လက်အစုံကို တစုံတစ်ဦးသောလက်က လာရောက်

ဆုပ်ကိုင်ကာ တရွတ်တိုက်ဆွဲယူသွားခြင်းခံလိုက်ရပြန်၏။

"အား"

တစ်ကိုယ်လုံးတိုက်ခဲနာကျင်နေသည့်ကြားမှ တရွတ်တိုက်ဆွဲယူ

ခြင်းခံရသည်ကြောင့် ပို၍ပင်အခံရခက်သေးတော့၏။

လွန်စွာနာကျင်ခြင်းကြားမှပင် သတိလစ်မေ့မျောသွားရပြန်

သည်။ မည်မျှကြာကြာ သတိလစ်သွားပြန်သည်မသိ။ ကျွန်တော် အသိ

ပြန်ဝင်လာချိန်မှာပင် . . . . .

"ဦးကြီး သတိရလာပြီလား"

လွန်စွာမှ အံ့ဩဖွယ်ပင် လူသံတို့စကြားရ၏။ ပို၍ဆိုးဆန်း

သည်ကား ထိုလူသံသည် မိန်းမသံဖြစ်နေခြင်းပင်။ အသံကြောင့် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အစုံတို့ဖွင့်ကြည့်ရန် ကြိုးစားသော်ငြား

"အား"

မျက်လုံးတို့သည် ကြိမ်းစပ်နာကျင်နေဆဲဖြစ်သည်ကြောင့် ဖွင့်၍မရ ဘာမျှလည်းမမြင်ရသည်ကြောင့်

"မျက်လုံးတွေဖွင့်လို့ ားကွယ် နာတယ်၊ စပ်တယ်"

ကျွန်တော်ငြီးညူမှုကြောင့် ထိုအသံရှင်မိန်းမက

"မျက်လုံးတွေဘာဖြစ်တာလဲ ဘာလို့ဖွင့်မရတာလဲ" ညင်သာ ဖြင့်မေးလာ၏။

"ငါ့မျက်လုံးတွေထဲ တောခွေးတွေရဲ့ကျင်ငယ်ရည်စင်သွား ထင်တယ် ဘာမှမမြင်ရဘူး"

သည်တော့ အသံရှင်မိန်းမက

"မဖြစ်နိုင်ဘူးသည်တောမှာ တောခွေးမှမရှိတာ အင်း သိပြီ နိုင်တာတစ်ခုတော့ရှိတယ်" ဆိုကာ ကျွန်တော်မျက်လုံးကို သူမ၏လက် ဖြင့် ဖြဲဟလိုက်သည်။ ပြီး မည်သို့မည်ပုံလုပ်လေသည်မသိ ကျွန်တော် အသိအာရုံတွင် ကျွန်တော်မျက်သားများကို နူးညံ့သောပစ္စည်းတစ်ခုခု ပွတ်သပ်ဆွဲနေသည်ဟုထင်ရသည်။

အံ့သြဖွယ်ပင်ဖြစ်တော့၏။ အတော်ကြာကြာထိုသို့လုပ်နေဆဲ ပင် ကျွန်တော်မျက်ဝန်းတို့တွင် နာကျင်နေသည့်ဝေဒနာများ တစ်စတစ် ပျောက်ကွယ်ကာ ဝိုးတဝါးမြင်လာရာမှ လုံးလုံးလျားလျားကြည်လင် မြင်လာရတော့၏။



ကျွန်တော်အမြင်တွင် ဇ၍မြင်လိုက်ရသည်မှာ ဆံပင်ဖားလျားနှင့် မိန်းကလေးတစ်ယောက်မျက်နှာပင်ဖြစ်တော့၏။

"တာ ငါ့မျက်လုံးတွေပြန်မြင်ရပြီ" ဝမ်းသာအားရ ပြောလိုက်သည့် ကျွန်တော်အသံကြောင့် ထိုမိန်းကလေးက

"ဟုတ်တယ်ဦးကြီးမျက်လုံးထဲဝင်သွားတာ တောခွေးကျင်ငယ်ရည်မဟုတ်ဘူး 'ဝါးဘိုး' ဝါးဖတ်မှာကပ်နေကြတဲ့ ဆူးမှုံကလေးတွေပဲ"

"ဘာ ဘယ်လို"

"ဦးကြီးဝါးတောကိုဖြတ်လာတယ်မဟုတ်လား"

"အဲဒီဝါးတောက 'ဝါးဘိုး'ဝါးတောလေ၊ 'ဝါးဘိုး' ဝါးဖတ်တွေမှာရှိနေတဲ့ ဆူးမှုံကလေးတွေက လေနဲ့လွင့်ပြီး ဦးကြီးရဲ့မျက်လုံးအိမ်ထဲဝင်ကြတာပေါ့။ ဒါကြောင့် ဦးကြီးမျက်လုံးဖွင့်မရတာ။ အဲဒါသိပ်အခံရခက်တယ်ဆိုတယ်၊ လက်နဲ့ပွတ်လိုက်တဲ့အခါ ဆူးမှုံလေးတွေက မျက်သားမှာစူးဝင်သွားကြတယ်လေ။ ဒီဆူးလေးတွေမထွက်မချင်း မျက်လုံးကကန်းသလိုဖြစ်သွားတတ်တယ်။ ဒါကြောင့် သည်ဆူးလေးတွေကိုထုတ်လိုက်ရတယ်"

"အံ့သြစရာကောင်းလိုက်တာကွယ် သည်လောက်သေးငယ်တဲ့ဆူးမှုံလေးတွေကို ဘယ်လိုထုတ်တာလဲ"

ကျွန်တော်ကမေးလိုက်သည်။

"ဆံပင်ချည်လေးကိုခေါက်ပြီး မျက်သားပေါ် အသာအယာပွတ်သပ်ဆွဲလိုက်ရင် ဆူးလေးတွေပါလာတာပေါ့"

"အော် ကျေးဇူးတင်ပါတယ်ကွယ်" ပြောပြောဆိုဆို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သည့် လဲလျောင်းနေရာမှထရန်ကြိုးစား ိက်သည်။

"အား သားလား"

မည်သို့မျှထ၍မရ တစ်ကိုယ်လုံးကိုက်ခဲနာကျင်နေ၏။

"ငြိမ်ငြိမ်ကလေးသာမှိန်းနေပါ။ တောင်ပေါ်တက်ကျတဲ့ ဒဏ်ရ ရယ် ပြီးတော့ ဦးကြီးကို ငါမ. . မနိုင်တော့သည်တဲ့အရောက် တော လျှောက် တရွတ်ဆွဲလာလို့ တိုက်မိခိုက်မိတဲ့ ဒဏ်ရာတွေကြောင့် နာကျ နေတာပေါ့ အဲလိုမှ ဦးကြီးကိုငါခေါ်မလာလို့လဲမရဘူးလေ။ အ တောင်ကြောမှာဘယ် သူမှဝါးတက်ခုတ်ကြဘူး။ ဘာလို့လဲဆိုတော့ကျ သောင်းကျန်းတစ်ကောင်ရှိလို့ပဲ။ ဒါကြောင့် ငါလဲအဲဒီနားတဝိုက် သိပ်က ကြာလဲမနေရဲတော့ ဦးကြီးကို ဖြစ်သလိုအလျှင်အမြန်ပဲ တရွတ်တိုက် လာရတာပေါ့ ငါ့ 'ခွေး' က ဦးကြီးကိုမတွေ့ရင် ဦးကြီးကျားစာဖြစ်ပြီ

ဟုတ်ပါသည်။ သို့ကြောင့်လည်း ကျွန်တော်လာစဉ်က လမ်း တစ်လျှောက် မည်သည့်ဝါးခုတ်၊ သစ်ခုတ်သမားမျှမတွေ့ခဲ့ခြင်းဖြစ်သည်

မိန်းကလေးပြောသလို ကျွန်တော်ကို သူမကယ်ခဲ့ပါလျှင် က စာဖြစ်မှာအမှန်ဖြစ်၍ သူမသည် ကျွန်တော်၏ အသက်သခင် ဖြစ်ပေ ၏။

"ကဲ ဦးကြီး အားရှိသွားအောင် တာလဘော ချက်လေးစားလို ပါဦး" ဆိုကာ ကျွန်တော့်ပါးစပ်တွင်းသို့ အစာတို့ သွတ်သွင်းပေးလေ ၏။

စင်တစ်ချို့ဖိတ်တစ်ချို့နှင့် တစ်ပုဂ်ကုန်သွား၏။ သည်လ



နောက်သုံးရက်ခန့်တွင် အတော်သက်သာလာ၏။ လမ်းလျှောက်မရသေး ပြား ကွပ်ပျစ် ပေါ်တွင် ထထိုင်၍တော့ရလာ၏။

နောက်တစ်နေ့နံနက်တွင်

"ကဲ ဦးကြီး ရိက္ခာလဲကုန်လို့ပြီ ငါအမဲသွားရှာဦးမယ်၊ သည်တဲ မှာ ဘဲနေခဲ့၊ ဘယ်မှမသွားနဲ့ အမဲတစ်ကောင်ကောင်ရတာနဲ့ ငါပြန်လာ ခဲ့မယ်"

မိန်းကလေးစကားကြောင့် ကျွန်တော်အံ့ဩရပြန်သည်။

"နေပါဦး မင်းအမဲသွားရှာမယ်ဆိုလား"

"ဟုတ်တယ်လေ ငါကတောတောင်ထဲ အမဲလိုက်ရှာပစ် ရောင်း ချစားနေတဲ့လူပဲ"

"တော - ဒါဆိုရင် မင်းက မုဆိုးပေါ့"

"ဟုတ်တယ်"

ကျွန်တော်အိပ်မက်မက်နေခြင်းမဟုတ်ပါ။ ထူးထူးခြားခြား အမဲ ပစ်မုဆိုးမလေးပါတာလား။ ကျွန်တော်တစ်သက်နှင့်တစ်ကိုယ် သည်တစ်ခါ သာလျှင် မိန်းမအမဲပစ်မုဆိုးကိုတွေ့ဖူးခြင်းဖြစ်၏။

"မင်းမယ် အဖေအမေမရှိဘူးလား"

"ဟင့်အင်း အမိုးကော၊ အပါးပါ ဆုံးသွားကြပြီ"

"မင်းအမဲတောင်းကောင်းလိုက်တတ်လို့လား" ကျွန်တော် အမေး ကြောင့် မိန်းကလေးသည်ပြုံးသွားပြီး

"ဦးကြီးနေထိုင်ကောင်းလာတဲ့အခါ ငါနဲ့တောထဲလိုက်ပြီးအမဲပစ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား. . ဒီတော့ဦးကြီးငါ့အကြောင်းကောင်းကောင်းသိရမှာပေ့

လာလာချေသေး ကျွန်တော့်ကိုပင်စိမ်ခေါ် နေပြန်၏။

"ထားပါတော့ကွယ် မင်းဘာလို့ အမဲပစ်တဲ့ အလုပ်ကို မိန်းကလေးတန်မဲ့လုပ်နေရတာလဲ"

"တင်ါးနားနီးတင်ါ မုဆိုးနားနီးမုဆိုးတဲ့လေ၊ အပါးကမုဆိုး တော့ သူ့ရဲ့မျိုးဆက်ဖြစ်တဲ့ငါကလဲ မုဆိုးဖြစ်လာရတာပေါ့၊ ဒီတော ငါကအမဲပဲလိုက်တတ်တယ်၊ ကောက်မစိုက်တတ်ဘူး၊ တခြားဘာမှ မလုပ်တတ်ဘူး၊ ဒါကြောင့် ငါ့အပါးလုပ်တဲ့မုဆိုးအလုပ်ပဲ ဆက်လုပ်နေ ပါ"

မိန်းကလေးစကားကိုကျွန်တော်လက်ခံရမလိုဖြစ်တော့၏။ "ဒ မင်းအပါးကမုဆိုးဆိုတော့ ဘယ်သူတုန်း"

အရှေ့ရိုးမတောင်တခွင်၌ မုဆိုးများမှာ ကျွန်တော်မသိသူ သဖြင့် စပ်စပ်စုစုမေးလိုက်သည်။

"ငါ့အပါးက စောနယ်လ်ဆင်လေ"

"ဘာ"

"ဟုတ်တယ်လေ သည်တောတခွင်မှာ အပါးလိုမုဆိုးကြီးကို မ တဲ့သူမရှိကြဘူး 'ကျားနိုင်ဆင်'ဆိုရင် အားလုံးသိတယ်လေ"

မိန်းကလေးသည် အဖေဖြစ်သူ၏ကျော်ကြားမှုဂုဏ်ပုဒ်ကို ကြူးပြောရသည်ဖြစ်၍ ဂုဏ်ယူဝင့်ကြွားဟန်ရှိနေ၏။ တကယ်လ အဖေ့ နာမည်တစ်လုံးနှင့် ဂုဏ်ယူဝင့်ကြွားလောက်ပေသည်။ မုဆိုး



စောနယ်လ်ဆင် (ခေါ်) ကျားနိုင်ဆင်ကို ကျွန်တော်ကောင်းကောင်းသိပါ သည်။ ကျွန် တော်နှင့်လည်း အင်မတန်ရင်းနှီးခဲ့ပါသည်။ လွန်စွာမျှ တော် သော မုဆိုးကြီး ဖြစ်၏။ သူနှင့်ကျွန်တော် အမဲလိုက်ခဲ့ခြင်းအကြောင်းကို ၁၉၉၁ ခုနှစ်၊ ဇူလိုင်လထုတ် ချယ်ရီမဂ္ဂဇင်းတွင် 'တောကြီးမာယာ' ခေါင်းစဉ်ဖြင့် ဝတ္ထုတို တစ်ပုဒ်ရေးခဲ့ပြီးဖြစ်သည်။

"ဪ မင်းကစောနယ်လ်ဆင်သမီးကိုး"

"ဦးကြီးကငါ့အပါးနဲ့သိတယ်လား"

"သိပ်သိတာပေါ့ကွယ် အင်မတန်ရင်းနှီးကြတာပေါ့၊ တူတူလဲ အမဲလိုက်ဖူးတယ်။ ဒါဖြင့် မင်းကစောနယ်လ်ဆင်ရဲ့ တစ်ဦးတည်းသော သမီးလေး 'ကျားနီ' ပေါ့"

"ဟုတ်တယ်. . ဟုတ်တယ် ဦးကြီးကငါ့နာမည်တောင်သိနေ တယ်လား"

မိန်းကလေးက အံ့ဩတကြီးပြောလာသည်ကြောင့် ကျွန်တော် သည် ပြုံး၍ သူမကိုကြည့်ရင်း

"မင်းနာမည်သိရုံတင်မဟုတ်ဘူး. . အဲဒီ'ကျားနီ' ဆိုတဲ့နာမည် ဘ ငါပေးထားတာပဲ"

"ဟာဟုတ်ပြီ အပါးပြောဘူးတယ်၊ ငါ့နာမည်ကို သူ့မိတ်ဆွေပေး တာလို့ ဒါဖြင့် ငါ့နာမည်ပေးခဲ့တဲ့ဦးကြီးကို ငါခုမှမြင်ဖူးပြီပေါ့"

"ဒါနဲ့မင်းကလေးကဘာလို့ သည်တောထဲမှာနေရတာလဲ ရွာထဲ မှာဆင်းနေပါလားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမကခေါင်းတွင်တွင်ခါ၏။

"ရွာထဲမှာနေတာထက်၊ သည်တောထဲမှာနေတာကပိုပြီး ငါ့

အတွက်ပိုလုံခြုံတယ်ထင်လို့ပါ"

မိန်းကလေးစကားကြောင့်ကျွန်တော်အံ့ဩရသည်။

"ကဲ ဆက်ပြောပါဦး"

"လူတွေဟာ တောက်ကျစ်စဉ်းလဲတတ်ကြတယ်။ ယုတ်မာတတ်

ကြတယ် တိရစ္ဆာန်ကောင်တွေက မတောက်ကျစ်ကြဘူး၊ မယုတ်မာတတ်

ကြဘူး ဒါကြောင့် အသိဉာဏ်ရှိပြီး တောက်ကျစ်စဉ်းလဲတတ်ကြတဲ့ လူ

က် ငါကြောက်တယ်၊ ငါ့ကိုအချိန်မရွေး ဒုက္ခပေးနိုင်ကြတယ်။ သည် တော

က တိရစ္ဆာန်ကောင်တွေကတော့ ငါကသာသူတို့ကို အချိန်မရွေး ဒု

ပေးနိုင်တာ အဲဒါကွာတယ်လေ"

အော် သူသိသလို သူပြောတတ်သလို ကျွန်တော်ကိုပြောပြ

သည်။ ကျွန်တော်သူပြောချင်တာကိုသဘောပေါက်လိုက်ပါ၏။

"အေးကွယ်, , ဒါဖြင့်လဲ တောင်ယာလုပ်ပေါ့။ဘာ

မိန်းကလေးတန်မဲ့ သတ္တဝါတွေရဲ့အသက်တို့ လိုက်လံသတ်ဖြတ်ရောင်

စားသောက် နေရတာလဲ"

သည်တော့ မိန်းကလေးကယဲ့ယဲ့ပြုံးကာ

"ငါ , တောက်မစိုက်တတ်ဘူး၊ တောင်ယာမလုပ်တတ်

ယ်ပိုင်မြေဘိုင်လဲမရှိဘူး ငါ့မယ် နေစရာအပါးတို့ရဲ့အမွေ သည်တဲလေး

ရှာပါ စားစရာတောတောင်ထဲက တောကောင်တွေရှိတယ်။ ငါ့အတွ



သည်လောက်ဆို လုံလောက်ပြီ။ လူမှာအမိတအသက်ရှင်နေထိုင်ဖို့ ရှာစား

နေကြတာပဲမဟုတ်လား" ရယ်လို့ပြောလာ၏။ မလွယ်ပါကလား သို့ကြောင့်

ကျွန်တော်သည် ဆက်မပြောတော့ပဲ ငြိမ်နေလိုက်၏ သည်တော့

"ကဲ ဦးကြီး ငါအမဲပစ်ထွက်လိုက်ဦးမယ်။ ဦးကြီးစားဖို့ 'တာလ

ဖော့' ချက်ထားတယ်။ ညက ဦးကြီးငှက်ဖျားတက်သေးတယ်။ ဒါကြောင့်

ဆေးခါးကြီးပင်အမြစ်ကို သုံးခွက်တစ်ခွက်တင်ကျိုထားတယ်။ နေ့လည်

ခင်းကျ တစ်ခွက်သောက်လိုက်ဦး" ဟုမှာကာ တဲနံရံတွင်ချိတ်ထားသည့်

လေးနှင့်မြားပူးကိုဆွဲ၍ထွက်သွားသည်ကြောင့်

"ဟိတ်ကလေးမ ခဏနေဦး ငါ့သေနတ်ကော"

"ရှိပါတယ် ဦးကြီးအိပ်နေတဲ့ကွပ်ပျစ်အောက်မှာ"

"မင်းသေနတ်ပစ်တတ်လား"

မိန်းကလေးကခေါင်းငြိမ့်ပြသည်။

"ဒါဖြင့် ငါ့သေနတ်ယူသွားလေကွယ်"

"တကယ်ပြောတာလား အဲလိုသေနတ်ကောင်းနဲ့ အမဲပစ်ရရင်

ဘယ်ပြောကောင်းသိမ့်မလဲ၊ ဦးကြီးပေးရင်ယူသွားမယ်၊ အပြန်ကျ ဦးကြီး

တွက် သားကောင်ကြီးကြီးပစ်လာခဲ့မယ်"

မိန်းကလေးက ဝမ်းသာအားရပြောရင်း ကျွန်တော်သေနတ်ကို

ယူကာ တဲတွင်းမှ သွက်လက်ဖျတ်လတ်စွာ ထွက်ခွာသွားလေသည့်နောက်

သို့ သူမ၏အဖော်ကောင်း အမဲလိုက်ခွေးသည်လည်း ကျွန်တော့်ကို တစ်

ချက်ငဲ့စောင်းကြည့်ကာ 'ဂုတ်' ကနဲအသံပေးပြီး သူ၏သခင်မနောက်သို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလေတော့၏။

သည်လိုနှင့် မုဆိုးမလေးကျားနီအိမ်တွင် ကျွန်တော်ဒဏ်ရာ အနာများလုံးဝနီးနီးပျောက်ကင်းလုသည်ထိ နောက်ထပ်သုံးလေးရက်ခန့် နေခဲ့ရ၏။ ထိုကာလအတွင်း ကျားနီသည် ကျွန်တော့်ဒဏ်ရာများကိုကုသ ပေးခြင်း၊ ရှာဖွေကျွေးမွေးခဲ့ခြင်းတာဝန်ကို သူမနှင့်သူမ၏တောလိုက်ခွေး တလေးကယူခဲ့ကြလေ၏။

တကယ်တော့ 'ကျားနီ' သည် ကျွန်တော်၏အသက်သခင် ကျေးဇူးရှင်ပင်ဖြစ်တော့၏။ သို့ကြောင့် ကျွန်တော်သည် 'ကျားနီ' တဲ့ ပြန်ခဲ့ရ သည့်အချိန်တွင် ကျွန်တော်၏လက်စွဲတော် မဂ္ဂနက်ရိုင်ဖယ်ကို ပေးထားခဲ့တော့၏။

"ကဲ ကျားနီ ဦးကြီးသေနတ်မင်းဆီမှာဘဲထားခဲ့မယ်၊ ဦးကြီးအပ လိုက်လာမှ မင့်ဆီကသေနတ်ဝင်ယူမယ်။ မင်းအတွက်ကျည်ဆံတွေ လူကြုံနဲ့ပို့ပေးလိုက်မယ်ဟုတ်လား"

သည်တော့ ကျားနီတစ်ယောက်အလွန်အမင်းဝမ်းသာသွား၏ အပြန်ခရီးတွင် ကျွန်တော်အား 'ကျားနီ' က မီးလောင်ကုန်းကျေးရွာထိ လိုက်ပို့ပေးသေး၏။

ထိုသည်ကား လွန်ခဲ့သောသုံးနှစ်ခန့်က ကျားနီနှင့်ကျွန်တော် စတင်ဆုံစည်းခဲ့ရခြင်းပင်ဖြစ်၏။ ထိုသုံးနှစ်တာကာလအတွင်း 'ကျားနီ' သည် ကျွန်တော်ထံသို့ လူကြုံဖြင့်သားကောင်အမဲများ ပို့ပေးတတ်သ ကျွန်တော်သည်လည်း သူမထံသို့ 'ကျည်' များကို လူကြုံဖြင့် ပေးလိုက်



တတ်သ၏။ လူချင်းတော့တစ်ခါမျှပြန်မဆုံခဲ့ကြသေးချေ။

ယခုလူခြင်းဆုံရန်အကြောင်းဖန်တီးလာချေပြီ။ လူခြင်းဆုံရမည် ဆိုငြား ကောင်းသောဆုံစည်းခြင်းမဟုတ်။ ဝမ်းနည်းကြေကွဲစွာဖြင့် ဆုံရ မည့်အဖြစ်ပင်။ ဘယ်တွက်ကြောင့်ဆိုပါမူ

ကျားနီကြောက်သောလူသားများသည် သူမရှိရာသို့လာ၍ ဒုက္ခ ပေးခဲ့ခြင်းကြောင့်ဖြစ်၏။ သာယာဝတီနယ်ဘက်မှသစ်ခုတ်သမားလူစိမ်း လူရမ်းကား ၂ ဦးသည် တစ်နေ့ 'ကျားနီ' တဲသို့ မခေါ်မဖိတ်ရောက်လာခဲ့ ကြပြီး ရမ်းရမ်းကားကား မူးမူးရူးရူးဖြင့် ဗလက္ကာယပြု စော်ကား သွားကြ သည့်ပြင် ကျားနီ၏ အဖော်မွန်ကောင်းတောလိုက်ခွေးကိုလည်း သတ်ဖြတ် စားသောက်သွားကြသဖြင့် 'ကျားနီ' သည်နာကြည်းမုန်းတီးမှုစိတ်များဖြင့် ထိုသစ်ခုတ်သမားလူရမ်းကား ၂ ဦးကို အဆိပ်လှံမြားဖြင့် ပစ်ခတ် သတ်ဖြတ်လိုက်သည့်ပြင် ခန္ဓာကိုယ်တို့အား ကစီခုတ်ထစ်ဖြတ်တောက် စွန့်ပစ်ခဲ့ခြင်းကြောင့် လူသတ်မှုဖြင့် အဖမ်းခံခဲ့ရလေတော့၏။

ရက်ရက်စက်စက် သွေးအေးအေးသတ်ဖြတ်ခဲ့ခြင်းကြောင့် ကျားနီတစ်ယောက် သေစားသေစေသေမိန့် 'ကြိုး' ပေးခံခဲ့ရတော့၏။

ကြိုးမိန့်ခံရတော့မယ် အချိန်ပိုင်းကလေးတွင် သူမအား လိုအပ် သည့်တောင်းဆိုမှုပြုရန်ပြောသည့်အခါတွင် သူမတောင်းဆိုခဲ့သည်ကား

သူမ၏ခန္ဓာကိုယ်အား သူမနေထိုင်ရာတဲလေးအနီး တောစပ် တွင် ကျွန်တော်ကသင်္ဂြိုဟ်ခွင့်ပြုပါရန် တောင်းဆိုခဲ့ခြင်းကြောင့် ထောင် ပိုင်ကြီးက အကြောင်းကြားလာသည်ဖြစ်၍ ကျွန်တော်သည် သူမ၏ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြည့်ဆည်းပေးရန်အတွက် သာယာဝတီထောင်သို့ လာခဲ့ရခြင်း ဖြစ်တော့၏။

အင်မတန်မှတွေးခေါ် မျှော်မြင်မှုကြီးမားသည့် မုဆိုးမလေးဖြစ်သည်။ သူမထံတွင် ကျွန်တော့်သေနတ်ရှိနေသည်။ ထိုသစ်ခုတ်သမားလူရမ်းကား ၂ ယောက်ကို သေနတ်ဖြင့်ပစ်သတ်ခဲ့သော် ကျွန်တော့်အားအမှုပတ်နိုင်၏။ သို့ကြောင့် သူမလက်စွဲတော်အဆိပ်လူးမြားဖြင့်သာ သူမုန်းတီးရွံ့ရှာသူ ၂ ဦးကို သတ်ဖြတ်ခဲ့ခြင်းဖြစ်တော့၏။

တကယ်တော့ ကျားနို့ကြောက်သောလူသားတို့သည် ကျားနို့ရှာညို့ လာရောက်ဒုက္ခပေးသွားကြခြင်းဖြစ်တော့၏။

**တိုးဗိုက်**

၁၉၉၉ ခုနှစ်ဇန်နဝါရီလ၊ စစ်ပြန်မဂ္ဂဇင်း

# ကျားနို့မ၏ စွမ်းရည်ပြိုင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



## "ကျားနီမ၏ရွှမ်းရည်မြိုင်ခဲ့"

တနေ့သောအခါ၌ ကျွန်တော်ထံသို့ လွန်စွာမျှအံ့ဩဖွယ်ကောင်းသည်ဟု ယူဆရသော စာတစ်စောင်ရောက်လာ၏။

"မီးလောင်ကုန်း" ကျေးရွာမှ ရွာလူကြီး ဦးဇာမဏိရေးလိုက်သောစာဖြစ်သည်။ ရွာတွင် "ကျားနီမ" ပြန်ရောက်နေသည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ သူမနှင့်ပက်သက်၍ တိုင်ပင်လိုသည်ဖြစ်ပါသဖြင့် စာရလျှင်ရချင်း အမြန်လာရောက်ရန် တိုတိုတုတ်တုတ်ရေးထားသောစာ ဖြစ်သည်။

"ကျားနီမ" ကိစ္စဆိုပါကလား။ ကျွန်တော် သူမကိုကောင်းကောင်းသိတာပေါ့။ ကျွန်တော့်အသက်သခင် ကျေးလူရှင်မလေးပေပဲ။ ဘယ်လိုကြောင့် ရွာပြန်ရောက်နေပါလိမ့်။ သူမကား လူသတ်မှုနှင့် လွန်ခဲ့သော ၆ နှစ်လောက်က လူသတ်အလောင်းဖျောက်ဖျက်မှုဖြင့် ကြိုးမိန့်



ပေးခံရသူကလေးဖြစ်သည်။ အယူခံလျှောက်လဲချက်အရ မိန်းကလေးဖြစ်ခြင်းကြောင့် ကြိုးမိန့်မှလွတ်ကင်းခဲ့သော်ငြား--- သာယာဝတီအကျဉ်းထောင်တွင် ထောင်ဒဏ် ၇ နှစ် အပြစ်ပေးခံလိုက်ရသူ ကလေးပင်ဖြစ်သည်။ (သူမ၏အကြောင်းကို ကျွန်တော်သည် ၁၉၉၉ ခုနှစ် ဇန္နဝါရီလထုတ် စစ်ပြန်မဂ္ဂဇင်းတွင် "မုဆိုး မလေး ကျားနီ" အမည်ဖြင့် ဝတ္ထုရှည်ရေးသားပြီးဖြစ်သည်။) ရွာလူကြီး ဦးဇာမဏိ ပေးစာအရ "သူမ" ကိစ္စအရေးကြီးတိုင်ပင်လိုသည်ဆိုတော့ကာ ချုပ်ရက်မပြည့်ပေပဲ၊ ထောင်မှထွက်ပြေးလာလေသည်လား။ မိုက်လိုက်ပါမေ့"ကျားနီမ"ရယ်. . ရာဇဝတ်ဘေးပြေးလွတ်မိုးထုံးစံမရှိပါဘူးကွယ်။

သို့ဖြစ်၍ ကျွန်တော်သည် စာရလျှင်ရချင်း မီးလောင်ကုန်းကျေးရွာသို့ အပြေးလာခဲ့ရပြန်သည်။

မီးလောင်ကုန်းကျေးရွာရောက်သည်နှင့် "ကျားနီမ" တစ်ယောက်ထောင်မှပြေးလာခြင်းမဟုတ်၊ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထွက်လာရခြင်းဟု သိရသဖြင့် သူမအတွက် အနည်းငယ်စိတ်အေးရသော်ငြား. ရွာလူကြီး ဦးဇာမဏိ၏ ပြောပြချက်အရ သူမအကြောင်းသိလိုက်ရခြင်း၊ တိုင်တန်းခံလိုက်ရခြင်းကြောင့် စိတ်မကောင်းဖြစ်ရပြန်တော့သည်။

"ကျားနီမ"တစ်ယောက် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှလွတ်လာသည်နှင့် မီးလောင်ကျွန်းကျေးရွာသို့ ပြန်ရောက်လာပြီး သူမ၏မိဘခြံမြေလေးတွင် တစ်ဦးတည်းနေထိုင်လေတော့၏။ စပါးစိုက်ခြင်း၊ တောင်ယာလုပ်ခြင်း၊ လုပ်ငန်းများကို သူမ၏တစ်ချိန်က မိတ်ဆွေများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည့် အခြားရွာမှ မုဆိုးအချို့အကူအညီဖြင့် လုပ်ကိုင်လေတော့သည်။ သူမ၏ မိတ်ဆွေများကလည်း ကူညီပံ့ပိုးပေးကြပါသည်။ မိတ်ဆွေကောင်းများပီသကြပါ၏။ တောင်ယာလုပ် စပါးစိုက်ခြင်းအပြင် ရှံခါဆိုသလို သူမကိုယ်တိုင် အမဲပစ်ထွက်လေ့ရှိ၏။ တောင်မကျခင် ကာလကလိုတော့ဖြင့် အမြဲတန်း အမဲဝစ်သွားလေ့မရှိ။ အဘယ်ကြောင့်ဆိုသော် ရွာနီးရှိတောသည် သစ်ခုတ်၊ ဝါးခုတ်၊ ထင်းခုတ်သမားများကြောင့် တောပြုန်းလုမတတ်ဖြစ်ခြင်း၊ တောင်ယာလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နေကြခြင်းကြောင့်ဖြစ်၏။ သားကောင်များ အနေနည်းရှားပါးကုန်ခြင်းကြောင့်ဖြစ်၏။ သူမအတွက် အတတ်ပညာနှင့် ဝါသနာကိုလည်း မစွန့်လွှတ်နိုင်သဖြင့် သူမ၏မိတ်ဆွေများကျက်စားရာ တောတခွင်သို့ရံခါဆိုသလို လိုက်လံအမဲပစ်ခတ်လေ့ရှိခြင်းသာဖြစ်တော့သည်။ သူမ ယခင်ကလို အချိန်ပြည့် အမဲပစ်မထွက်နိုင်ပေမင့်လည်းသူမအတွက်အသား ဟင်းလျာမရှားပါးပေ။ သူမ၏ မိတ်ဆွေကောင်းမုဆိုးများက သူတို့ပစ်ခတ်ရရှိသော သားကောင်အသားများကို လာရောက်ပေးကြလေ့ရှိသည်။ သို့ကြောင့်သူမတွင် သားကောင်အသားများများရှိပါမူ ရွာတွင်းသို့တဆင့် ဈေးပေါပေါဖြင့် ရောင်းချလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ "မီးလောင်ကုန်း" ကျေးရွာနေလူတို့သည် တောကောင်အသားဟင်းလျာစားရခဲသည်ဖြစ်၍ သူမ ရောင်းသမျှမလောက်အောင် ဝယ်ခြမ်းကြတော့၏။ သူမ၏ထိုလုပ်ရပ်သည် ရွာ ကာလသားခေါင်း "မြတ်ဦး" နှင့် ထိတ်တိုက်ရင်ဆိုင်ပြဿနာဖြစ် လာခြင်းအကြောင်းရင်းတစ်ရပ်ပင်ဖြစ်လေတော့သည်။



ကာလသားခေါင်း မြတ်ဦးသည် ရုပ်ရည်ချောမွေ့၊ နူးညံ့ပျော့ပြောင်းဟန်ရှိသော်ငြား စိတ်ကြမ်း၊ လူကြမ်းသမားတစ်ယောက်ဖြစ်သည်။ ကျားနီမရွာတွင်မရှိခင်က သူသည် ရွာပတ်ဝန်းကျင်အနီးတစ်ဝိုက် တောများတွင် လှည့်လည်၍အမဲလိုက်သည်။ ရရှိသောတောကောင် အသားများတို မတန်တဆဈေးတင်ရောင်းချလေတော့၏။ ကိုယ့်ရွာသား များရယ်လို့ ညာတာစိတ်လုံးဝမရှိချေ။

"ကျုပ်တို့တောမှာ သားကောင်တွေရှားပါးသွားပြီဗျ။ နောင်ဆိုရင် ခင်ဗျားတို့တွေ တောကောင်သားစားရဖို့ နေနေသာသာ မြင်တောင်မြင်ဖူးမှာ မဟုတ်တော့ဘူး။ ဟိုး ရန်ကုန်မြို့ကြီးမှာရှိတဲ့ တိရစ္ဆာန်ရုံ ခေါ် သွားပြီး၊ ခင်ဗျားတို့မြေးတွေ မြစ်တွေကို ဒါဟာ ကျားပဲ၊ ဒါဟာ ဂျီပဲ၊ ဆတ်ပဲ . . ယုန်ပဲ ပြောင်ပဲ တချိန်က သည်အကောင်တွေဟာအဖိုးတို့ ရွာနားရှိတဲ့ တောထဲမှာ နေထိုင်သွားကြတဲ့ တိရစ္ဆာန်မျိုးနွယ်တွေပဲကွဲ့. စားလို့လဲအင်မတန်ကောင်းရယ်လို့ ယုံတမ်းစကားဒဏ္ဍာရီဆန်ဆန်ပြောယူရလိမ့်မဗျ။ ဟဲ . . ဟဲ . . တဲ . . ဟဲ။ ကဲ . . ကဲ ရတုန်းရခိုက်ယူထားကြ။ ဈေးကတော့ ကျုပ်ပြောတဲ့ဈေးပဲ။ တပြားမှ မလျှော့နိုင်ဘူး။ ခင်ဗျားတို့ မဝယ်လဲ ဂရုမစိုက်ဘူး။ မြို့တက်ရောင်းမယ်ဗျာ။ သည်ထက်တောင် ဈေးကောင်းရဦးမယ်။ အေးနော်. . . ဝယ်စားပြီးလေမှ အသားဖိုးမပေးချင် လို့ကတော့မရဘူး။ မြတ်ဦးအကြောင်းသိတယ်မဟုတ်လား။ အကြွေးနှိမ် ရတာသိပ်ရမှာပဲဗျ" ရယ်လို့နောက်သလိုပြောင်သလိုဖြင့် ရွာကျက်သရေကွမ်းတောင်ကိုင်မလေးတွေးခင်ကို ကြည့်ကာပြောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်မြတ်ဦးကြီးနော်. . စကားပြောရင် ကြည့်ပြော စောင်းချိတ်မပြောလေနဲ့တော်ရေ့"

ထွေးခင်ကလည်း မြတ်ဦးကို မျက်စောင်းထိုးနှုတ်ခမ်းစူပြောရင်း "ဆတ်" သားပိဿာတစ်တွဲစွဲကာ ပြေးထွက်သွားလေတော့၏။

မြတ်ဦးတစ်ယောက် ရုံခါဆိုသလို အမဲလေးရလာပြီဆိုမှဖြင့် ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေလေတော့၏။

ယခုအချိန်တွင် ကျားနီမပြန်ရောက်လာပြီဖြစ်သဖြင့် ရွာတွင်တောကောင်အမဲ ပေါပေါလောလော စားကြရလေပြီ။ ဈေးနှုန်းလဲ ချိုချိုသာသာဖြင့် ကျားနီမကရောင်းနေခြင်းကြောင့် မြတ်ဦးတစ်ယောက်ဆတ်ဆတ်ထိနာရချေပြီ။ သူ့စီးပွားအကြီးအကျယ် ထိုးကျချေပြီ။ သို့ကြောင့် သူသည် ကျားနီမကို မလိုမုန်းထားဖြစ်လာရတော့၏။ ကြာလျှင်သူ့တွက်ခက်ရပေတော့မည်။ သူ့အသည်းလေး ရွာကျက်သရေ ကွမ်းတောင်ကိုင် ထွေးခင်တစ်ယောက်သည်လည်း "ကျားနီမ" ရောက်လာပြီးကတည်းက ရွာကာလသားတို့၏ အရေးပေးခြင်းမခံရလေတော့။ ကျားနီမ၏ ဂုဏ်သတင်းမွှေးပျံ့ထွက်လာသလို ထွေးခင်တစ်ယောက် တစတစညှိုးမှိန်ခဲ့ရလေတော့၏။ ထွေးခင်လောက် "ကျားနီမ" မလှသော်ငြား ရွှတ်ကြမ်းရေကျိုကြည့်ပျော်ရှုပျော်ရှိသည်ကြောင့် ရွာအလှ အတန်းပွဲလမ်းသဘင်များတွင် ထင်ပေါ်ခဲ့လေ၏။ သို့ကြောင့် ထွေးခင်သည် မြတ်ဦးနှင့်ပေါင်း၍ ကျားနီမကို အကောက်ကြံလေတော့၏။

"ဟဲ့-ကောင်စုတ်လှိုင်ညွှန့်ရဲ့. . နင့်မို့ 'ကျားနီမ' ကို စိတ်ဝင်စား



ရတယ်လို့ဟာ၊ သူကထောင်ထွက်ဟဲ့၊ ထောင့်ထဲမရောက်ခင်ကလဲ ပန်းကောဝ်အညွှန့်ကျိုးခဲ့ရတဲ့သူ၊ ခုလည်းကြည့် တိုတောင်ပေါ် "ကရင်" ရွာတ မုဆိုး သူ့ဆီလာလာနေတယ်၊ နင်တော့နော်. . လှည်းကျိုးထမ်းရကိန်းမြင်တယ်"

ထွေးခင်တစ်ယောက် 'ကျားနီမ' ၏အတိတ် အရိပ်မည်းကြီးကိုပြန်လည်အစဖေါ် အပုပ်သတင်းလွှင့်လေတော့၏။

"မယ်တင်တို့ မယ်ရင်တို့ နင်တို့တွေ ကျားနီမနဲ့ သိပ်မတွဲလေနဲ့နော်။ အဲဒီကောင်မက ကောင်းတာမဟုတ်ဘူး။ မိန်းမပျက်လိုဖြစ်နေတာ၊ နင်တို့သူနဲ့တွဲနေရင် နင်တို့ပါ နာမည်ပျက်လိမ့်မယ် သိလား"

မြတ်ဦးတစ်ယောက်သည်လည်း ယောကျ်ားကြီးတန်မဲ့ ထိုသို့အပုပ်ချသတင်းစကားကို ဆိုလေ့ရှိပေ၏။

ထွေးခင်နှင့် မြတ်ဦးတို့၏ မဟုတ်မမှန်အပုပ်ချသတင်းစကားကို အချို့ကယုံကြည်သွားကြ၏။ အချို့ကား ယုံရခက်၊ မယုံရခက်။ ထိုသို့ လူ ပုဂ္ဂိုလ် အပုပ်ချယုံတင်မဟုတ်။

"သည်မှာသူကြီး "ကျားနီမ" က အရင်ရွာပြင်မှာနေတာမဟုတ်လား။ ခုထောင်ထွက်လာပြီးမှ ဘာလို့ရွာထဲလာနေတာလဲ။ လက်မခံပါနဲ့ဗျာ"

"ဟကောင်ရ ဒါသူ့မိဘအိမ်လေ. . သူနေချင်နေမယ်၊ မနေချင်မနေဘူးပေါ့။ ငါဘာသွားပြောလို့ ရမှာတုန်း"

"မဟုတ်သေးဘူး သူကြီးရဲ့။ သူ့အိမ်သူနေတာတော့ ဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါပေမဲ့ ရွာထဲမှာ လူစိမ်းတွေအဝင်အထွက်များတယ်၊ မိန်းမသား တစ်ယောက်ထဲနေတဲ့အိမ် လူစိမ်းယောက်ျားတွေဝင်ချည်ထွက်ချည် ဘာတွေမှန်းမသိဘူး။ ရွာနာတယ်သူကြီး”

ထိုသို့လည်း ရွာသူကြီးကိုပြောသည့်အပြင် ရွာတွင်းတာဝန်ကျ တောခေါင်းကြီးကိုလည်း . .

“သည်မယ် ကိုမောင်မောင်စိုး၊ တောတိရစ္ဆာန်တွေ မျိုးပြုန်းတော့ မယ်။ ခင်ဗျားဒီအတိုင်းကြည့်နေတော့မှာလား၊ သည်ကိစ္စ ခင်ဗျားတားရင် တား မတားရင် ကျုပ်မြို့တက်ပြီး ခင်ဗျားတို့တောအုပ်ကြီးကို တိုင်ရလိမ့် မယ်”

တောခေါင်းကြီးမောင်မောင်စိုးကို သိပ်သွေးထိုးပြောစရာမလို၊ တောခေါင်းကြီးမောင်မောင်စိုးသည် ဘာသာရေးလိုင်းလိုက်စားလေသူတစ် ယောက်ဖြစ်သည်ကြောင့် . .

“ကဲ ကျားနီမရေ ကျုပ်ကိုတော့ တိုင်တြတော်ကြပြီ ခင်ဗျားမှာ အမဲပစ်လိုင်စင်ရှိသလား၊ မရှိရင်တော့ သစ်တောသားငှက်တိရစ္ဆာန်ထိမ်း သိမ်းရေးဥပဒေအရ တားဆီးရလိမ့်မယ်။ ဒါကြောင့် အမဲပစ်ခွင့်လိုင်စင် လုပ်ပါ။ အဲဒီလိုင်စင်မရမချင်း အမဲသတ်ဖြတ်ရောင်းချခြင်း ခေတ္တဆိုင်း ထားစေချင်တယ်ဗျာ”

ပညာတတ်ပီပီ အလိမ္မာဖြင့် ကျားနီမကို တားဆီးပိတ်ပင်လိုက် တော့၏။

သည်တော့ ဘာဖြစ်တုန်း။ တချိန်ကတောကောင်သားဖျ



ပါပေါလောလောစားနေကြရရာမှ ယခုဈေးကြီးပေးဝယ်၍လည်း မရလေ တော့။ မြတ်ဦးစနက်ကြောင့် ကျားနီမတစ်ယောက် ထိုသို့ပိတ်ပင်တားဆီး ရခြင်း၊ အပုပ်ချပြောဆိုခံနေရခြင်းကို သူမ၏ မိတ်ဆွေများက သိလိုက် ကြသည်တွင်

“နို့ ဘာဖြစ်သေးလဲ ကျားနီမရယ်၊ နင်ဒါတွေမရောင်းရလို့ ဘာ ဖြစ်မသွားပါဘူး။ သူတို့တွေ မစားရရုံဘဲ ရှိမှာပေါ့ . . အေး နင့် တောင် ယာခင်းက ထွက်တဲ့သီးနှံတွေ လယ်ထဲကကောက်တဲ့စပါးတွေ ငါတို့ အကုန် ဝယ်ယူမယ်။ တခြားရွာတွေမှာ ရောင်းပေးမယ်။ သူတို့ကို လုံးဝ မရောင်းနဲ့ တော့ပေါ့။ နင်လဲ ဒီရွာမှာ မနေပါနဲ့တော့ဟာ။ နင်တစ်ယောက်ရဲ့ စားဝတ်နေရေး ငါတို့တာဝန်ယူနိုင်ပါတယ်။ ဒို့ရွာမှာ ပြောင်းနေဟုတ်လား”

မိတ်ဆွေမူဆိုးတို့၏ ကူညီရိုင်းပင်းလိုစိတ်ကို သူမ နားလည်သော် ငြား . .

“ဟအေးဟာ ငါ . . ငါ့အဖေ ငါ့အမေ ပြီးတော့ငါ့ရဲ့ချက်မြုပ်ရွာ သည်ရွာလေးကို ငါသံယောဇဉ်ရှိတယ်။ ပြီးတော့ ငါဟာ ငယ်ငယ်က ကျောင်းမနေခဲ့ရဘူး။ စာသင်ကျောင်းလဲ မရှိဘူးလေ။ ခုရှိတဲ့စာသင် ကျောင်းလေးကလဲ စုတ်စုတ်ချာချာရယ်။ စာသင်တဲ့ဆရာဆိုတာကလဲ ဒုက္ခသနာတော့ရှိပါရဲ့။ သူ့ရဲ့စားဝတ်နေရေးကြောင့် သူနေတဲ့မြို့ကနေ လာ ပြီးပြန်လှည့်ပါတယ်။ ဒါကြောင့် ငါ့ရွာမှာ ကျောင်းကောင်းကောင်းလေး ဆောက်ချင်တယ်။ စေတနာဆရာလေးနဲ့ စားဝတ်နေရေးလောက်လောက် ငနိုင်အောင် လုပ်ပေးချင်တယ်။ ဒါကြောင့်ပါဟယ်။ ငါ့အပေါ်သူတို့နား

www.burmeseclassic.com

www.burmeseclassic.com



သည်အောင် ကြိုးစားကြည့်ချင်သေးတယ်”

'ကျားနီမ' သည် သူဖြစ်လိုသည့်ဆန္ဒကို ဖွင့်ဟပြော၏။ ပြီ
နောက် ရွာလူကြီး ဦးဇာမဏီအား ဖွင့်ဟတိုင်ပင်ညှိနှိုင်းလေတော့၏။ ရွာ
လူကြီးက မည်သို့ပင်ကျားနီမအပေါ် နားလည်သော်ငြားမြတ်ဦးနှင့်ထွေး
တို့၏ အကြံပက်စက်လုပ်ကြံဖန်တီးဇာတ်လမ်းကို တရွာလုံးနီးနီးယုံကြည်
လက်ခံနေကြပြီဖြစ်၍ မည်သို့လုပ်ရမည်မသိ။ အကြံအိုက်နေလေတော့
သဖြင့် ကျွန်တော်အား စာရေးမှာလိုက်ခြင်းဖြစ်တော့၏။

"အဖြစ်ကတော့ အဲဒါပဲ ဆရာလေးရယ်။ ဘာဘဲဖြစ်ဖြစ် သူ
နှစ်ယောက်ထဲက တစ်ယောက်ကို အမဲပစ်လိုင်စင်ထုတ်ပေးသင့်တယ်
ကျွန်တော်သဘောပြောရရင် ကျားနီမကို ထုတ်ပေးသင့်တယ်ဗျာ။ ဒါမှ
ရွာသားတွေက ကျားနီမအပေါ် နားလည်မှု ပြန်ရှိလာမှာပေါ့"

ရွာလူကြီးဦးဇာမဏီနှင့်တွေ့ပြီး ကျားနီမ၏အကြောင်းကို ထ
နကာသိပြီးလိုက်သည်နှင့် ရွာတွင်းသို့ စနည်းနာထွက်ခဲ့၏။

"ဆရာကြီးရယ် သည်ကောင်မကြောင့် ကျွန်မတို့တွေ တော
ကောင်သားတွေ စားရဖို့မပြောနဲ့ မြင်ရဖို့တောင် မလွယ်ဘူး။ ကိုရင်မြတ်
ကြီးက အမဲပစ်ထွက်မယ်ဆိုတော့လဲ ဟိုကောင်မကြောင့် တောခေါင်းပြ
မောင်မောင်စိုးက အမဲပစ်ခွင့်ပိတ်ထားတယ်လေ။ ပြီးတော့ သူလယ်ထ
က ထွက်တဲ့သီးနှံစပါးတွေကို တခြားမှာသွားရောင်းတယ်။အမှန်ပြောရ
ကျွန်မတို့ရွာအတွက် ဖူဖူလုံလုံလောက်လောက် ရှိနေနိုင်တာ၊အဲဒီကော
ရဲ့ လယ်-ယာကထွက်တာချည်းပဲလေ။ ခုတော့ သည်ကောင်မက ရွာ



ဲတန်ပြီး အခြားရွာအားကိုးနေပြီဆိုတော့ရွာမှာဒုက္ခရောက်နေပြီလေ။
ရွာကထွက်တဲ့ မဖြစ်စလောက်သီးနှံစပါးတွေကို မျှစားနေကြရတယ်လေ။
ပြောချင်တော့ပါဘူး ဆရာကြီးရယ်. .

ရွာထဲမှ ထိုသို့စကားမျိုးချည်းကိုသာ ကြားရသဖြင့် 'ကျားနီမ'ကို
ကျွန်တော်စိတ်ခုသွားသည်။ သူမလုပ်ရပ်အများကြီးမှားနေချေပြီ။ မြတ်ဦး
နှင့် သူဖြစ်တဲ့ကိစ္စမြတ်ဦးနဲ့သာရှင်းပေါ့။ ဘာ့ကြောင့် ရွာဒုက္ခရောက်
အောင်လုပ်ရသလဲ၊ သို့ကြောင့် 'မီးလောင်ကုန်း'ရွာရောက်ကတည်းက
ကျားနီမထံမသွားသေး။ ရွာလူကြီးဦးဇာမဏီနှင့်တွေ့ပြီး ရွာထဲစနည်းနာ
ထွက်ပြီးလေမှ 'ကျားနီမ' ထံ သွားလိုက်သည်။

သူမနှင့်တွေ့သည့်အခါတွင် ရွာတွင်းမှ ကြားခဲ့ရသည့်စကားများ
ကို ပြန်ပြောမေးလိုက်သည်တွင် သူမသည် ယဲ့-ယဲ့-ပြုံးရီမောရင်း. .

"ဟင်း. . ဟင်း. . ဟင်း၊ မြတ်ဦးကတောခေါင်းကြီးမောင်မောင်စိုး
နဲ့ပေါင်းပြီး ငါ့ကိုအမဲပစ်ခွင့်လိုင်စင်မရှိလို့ဆိုပြီး အမဲလိုက်ခွင့်ပိတ်ထား
တယ်။ သည်တော့ ဘာဖြစ်လဲ၊ သူမှာလဲ အမဲပစ်ခွင့် လိုင်စင်မရှိတော့
သူလဲအမဲမပစ်ရတော့ဘူးပေါ့။ ငါ့ရဲ့သီးနှံ စပါးတွေကိုလဲ သူကမှ
အဆင့်ရောင်းမှ ရမယ်တဲ့လေ။ ဒါလူလည်ကျတာပဲ။ သူကိုယ်ကျိုးရှာဖို့
ငါ့ဆီကခေါင်းပုံဖြတ်ချင်တာ။ ဒါတော့ငါလက်မခံနိုင်ဘူး။ ဒါကြောင့်
တခြားမှာသွားရောင်းရတာပေါ့။ အဖြစ်မှန်ကိုမသိတဲ့ ရွာသူရွာသား
တွေက သူ့စကားယုံပြီး ငါ့ကိုအမြင်စောင်းနေကြတယ်။ ဦးကြီး ငါ့အပေါ်
နားလည်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျားနီမအကြောင်း ကျွန်တော်အသိဆုံးဖြစ်သည်။ စိတ်ကြမ်း
ကြမ်းထင်ရပေမင့် သူမနှလုံးသားနူးညံ့လှပါသည်။

"ကောင်းပြီလေ. . မြို့အုပ်မင်းနဲ့သွားတွေ့ပြီးဆွေးနွေးပေးပါမယ်
အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးပါ့မယ်။ ပြီးတော့ ဦးကြီးပေး
တဲ့ ခေသနတ်ဟာ လိုင်စင်ရှိပါတယ်။ မြို့အုပ်မင်းနဲ့တွေ့ရင် ကျားနီ
နာမည်ပြောင်းပေးခဲ့မယ်ဟုတ်လား။ ပြီးတော့ မြို့အုပ်မင်းကို အကူအ
တောင်းပြီး သစ်တောမင်းကြီးဆီက အမဲပစ်ခွင့်လိုင်စင်လဲ လုပ်ပေး
မယ်. . ."

"ဝမ်းသာလိုက်တာ ဦးကြီးရယ်။ လိုင်စင်ရရင် အမဲပစ်
ရပြီပေါ့"

ကျားနီမ လွန်စွာဝမ်းသာလွန်း၍ ထခုန်မတတ်ပျော်ရွှင်နေသ
ကို မြင်ရသည်။ ခုတော့လဲကလေးငယ်တစ်ယောက်လိုပါပဲလား။

သို့ကြောင့် ကျွန်တော်သည် ကျားနီမကို နှုတ်ဆက်၊ ရွာလူ
ထံပြန်သွားကာ ခေါ်ပြီးနှစ်ယောက်သား မြို့သို့တက်ခဲ့ကြတော့၏။ မြို့
မင်းနှင့်တွေ့ဆုံပြီး ကျားနီမနှင့်မြတ်ဦးတို့ ကိစ္စအဆင်ပြေချောမွေ့စေ
ဆွေးနွေးရန်ဖြစ်တော့၏။

"သူတို့နှစ်ယောက်က အမဲပစ်မုဆိုးတွေမဟုတ်လား။ ဒီ
လွယ်ပါတယ်ဗျာ။ ဘယ်သူက စွမ်းရည်အရှိဆုံးလဲ စစ်ဆေးပြီး ဆုံး
လိုက်ကြတာပေါ့"

မြို့အုပ်မင်းစကားက ရှင်းနေသည်။ သို့ကြောင့် ကျွန်တော်



သည် မြတ်ဦးနှင့် ကျားနီမတို့ စွမ်းရည်လုပ်ဆောင်နိုင်အားကို စစ်ဆေး
သတ်မှတ်အဆုံးအဖြတ်ပေးရန် 'မီးလောင်ကုန်း' ရွာသို့ ပြန်ခဲ့ကြတော့၏။
အမဲလိုက်ဝါသနာကြီးသော မြို့အုပ်မင်းလည်း တပါတည်း ပါလာခြင်း
ကြောင့် သူတို့နှစ်ယောက် မှန်ကန်သောဆုံးဖြတ်ချက်ကိုနာခံရန်သာရှိ
ကြတော့သည်။

ရွာသို့ပြန်ရောက်ခဲ့ကြပြီး နောက်တစ်နေ့တွင် မြတ်ဦးနှင့်
ကျားနီမကိုခေါ်ကာ အမဲပစ်လက်ရည်စမ်းပွဲကျင်းပရန် တောထဲဝင်ခဲ့ကြ
တော့၏။ "ညောင်မုတ်ဆိတ်" စခန်းရောက်သည့်အခါ ခေတ္တနားနေလိုက်
ကြသည်။ "ညောင်မုတ်ဆိတ်" စခန်းသည်နားနေအပန်းဖြေရန် အကောင်း
ဆုံးနေရာတစ်ခုဖြစ်သည်။ ညောင်မုတ်ဆိတ်ပင်ကြီးအောက်တွင် နားနေ
ကြပြီးနောက် မြတ်ဦး၊ တောခေါင်းကြီးမောင်မောင်စိုးနှင့် ကျွန်တော်သည်
ညောင်မုတ်ဆိတ်စခန်းခပ်လှမ်းလှမ်းရှိ လက်ဝဲဘက်တောင်စွယ်သို့ တက်
လိုက်ကြသလို ကျားနီမ ရွာလူကြီးဦးဇာမဏီနှင့် မြို့အုပ်မင်းတို့သည်
ကျွန်တော်တို့တက်လိုက်ကြသည့်တောင်စွယ်၏လက်ကျာဘက်တောင်စွယ်
ဘက်သို့ ထွက်သွားကြတော့၏။ ညနေမစောင်းခင် ဤညောင်မုတ်ဆိတ်
စခန်းတွင် ပြန်ဆုံကြရန်ဖြစ်သည်။

မြတ်ဦးကား ကျွန်တော်တို့ရှေ့မှ ကော့ကော့ . မော့မော့ဖြင့်
အလျင်စလိုသွားနေတော့၏။ သူ၏သွားဟန်လာဟန်ကြည့်ခြင်းအားဖြင့်
မုဆိုးကောင်းတယောက်မဟုတ်မှန်း ကျွန်တော်တွက်လိုက်မိသည်။

သားကောင်ခြေရာ တောက်တတ်ပုံလည်း မမြင်[illegible]တမ်း

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတစ်ယောက်အမဲပစ်ထွက်လာသည့်နှယ်ဖြစ်၏။ ထိုပုံစံဖြင့် ဆက်လျှောက်လို့ကတော့ မည်သည့်သားကောင်မျှ ရနိုင်ပုံမမြင်ချေ။ ကျွန်တော်သူ့အား မည်သို့မျှ မပြောဖြစ်ချေ။ အကဲဖြတ်လူကြီးတစ်ယောက်အနေနှင့်သာ တိတ်ဆိတ်စွာလိုက်ခဲ့တော့၏။ ၄၅ မိနစ်ခန့်လျှောက်ခဲ့ကြပြီးနောက် တဖက်တောင်ကြောဘက်မှနေ၍ သားကောင်တစ်ကောင်တောတိုးဆင်းလာသံကြားသဖြင့် လှမ်းကဲကြည့်လိုက်ကြသည်။

"ဟေး . . ဟေး . . ဟေး"

ကျားနီမတို့သွားသည့်တောင်ကြောဘက်မှ တောခြောက်ထုတ်လိုက်သောအသံဖြစ်သည်။ တဘက်မှ ခြောက်လှန့်မောင်းထုတ်လိုက်ခြင်းကြောင့်သားကောင်ငယ်သည်ကြောက်လန့်တကြားတောတိုးကာကျွန်တော်တို့ရှိရာ တောင်ကြောသို့ ပြေးလာခြင်းဖြစ်၏။

ကျွန်တော်တို့လှမ်းမြင်သာသည့် တောင်ခြေနေရာလေးတွင် ရပ်တန့်သွားသည်ကို တွေ့လိုက်ကြ၏။ ဆက်ပြေးမထွက်သွားဘဲ မည်သည့်အတွက်ကြောင့် ရပ်နားသွားပါလိမ့်၊ စဉ်းစားစရာတော့ဖြစ်ချေသည်။ တဖက်မှ မပစ်ခတ်လို၍ ခြောက်လှန့်ထုတ်လိုက်ခြင်းဖြစ်သည်ကြောင့် ဒဏ်ရာရလာပြီး လဲသွားခြင်းလည်း မဖြစ်နိုင်။ ထိုဖြစ်ရပ်ကို ကျွန်တော်တင်မဟုတ် မြတ်ဦးကပါ မြင်လိုက်သည်ကြောင့် . .

"ဟာ ဟုတ်ပြီ ကျားရွှေ့မှောက်ရက်လဲဆိုသလိုပဲ သားကောင်က ကိုယ့်[illegible]လာရောက်လေပြီပဲ" ဟုဆိုကာ ထိုသားကောင်ရှိရာသို့ [illegible]တူးကပ်သွားတော့၏။ သူနှင့်အတူ ကျွန်တော်နှင့်မောင်မောင်



ပါလိုက်ခဲ့ကြတော့၏။

ဟော တွေ့ရပါချေပြီ။ ချုံစပ်လေးနားတွင် တလှုပ်လှုပ်နှင့်သားကောင်ကို ထင်ထင်ရှားရှားမြင်ရပါချေပြီ။ ဒရယ်မကြီးဖြစ်၏။ ကျွန်တော်တို့ကို သားကောင်သည်လည်း လှမ်းတွေ့သွားဟန်တူသော်ငြား ဘယ်တွက်ပြေးမထွက်ပါလေသနည်း။ ထူးခြားသလိုရှိသဖြင့် 'ဒရယ်' ကောင်ကိုသေသေချာချာ စူးစိုက်ကြည့်မိသည်။

"ဟာ . ."

ကျွန်တော်အံ့လွန်အမင်း အံ့အားသင့်သွားသည်။ ကျွန်တော်တို့လူသားတွေကို မြင်လိုက်ရငြား သားရဲကောင်ငယ်ကား ပြေးထွက်မသွားနိုင်ပါချေ။ ကြီးမားသောဒုက္ခနှင့် ရင်ဆိုင်နေရခြင်းကြောင့်ပင် ဖြစ်တော့၏။ ပြေးလွှားရင်း ဝမ်းနှင့်လွယ်ပိုးထားရသည့်သားငယ်ထွက်ကျနေခြင်းကြောင့်ဖြစ်တော့၏။ ထိုမြင်ကွင်းကို အံ့သြတကြီးကြည့်နေစဉ်မှာပင် "ချောက်" ကနဲသေနတ်မောင်းတင်သံကြားလိုက်သဖြင့် ရုတ်ချည်း အသိတရားတစ်ခုဖျက်ကနဲဝင်လာသဖြင့် . . . ။

"မောင်မြတ်ဦး . . မပစ်နဲ့ . . မပစ်နဲ့ . . ဒရယ်မကြီး မီးဖွားနေတာမပစ်နဲ့ . ."

ကျွန်တော်မည်သို့မျှ တားဆီး၍မရလိုက်ပါ။ "ဒိန်း" ကနဲ ကျယ်လောင်သည့်ယမ်းပေါက်ကွဲသံသည် မြတ်ဦး၏လက်တွင်းရှိသေနတ်မှ ပေါ်ထွက်လာ၏။ ဒရယ်မကြီးသည်လည်း အနီးကပ်ပစ်ခံလိုက်ရသည့် ကျည်တွန်းကန်အားကြောင့် ရှိရင်းနေရာမှ လွင့်စင်ထွက်သွားကာ မြေကျသွား

www.burmeseclassic.com



တော့၏။ သူမမွေးထုတ်လိုက်သည့် ဒရယ်ကောင်ပေါက်လေးသည်လည်
မိခင်ဒရယ်မကြီးနှင့်အတူ သေဆုံးခဲ့ရတော့၏။ ထိုမြင်ကွင်းကြောင့် ကျွ
တော်အလွန်အမင်း စိတ်မကောင်းဖြစ်မိသည့်ကြောင့် မြတ်ဦးကို အပြ
တင်စကား ပြောလိုက်မိသည်။

"မင်းနွယ်ကွာ. . မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်ကို ငွတ်လု
လိုက်တယ်။ မုဆိုးတို့မည်သည်မှာ စည်းထားရတယ်ကွဲ့၊ ခုတော့ မင်းဟာ
တ မုဆိုးစည်းလဲဖောက်၊ သစ်တောဥပဒေကိုလဲ မလိုက်နာ။ ကြည့်စမ်း. .
တစ်ချက်တည်းနဲ့ အသက်နှစ်သက်ကို သတ်လိုက်တာပါပဲလား"

"အိုဗျာ. . ကျုပ်ရဲ့လာဘ်ဦးပယ်လို့ဘယ်ဖြစ်မလဲဗျ။ တနေကု
ဘာသားကောင်မှမရရင် ကျုပ် ကျားနီမကို ရှုံးပြီပေါ့။ အရှုံးမခံနိုင်ပါဘူ
ဗျာ. . ။ ကမ္ဘာမီးလောင်သားကောင်ချနင်းရမှာဘဲဗျ. ."

ကျွန်တော်သည်လိုလူမျိုးနှင့် ဆက်စကားမပြောချင်တော့သဖြ
တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူ့နောက်မှသာအလိုက်သင့် လိုက်ခဲ့ပေတော့
၏။ ထိုဒရယ်မကြီးမှလွဲ၍ မည်သည့်သားကောင်မျှမတွေ့ ပစ်ခတ်ခွင့်
မရတော့သဖြင့် ညောင်မုတ်ဆိတ်ပင်စခန်းသို့ ပြန်ခဲ့ကြတော့၏။

"ညောင်မုတ်ဆိတ်ပင်" စခန်းသို့ ရောက်ခဲ့ကြသည့်အခါတွ
ကျားနီမတို့အဖွဲ့ ပြန်ရောက်နှင့်နေကြသည်ကို တွေ့ရ၏။

ကျားနီမပစ်ခတ်ရရှိခဲ့သည်မှာ ဂျိုနှစ်ကောင်၊ မျောက်တစ်ကော
ဖြစ်၏။ သို့ကြောင့်. .

"ကျားနီမ ဘယ်ဆိုးလို့တုန်း။ ဂျိုနှစ်ကောင်၊ မျောက်တစ်ကော



ရပါကလား". . ဟုကျွန်တော်က သူမနှင့်တွေ့တွေ့ခြင်း ဂုဏ်ယူဝင့်ကြွား
ပြောလိုက်သည်တွင် မြို့အုပ်မင်းက ကျွန်တော့်အားပြုံး၍ကြည့်ရင်း

"ဒါတင်ဘယ်ဟုတ်သေးမလဲ၊ ကိုပိုက်ရယ် တောထဲမှာ မြွေပြောင်
ကြီးတစ်ကောင်ပစ်ခဲ့သေးတယ်။ နောက်နေ့မှ ရွာသားတွေကို သွားဖျက်
ခိုင်းရမယ်။ မြွေချိုကြီးလှမှလှဗျာ။ အဲဒါတော့ ကျုပ်ကိုပေးဖို့ ကျားနီမ
ဆီက တောင်းထားပြီဗျို့။ အံ့ရောဗျာ။ "ကျားနီမ" ကို ကျွန်တော် အဲဒီ
လောက်စွမ်းမယ်မထင်ဘူး။ မုဆိုးစည်းဆိုတာလဲ သူမှာရှိတယ်။ သွား
သွားခြင်း ဒရယ်မကြီးတစ်ကောင်တွေ့တယ်ဗျာ။ မီးဖွားတော့မဲ့ အကောင်
ကြီး၊ အဲဒါကိုသူက မပစ်ဘူး။ မောင်းထုတ်လိုက်တယ်။ ဒါနဲ့ ကျုပ်က
သူ့ဟာသူ မီးဖွားမဲ့ဥစ္စာရှိပါစေ၊ ဘာလို့ အခြေအနေပျက်အောင် မောင်း
ထုတ်ရတာလဲလို့ ပြောလိုက်တော့ မြေပြင်မှာရှိတဲ့ကျားခြေရာတွေကိုပြပြီး
"သူ ဒီမှာမီးဖွားရင် ကျားစာဖြစ်သွားမှာပေါ့။ သည်နားတစ်ဝိုက်မှာ ကျား
ရှိနေတယ်လေ။ ဒါကြောင့်မောင်းထုတ်လိုက်ရတာလို့ပြောပြီး ကျားခြေရာ
ကြည့်ခြင်းအားဖြင့် သည်ကျားဘယ်နေရာလောက်မှာ ရှိနိုင်မယ်. . ကယ်
အချိန်လောက်က သည်နားရောက်နေတာရယ်လို့ သင်ပြသေးဗျာ။ တကယ့်
မုဆိုးကောင်းပါပဲဗျာ။ ခင်ဗျားပြောတဲ့ အမဲပစ်လိုင်စင်ရအောင် ကြိုးစား
ပေးပါ့မယ်ဗျာ။ သွားလာရင်း သစ်တောသားငှက်တိရစ္ဆာန်ထိမ်းသိမ်းရေး
ဥပဒေတွေကိုလဲ ရှင်းပြသွားသေးသဗျ။ ဒါနဲ့ ခင်ဗျားလူ မြတ်ဦး၊ အဲ
တောင်တွေ ရခဲ့တုန်း. ."

ကျွန်တော်ကိုပြောရင်း မေးရင်း မြတ်ဦးထံသို့ မြို့အုပ်မင်း၏အ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရောက်သွားသည်နှင့် မြတ်ဦးတစ်ယောက် နေမတတ်ထိုင်မတတ်ဖြစ်သွားရတော့၏။

"ဟင် . ."

မြတ်ဦးထမ်းပိုးလာသည့် ဒရယ်ကောင်သေကြီးနှင့်လက်တွင်းစွဲကိုင်လာသည့် ဒရယ်ပေါက်သေလေးကို မြင်လိုက်သည်နှင့် မြို့အုပ်မင်းတစ်ယောက် အံ့သြထိတ်လန့်သွားတော့သည်။ ဒေါသအမျက်ထွက်သွားပုံလည်း ရ၏။

ဤတွင် ကျွန်တော်ဇာတ်လမ်းအဆုံးသတ်၍ ရပေပြီ။ 'ကျားနိမ့်'နှင့်မြတ်ဦးတို့၏ စွမ်းရည်ပြိုင်ပွဲရှင်းရှင်းလင်းလင်း အဖြေထွက်သွားလေပြီဖြစ်သည်။

ထိုထိုက်

(၂-၁၁-၉၈)

# ရယူထိုက်သော သင်ခန်းစာ



www.burmeseclassic.com

www.burmeseclassic.com



# “ရယူထိုက်သောသင်ခန်းစာ”

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ မင်းသူတစ်ယောက်အိပ်မပျော်နိုင်သေး။ အတွေးနယ်ချဲ့နေမိသည်။ သည်အချိန်ဆိုလျှင် သမီးလေးဂျူနီယာမင်းသူတစ်ယောက် သူ့ကိုတမ်းတကာငိုနေပေရော့မည်။ မဒမ်မင်းသူက စိတ်ရှည်လက်ရှည်ချော့လေမည်လား။ အငိုမတိတ်မချင်း ရိုက်နှက်နေလေမည်လား။ ဒေါသကိုရှေ့ထားကာ စိတ်ဆိုး၍ ထွက်လာခဲ့သည့်အမှားပင်ဖြစ်သည်တု့ သူတွေးလိုက်မိတိုင်း စိတ်မချမ်းမြေ့ရရှာပေ။ ဘာလိုလို့နှင့် မိန်းမနှင့်ကလေးကိုခွဲခဲ့ရသည်မှာ သုံးရက်နှင့်နှစ်ညပင်ရှိချေပြီ။ အိမ်ပြန်ချင်၍ ချက်ချင်းထပြန်ရန်လည်းမဖြစ်တော့သည့်အနေအခြေရောက်နေပြီပဲ။

မိတ်ဆွေဖြစ်သူ မုဆိုးလင်းမြင့်လှိုင်၊ ကိုပိုက်တို့နှင့် ပဲခူးရိုးမတောထဲ လိုက်ခဲ့မိခြင်းသည် သူ့အတွက် မဟာအမှားကြီးတစ်ခုဟု ယခုမှတွက်ဆမိလိုက်သည်။

‘ကိုမင်းသူ ဟုတ်မှလဲလုပ်ပါဗျာ၊ ကျွန်တော်တို့ကအမဲလိုက်ထွက်ရင် အနည်းကလေးတစ်ပတ်လောက်ကြာတယ်ဗျ။ မလိုက်ပါနဲ့ဗျာ။ မခေါ်ချင်လို့မဟုတ်ဘူး၊ ခင်ဗျားကမိန်းမနဲ့စိတ်ဆိုးပြီးထွက်လာတဲ့သူ၊ အိမ်ကလဲ ခင်ဗျားဘယ်သွားလို့သွားမှန်းသိမှာမဟုတ်ဘူး၊ လင်နဲ့မယားဆိုတာ သည်လိုပဲပေါ့ဗျာ။ ပျော်နဲ့သွားပါ၊ စိတ်လိုက်မာန်ပါမလုပ်မိဖို့သာအဓိကပါ”



ကိုပိုက်က သူ့ကိုပြောလာသေးသည်။ သည်တုန်းက သူသည် သွေးပူနေသည်ဖြစ်၍

“ကိစ္စမရှိဘူး ရတယ်၊ နောင်ကြဉ်အောင်ထားရင်း ကျွန်တော်လဲ အမဲလိုက်ချင်လို့ပါ၊ အမဲလိုက်ကပြန်တော့ အိမ်ပြန်မှာပေါ့” လို့ပြောကာ အတင်းထွက်လိုက်ခဲ့ခြင်းဖြစ်သည်။

သည်လိုနှင့် တောကြီးမျက်မည်းတွင်းသို့ ပထမဦးဆုံးအကြိမ်ရောက်ဖူးခြင်းဖြစ်တော့သည်။

သူတို့စခန်းတဲ၏ရှေ့တောင်ကြောပေါ်မှ တစ်ချက်တစ်ချက်ပေါ်ထွက်လာသည့် တောထိရှူးခုန်တစ်ကောင်၏ အော်သံမှလွဲ၍ မည်သည့်အသံမျှကြားရခြင်းမရှိ။ သို့သော် တစ်ချက်တစ်ချက် လူညည်းသံကိုကြားသည်တွင် သူကျောထဲစိမ့်ကနဲဖြစ်သွားမိ၏။ လူမဟာညည်းသံကဲ့သို့ဖြစ်၍ ဟုတ်မှဟုတ်ပါလေစ သေသေချာချာနားစွင့်ထားလိုက်ပြန်သည်။ ဟုတ်ပ လူညည်းသံမှ လူညည်းသံစစ်စစ်ဖြစ်သည်။ သည်တော့ကာ သူ့တွင် ကြောက်စိတ်များဝင်လာတော့သည်။ ကိုပိုက်နှင့်လင်းမြင့်လှိုင်ကိုနှိုး၍ ပြောရမည်မှာလည်းအခက်၊ ယောကျ်ားသားကြီးတစ်ယောက်ဖြစ်ပြီး ကြောက်အားပိုလိုက်တာဟုပြောခံရမည်ကိုလည်း ရှက်သည်ကြောင့် ဆောင်ကိုခေါင်းမြီးခြုံလိုက်သည်ဆိုပြား၊ ကြောက်ပင်ကြောက်နေသော်ငြား၊ နားကိုတော့စွင့်ထားလိုက်သည်။ လူညည်းသံကား ကြားနေဆဲပင် ဖောဖွေးဖွှောင်ပြန်နေချေသည်။ ထိုသည်ကြား -

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ရုတ်တရက်ကြားလိုက်ရသည့်အသံကျယ်ကြီးကြောင့် တုန်၍ပင် သွား၏။ တဲနံဘေးမှ သစ်ပင်ကြီးတစ်ပင်လဲပြိုသွားလေသည်လား။ သို့ ကြောင့် ခေါင်းမြီးခြုံထားသည့်စောင်ကို အသာလှပ်ကြည့်လိုက်သည်။ မရှိ တရဲပေါ့။ တဲပတ်ဝန်းကျင်တွင် မည်သည့်သစ်ပင်မျှ လဲပြိုခြင်းမရှိချေ မှတ်မှတ်ရရ သူတို့တဲနဘေးတွင် ကြီးကြီးမားမားအပင်ရယ်လို့ တစ်ပိုင် တစ်စမီးလောင်ခံထားရသည့် ကျွန်းပင်ကြီးသာရှိခြင်းဖြစ်သည်။ ထိုကျွန်း ပင်ကြီးသည်လည်း ထီးတည်းရှိနေ၏။ ဘာဖြစ်တာပါလိမ့် ထိုကျွန်းပင်ကြီး ကို သက်ာမကင်းဖြစ်မိသည်ကြောင့် စေ့စေ့ကြည့်နေမိသည်။ ထိုကျွန်းပင် ကြီးကား လဲပြိုကျဖို့နေနေသာသာ သစ်ရွက်ကလေးမျှပင် လှုပ်ရှားနေခြင်း မရှိချေ။ ပကတိငြိမ်သက်နေ၏။ သူသည် ထိုကျွန်းပင်ကြီးကို စေ့စေ့ကြည့် နေဆဲမှာပင် လူသံများလိုလို ဗျားအုပ်ကြီးပုံ့သန်းလာသံမျိုးလိုလို တုံးခေါ သံလိုလို မသဲမကွဲကြားလိုက်သည်ကြောင့် သူ့စိတ်က ထင်နေတာပါရ လို့ အားတင်းကာ နားစွင့်ထားလိုက်ပြန်သည်။

တဒင်္ဂတော့ ငြိမ်သက်နေ၏။ ပြီးမှ ကျွန်းပင်ကြီးထံမှ လူသံ လိုလိုသဲ့သဲ့ကြားရပြန်သည်။ အတော်ကလေးကြောက်သွားမိသည်။ ကိုယ်လုံးဖောချွေးတို့ပြန်နေဆဲဖြစ်သည်။

ဘယ်လိုမှလည်း အိပ်၍ပျော်တော့မည်မဟုတ်။ တစ်ည သည့်လိုချည်းနေသွားရမည်ဆိုမလွယ်။ သည်တော့ သူ့အားအသည်း



သူ၊ ကြောက်တတ်သူဟုထင်ချင်သာထင်ကြပါစေရယ်လို့ဆုံးဖြတ်လိုက်ပြီး နဘေးတွင်အိပ်ပျော်နေသည့် မုဆိုးလင်းမြင့်လှိုင်ကို လှုပ်ခါနိုးလိုက်သည်။ တောမုဆိုးပီသသော'လင်းမြင့်လှိုင်'သည် ဆတ်ခနဲတစ်ချက်လှုပ်သွားပြီး ကဗျာကသီထထိုင်လိုက်သည်ဆိုသည်နှင့် သူ၏လက်စွဲတော် သေနတ်ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်သည် အရန်သင့်မောင်းတင်ပြီးဖြစ်နေ၏။

လင်းမြင့်လှိုင်သည် ဆတ်ခနဲထထိုင်လိုက်သည်ကြောင့်ဝါးကြမ်း ခင်းလှုပ်သွားရသည်ဖြစ်၍ အအိပ်ဆတ်သောကျွန်တော်သည်လည်း နိုး လာရတော့၏။

"ဘာဖြစ်လို့တုန်း ကိုမင်းသူဘာဖြစ်လို့လဲ" လင်းမြင့်လှိုင်က အေးဆေးတည်ငြိမ်စွာမေးလိုက်သည်တွင် မင်းသူသည် အိပ်မပျော်ဘဲ ကြားနေရသည့်အသံများအကြောင်းကို ပြောလာသည်ဖြစ်၍ ကျွန်တော် သည်လည်း အကြောင်းစုံကိုသိရတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူပြောသည့် ကျွန်းပင်ကြီးကို လှမ်းကြည့်လိုက်ကြသည်။ နားစွင့်လိုက်ကြသည်။ သူပြောသည့်အသံများ ကြားရသည်။ ထို့ကြောင့် တောအတွေ့အကြုံများရှိပြီးသူတွေဖြစ်၍ အသံ ကြားရုံဖြင့် သဘောပေါက်နားလည်သိသွားသည်ကြောင့် နှစ်ယောက်သား မင်းသူကိုကြည့်၍ပြုံးလိုက်ကြသည်။

"ဘာမှမဟုတ်ပါဘူးကိုမင်းသူရယ် ကဲကဲ ခင်ဗျားတရေးလောက် တော့ရအောင်အိပ်လိုက်ပါဦး ဘာမှတွေးကြောက်မနေနဲ့နော်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ "ကိုလင်း"က မအိပ်ဘဲစောင့်ပေးပါမယ်။ ခင်များသာ အိပ်ပျော်အောင် အိပ်လိုက်ပါ။ ခင်ဗျားကိုမအိပ်နိုင်အောင် ဒုက္ခပေးတဲ့အဲဒီအကောင်တွေကို မနက်ကျ ကျွန်တော်တို့ရှင်းပစ်လိုက်ပါ့မယ်။ ကဲ ကဲ အိပ်တော့နော်"ဟု ပြောကာ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲရှေ့ရှိ ထင်းမီးခဲများပေါ်သို့ ထင်းခြောက်တုံးများကိုတင်ကာ မီးမွှေးလိုက်သည်။ တစ်ခဏအကြာတွင် ထင်းမီးအရှိန်ကြောင့် အနွေးဓာတ်များရလိုက်ကြသည်။

မင်းသူသည် ကျွန်တော်တို့နှစ်ယောက်နိုးနေခြင်းကိုသိသဖြင့် ကြောက်စိတ်များမရှိတော့သည်ကြောင့် ခဏအကြာတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့၏။ သည်တော့မှ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူနံဘေးတစ်ဖက်တစ်ချက်တွင် ဝင်အိပ်လိုက်ကြသည်။

နံနက်မိုးသောက်အလင်းရောက်သည့်အခါတွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မင်းသူကိုခေါ်၍ ကျွန်းပင်ကြီးခြေရင်းသို့သွားလိုက်ကြသည်။ ပြီးနောက် ကျွန်းပင်ကြီး၏ပင်စည်ကိုနားဖြင့်ကပ်၍ ကြည့်လိုက်သည်။ တစီစီရယ်လို့ မသဲမကွဲအသံများကြားရသဖြင့် ကျွန်တော်တို့နှစ်ယောက်ထင်ထားသည့်အတိုင်း မလွဲမသွေဖြစ်နေသည်ကြောင့် မင်းသူကလည်း ပင်စည်လုံးပတ်ကို နားဖြင့်ကပ်နေခိုင်းလိုက်သည်။ မင်းသူတယောက် အံ့မခန်းဖြစ်သွားတော့၏။

"ဒါဘာသဘောလဲကိုပိုက် နာနာဘာဝကောင်တွေအောင်နေတာလား။ ဒါဖြင့် ဒီအပင်ကြီးက သစ်ခြောက်ပင်ကြီးပေါ့" ရယ်လို့ ပြောသည်



တုန်ယင်စွာမြင့်မေး၏။

"ကဲ ကိုလင်း သူကိုလက်တွေ့ပြပြောလိုက်ပါဗျာ" သည်တော့ လင်းမြင့်လှိုင်သည် ကျွန်းပင်အမြစ်ခြေရင်းဝိုင်းတွင်ရှိနေသည့် မီးလောင်ခြင်းခံထားရသဖြင့် အခေါင်းပေါက်ဖြစ်နေသည့်ထိပ်ဝတွင် မီးဖိုလိုက်ကာ အမှိုက်သရိုက်များကိုထည့်၍ မီးခိုးရိုက်လိုက်သည်။ အရွက်အစိုများ ကိုင်းအစိုများဖြစ်သည်ကြောင့် မီးတောက်ဖြစ်မလာဘဲ မီးခိုးများသည် လုံးထွေးကာ သစ်ခေါင်းတွင်းဝင်သွားသည်။ တစ်ခဏအကြာတွင် မီးခိုးများမွန်ခြင်း၊ မီးတောက်အရှိန်ကြောင့် ပူလောင်ခြင်းဒဏ်တို့ကိုမခံနိုင်၍ သစ်ခေါင်းအတွင်းရှိ မည်းမည်းအကောင်များ တဖုတ်ဖုတ်ပြုတ်ကျလာတော့၏။ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုမည်းမည်းအကောင်များကို သစ်ကိုင်းတုတ်ကြီးကြီးဖြင့် တဖတ်ဖတ်ရိုက်လိုက်ပြန်သည်။ မင်းသူကား ကျွန်တော်နှင့်လင်းမြင့်လှိုင်တို့၏လုပ်ရပ်ကို တအံ့တဩကြည့်နေတော့၏။

"တဲ ကိုမင်းသူ အညမနက်အတွက် လင်းနို့သားဟင်းချက်စားကြတာပေါ့ဗျာ"

"သည်ညခင်ဗျားကို ဒုက္ခပေးတဲ့နာနာဘာဝကောင်တွေ ရှိတော့တာမဟုတ်လို့ ခင်ဗျားကောင်းကောင်းအိပ်ပျော်တော့မှာပါ"

ကျွန်တော်တို့နှစ်ယောက်စကားကြောင့် တောတောင်အတွေ့အကြုံ တစ်ခါဖူးမျှမရှိခဲ့သောမင်းသူသည် ရှက်ပြုံးကိုသာပြုံး၍ နေလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သစ်ခေါင်းထိပ်မှပြုတ်ထ လာသည့်လင်းနို့များကို ရိုက်သတ်နေဆဲမှာပင် လွန်စွာမှကြီးမားလှသေ မည်းမည်းသဏ္ဌာန်အကောင်ကြီးတစ်ကောင်သည် ဖုတ်ခနဲပြုတ်ကျလာ လုပ်လီလုပ်လဲ့ဖြင့် ကျွန်တော်တို့နှစ်ယောက်ကြားမှ တိုးဝှေ့ပြေးထွက်သွား သည့်ကြောင့် ရုတ်တရက်ကြောင်နေကြပြီး ချက်ချင်းသတိပြန်ဝင်လာ သည်ဖြစ်၍ 'ကိုလင်း လိုက်လိုက် သင်းခွေချပ်ဗျ သင်းခွေချပ်' ဟု ပြေ ပြောဆိုဆို လက်တွင်းမှတုတ်ပိုင်းဖြင့်လိုက်ရိုက်ရပြန်သည်။

ကျွန်တော်တို့အင်မတန်ကံကောင်းကြပါသည်။ ကျွန်းပင်သ ခေါင်းအတွင်းမှလင်းနို့များအပြင် သင်းခွေချပ်တစ်ကောင်ပင်ရလိုက်ပြ ပြန်သည်။

နေ့လယ်ခင်းပိုင်းလောက်တွင် ကျွန်တော်တို့ သုံးယောက်အ ပစ်ထွက်ခဲ့ကြသည်။ ထိုသို့ထွက်လာကြရင်း သုံးဖာလုံလောက်ရောက် ကြသည်တွင် မျောက်မျိုးရှည်အစ်အုပ်ကိုတွေ့လိုက်သည်။ ဆူဆူညံညံ တစ်ကိုင်းမှတစ်ကိုင်း တစ်ပင်မှတစ်ပင် ကူးလူးခုန်ပေါက် ဆော့ကစ နေကြ၏။ အရွယ်အစားအမျိုးမျိုး ဖြစ်၏။

'မျောက်ညိုကြီးတွေဗျ--စားကောင်းတယ်၊ ကိုမင်းသူလဲ စား တယ်ရှိအောင် တစ်ကောင်လောက်ပစ်ချဗျာကိုလင်း"

"အေးဗျ မျောက်သွေးမသောက်ရတာလဲကြာပြီ"

ပြောပြောဆိုဆို လင်းမြင့်လှိုင်သည် အကောင်ကြီးကြီး တ



ကောင်ကို ရွေးပစ်လိုက်သည်။

"ဒိုန်း"

ပြင်းထန်သောသေနတ်သံအားပေါက်ကွဲသံကြောင့် ဆူညံစွာ ခုန် ပေါက်ကျော်လွှားနေကြသည့်မျောက်များသည် ပို၍ဆူညံသွားကြကာ ပြေး သွားခုန်လွှား ထွက်ပြေးသွားကြတော့၏။

တဒင်္ဂအကြာတွင် မျောက်ရယ်လို့တစ်ကောင်မျှမရှိကြတော့ ချေ။ တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

လင်းမြင့်လှိုင်ပစ်လိုက်သောမျောက်သည် ထိုအပင်အောက်သို့ ကျသွားပုံရသည်။ သို့ကြောင့် ကျွန်တော်တို့သည် ထိုအပင်ရှိရာသို့သွား လိုက်ကြသည်။ ထိုအပင်အောက်တွင် မျောက်ကိုမတွေ့၊ အပင်၏ တစ်ဖက်တွင် ချောင်းစောက်ကလေးရှိနေသည်ဖြစ်၍ ထိုချောင်းစောက် ထဲသို့ကပ်သွားကာ အောက်အနိမ့်ချိုင့်ကလေးသို့ လှမ်းကြည့်လိုက်သည်။

တွေ့ပါပြီ သို့သော်ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရသည်။ လင်းမြင့် လှိုင်ပစ်ချလိုက်သောမျောက်သည်သေနတ်ဒဏ်ရာကြောင့်ဆန့်ငင်ဆန့်ငင် ဖြစ်နေရှာသည်။ အသက်မထွက်သေးချေ။ ထိုဒဏ်ရာရရှိထားသော မျောက်ကိုအခြားမျောက်တစ်ကောင်ကတရွတ်တိုက်ဆွဲယူသွားရန်ကြိုးစား နေ၏။ ထိုမျောက်၏ရင်ခွင်တွင်း မျောက်သားပေါက်လေးတစ်ကောင် ကော်တွယ်လျက်ရှိနေ၏။ လွန်စွာမှကြောက်ရွံ့ထိတ်လန့်နေဟန်လည်းရှိ၏။ မျက်ကွင်းကိုကြည့်ခြင်းအားဖြင့် မျောက်မိသားတစ်စုဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရမျောက်ကိုဆွဲယူသွားရန် ကြိုးပမ်းနေသည့်မျောက် သည် ကျွန်တော်တို့ကိုမြင်သည်နှင့် ထွက်ပြေးသွားခြင်းမရှိဘဲ မျက်နှာငေ လေးဖြင့် မောကြည့်နေလေတော့၏။ သူ့ရင်ခွင်တွင်းမှ မျောက်သားပေါ် ကလေးသည် ငယ်သံပါအောင်အော်တစ်ရင်းမိခင်မျောက်မကြီးကိုအတင် တွယ်ကပ်ဖက်တွယ်လိုက် ကျွန်တော်တို့ကိုကြည့်လိုက် ဒဏ်ရာရ မျော ကြီးကိုကြည့်လိုက်ဖြစ်၏။

ထိုမြင်ကွင်းသည် ကျွန်တော့်နှလုံးသားကို ဆုပ်ခြေမွလိုက်သ ခံစားရ၏။ ကျွန်တော်တို့အမှားကြီးမှားခဲ့ကြပြီဖြစ်သည်။

လူသားတိုင်းမဟုတ် အဟိတ်တိရစ္ဆာန်များပင် သံယောဇဉ်ကြ ရှိကြသည်ပဲ။

ကြည့်နေဆဲထိုမြင်ကွင်းကြားမှပင် ဒဏ်ရာရမျောက်ကြီးသ ငြိမ်သက်သွားတော့၏။ မျောက်ကြီးသေဆုံးသွားချေပြီ။

မျောက်မနှင့်မျောက်သားပေါက်လေးကား ကျွန်တော်တို့ကို ငေ ဝေစိုက်ကြည့်နေဆဲဖြစ်သည်။

လင်းမြင့်လှိုင်သည် မျောက်ကြီးလည်းသေသွားပြီဖြစ်၍ မျောက်မသားအမိတို ခြောက်လှန့်သည့်သဘော သေနတ်ဖြင့် ရုတ်တ ထိုးချိန်လိုက်သည်။ မျောက်မကြီးကား ထွက်ပြေးမသွား။ သည်တော့ ခေါ် မှဆောင်၍ပစ်လိုက်သည်။

"ဒွိန်း"



သေနတ်သံကြောင့် ကြောက်ရွံ့ထိတ်လန့်သွားသည့် မျောက် သားပေါက်လေးသည် မိခင်ရင်ကြား ခေါင်းကိုဝှက်ကာ ငယ်သံပါအောင် အော်နေသော်ငြား မျောက်မကြီးသည် ပြေးလွှားထွက်ပြေးသွားခြင်းမရှိဘဲ သေဆုံးနေပြီဖြစ်သော မျောက်ကြီးကို လက်တစ်ဖက်ဖြင့် လှမ်းလှမ်းဆွဲယူ ရင်း ကျွန်တော်တို့ကို စိုက်ကြည့်နေလေတော့၏။

ကျွန်တော်တို့သည် စိတ်မချမ်းမြေ့စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသာအယာခေါင်းကိုခါယမ်းလိုက်ကြပြီး စခန်း တဲရှိရာသို့ ဖြည်းလေးသောခြေလှမ်းများဖြင့် ပြန်ခဲ့ကြတော့၏။

ထိုမျောက်သားအမိသည် မျောက်သေကြီးအနားတွင် အစာရေ စာ အငတ်ခံကာ ဘယ်လောက်ကြာကြာနေ. . နေကြဦးမည်မသိပါချေ။ အဟိတ်တိရစ္ဆာန်ပင်ဖြစ်သော်ငြား သံယောဇဉ်ကြီးမားသော မျောက်သား အမိ၏ဖြစ်အင်ကိုကြည့်ပြီး မင်းသူတစ်ယောက် မိန်းမနှင့်သမီးအပေါ် သံ ယောဇဉ်ကြီးမားစွာထားရမည်မှန်း နောင်တတရားတွေ့ရမိကြောင်း လာ လမ်းတစ်လျှောက် တတွတ်တွတ်ဖြင့် စုတ်သပ်ပြောနေလေတော့သည်။

သူ့အတွက် မျောက်သားအမိကပေးသောသင်ခန်းစာပင်ဖြစ် တော့သည်။

ကိုပိုက်

(ခေတ်သစ်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၉၈ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com

# အစွဲ





## "အစွဲ"

မိုးကုန်စ၊ ဆောင်းကာလအစဖြစ်သည်ကြောင့် ဥက္ကံချောင်းသည် ရေများရှိနေသေး၏။

သည်လမ်းခရီးကိုအချိန်ကာလမှန်းဆ၍လာခဲ့ကြခြင်းဖြစ်သည်။ မိုးမပြတ်သေး၍လည်းမဖြစ်။ သွားရေးလာရေး မိုးစိုရွှဲရွှဲနှင့် ဒုက္ခရောက်မည် တို့လည်းစိုးရသေး၏။ ကျန်းမာရေးကအစ တွက်ရသေး၏။ သို့ပေမယ့် သည်း ချောင်းအိုင်အတွင်းရေရှိနေဦးမှဖြစ်သည်ကြောင့် မိုးပါးပြီး ယခုလို မိုးကုန်စ ဆောင်းအကူး ကာလလေးတွင် ခရီးထွက်ခဲ့ကြခြင်းဖြစ်၏။

၂ ရက်ခရီးခန့်ကြာသည့်အခါတွင် စဥ့်အိုး၊ ကျောက်ကုတင်သို့ ဝင် ရောက်လုနီးပေပြီ ထိုနေရာတွင်တစ်ရက်စခန်းချနားပြီးနောက်တစ်နေ့ နံနက်စောစောခရီးထွက်ကြမည်ဆိုပါလျှင် နေမွန်းလွဲလောက်"မိကျောင်း" ချောင်းသို့ ရောက်ကြပေမည်။

"တကယ်ပြောတာကို ဘသောင်းရဲ့။ ကျုပ်တို့လေးတွေ ဝါးခုတ် ဆက်ရင်း မျက်စိနဲ့ တပ်အပ်မြင်ခဲ့ကြတာဗျ"

သွားရင်းလာရင်း လမ်းပြကြီးစောအောင်ဝင်းက ကွမ်းတမြုံ့မြုံ့

www.burmeseclassic.com



ကွမ်းတံတွေး တပြစ်ပြစ်ထွေးရင်းပြော၏။

"ကျုပ်တော့ လိုက်သာလာခဲ့ရတယ်၊ ဖြစ်နိုင်လိမ့်မယ် မထင်ပါဘူးဗျာ"

"ဖြစ်နိုင်ချေလဲရှိပါတယ်၊ မြစ်ရေတက်ရင် ချောင်းရေတက်တာပေါ့။ ဒီရေတက်နဲ့ မျက်စိလည်လမ်းမှား ရောက်လာနိုင်တာ မဖြစ်ပေဘူးလား။ ခင်ဗျားလဲ ကြားဖူးမှာပေါ့။ တစ်ရံတစ်ခါ ဝေလငါးကြီးတွေတောင်လမ်းမှားပြီး ကမ်းခြေတွေနား ရောက်လာတတ်ကြသေးတာပဲ. . ဟဲ. . ဟဲ ဒီတော့မြစ်နဲ့ဘာမှမဝေးတဲ့ဥက္ကံချောင်းကြီးထဲ"မိကျောင်း" တွေ့တွေ့တယ်ဆိုတာ ဖြစ်နိုင်တာပေါ့ဗျာ" ရယ်လို့ ခရီးပမ်း၍ စိတ်ပျက်အားလျော့နေသည့် ဦးမင်းသူအား စောအောင်ဝင်းက ပြော၏။

"အင်းပေါ့လေ၊ ဖွတ်မရ ဓားမဆုံးကိန်းတော့ မရှိပါဘူး မိကျောင်းမရ၊ မျောက်ပစ်ပြန်ရတာပေါ့၊ မိကျောင်းချောင်းဖျားမှာ မျောက်တအားပေါတယ်လို့ သူကြီးဦးဖိုးစိန်ကပြောတာပဲ"

ဦးမင်းသူက ပြောလိုက်သည်တွင် စောအောင်ဝင်းက ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်ပြီး -

"တောမုဆိုးဆိုတာ သားကောင်မရဘဲ ရွာပြန်ရိုးထုံးစံမရှိဘူး အနည်းလေး ဖွတ်၊ ဒါမှမဟုတ် တောကြက်ကလေး၊ ရစ်ကလေးတော့ ရွာအပြန်အပါရှာခဲ့ကြတာပဲ၊ ဟုတ်တယ်မဟုတ်လား ဦးဘသောင်း ဟဲ. . ဟဲ"

ရယ်သွမ်းသွေး၍ ဦးဘသောင်းကို မသိမသာလေး မြှောက်ပင့်၍ပြောလိုက်သည်။

သို့ဖြင့် စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာ နေ့လယ်ခင်းလောက်တွင် စဉ့်အိုးသို့ ရောက်ခဲ့ကြတော့၏။ စဉ့်အိုးစခန်းတွင် ခေတ္တနားနေ၊ ဆေးလိပ်သောက်၊ ကွမ်းဝါးရင်း အပမ်းဖြေလိုက်သည်။ ကွမ်းတစ်ရာညက်လောက်တွင် ထိုနေရာမှ ဘာမျှမဝေးတော့သည့် ကျောက်ကုတင်စခန်းသို့ ခရီးဆက်ခဲ့ကြပြန်သည်။

ထိုမှ တစ်ဖန်ကျောက်ကုတင် စခန်းသို့ ရောက်ခဲ့ကြသည်တွင် တစ်ညတာ နားနေစခန်းအလို့ငှာ အရံသင့်ရှိနေသည့် ဝါးခုတ်တဲဟောင်းတခုကိုပြုပြင်မွမ်းမံလိုက်ကြ၏။ ဆောင်းကာလစောပိုင်းဖြစ်သော်ငြားမိုးတွင်းလိုပင် စိုစိုစွတ်စွတ်ဖြစ်နေသေး၏။ သို့ကြောင့် မခြောက်တခြောက်ထင်းများကောက်၍ ခက်ခက်ခဲခဲ မီးဖိုလိုက်ကြသည်။

ညစာအလို့ငှာ သွားရင်းလာရင်း ပစ်ခတ်ရရှိထားသည့် တောကြက်တစ်ကောင်နှင့် ဖွတ်သေးသေးလေးတစ်ကောင်ကို မီးကင်လိုက်ပြီး ကင်းပတီးတော့ချဉ်သုပ်ကြီး ဦးဖိုးစိန်ပေးလိုက်သည့် ထန်းလျက်အရက်ဖြင့် စကားစမြည်ပြောရင်း မြည်းစားနေလိုက်ကြတော့သည်။

ဤလမ်းခရီးကို ရောက်လာခဲ့ကြခြင်းသည် လမ်းပြကြီး စောအောင်ဝင်းကြောင့်ဖြစ်တော့၏။ သူ၏တူကလေးနှစ်ယောက် ဝါးခုတ်သွားရင်း မိကျောင်းချောင်းတွင် "မိကျောင်း" တွေ့ခဲ့သည်ပြော၍ မုဆိုးဦးဘသောင်းကို ပြောပြရလေသည်။ သည်တော့ဦးဘသောင်းကလည်း သူမိတ်ဆွေ ဦးမင်းသူကိုခေါ်၍ မိကျောင်းပစ်ရန် ခရီးထွက်လာခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေတော့သည်။

တောင်ပေါ် မိကျောင်းတက်သည်ကို တစ်ခါမျှ မကြားဖူးသည်ပဲ၊ အံ့ဩစရာပေ့။ အသေအချာ ပြောပြနေပြန်သဖြင့် စူးစမ်းလိုခြင်း၊ တောတိရစ္ဆာန်များသာ ပစ်ခတ်နေရသည်ဖြစ်၍ ရေဘုရင်ဟု ခေါ်နိုင်သောက်သည့် မိကျောင်းကိုလည်း ဘာရယ်မဟုတ် ပစ်ခတ်လိုစိတ်များ သူတို့တွင် ဖြစ်ကြသည်ကိုး။ သို့ကြောင့် ယခုကဲ့သို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ခရီးပမ်းလာကြသည်ဖြစ်၍ ပေလား၊ ဖွတ်သားကြောင့်ပင်လား။ သို့မဟုတ် သူကြီးဦးဖိုးစိန်ရဲ့ ထန်းလျက်အရက်ကပဲ အစွမ်းသတ္တိပြလေသည်လားမသိ၊ အားလုံးကြမ်းခင်းပေါ် ကျောချလိုက်သည်နှင့်, အိပ်ပျော်သွားကြတော့သည်။

မည်မျှ သတိလက်လွတ်အိပ်ပျော်သွားသည်မသိ၊ ဆူဆူညံညံဖီးကွက်သံကြောင့် အားလုံးနိုးလာကြတော့၏။

"မင်္ဂလာရှိလိုက်တာဗျာ၊ မင်္ဂလာပါ ခွေးဖီးကွက်ရယ်" ဟု တဲခေါင်းရင်းရှိ ထိန်ပင်ပေါ် မှ မင်္ဂလာသံပေးနေသည့် ဖီးကွက်ကို မော့ကြည့်ရင်း ဦးမင်းသူတပြောလိုက်၏။

ချောင်းရေဖြင့် မျက်နှာသစ်ခြင်းအမှုကို ပြုကြပြီးနောက် ညက မကုန်ဘဲ ကျန်နေသည့် တောကြက်သားကင် အနည်းငယ်ကို ကောက်ယူဝါးလိုက်ကြပြီး ခရီးထွက်ခဲ့ကြပြန်သည်။

မြောင်လေးတွေကို ဖြတ်ရင်းတောင်ကြောလေးတွေကို ကျော်ဖြတ်ရင်းဖြင့် မိကျောင်းချောင်းသို့ရောက်ခဲ့ကြတော့သည်။ ထိုမှတဖန်



မိကျောင်းချောင်းကမ်းပါး တောင်စွယ်တောင်ကြောအတိုင်း အထက်သို့ တောတိုးခဲ့ကြသည်။ သို့ဖြင့် –

မိကျောင်းချောင်းဖျားသို့ ရောက်လာကြသည့်အခါတွင် လွန်စွာမှ သာယာ၍ ကြည်နူးစဖွယ်ဖြစ်သော အိုင်ကြီးတစ်ခုကို တွေ့လိုက်ကြသည်။

အိုင်ပတ်ပတ်လည်ရှိချုံနွယ်ပင်၊ ဝါးပင်၊ ငှက်ပျောပင်၊ မြက်ရိုင်းပင်ရှည်တို့၏ နောက်ကွယ်ရှိ သစ်တောအုပ်အစပ်မှ ပျံ့လွင့်ထွက်လာသည့် တေးငှက်တို့၏ အသံ၊ ဗျိုး (ချေ) တောက်သံတို့ကြောင့် လွမ်းဆွတ်ကြေကွဲဖွယ်ခံစားလိုက်ကြရသည်။

အိုင်စပ်ရှိ မြက်ရိုင်းပင်များအဖျား နားနေသည့် လိပ်ပြာလေးများ၊ ပုစဉ်းတောင်များသည် လူသံတို့ကြောင့် ရုတ်တရက် ထပျံ့လိုက်၊ ပြန်နားနေလိုက်နှင့် ဖြစ်နေတော့သည်။

ရေအိုင်မျက်နှာပြင်သည် ငြိမ်သက်ကာ စိမ်းလဲ့နေသည်။ ဦးဘသောင်းတို့ သုံးဦးသည် အိုင်ကိုကြည့်ရင်း လွမ်းဆွတ်ကြည်နူးခံစားနေကြရာမှ ဖြုန်းကနဲ အိုင်အတွင်းမှ ကြားလိုက်ရသည့် ရေပွက်သံကြောင့် သေနတ်ကိုယ်စီ မောင်းတင်ပြီးဖြစ်သွားကြသည်။ အားလုံးကအမဲလိုက်မုဆိုးတွေ။ ဘာများလဲလို့ စူးစမ်းကြည့်လိုက်ရာမှ ဖျံကောင်ဖြစ်နေသည်ကြောင့် –

" ဒိန်း "

ဦးမင်းသူက လက်သွက်သည်။ သူ့လက်တွင်းမှ သေနတ်ကျည်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၏။ မြန်၍ သွက်လက်ပေပြား ပစ်မှတ်လွဲချော်သွား၏။

"တောက်" တစ်ချက်ပြင်းပြင်းခေါက်ကာ ထပ်မံပစ်ရန် ကြိုးစား လိုက်သော်လည်းဖွဲ့ကောင်ကား ဘယ်ဆီရောက်သွားလေသလဲမသိ၊ အိုင် ပတ်ပတ်လည်ရှိ ကျောက်ဆောင်၊ ကျောက်ကမ်းပါးယံများကြား ပျောက် ကွယ်သွားတော့၏။

အတန်ကြာသည့်တိုင် တိတ်ဆိတ်ငြိမ်သက်နေသည်ဖြစ်၍ အား လုံးသည် စိတ်လျှော့လိုက်ကြကာ ရေအိုင်အနီးရှိ ကွက်လပ်ပြောင်ပြောင် တစ်ခုတွင်ထိုင်ချလိုက်ကြပြီး အနားယူအပမ်းဖြေခြေလက်ဆန့် လိုက်ကြ တော့သည်။

"ကဲ - မိကျောင်းချောင်းဖျားကိုရောက်လာကြပြီပဲ၊ ဘာမှ မထူးခြားပါကလား၊ မိကျောင်းကော တကယ်ရှိပါ့မလားဗျာ"

ဦးဘသောင်းက ညည်းညည်းညူညူပြောလေသည်။

" ကျုပ်တို့တွေ သူတို့ မျက်စိနဲ့တပ်အပ်မြင်ခဲ့တာပါဗျာ၊ ဦးလေး တစ်ယောက်လုံးကို တွေ့တွေ့ကညာမပြောဝံ့ပါဘူး"

စောအောင်ဝင်းက မျှော်လင့်ချက်အပြည့်ဖြင့် ရဲရဲအာမခံပြော နေပြန်သဖြင့် ထိုနေ့ ညနေစောင်းထိကို ဖိုင်နားတွင် နေလိုက်ကြသည်။

အချိန်တွေ တဖြည်းဖြည်းကုန်သော်ငြား မိကျောင်းနှင့်တူသည့် ထင်းတုံးကိုပင် မတွေ့ကြသည်ကြောင့်ထိုအိုင်အနီးရှိ ကွင်းပြောင်ပြောင် နေရာလေးတွင် ဝါးဖြင့် တဲထိုးကာ စခန်းချအိပ်လိုက်ကြသည်။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းတွင် အားလုံး အိပ်ယာမှနိုး



သာသည်နှင့် ဖားတလက်သံနှင့် ပုစဉ်းရင်ကွဲအသံများကြားမှ ငြိမ်သက်မြ ငြိမ်သက်နေသည့် အိုင်ရေပြင်ကို စူးစမ်းကြည့်နေလိုက်ကြပြန်သည်။ ထိုစဉ် ရေအိုင်စပ်ဝါးတောလေးအတွင်းမှ လျောကနဲသတ္တဝါတစ်ကောင် ရေအိုင်တွင်း တစ်ရှိန်ထိုးဆင်းသွားသည်ကို အားလုံးမြင်တွေ့လိုက်ကြ သည်တွင်

" ဟင် "

" ဟာ "

" မိကျောင်း၊ မိကျောင်း "

မျှော်လင့်မထားဘဲ တွေ့လိုက်ကြရသည့် မိကျောင်းတစ်ကောင် ကြောင့် အားလုံးမင်သက်သွားကြသည်ဆိုသော်လည်း မုဆိုးသက်ဝါရင့်ပြီး အတွေ့အကြုံရင့်ကျက်နေသည့် မုဆိုးဦးဘသောင်းသည် တဲပေါ်တန်းရစ် သည့် သေနတ်ကို လျှပ်တစ်ပြက် ပြေးဆွဲယူကာ ထိုမိကျောင်းထံသို့ ထိုးချိန်ပစ်လိုက်တော့သည်။

" ဒိုန်း "

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ဆူညံနေသည့် ပုစဉ်းရင်ကွဲသံနှင့် ဖားတလက်အော်မြည်သံများ တိတ်ဆိတ်သွားတော့၏။

တစ်ဖက်အိုင်ဖက်မှ ငါးနှိုက်နေကြသည့် ဗျိုင်းအောက်များ လန့် ဖျပ်ပျံတက်သွားကြ၏။ ဝပ်ပုန်းနေသည့် မြေဝပ်ငှက်များ တောင်ပံ တဖျပ် ဖျပ်ခတ်ကာ ပြေးထွက်ပျံတက်သွားကြ၏။

ဦးဘသောင်း ပစ်လိုက်သော ကျည်သည် မိကျောင်းကို ထိမှန်

www.burmeseclassic.com

www.burmeseclassic.com



သွားပုံရသည်။

အိုင်ရေပြင်တွင် သွေးများရဲကနဲဖြစ်သွား၏။ မိကျောင်းသည်ရေ
အောက်သို့ ငုတ်လျှိုးသွားကာ ရေအိုင်နှင့် ဆက်နေသည့် ချောင်းမှတဆင်
အောက်ဘက်သို့ စုန်ဆင်းသွား၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

ဦးဘသောင်းတို့အားလုံးသည် သေနတ်ကိုယ်စီဖြင့် ချောင်းရိုးအ
တိုင်းပြေးလိုက်သွားကြသေး၏။ မမီ။

ထို့ကြောင့် လက်လျှော့လိုက်ကြကာ ချောင်း၏ နံဘေးတွင်
အနားယူအပမ်းဖြေကြပြီး ချောင်းရိုးစပ်မှရေစုန်အတိုင်း လျှောက်လာ
ကြရာမှ ကျွန်းဖောင်တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ကြသည်ကြော
ဦးဘသောင်းတို့သည်ချောင်းစပ်ရေမနေပင်နှင့် တွဲချည်ထားသည့် ကျွ
ဖောင်ကို ရေစုန်အတိုင်း မျှောချကာ စီးလိုက်ပါလာကြတော့၏။

"မိကျောင်း" ချောင်းအတိုင်းစုန်ဆင်းခဲ့စဉ်တော့ မည်သည်
ပြဿနာမျှမရှိပေ။

ချောင်းကမ်းစပ်တွင် တွေ့ရသည့် မျောက်တံငါများကိုပင် ပ
ခတ်ကြသေးသည်။

မျောက်သုံးကောင်ရသည်။

မိကျောင်းချောင်းမှသည် ကျောက်ချောင်းသို့ ရောက်လာသည်
တွင်ရေစီးသည်ကြမ်းလာ၏။ ဖြစ်ချင်တော့မည်သူမျှ ဖောင်စီးဖူးခြ
မရှိ။ ဇာက်မရှိ ရွက်မရှိ သစ်ဖောင်သည် ရေစီးအတိုင်း ပရမ်းပတာမျော
လာ၏။ ရေစီးငြိမ်စဉ်က မည်သူမျှ စိုးရိမ်ရမှန်းမသိကြပေပြား ရေစီးကြ



သည့်ကျောက်ချောင်းတွင်းမတော့ ဦးဘသောင်းတို့တစ်တွေ ကြောက်ရွံ့
ထိတ်လန့်ကြကုန်တော့၏။

ရေစီးအတိုင်းပ်ရမ်းပတာ မျောချင်တိုင်းမျောနေသည့် သစ်
ဖောင်ကိုမည်သူမျှ ထိန်းကွပ်မထားနိုင်။ ဟိုကမ်းပါးယံဝင်တိုက်၊ ဒီကမ်းပါး
ယံဝင်တိုက်နှင့် ကျောက်ချောင်းရေကျ ဥက္ကံချောင်းမကြီးအဝရောက်လု
တွင် သစ်ဖောင်သည် ကျောက်ကမ်းပါးယံတစ်ခုကို အရှိန်ပြင်းပြင်း ဝင်
တိုက်မိသည်ကြောင့် ဖောင်တွဲကြိုးများ ပြတ်တောက်ထွက်ကုန်ပြီး သစ်လုံး
တစ်လုံးစီ ပြန့်ကျဲထွက်သွားလေတော့၏။

" ဟာ "

" ဟာ "

" ဟင် "

"သစ်လုံးကို ဖက်တွယ်ထားကြတော့ဟေ့၊ သည်ချောင်းကနက်
တယ်၊ ရေစီးလဲကြမ်းတယ်"

ဥက္ကံရွာသားဖြစ်သည့် စောအောင်ဝင်းက သတိပေးလိုက်၏။
စောအောင်ဝင်း သတိပေးသံကြောင့် ဦးမင်းသူနှင့် ဦးဘသောင်းတို့သည်
သစ်လုံးကိုယ်စီ ဖက်တွယ်ထားနိုင်ခဲ့ကြ၏။

ဦးဘသောင်းမှလွဲ၍ ကျန်လူနှစ်ယောက်က ရေကူးတတ်ကြ
သည် ဆိုသော်ငြားရေစီးကြမ်းသော ဥက္ကံချောင်းထဲဝင်လာသည်နှင့် တွယ်
မိတွယ်ရာသစ်လုံးကို ဖက်တွယ်မှိန်း၍ အလိုက်သင့်လိုက်ခဲ့ကြရတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသောင်းက ရေမကူးတတ်သူမို့ သူမှီတွယ်ရာ သစ်လုံးကိုသူ့လက်တွင်းမှ လွတ်ထွက်မသွားစေရန် အတင်းဖက်တွယ်ထားတော့၏။ ဦးထွဋ် ချောင်းသည် ဝါးတစ်ပြန်နီးပါးနက်သည်ကို စောအောင်ဝင်းပြောပြ၍ သိရသည်ကြောင့် ပို၍ပင်စိုးရိမ်ထိတ်လန့်မိသည်ဖြစ်၍ သစ်လုံးပေါ် ခွထိုင်ရန် ကြိုးစားလေတိုင်း သစ်လုံးသည် လည့်၍လည့်၍သွားသည် ကြောင့် ဦးဘသောင်းတစ်ယောက် ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ဆိုသလို ဖြစ်နေလေတော့သည်။

ဦးမင်းသူနှင့် စောအောင်ဝင်းတို့နှစ်ယောက်သည် ရေကူးတတ်သူတွေဖြစ်သည်ကြောင့် သစ်လုံးတွင် မှီတွယ်ရင်းကမ်းစပ်သို့ တဖြည်းဖြည်း ချဉ်းကပ်ကာတက်သွားကြတော့၏။

ဦးဘသောင်းကားချောင်းလယ်တွင် မျောနေရာမှ ရေစီးလမ်းကြောင်း ပြောင်းတစ်ခုကြောင့် စောက်နက်နက်ချောင်းကမ်းနံဘေးရောက်သွားကာ သစ်လုံးသည် နံရံကို အရှိန်ပြင်းပြင်းတိုက်သွားသည်ဖြစ်၍ ဦးဘသောင်းသည် သစ်လုံးနှင့် ကင်းကွာသွားခဲ့ရတော့၏။ ဘုရား။ အဲဒါမှဒုက္ခ၊ ဦးဘသောင်းတစ်ယောက် အလွန်အမင်းကြောက်ရွံ့သွားသည်။

သစ်လုံးကြီးသည်သူ့အားထားရစ်ခဲ့လေပြီ။ ကောန် မုချ သူသေရပေတော့မည်။ ရေမှ လုံးလုံးမကူးတတ်သူကိုး! သို့ပေသော်ငြား ခြေလက်အစုံကို လှုပ်ခတ်ကာ ဇောဖြင့် ကူးခတ်ကြည့်မိ၏။ မြုပ်လိုက်ပေါ်လိုက်မွန်းကြပ်လိုက်၊ မူးနောက်နောက်ဖြစ်သွားလိုက်၊ ထိုစဉ်ကုသိုလ်ကံမေးအာသူ့အား မျက်နှာသာပေးလေသည်လားမသိ၊ ဝါးတိုးဝါးတား သူ့အမြင်တွင်



မီးလောင်ထားသည့် – သစ်လုံးကြီးတစ်ခုသူ့အနား ရောက်လာ၏။ သို့ကြောင့်ကမန်းကတန်း ဖက်တွယ်ထားလိုက်သည်။

" ဟင် "

အလွန့်အမင်း ထိတ်လန့်သွားသည်။ သူဖက်တွယ်ထားမိသည်ကား ထင်းတုံးမဟုတ်၊ ကြောက်လန့်တကြားဖက်တွယ်ထားလိုက်စဉ်က ဘာရယ်မှန်းမသိသော်ငြား ယခုသေသေချာချာကြည့်လိုက်ပါလေမှ မိကျောင်းတစ်ကောင်ဖြစ်နေမှန်း သိလိုက်သည်တွင် လွန်စွာကြောက်ရွံ့ထိတ်ပြာသွားသော်လည်း မိကျောင်းကြီးကား သူ့ကိုမည်သို့မျှ ရန်ပြုခြင်းမရှိပဲ အသေကောင်ကြီးပမာငြိမ်သက်နေသည်ကြောင့် အနည်းငယ် စိတ်သက်သာရလိုက်သည်ဖြစ်၍ မိကျောင်း၏ ကျောကုန်းပေါ် သို့ပင်တွယ်ဖက်တက်ခွထိုင်လိုက်လေတော့၏။

မိကျောင်းကြီးကား သူ့ကျောကုန်းပေါ်မှ လူသားတစ်ယောက်ရှိနေသော်ငြား မည်သို့မျှ ထူးခြားပုံမပြဘဲ ကမ်းစပ်သို့ပင် တဖြည်းဖြည်းချဉ်းကပ်သွားနေလေ၏။

ဦးဘသောင်းသည် ထူးထူးခြားခြားငြိမ်သက်နေသည့် မိကျောင်းကို အသေအချာ စူးစမ်းကြည့်လိုက်သည်။

" ဟာ "

မိကျောင်းချောင်းဖျားရှိ ရေအိုင်ကြီးအတွင်းမှ မိကျောင်းကြီးပင်ဖြစ်တော့၏။ သူပစ်လိုက်သော ကျည်သည် မိကျောင်းကြီး၏ ရင်ဘက်သို့ထိမှန်သွားသည်မဲ့၊ မိကျောင်းကြီး၏ ရှေ့ဘယ်လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



တလေးများ ပြတ်ထွက်ကာ အသားစများဖွာလန်ကျဲနေလေသည်။

မိကျောင်းကြီးကား သူ့ကျော်ပေါ်မှလူ့သားကို သူ့ရန်သူရယ်လို့ မသိရှိပေဘဲလား၊ သိလျက်ပေပဲလားမသိ၊ ချောင်းကမ်းစပ်သို့ပင် ကူးခတ် ကာ အမြီးဖြင့်ပုတ်ခတ်၍ ကမ်းပေါ်တင်ပေးခဲ့ပြီး ချောင်းရိုးအတိုင်း လျင် မြန်သော အရှိန်နှုန်းဖြင့် စုန်ဆင်းသွားလေတော့၏။

လွန်စွာမျှအံ့ဩစရာပင်ဖြစ်တော့၏။ မိကျောင်းကြီးသည် အ အားကယ်တင်သွားခြင်းဖြစ်၏။

ကမ်းစပ်မှနေ၍ မိကျောင်းကြီးသွားရာသို့ ငေးမောကြည့်ရင် ရင်တွင်းလှိုက်ဖိုသွားရသည်ကြောင့် ဦးဘသောင်းတစ်ယောက် မျက်ရည် များကျရအောင်ပင် အတော်ကလေးခံစားလိုက်ရပေတော့သည်။

ထိုသည်နောက်ပိုင်းဦးဘသောင်းတစ်ယောက် သေနတ်ကိုင်ထ သတ္တဝါတွေကို လိုက်လံသတ်ဖြတ်သည့် အလုပ်ကိုမလုပ်တော့ဘဲ ကိုယ် သူဒဏ်ခတ်သည့်အနေဖြင့် လည်းကောင်း ဝဠ်ကြွေးကို စောစီး ဆပ်လိုက်သည့်နှယ်ပမာသော်လည်းကောင်း သူ့လက်ချောင်းလေးများ သူကိုယ်တိုင်ဓါးမဖြင့် ခုတ်ဖြတ်ကာ အကြွေးပေးဆပ်လိုက်တော့၏။

ထိုသည်ကား ကျွန်တော်တို့အား ဦးဘသောင်းဆိုသော လူကြီး က ပြန်ပြောပြသည် သူ့အကြောင်းပင်ဖြစ်တော့၏။

ဦးဘသောင်းနှင့် ကျွန်တော်တို့သည်မိကျောင်းချောင်းဖျား ရေအိုင်ကြီးအနီးတွင် ဆုံခဲ့ရခြင်းဖြစ်၏။

ကျွန်တော်တို့ မိကျောင်းချောင်းသို့ ရောက်ခဲ့ခြင်းသည်ကား



ပိုက်ရေ၊ ဒီတစ်ခါ ကျွန်တော်တို့ အမဲလိုက်ရင် မိကျောင်းချောင်းဖျားထိ တက်ကြမယ်ဗျာ။ အဲဒီချောင်းဖျားမယ်မိကျောင်းရုပ်ကြီးရှိတယ်ပြောတယ်၊ ဉက္ကံရွာသားတွေပြောတာပဲ၊ မိုးတွင်းကာလမှာ မြစ်ထဲက မိကျောင်းကြီးတစ်ကောင် အဲဒီချောင်းဖျားအထိ တက်တက်လာတတ်တယ်လို့ ပြောတယ်ဗျ” ရယ်လို့ လင်းမြင့်လှိုင်က ပြောသည်ဖြစ်၍ ကျွန်တော်သည်လည်း စိတ်ဝင်စားလာကာ စမ်းရွာမှ မုဆိုးစောလူးကိုပါခေါ်၍ အမဲပစ်ထွက်ရင်း အရောက်လာခဲ့ခြင်းဖြစ်တော့၏။

ချောင်းဖျားသို့ရောက်ခဲ့ကြသည်တွင် ကြီးမားသောရေအိုင်ကြီး တစ်ခုကိုတွေ့ကြရ၏။

ထိုအိုင်ကြီး၏ တစ်ဖက်ကျောက်ကမ်းပါးယံတွင် မိကျောင်းပုံ သဏ္ဍာန်ယူဆရသည့် ကျောက်စိုင်ခဲကြီးကို တအံ့တဩကြည့်နေမိရာမှ ထို ဦးဘသောင်းဆိုသောလူကြီးသည် ကျွန်တော်တို့အနား ရောက်လာပြီး

“လူလေးတို့ အမဲလိုက်မုဆိုးတွေလား၊ ဒီအိုင်ကြီးမှာ မှီခိုနေကြတဲ့ သတ္တဝါတွေကိုတော့ မပစ်ကြပါနဲ့လို့ ဦးကြီးတောင်းပန်ပါရစေကွယ်” ရယ်လို့တောင်းပန်ပြောလာသည်မှစ၍ ထိုလူကြီးနှင့် စကားစမြည်ပြောဖြစ်ရင်း မိကျောင်းချောင်းဖျားသို့ မိကျောင်းအမှန်တကယ် တက်လာခြင်းရှိမရှိ မေးစမ်းကြည့်လိုက်ရာတွင် ထိုလူကြီးက အထက်ပါအတိုင်း ကျွန်တော်တို့ကို ပြောပြခဲ့ခြင်းဖြစ်တော့၏။

သူ့ဘဝအကြောင်းသိလိုက်ရသောကြောင့် အံ့ဩခြင်း၊ ကရုဏာ သက်မိခြင်းဖြစ်သွားကြရ၏။ တကယ်လည်း သူ၏ဘယ်ဘက်လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



မှား ဖြတ်နေ၏။

ထိုလူကြီး၏ မေတ္တာရပ်ခံချက်အရ ထိုအနီးတစ်ဝိုက်ရှိ သတ္တဝါများကို ပစ်ခတ်ခြင်းမပြုဘဲ ထိုချောင်းဖျားမှ ပြန်ခဲ့ကြတော့၏။

အပြန်ခရီးတွင် ကျွန်တော်တို့သည် မီးလောင်ကုန်ကျေးရွာသို့ ဝင်ခဲ့ကြ၏။ မတွေ့တာကြာပြီဖြစ်သည့် ရွာလူကြီး ဦးဇာမဏီနှင့် တွေ့လို၍ ဖြစ်သည်။

ဦးဇာမဏီအိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့မနက် စောစောထွက်လျှင် ဥက္ကာမြို့သို့ နေမွန်းမတည့်မီရောက်နိုင်ပြီး ဥက္ကာ ပေါက်ကုန်းနေ တောခေါင်းကြီး ကိုမြင့်မောင်အိမ်တွင်အပ်နှံထားခဲ့သည့်လင်းမြင့်လှိုင်၏ကားဖြင့် ရန်ကုန်သို့ နေ့ချင်းပြန်ကြမည့် အစီအစဉ်ကို ဆွဲလိုက်ကြသည်။

ဦးဇာမဏီနှင့် ညဘက်တွင် စကားစမြည်ပြောဖြစ်ကြရာမှ ကျောင်းချောင်းဖျားတွင်ဆုံခဲ့ရသည့်ဦးဘသောင်းဆိုသောလူကြီးအကြောင်းကို ပြောပြလိုက်မိသည်တွင် -

"ဘာကွ သူနာမည်က ဘသောင်း၊ ဘယ်လက်ချောင်းကလေးတွေပြတ်နေတယ်ဟုတ်လား" ရယ်လို့ တအံ့တဩမေးလာသည်ကြောင့်

"ဟုတ်တယ်ဗျ။ သူနာမည်ဦးဘသောင်းတဲ့၊ ဘယ်လက်ချောင်းကလေးတွေ အကုန်ပြတ်နေလေရဲ့၊ အဲအရပ်က ပိန်ရှည်ရှည်၊ အသက်ငါးဆယ်ဝန်းကျင်လောက်ရှိမယ်ထင်တယ်။"

"ဟုတ်မှာလဲပြောပါကွာ။ မင်းတို့ခုနပြောနေတာတကယ်ပဲလား"



ကျွန်တော်တို့ပြောစကားကို မယုံသင်္ကာဖြင့် ဦးဇာမဏီက မေးလာပြန်၏။

"တကယ်ပြောတာပါဗျာ။ ယုံချင်ယုံ မယုံချင်နေဗျာ" ရယ်လို့ လင်းမြင့်လှိုင်က စိတ်တိုစွာဖြင့် ပြောလိုက်လေတော့မှ ဦးဇာမဏီသည် ခေါင်းကိုခါယမ်းရင်း "တစ်ခုခုတော့မှားနေပြီထင်ပါတယ်ကွယ်" ရယ်လို့ ညည်းညည်းညူညူပြောလာသဖြင့် -

"ဘာလဲဗျ ဘာမှားနေရမှာလဲ"

မုဆိုးစောလူးတ ဝင်မေးလိုက်သည်။

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"ဘာကိုမဖြစ်နိုင်ရမှာလဲ။ ကျွန်တော်တို့ပြောတာကို လုပ်ကြံပြောနေကြတယ်ထင်လို့လား"

"မင်းတို့ပြောတာမယုံလို့မဟုတ်ဘူး၊ မင်းတို့တွေ့ခဲ့တယ်ဆိုတဲ့ လူကဘသောင်းမဖြစ်နိုင်ဘူးလို့ပြောတာ"

"အဲဒါတော့ ကျွန်တော်တို့လဲ မသိဘူး၊ သူပြောတာပဲ ဘသောင်းတဲ့" ကျွန်တော်စကားကြောင့် ဦးဇာမဏီသည် ကျွန်နော်ကို သေသေချာချာကြည့်ပြီး ခတ်ဆတ်ဆတ်လေသံဖြင့် . . .

"အဲဒါကို ငါပြောချင်တာကွ၊ ဘသောင်းဆိုတာ 'လဟာဧယ်' ဆေးရွာက မုဆိုးဘသောင်းပဲကွ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဆုံးသွားပြီပဲ"

"ဘာ ဘယ်လို၊ သူ ဘာရောဂါနဲ့ဆုံးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဦးဇာမဏီပြောသည့် မုဆိုးဘသောင်းကို စိတ်ဝင်စားသွားသဖြင့် ကမန်းကတန်းမေးလိုက်ကြသည်။

"သူ့အမဲလိုက်သွားရင်း တောထဲကပြန်လာတော့ သူ့ဘယ်ဘက်လက်ချောင်းလေးတွေပြတ်လာတယ်။ ဘယ်လိုဖြစ်တာလဲမေးကြတော့ မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပြီလို့ပဲပြောတယ်။ တခြားဘာမှ မပြောဘူး။ အဲဒီလက်ကဒဏ်ရာကြောင့်ပဲ မေးခိုင်ရောဂါပိုးဝင်ပြီး မကြာခင်မှာဘဲ ဆုံးသွားတယ်လေ"

" ဗျာ "

ဦးဇာမဏီစကားကြောင့် ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မင်သက်သွားမိကြတော့၏။

**ကိုပိုက်**

(ရွှေပြည်စိုးမဂ္ဂဇင်း၊ အမှတ် ၂ ၁၉၉၈ ခုနှစ်)

# အမှောင်မှသည် အလင်းသို့



www.burmeseclassic.com

www.burmeseclassic.com





## "အမှောင်မှသည် အလင်းဆီ"

"မိုးသားတွေတက်လာပြီ.. သည်နားတစ်ဝိုက်ရှိမယ့် 'ဝါး တစ်တဲဆီ ပြေးကြစို့ဗျို့" ရယ်လို့ ပြောလို့မှ မဆုံးသေး။ ရုတ်ချည်းဆိုသ မိုးကြီးရွာချလေတော့၏။

မိုးနှင့်အတူ လေပြင်းပါလာသည့်အပြင် လျှပ်စီးနှင့်ထစ်ချုန်း တို့သည် မျက်စိကြိမ်းမတတ်၊ နားကွဲလုမတတ်ပင်။ သို့ကြောင့်လျှိုမြော ကြားဝင်နေကြ၍လည်းမဖြစ်သည်ကြောင့် နီးစပ်ရာ တောင်ကြော မြော မြောင်သို့ပြေးတက်ခဲ့ကြရ၏။ တော်သေး၏။ ကျွန်တော်တို့ ပြေးတ ခဲ့သော တောင်ကြောသည် ဝါးသုန်းတောဖြစ်သည်ကြောင့် အပင်ကြီးမှ သိပ်မရှိ။ ခပ်ကျဲကျဲပေါက်နေသည့် ဇင်ဖွန်းပင်ပျိုများသာရှိသည်ကြော သစ်ပင်ပျိုလဲခြင်း၊ ကိုင်းကြီးကျခြင်းရှိနိုင်လိမ့်မည် မဟုတ်သည်ကြော တော်သေး၏။

ကျွန်တော်တို့သည် တောင်ကြောပေါ်တွင် နားခိုစရာ 'ဝါးခုတ် တဲ' မရှိသည်ကြောင့် မိုးလုံမည့်အရွက်ဖားဖားဇင်ဖွန်းပင်ပျိုကြီးတစ်ပ ခြေရင်းတွင် စုဝေးနေလိုက်ကြသည်။

တစ်ခဏအကြာတွင် မိုးသည် သဲရာမှတစတစစဲသွားချေပြီဖြ သလို လျှပ်စီးတို့အလက်ကျဲ၊ ထစ်ချုန်းသံတို့ဝေးလွင့် ပျောက်ကွယ်သွားကြ ၏။ သို့ကြောင့် မိုးစိုခွဲနေကြသည်ဖြစ်၍ ရပ်နားနေသည်ဆက် သွားလာ

သွပ်ရှားနေသည်က အေးချမ်းမှုဓာတ်ကို ကာကွယ်နိုင်သည်ဖြစ်သည် ကြောင့် ထိုနေရာမှဖယ်ခွာထွက်ခဲ့ကြတော့၏။

မိုးစဲလေပြီဖြစ်သော်လည်း မိုးဖွဲတို့ရှိကြဆဲပင်။ "ဟာ.. ဟိုမယ် ဂျီပေါက်လေးတစ်ကောင်ဗျ"

သွားလာရင်း မုဆိုးကြီးဝမ်က သစ်ချုံနွယ်တခုတွင် မိုးခိုပုန်း အောင်းနေသည့် ဂျီပေါက်တစ်ကောင်ကို တွေ့လိုက်သည်နှင့် ပြောပြောဆို ဆို သူ့လက်တွင်းရှိ တူမီးသေနတ်ဖြင့် လှမ်းချိန်ပစ်လိုက်သည်။

"ဒိန်း"

ပစ်မှတ်ကိုမထိ၊ လွဲချော်သွားသည်ဆိုသော်ငြားလည်း လက်မြင် ကိုတော့ဖြင့် ရုပ်ထိသွား၏။ တကယ်ဆိုပါလျှင် နီးနီးတပ်ကပ်ပစ်ရသည် ဖြစ်သော်ငြား မျက်လုံးလေးကလယ်ကလယ်ဖြင့် ကျွန်တော်တို့လူတစ်စု အား ကြောင်ငေးကြည့်နေသည့် ဂျီပေါက်ငယ်ကလေးကို မြင်လိုက်ရသည့် ကျွန်တော်သည် ရုတ်တရက် သနားကြင်နာစိတ်ဝင်လာသည်ဖြစ်၍ မုဆိုး ကြီးဝမ်ကို ကမန်းကတန်းတွန်းလိုက်သည်ကြောင့် ပစ်မှတ်လွဲချော်သွားရ ခြင်းဖြစ်သည်။

"မပစ်ပါနဲ့ ဝမ်ရယ်.. ဂျီပေါက်တလေးပါ၊ သူ့အမေဂျီမကြီးနဲ့ ကွဲပြီး မိုးဒဏ်လေဒဏ်ကလွတ်အောင် လာခိုအောင်းနေရရှာသူပါ .. သနားပါတယ်"

ပြောပြောဆိုဆို ကျွန်တော်သည်သေနတ်ရုပ်မှန်ခံထားရသဖြင့် ပြေးမလွှားနိုင်ဖြစ်နေရှာသည့် ဂျီပေါက်ကလေးအား ပြေးယူပွေ့ပိုက်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကျွန်တော်လက်တွင်းမှာပင် မျက်လုံးကလေးကလယ်ကလယ်ဖြင့် သနားစဖွယ်တအဲအဲအော်မြည်နေရှာလေ၏။

ကျွန်တော့်လုပ်ရပ်ကို မုဆိုးကြီးဝမ်က သိပ်သဘောကျပုံမရသည့်ပြင်. .

"ကျုပ်တို့က အမဲပစ်မုဆိုးတွေပဲ၊ အမဲပစ်ဖို့ သည်တောထဲရောက်လာကြတာမဟုတ်လား။ တောထဲမယ် ခုလိုလေကြီးမိုးကြီးကျနေတော့ သားကောင်ကို ဘယ်လိုလိုက်ရှာရတော့မှာလဲ၊ ကံကောင်းလို့ 'မုဏ်ဆိတ်ပျားစွဲ' တဲ့ကိန်းဆိုက်လာတာပဲ၊ ဘာပြောပြော ကျုပ်တို့သုံးယောက်အတွက် သည်ကောင်လေးက တစ်ရက်စာတော့ဖြင့် လုံလောက်ပါလိမ့်မယ်"

မုဆိုးကြီးဝမ်စကားကြောင့် ကျွန်တော် အကြီးအကျယ်ဒေါသထွက်သွားသည်။

"ဘာတဲ့၊ ဘယ်လိုပြောလိုက်တာလဲ၊ မုဆိုးဟာမုဆိုးပါဘဲ။ ဒါပေမဲ့စည်းကမ်းရှိတဲ့ မုဆိုးဖြစ်ရမှာပေါ့၊ ကြည့်လေသူ့မယ် ကျွန်တော်တို့လိုတောင်မဟုတ်ဘူး။ ဒုက္ခနှစ်မျိုးနဲ့ရင်ဆိုင်နေရတာ။ သူ့အမေနဲ့ကွဲကွာနေရတယ်။ လေဒဏ်မိုးဒဏ်ခံရတယ်။ ဒါကြောင့် ကျွန်တော်တို့လို လေမိုးဒဏ်က အကာအကွယ်ရဖို့ဌာ သည်ချုံနွယ်ပင်အောက်မှာ လာပုန်းခိုနေရတာပဲပေါ့။ ဒါဟာ ကျွန်တော်တို့နဲ့ ဘဝတူဖြစ်မနေဘူးလား။ သူဒုက္ခရောက်နေသလို ကျွန်တော်တို့တွေလဲ ဒုက္ခရောက်နေကြတာပဲ၊ ဒုက္ခသည်ခြင်း စာနာသင့်တာပေါ့ဗျာ"



ကျွန်တော်၏ ခပ်ဆတ်ဆတ်လေသံကြောင့် မုဆိုးကြီးဝမ်သည် မကျေမချမ်းမျက်နှာဖြင့် တစ်ဖက်လှည့်သွားတော့၏။ သူ၏လုပ်ရပ်ကိုကြည့်၍ "လင်းမြင့်လှိုင်" သည်ကျွန်တော်အားမချိပြုံးလေးပြုံးပြလေသည်။

သို့ဖြင့် ကျွန်တော်သည် သေနတ်ကိုလွယ်ပိုးကာ ဂျီကောင်ငယ်တလေးကို ပွေ့ပိုက်၍ရှေ့မှခရီးနှင်လိုက်သည်။ လင်းမြင့်လှိုင်သည် ကျွန်တော်နံဘေးမှ ကပ်လိုက်လာသလို မုဆိုးကြီးဝမ်သည် ကျွန်တော်တို့နှစ်ယောက်၏နောက် ခပ်လှမ်းလှမ်းမှ ဖြေးလေးစွာဖြင့် လျှောက်လှမ်းလိုက်လာသည်ကို သတိထားမိလိုက်သည်။

တောင်ကြော-နှစ်ကြောဖြတ်ပြီးသည့်အခါတွင် မုဆိုးကြီးဝမ်တစ်ယောက် ကျွန်တော်တို့နှင့်ပါမလာချေတော့။ ကျွန်တော်တို့နှစ်ယောက်နောက်မှတဖြေးဖြေးလိုက်လာရင်း အခွင့်အရေးသာသည်နှင့် ခြေရာဖျောက် လစ်ပြေးချေပြီဖြစ်သည်။ ကိစ္စမရှိချေ။ သည်တောကားကျွန်တော်တို့နှင့် စိမ်းလှခြင်းမရှိချေ။ 'ကောင်တဆောင်' ကျေးရွာမှ သူငယ်ချင်းဖြစ်သူ 'ရယ်ဒမ်းခင်' နှင့် ရောက်ခဲ့ဖူးသောတောဖြစ်သည်။

သို့လျှောက်ခဲ့ကြရင်း လွန်စွာမျှကြီးမားသည့် သစ်ပင်အိုကြီးတစ်ပင်အောက်တွင် တရားထိုင်နေသည့်ရသေ့ကြီးတစ်ပါးကို ရုတ်တရက်တွေ့လိုက်ရသည်ကြောင့် နှစ်ယောက်သားအံ့ဩတကြီး ဖြစ်ခဲ့ကြရသည်။ သို့ကြောင့် ထိုရသေ့ကြီးအနီးသို့ ခြေသံလုံစွာဖြင့် တိုးကပ်သွားလိုက်ကြသည်။ အနှောက်အယှက်ဖြစ်မည်စိုး၍ တိုးတိတ်ညင်သာစွာ ကပ်သွားကြခြင်းဖြစ်သည်။ ပို၍အံ့ဩဖွယ်ကောင်းသည်ကား ထိုရသေ့ကြီးရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



လူအမျိုးစုတစ်ခုတွေ့ရခြင်းနှင့် နဘေးတွင်ကြေးစည်နှင့် ရိုက်တံတစ်ခုရှိနေ ဘာသုံးဖက်ရှိ စင်ကလေးဟုဆိုလျှင် မမှားချေ။ ရသေ့ကြီးတစ်ပါးတည်း ခြင်းဖြစ်သည်။ သဲလျှောင်းဆန့်သည့်နေရာလေးဖြစ်၏။ အကာအမိုးအားလုံး တောင်ထန်း ရွက်များနှင့်ဖြစ်၏။

ရသေ့ကြီးသည် ငြိမ်သက်နေ၏။ အသက်မှရှိပါလေစ။သေသေ ချာချာစူးစမ်းကြည့်နေမိကြ၏။ နာရီဝက်ခန့်အကြာတွင် ရသေ့ကြီး၏ မျက်ဝန်းတစ်စုံသည် တဖြေးဖြေးပွင့်လာလေတော့၏။

“ကဲ-ဒကာတို့ ဘယ်ကဘယ်လိုရောက်လာကြပြန်တုန်း”

တဲပေါ် သို့ဦးစွာရောက်နှင့်နေသော ရသေ့ကြီးက အခန့်သားထိုင်

ကျွန်တော်တို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် ခေါင်းတဆတ် နေရာမှ ကျွန်တော်တို့နှစ်ယောက်အား ခရီးရောက်မဆိုက် မေးလေ၏။ ဆတ်ငြိမ့်ကာ သူ့နဘေးရှိကြေးစည်ကို ကောက်ယူ၍ “နောင်ဝေဝေ” ရယ် သို့ကြောင့် ကျွန်တော်နှသည်လည်း သိုရင်းကိုပြောလိုက်၏။ လို့မြည်အောင်ထုပြီး ပုံမှန်ခြေလှမ်းဖြင့် ထထွက်သွားလေသည်။

“ဒဏ်ရာရနေတဲ့ ဂျိုသားပေါက်ကလေးအတွက် ဆေးကုသဖို့ရာ

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ် ဆေးဝါးလေးများရှိရင် စွန့်ကြပါဘုရား”

ယောက်ကြည့်လိုက်ကာ ‘ဘယ်လိုလဲ’ ဟူသည့် သဘောဖြင့် မြို့င်တူမေး ကျွန်တော်စကားဆုံးသည်နှင့် ရသေ့ကြီးသည် ပြုံးလျက် ဤသို့ ဆတ်လိုက်ကြပြီး ထိုရသေ့ကြီးနောက်သို့ ခပ်သွက်သွက်လိုက်သွားကြတော့ မိန့်လေ၏။ သည်။

“ဟ ဒကာရာ ငါဟာတောထဲတရားအားထုတ်ကျင့်ကြံနေတဲ့

အံ့ဩဖွယ်ကောင်းသည်ကား ပုံမှန်ခြေလှမ်းဖြင့် လှမ်းကြွသွား ရသေ့ပဲ၊ တိရစ္ဆာန်ဆေးကုဆရာဝန်မှ မဟုတ်တာချည်း။ ပြီးတော့လဲ သောရသေ့ကြီးနောက်သို့ ခပ်သွက်သွက်ခြေလှမ်းဖြင့် လိုက်သွားကြသည့် ဒကာကြီးတို့က အမဲကောင်တွေလိုက်လံပစ်ခတ်သတ်ဖြတ်ရောင်းချ ကျွန်တော်တို့နှစ်ယောက်သည် ထိုရသေ့ကြီးကို လိုက်မမှီနိုင်ခြင်းပင် ဖြစ် စားသောက်နေကြတဲ့ မုဆိုးရိုင်းတွေက ဒဏ်ရာရတဲ့ဂျိုကောင်လေးတို့ ဆေး တော့၏။ ကုသပေးမလို့ဆိုပါကလား။ တယ်လဲ ရိစရာပြောတာကိုးကွဲ့”

တောလမ်းခရီးကြမ်းအတိုင်း ၁၀ မိနစ်ခန့်လျှောက်ခဲ့ကြပြီး ရသေ့ကြီးပြောလည်း ပြောထိုက်ပေသည်။ သို့ကြောင့် ကျွန် နောက် ထိုရသေ့ကြီးသီတင်းသုံးရာ ကျောင်းသင်္ခန်းတဲလေးဟု ယူဆရ တော်က ဖြစ်ခဲ့သည့်အဖြစ်အပျက်ကို ပြောပြလိုက်၏။ သည့်နေရာသို့ ရောက်ခဲ့ကြသည်။

“အေးလေ ခုလိုသိရတော့လဲ ဒကာကြီးရဲ့စိတ်ရင်းမှန်က မုဆိုး

တဲလေးဟုဆိုရသော်ငြား လေးတိုင်စင်တဖက်ရပ်အမိုးနှင့် အ စိမဝလှသေးပါကလား၊ ကဲကဲ ဒါတွေထားပါလေ၊ ငါဟာ တိရစ္ဆာန်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကု ဆရာဝန်တော့မဟုတ်ဘူး။ ဒါပေမဲ့ ဒီဆေးလေးကို လိမ်းပေ
ကြည့်စမ်းကွဲ့။ ငါ့ကို တစ်ချိန်ကပုဂ္ဂိုလ်တစ်ပါးက လာပေးသွားတာ၊ ဘာ
ရှိသလို လိုရာသုံးလို့တော့ ပြောသွားတာပဲ”

ပြောပြောဆိုဆို သွန့်ဘောဆရိုဝါးဖူးလေးတစ်ခုကို လှမ်းပေးလေ၏

ကျွန်တော်သည် တရိုတသေလှမ်းယူလိုက်ပြီး လင်းမြင့်လှိုင်၏
အကူအညီဖြင့် ဝါးဖူးထဲမှ ညိုစိုစိုအနံ့အသက်ရှိသည့် ဆေးမဲမဲပြစ်ပြစ်ရှ
များကို မရွံမရှာနှိုက်ယူ၍ ရသေ့ကြီးပြောသည့်အတိုင်း ဒဏ်ရာရထ
သည့် ဂျီပေါက်ကလေးကို လိမ်းပေးလိုက်၏။

“ကဲ. . ဒါကကြီးသို့ ဂျီလေးကို အဲဒီတဲတောင့်လေးမှာပဲ ချထ
လိုက်ပါ။ ဘယ်မှထွက်မပြေးနိုင်ပါဘူး”

ဂျီပေါက်ကလေးကို ကြင်နာယုယစွာဖြင့် ထွေးပိုက်ထားသ
ကျွန်တော်အားကြည့်ပြီး ရသေ့ကြီးကပြောလာသည်ဖြစ်၍ သူ့စကား
တိုင်း တဲခြေထောင့်ကလေးတွင် အသာအယာဖေးမချထားလိုက်သည်

“ဒကာတို့ ဘာစားပြီးကြပလဲ”

ရသေ့ကြီးမေးလာလေမှ ကျွန်တော်တို့နှစ်ယောက် မနက်
တည်းက ဘာမှမစားရသေးကြောင်း သတိရသွားသဖြင့် ဆာသလိုလိုခံ
လိုက်ကြရသည်ဖြစ်၍ “ဘာမှ မစားရသေးပါဘူး ရသေ့ကြီး” ရယ်
ပြိုင်တူဖြေလိုက်မိကြသည်။

ရသေ့ကြီးက ပြုံး၍ကြည့်ရင်း “ကဲကဲ ဒါလေးစားလိုက်ကြ
ဟုပြောရင်း အခြားဝါးဖူးလေးတစ်ခုအတွင်းရှိ ဝါဝါပြစ်ပြစ်ဆေးကို ဝါးခွ



ဖြင့် ခပ်၍ပေးလေသည်။

ဘယ်လိုဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် သဘောထားလိုက်ကာ ကျွန်တော်
သည် ရသေ့ကြီးကမ်းပေးလာသည့် ဝါးခွန်းကို လှမ်းယူကာ ပါးစပ်တွင်းထိုး
သွင်းလိုက်တော့၏။

မွှေးကြိုင်သော အနံ့ရှိပြီး ချိုစိမ့်၊ အီ၊ ခါး သက်သက်အရသာရှိ
ကြောင်း သိလိုက်ရ၏။

လင်းမြင့်လှိုင်ကိုလည်း တစ်ခွန်းခပ်တိုက်၏။

“ကဲ သက်တောင့်သက်သာနားလိုက်ကြဦး၊ ရသေ့လဲ ပုတီးစိပ်
လိုက်ပေဦးမယ်” ဟုပြောကာ တဲပေါ်မှဆင်းသွားလေ၏။ ရသေ့ကြီးသည်
တဲပေါ်မှမဆင်းမီ ကြေးစည်ကို “နောင်ဝေဝေ” ရယ်လို့ မြည်အောင်ထု
သွားသေး၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မိုးစိုထားသော အဝတ်များကို
ချွတ်၍ ရေညှစ်ကာ တဲနဘေးဝါးရုံပေါ်တွင် လွှားကာနေပြထားကြ၏။
ပြီးနောက် နှစ်ယောက်သားအတွင်းခံဘောင်းဘီတိုကလေးကိုယ်စီဖြင့် တဲ
ပေါ်တွင် ခြေပစ်လက်ပစ်လှဲချလိုက်ကြသည်။ တစ်ခဏအတွင်းမှာပင်
အိပ်ပျော်သွားကြတော့၏။

ညနေစောင်းချေပြီ။ မည်သို့ပင် ဖြစ်စေ၊ ကျွန်တော်နှင့်လင်းမြင့်
လှိုင်သည် အိပ်ယာမှနိုးလာသည်နှင့် အားအင်တွေပြည့်ဖြိုးလာကြသည်။
လန်းဆန်းလာကြသည်။

နေပြထား၍ ခြောက်သွေ့နေပြီဖြစ်သော အင်္ကျီနှင့်ဘောင်းဘီ

www.burmeseclassic.com

www.burmeseclassic.com



တို့ဆီ ဝတ်လိုက်ကြပြီး ရသေ့ကြီးရှေ့သွား ဘာ ဝပ်တွားထိုင်ချလိုက်
သည်။

"ကဲကဲ. . ဒကာကြီး နှစ်ယောက်ကို အကူအညီတောင်းရ
ဦးမယ်"

"ဘာများလဲ ရသေ့ကြီး၊ လုပ်ပေးရမှာပေါ့"

သည့်တော့ ဘာကိစ္စရယ်လို့မပြော

"ကဲကဲ မမှောင်ခင် သွားလိုက်ကြရအောင်" ဆိုပြီး ရှေ့မှ
ဦးဆောင်သွားရာနောက်သို့သာ လိုက်သွားကြသည်။ မနက်က ကျွန်တေ
တို့နှစ်ယောက် ရသေ့ကြီးနောက်မှ လိုက်ခဲ့ကြရသောလမ်းဖြစ်သ
မနက်က ရသေ့ကြီးနှင့်စတွေ့သောနေရာ အရိုးစုရှိသောနေရာသို့ ရော
လာကြသည်။

"သည်အရိုးစုကို ကျောင်းသင်္ချိုင်းသယ်သွားကြကွဲ့"

ရသေ့ကြီးစကားအရ ထိုအရိုးစုကို ကျွန်တော်တို့နှစ်ယော
တဲစခန်းသို့ သယ်ရမည်ဆိုပါကလား။ သို့ကြောင့် တွန့်ဆုတ်တွေ
နေသော ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး ရသေ့ကြီးက

"ဘာလဲ ကြောက်နေကြတာလား။ ရွံနေတာလား"

"မဟုတ်ပါဘူး မဟုတ်ပါဘူး" ကဗျာကသီငြင်းပယ်လိုက်
ကာ အရိုးစုကို ကျွန်တော်တို့သည် ကျောင်းသင်္ချိုင်းသို့သယ်ဆောင်လာ
တော့၏။ ထူးခြားသည်ကား အရိုးစုဖြစ်သော်ငြား လူတစ်ကိုယ်
ရှိသကဲ့ လေးလံလှပေ၏။ ဆိုးရွားသော အနံ့အသက်လည်းမရှိချေ



တဲရှေ့ကွက်လပ်တွင် ရသေ့ကြီး၏အဆိုအမိန့်အရ ညင်သာစွာ
ချထားလိုက်ပြီးနောက် တဲခြေရင်းဘက်ရှိ အရံသင့်ဖြတ်တောက်ပြီး
ထင်းတုံးများကို ယူ၍ ထိုအရိုးစုတွင် ပတ်စတ်လည်ဖြန့်ကာ ပုံလိုက်ကြရ
သည်။

ရသေ့ကြီးကား ထိုအရိုးစုကို မီးသင်္ဂြိုလ်ခိုင်းခြင်းဖြစ်တော့၏။
ထိုအရိုးစုကြီးအား မီးမသင်္ဂြိုလ်မီရသေ့ကြီးက ကျွန်တော်တို့နားမလည်နိုင်
သော ဘုရားစာကို ရွတ်ဖတ်ပြီး "နောင်ဝေဝေ" ရယ်လို့ ကြေးစည်ကိုတီး
လိုက်၏။ ပြီးနောက် တောစောင့်နတ်၊ တောင်စောင့်နတ်များကို ပင့်ဖိတ်
ပြန်၏။ ပြီးလေမှ ထိုအရိုးစုကို မီးရှို့သင်္ဂြိုလ်လိုက်တော့၏။

မီးဟုန်းဟုန်းတောက်လောင်နေဆဲတွင် ဆူညံသောတော်လဲသံ
ကြီးကို ကြားလိုက်ရသည်ဖြစ်၍ ကျွန်တော်တို့နှစ်ယောက် ကြက်သည်းမွေး
ညင်းထလောက်အောင်ပင် ကြောက်လန့်တုန်လှုပ်သွားကြသည်။ တော,
တိရစ္ဆာန်တို့၏ အော်ဟစ်သံမျိုးစုံဆူညံသွားကြကုန်၏။ ထိုသည်ကြားမှ
လွန်စွာမှ မွှေးကြိုင်သောနှင်းဆီရနံ့သည် ထောင်းကနဲထွက်လာသကဲ့သို့
မီးတောက်မီးလျှံတို့သည် အရောင်မျိုးစုံကွန့်မြူးနေကြပြန်၏။

နာရီဝက်ခန့်အကြာတွင် မီးတောက်မီးလျှံများငြိမ်းကျသွားသလို
တစ်တောလုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

ရသေ့ကြီးသည် အပူငွေ့ရှိနေသေးသည့် ပြာပုံကြားမှ မီးလောင်
ကျွမ်းခြင်းခံရသော ထိုအရိုးစုကို မွှေနှောက်စမ်းယူလိုက်သည့်အခါတွင်မူ
ကား ရသေ့ကြီး၏လက်တွင်းဝယ် ဖွတ်ချိုးမြေခဲသဏ္ဌာန် ကျောက်ခဲတုံး

www.burmeseclassic.com

www.burmeseclassic.com



လေးများပါလာကြ၏။ ထူးဆန်းလိုက်လေခြင်း။

"တဲကဲ ဒကာတို့နဲ့ ထိုက်လို့ရတာ၊ တစ်ယောက်ကို ကိုးခဲ စီ ကြိုက်ရွေးနှိုက်ယူကြပေတော့"

သို့ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ရသေ့ကြီးကဲ့ ပြာပုံတွင်းနှိုက်ယူကြလေ၏။ ထင်ထားသကဲ့သို့ အငွေ့မသေသေး ပြာတို့သည် ပူလောင်ခြင်း၊ ပူနွေးခြင်းအလျှင်းမရှိပဲ အေးစက်နေကြသ ဖြစ်၍ အံ့ဩခြင်းဖြစ်ရပြန်သည်။ သို့နှင့် ရသေ့ကြီးစကားအရ ဖွတ် မြေခဲသဏ္ဍာန်ကျော ခဲလေးကိုးခဲစီ ရွေးယူလိုက်ကြ၏။

"ကဲ ဒကာတို့ တျုပ်ကိစ္စတော့ ပြီးသွားပြီ၊ တဲပေါ် သွားကြစို့"

တဲပေါ် ရောက်သည်နှင့် ရသေ့ကြီးက ဤသို့မိန့်လေ၏။

"ဒကာကြီးတို့နှစ်ယောက် မိုက်လက်စနဲ့ ဆက်မမိုက်ကြ တော့။ အချိန်မရှိတော့ဘူး။ သတ္တဝါလေးတွေရဲ့အသက်ကို လိုက်လံသ ဖြတ်နေမဲ့အစား ပြောင်းပြီးမေတ္တာပို့ကြတော့နော်။ သတ္တဝါလေးတွေရဲ့ သက်ကို သတ်နေကြတာတော်လောက်ပြီ။ အစာရေဆာငတ်မွတ်လို့ စရာမရှိလို့ ကမ္ဘာမီးလောင်သားကောင်ချနင်းဆိုသလို လုပ်နေကြတ မဟုတ်တာ၊ အပျော်သဘောလုပ်နေကြတာမဟုတ်လား။ မလုပ်ကြနဲ့ ဒကာကြီးတို့နှစ်ယောက်က ကတိမတည်ခဲ့ကြဘူး။ ဘော်ခီးတောင်တန် ထူးဆန်းတဲ့အဖိုးကြီးနဲ့တွေ့တုန်းက အမဲလိုက်တဲ့အလုပ်ကို မလုပ်ကြ ပါ ပြီးတော့ လွယ်လွယ်ကတိပေးခဲ့ကြပြီး မလိုက်နာခဲ့ကြဘူး။ပြီး အောင်စိုးဝင်းနှင့်တွေ့တုန်းကလဲ တစ်ခါလွယ်လွယ်ကတိခံခဲ့ပြီး မ

ကြပြန်ဘူး။ ဒကာကြီးတို့ မမိုက်ကြနဲ့တော့။ အရွယ်လေးလဲ ရလာ ကြပြီနော်။ တကယ်တော့ လူ့ဘဝဆိုတာ ရခဲပါဘိနယ်။ စန်းစားဖို့ ခဲလာပြီ။ အပယ်တံခါးပိတ်တဲ့လမ်းကို ရွေးကြမလား၊ အပယ်လားမဲ့လမ်း ကို ရွေးကြမလား၊ ကဲပြော" ဆိုပြီး ပြုံး၍ ကြည့်နေ၏။ ထူးဆန်းလိုက်တာ ကျွန်တော်တို့နှစ်ယောက်အကြောင်း အမြွေးခါးအကုန်သိနေပါကလား။ ဆိုပါလျှင်ဖြင့် ဤရသေ့ကြီးသည် ကျွန်တော်တို့အင်မတန်တွေ့လို လိုလှသည့် ဦးရသေ့ "ဓမ္မပါလ" ပင် ဖြစ်ပေလိမ့်မည်။ အောင်စိုးဝင်း၏ ဆရာကြီးပင် ဖြစ်ပေမည်။ မည်သည့်အတွက်ကြောင့် ဤကချင်ပြည်နယ် ခင်ဒုံဗွမ်တောတွင်း ရောက်နေရပါလိမ့်။ သို့ကြောင့်

"ဆရာရသေ့က. "ဓမ္မပါလ" ဟုတ်ပါသလား၊ အောင်စိုးဝင်းရဲ့ ဆရာရသေ့မဟုတ်လား"

လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ရသေ့ကြီးက

"ဟုတ်ပါ့ ဒကာတို့ရယ်. ကဲပါလေ ဒါတွေထားလိုက်တော့ ယ်လိုလဲ ဆက်မိုက်ကြဦးမလား"

"မမိုက်တော့ပါဘူး"

"ဒါဖြင့် . ."

"ကတိပေးပါတယ်" လို့ပြိုင်တူဖြေလိုက်တော့ ရသေ့ကပြုံးပြီး . ကတိဆိုတာမလိုချင်ဘူး၊ ငါ့တွက်တောင်းနေတာမဟုတ်ဘူး။ ဒကာ းတို့တွက်ပြောနေရတာ"

ရသေ့ကြီးစကားကို ကျွန်တော်လွယ်လွယ်နဲ့ နားလည်သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားရပါသည်။

"အေးလကွယ်၊ ငါလဲ သိနေပါတယ်။ ဒကာကြီးတို့ သည်တစ်
တတယ်ဘဲ အသိတရားရသွားကြမှာပါ။ အဖြစ်ဆိုတာတော့ မျှော်လို့မရဘူး
ဒါပေမဲ့ပေါ်သွားအောင်တော့ လုပ်လို့ရတယ်။ သဘောပေါက်တယ်နော်
သည်တော့သည်အဖြစ်မျှော်သွားအောင်ရယ်လို့ သဘော လုပ်မလာ
သည်ထက်မြင့်တဲ့ ဆုကြီးပန်ပြီး မဖြစ်ဖြစ်အောင် ကြိုးစား ကြမလား

ရသေ့ကြီးက သူ့ဖာသာသူမေး၍ သူ့ဖာသာ ရင်း ဆ
ပြော၏။

"ဆုကြီးပန်ပြီး မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ကြမှာပေါ့နော်
ယောက်ျားတွေပဲ ငွေကြေးချမ်းသာလိုခြင်း၊ ကျန်းမာလိုခြင်း ကျော်ကြား
ခြင်း၊ အောင်မြင်လိုခြင်း ဆိုတာတွေဟာ အသေးအဖွဲ့တွေပါ။ ဒီအသေး
တွေကို မက်မောနေစရာ မလိုပါဘူး။ မြင့်မြင့်ကြ၊ မြင့်မြင့်မျှော်ပါ။ ငါပြော
ပြမယ်။ စောစောက ဒကာတို့မီးသဂြိုလ်ပေးတဲ့ အရိုးစုကို ငါ တွေ့တုန်း
သည်အရိုးစုဟာ ထူးခြားသလိုရှိနေတယ်လို့ စိတ်ထဲတွက်လိုက်မိတော့
သည်အရိုးစုဟာထူးခြားမှုရှိလိမ့်မယ်။ ရဟန်းတစ်ပါးရဲ့ အရိုးစုဖြစ်ချင်
ဖြစ်မယ်။ မဖြစ်ချင်လဲမဖြစ်နိုင်ဘူး။ ဘာပြောပြော အဲဒီအရိုးစုကို
အဓိဋ္ဌာန်ဝင်ကြည့်မယ်။ သည်အရိုးစုမှာရှိတဲ့ "ပါဠိ" ဆိုတဲ့ သိဒ္ဓိ
အားလုံးငါရရပါလို၏ရယ်လို့ ဆုပန်ပြီး ကိုးရက်တိတိ အဓိဋ္ဌာန်
ပုတီးစိပ်ခဲ့တယ်။ တရားထိုင်ခဲ့တယ်။ ကိုးရက်မြောက်တဲ့နေ့မှာ
ဒကာကြီးတို့ရောက်လာကြတာ၊ ငါတွက် ဘာတွေထူးခြားလာသလဲဆို



ဓိဋ္ဌာန်အောင်ခဲ့တယ်။ အဲဒီ အရိုးစုပိုင်ဆိုင်ထားတဲ့ သိဒ္ဓိတစ်ခု ငါရ
လိုက်တယ်လေ။ (မည်သည့်သိဒ္ဓိရယ်လို့တော့ မပြော) အဲဒီတော့ ငါစဉ်း
စားမိတယ်။ ဘာမှန်း၊ ဘယ်လိုမှန်း မသိရတဲ့ အရိုးစုလေးတစ်ခုကို အာရုံ
ပြုပြီး အဓိဋ္ဌာန်ပြုလိုက်တာ ငါ့တွက် သိဒ္ဓိတစ်ခုရလိုက်တယ်။ သည်တော့
ဘုရားရှင်ရဲ့ရှေ့မှာရှုပြီး အဓိဋ္ဌာန်ပြု ဆုကြီးပန်ရင် ဘာမဆိုမရနိုင်ပေဘူး
လား။ ဥပမာ ရွှေတိဂုံဘုရားမှာပေါ့၊ တရားထူး တရားမြတ်ရရပါလို၏။
အပါယ် တံခါးပိတ်ပါစေလို၏။ သည့်ထက်မြင့်မြင့် ဘုရားဆုပန်ဦးမလား၊
ဘာလို့ မရမှာတုန်း၊ မဖြစ်မှာတုန်း၊ အဲ ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့။
ဆုကြီးပန်ပြီး ဘာမှမလုပ်လို့ကတော့ဘာရမှာတုန်း။ကြိုးစား ရမှာပေါ့။
မဖြစ်ဖြစ်အောင် ကျင့်ကြံရမှာပေါ့"

BURMESE CLASSIC

ရသေ့ကြီးစကားကို ကျွန်တော်တို့နှစ်ယောက် ကောင်းကောင်း
သဘောပေါက်သွားကြသည်ဖြစ်သည်ကြောင့် . .

"သဘောပေါက်. . နားလည်ပါပြီ ရသေ့ကြီး" ရယ်လို့ဖြေလိုက်
သည်တွင် "အေးလေ ဒကာကြီးတို့နှစ်ယောက်မှာ မူလစိတ်ဓာတ်ရင်းခံက
ဖြူစင်တယ်။ ကြင်နာစိတ်ရှိတယ်။ ဒါပေမဲ့ စိတ်အလိုလိုက်ပြီး တဏှာဆိုတဲ့
တပ်မက်ခြင်းကို ဦးစားပေးတတ်ကြတာလေးကိုပဲ ဖျောက်ဖို့လိုပါတယ်။
ဒကာကြီးတို့ကို ပေးလိုက်တဲ့အခဲလေးတွေက သာမာန်ခဲလေးတွေ
မဟုတ်ဘူးနော်။ တောတောင်ထဲမှာတရားကျင့်ကြံရင်း ပျံလွန်တော်မူသွား
တဲ့ ရဟန်းတစ်ပါးရဲ့ အရိုးစုကဖြစ်လာတဲ့ဓာတ်တော်တွေပဲ။ လိုသလို
ဘာဂျရှိသလို အသုံးပြုကြပေရော့၊ ကိုယ့်တွက်ချည်း မဟုတ်ပဲ၊ ရှာနေယျ

www.burmeseclassic.com



သတ္တဝါတွေ၊ ခုနှစ်ရက်သားသမီးတွေအတွက် အသုံးပြုရင် ပိုကောင်းတာပေါ့ကွယ်။ ကဲကဲ ဒကာကြီးတို့အိပ်ကြပေရော့။ မနက်လဲခရီးသွားကြရမယ် မဟုတ်လား။ ငါလဲ တရားကျင့်လိုက်ဦးမယ်" ဆိုကာ နဘေးမှကြေးစည်ကို ကောက်ယူ၍ 'နောင်ဝေဝေ' ရယ်လို့မြည်အောင်ထုလိုက်ပြီး တဲသခ်ိန်းအောက်သို့ ဘုရားစာများရွက်ဖတ်သရဇ္ဈယ်ရင်း ဆင်းသွားလေတော့၏။ ကျွန်တော်တို့ အိပ်မပျော်မိကြားနေရသည်ကား ရသေ့ကြီး၏ တရားစာရွက်ဖတ်နေသံများဝင်ဖြစ်တော့၏။ နံနက်မိုးသောက် အလင်းရောက်သည့်အခါ "ကဲ ဒကာတို့ ပြန်ကြလေရော့" ဆိုလာသည်ကြောင့်. . .

"ဒါနဲ့ မနေ့က ဒဏ်ရာရထားတဲ့ ဂျီပေါက်ကလေးကော" ဟုမေးလိုက်သည်တွင်

"ဟိုးမယ်. . လွှတ်လိုက်ပြီ၊ သူသွားလိုရာသွားပါစေတော့"

ရသေ့ကြီးညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ မနေ့က ဒဏ်ရာရထားသော ဂျီပေါက်ကလေးသည် အကောင်းပကတိရှိနေပြီး ခုန်ပေါက်မြူးထူးပြေးလွှားသွားသည်ကို တွေ့လိုက်ရသဖြင့်

"အို ရသေ့ကြီးရယ် ဂျီပေါက်လေးတာ "ကလေး" သာသာရှိသေးတာ သည်လိုတောထဲမအူမလယ်ပြေးလွှားနေတော့ကာ သားရဲကောင်တွေရဲ့ အစာဖြစ်သွားတော့မပေါ့။ ကျွန်တော်တို့ပြန်တဲ့အခါ ဒီဂျီပေါက်လေးကို ခေါ်သွားပြီး သူ့အမေကြီးရှိနိုင်မဲ့ နေရာ၊ စတွေ့ခဲ့တဲ့နေရာလောက်ကြမှ လွှတ်ပေးလိုက်ရင် ပိုမကောင်းပေဘူးလား" ရဟ်လို့ ပြောလိုက်သည့်အခါတွင် ရသေ့ကြီးကပြုံးရယ်ရင်း. .



"အင်း ဒကာကြီးက မုဆိုးပါးမဝသေးဘဲကိုး၊ သည်ဂျီကလေးကသားပေါက်ကောင်လေးမဟုတ်ဘူးကွဲ့။ ရဝမ်လူမျိုးတွေက "လဂူဆရီး"လို့ခေါ်ကြတယ်။ မြန်မာတွေကတော့ သူ့ကို အကောင်သေးသေးမို့ တောင်ခင်းဖက်နဲ့ တောင်ထုပ်လို့ရတဲ့အတွက် 'ဖက်ချေ' လို့ခေါ်ကြတယ်။ သူ့အကောင်ရဲ့ကြီးထွားနှုန်းက အရှည်နှစ်ပေ အမြင့်တစ်ပေဆိုတာ အကြီးဆုံးပဲ သိပ္ပံအခေါ် MUNTIACUS- PUTAOENSIS လို့ခေါ်တယ်။ အဲ ပြောဦးမယ်။ မနေ့က အရိုးစုကို မီးသဂြိုလ်တော့ နှင်းဆီနံ့တွေ သင်းမနေဘူးလား"

"ဟာ ဟုတ်ပါရဲ့ အဲဒါ ဘာသဘောလဲ ထူးဆန်းလိုက်တာ" လင်းမြင့်လှိုင်က မေးလိုက်သည်။

"သည်အရိုးစုဟာ ထူးခြားတဲ့အရိုးစုဆိုတာ သိထားတော့ သည်အရိုးစုကို မီးသဂြိုလ်တဲ့အခါ အမွှေးနံ့သာထင်းတုံးတွေ မရှိဘူးလေ။ လွယ်လွယ်နဲ့လဲ မရနိုင်ဘူး။ ဒါကြောင့် အိမောဘွန်းတောင်ပေါ်မှာပေါက်တဲ့ ("ရဝမ် အခေါ်) 'ထနင်' လို့ခေါ်တဲ့ သစ်ပင်တခုတ်ဖြတ်ထားတဲ့ ထင်းတုံးတွေနဲ့ သဂြိုလ်ဖို့စီစဉ်ထားရတာပေါ့၊ အဲဒီအပင်ရဲ့ ပင်စည်တမ်ခုလုံး နှင်းဆီနံ့သင်းနေတယ်လေ။ ရုက္ခဗေဒအခေါ် ကိုနီဖရက် (CONIFRESH) လို့ ခေါ်တယ်။ 'ဂျပန်' လူမျိုးတွေကတော့ ပစ္စည်းတာရှည်ခံနိုင်ဖို့အတွက် သေတ္တာပြုလုပ်ကြတယ်။ တရုတ်တွေကတော့ လူသေအလောင်းတွေ အလွယ်တကူမပုပ်မသိုးရလေအောင် ခေါင်းတလားအဖြစ် အသုံးပြုကြတယ်လေ။"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ရသေ့ကြီးကတော့ ဗဟုသုတကြွယ်ဝပါပေတယ်"

သည်တော့မှ မနေ့ကအရှိုးစုသကြိုလ်လိုက်သည့်အခါ ထူးခြားသော နှင်းဆီရနံ့လွင့်ပျံ့ထွက်လာခြင်းပေဘဲကိုး။ ထိုစဉ်အခါမှ သေနတ်သံသဲ့သဲ့တစ်ချက်ကြားလိုက်ကြရသည်။

"ဒိန်း"

ရသေ့ကြီးသည် ကျွန်တော်တို့နှင့် စကားပြောနေရာမှ သေနတ်သံကြားလိုက်ရသည့်ကြောင့် မျက်နှာပျက်သွားကာ ဘုရားစာတစ်ပုဒ်ကို တိုးတိုးရွတ်ဖတ်လိုက်ကာ အမျှသုံးကြိမ်ပေးဝေလိုက်ပြီး ကြေးစည်ကို 'နှောင်ဝေဝေ' ရယ်လို့မြည်အောင် ထုလိုက်တော့၏။ ပြီးမှ . .

"ကဲ ဒကာကြီးတို့လဲ သွားကြပေတော့။ ဆက်မမိုက်ကြလေနဲ့တော့" ပြောပြီး လက်တွင်းမှကြေးစည်ကို နှောင်ဝေဝေရယ်လို့မြည်အောင် ထပ်မံထုလိုက်ပြီး ကျွန်တော်တို့နားမလည်နိုင်သော ဘုရားစာများကို ရွတ်ဖတ်သရဇ္ဈာယ်နေလေတော့သည်။ ထိုစဉ် လူတစ်စုရောက်လာကြ၏။ ထိုလူစုနှင့်အတူ ကျီသားပေါက်အသေကောင်ပါလာ၏။ ထိုကျီပေါက်လေးကား ရသေ့ကြီးလွှတ်လိုက်သော ကျွန်တော်ဆေးကုသပေးရန် သယ်ယူလာသည့် 'ဖက်ချေ' ကောင်လေးဖြစ်နေသည်ကြောင့် အလွန်အမင်း စိတ်မကောင်းဖြစ်ရတော့၏။

ထိုလူစုနှင့်အတူ ၎င်းတို့ချုပ်နှောင်ဖမ်းဆီးခေါ်လာသောသူသည် ကျွန်တော်တို့နှစ်ယောက်ကို ထားရစ်ကာလမ်းခွဲထွက်သွားလေသော မုဆိုးကြီးဝမ်ပင်ဖြစ်တော့သည်။



ထိုလူစုပြောပြ၍ သိရသည်မှာ ကမ္ဘာပေါ်တွင်မည်သည့်နေရာမှ မတွေ့ရသည့် ရှားပါးလှသော "ဖက်ချေ" ခေါ် MUNTIACUS-PUTAOENSIS ကိုသတ်ဖြတ်ခဲ့သော ထိုသူ (မုဆိုးကြီးဝမ်)အား သစ်တော ဥပဒေအရ ပြင်းထန်သောအပြစ်ဒဏ်ပေးရန်အတွက် ဖမ်းဆီးခေါ် ဆောင်လာခြင်းဟု သိရ၏။ ထိုလူစုသည် ရသေ့ကြီးထံတွင် ခေတ္တအနားယူပြီးနောက် တရားခံအား ဖမ်းဆီးခေါ် ဆောင်သွားကြလေ၏။

ရသေ့ကြီးကား စိတ်မကောင်းစွာဖြင့် "အင်း သေခြင်းတရားကို ဘယ်သူမှ လွန်ဆန်နိုင်ခြင်းမရှိပါကလား၊ သေရမဲ့ရက် သေရမဲ့အချိန် သူ့ရဲ့ ကံကုန်ပြီဟော့ဆိုရင်ဖြင့် ဘယ်သူမှ မကယ်နိုင်ပါကလားကွယ်" ဟုပြီးသွား ကာ လက်တွင်းမှကြေးစည်ကလေးကို "နှောင်ဝေဝေ"ရယ်လို့ မြည်အောင်ထုရင်း ကျောင်းသခ်န်းတဲဘက်သို့ ထွက်သွားလေတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း စိတ်မကောင်းကြီးစွာဖြင့် ရသေ့ကြီးနှင့်ဆန့်ကျင်ဘက် လာလမ်းဆီသို့ ဦးတည်လျှောက်ပြန်ခဲ့ကြတော့သည်။

ကိုပိုက်

(၃၀-၇-၉၈)

www.burmeseclassic.com

www.burmeseclassic.com






## "လူကျားနာခဲ"

တစ်နေ့ . ကျွန်တော်နေထိုင်ရာ၊ တာမွေမြို့နယ်၊ ဗညားဒလ လမ်းမကြီးပေါ်ရှိ တိုက်အမှတ် (၁၅၅)၊ အခန်း (၁) သို့ ဒေါက်တာအောင်သော်တစ်ယောက် မမျှော်လင့်ပဲရောက်လာပြီး၊ မမျှော်လင့်သောစကားကို ဆိုလာတော့၏။

ဒေါက်တာအောင်သော်သည် ဦးနှောက်အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာအထူးကုသမားတော်ကြီးတစ်ယောက်ဖြစ်သည်။ လွန်ခဲ့သောသုံးလခန့်ကလျှိုင်ကော်တွင်သွားရောက်တာဝန်ထမ်းဆောင်နေရသူဖြစ်၏။

"ကျွန်တော်ကိုပိုက်ရေးတဲ့စာတွေဖတ်ရတယ်၊ 'မုဆိုး၏မုဆိုးများ' စာအုပ်ထဲက 'လူကျား' ဝတ္ထုကိုစိတ်ဝင်စားတယ်၊ အဲဒါ တကယ့်ဖြစ်ရပ်မှန်လား 'လူကျား' ဆိုတာကော တကယ်ရှိလို့ တကယ်တွေ့ခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သော်အမေးစကားကြားလိုက်ရသည်တွင် ကျွန်တော်သည် ဆရာဦးအောင်သောင်း (သချ်ာအောင်သောင်း)၏ မျက် လွှာကိုဖျတ်ခနဲမြင်လိုက်တော့သည်။ 'ထဝမ်ရာဇီ နှလုံးသား' ဝတ္ထုတို ပေါင်းချုပ်စာအုပ်ထုတ်ဝေပြီးမကြာမီ ဆရာအောင်သောင်းနှင့် ဆုံကြရ တွင်

"အတော်ပဲ ဆရာ့ကို ကျွန်တော်တွေ့ချင်နေတာ၊ ဆရာ့ဝတ္ထု တွေနဲ့ပတ်သက်လို့ မေးစရာရှိတယ်ဗျာ၊ ကျွန်တော့်ကိုတော့ဖြင့် မလိမ်ပ နဲ့ မညာပါနဲ့ အမှန်အတိုင်းပြောပါဗျာ၊ ဘာလို့လဲဆိုတော့ ကျွန်တော် ငယ်ငယ်ကခံရဖူးလို့ပါ။ ဆရာမြစကြာတို့ရေးတဲ့ စုန်း၊ တစ္ဆေ၊ ဖုတ်ဝတ္ထု တွေဖတ်ပြီး တကယ်ထင်ခဲ့၊ ကြောက်ခဲ့၊ လန့်ခဲ့ရတယ်လေ၊ အဲ ဆရာကြီး တွေနဲ့တွေ့လို့မေးမြန်းကြည့်တော့မှ သူတို့တွေစိတ်ကူးယဉ်ရေးကြ တာ သိရတယ်လေ၊ ခုလဲဘဲ ဆရာ့ဝတ္ထုတွေကို ကျွန်တော်ဘယ်လိုဆုံးဖြတ် မလဲ၊ တကယ့်ကိုယ်တွေ့အဖြစ်မှန်တွေလား စိတ်ကူးယဉ်ပြီးရေးခဲ့တာတွေ လား၊ အမှန်အတိုင်းပြောပြစေချင်တယ်ဗျာ" ရယ်လို့ မေးလာခဲ့စဉ် သည် တော့

"အင်း ဘယ်လိုပြောရမလဲ အဖြစ်မှန်ကိုယ်တွေ့ကြုံခဲ့ရတာတွေ ပြီးတော့ဆုံခဲ့ဘူးတဲ့ မုဆိုးကြီးတွေရဲ့အတွေ့တွေရေးတာဆိုပေမယ့် စာဖ ပရိသတ်စိတ်ဝင်စားအောင် စာရေးခြင်းအတတ်ပညာနဲ့ ဖန်တီးထားတာ ပါပဲပေါ့၊ ဥပမာဆရာရယ် ကျွန်တော်ရေးခဲ့တဲ့ 'အပြီးသတ်ဇာတ်သိမ်းပိုင်း' ဝတ္ထုဆိုပါတော့ အဲဒီထဲမှာ ဇာတ်ကောင်က သူ့သားကို သားကောင်ထင်ပြီး



ပစ်ခတ်လိုက်တာသေသွားရှာတယ်၊ တကယ်အဖြစ်မှန်က ကျွန်တော့်မိတ် ဆွေမုဆိုးတစ်ယောက်ဟာ တောထဲမှာအမဲလိုက်သွားရင်း တောမြောက်ခံ ရပြီး မှိန်းနေတဲ့ရွာသားတစ်ယောက်ကို ဂျီ (ချေ) ရယ်လို့မြင်ပြီး ပစ်လိုက် မိလို့ အဲဒီရွာသားဟာ သေနတ်မှန်ပြီးဆေးရုံတက်လိုက်ရတယ်၊ သေတော့ မသေဘူးပေါ့ ကျွန်တော်မိတ်ဆွေမုဆိုးလဲ ထောင်ကျသွားရရှာတယ်လေ။ အဲဒီလိုအဖြစ်မှန်လေးကို ကျွန်တော်က ဇာတ်ကွက်လေးလှသွားအောင် ဇာတ်နာသွားအောင် ဖန်တီးရေးလိုက်တာပဲပေါ့။ ကျွန်တော် ပြောချင်တာ က ကျွန်တော်ရေးတဲ့ဝတ္ထုတွေအားလုံးဟာ အဲဒီသဘောတွေချည်းပါပဲ ဆရာရယ်" လို့ရှင်းပြလိုက်ရသည့်အကြောင်း ဒေါက်တာအောင်သော်ကို ပြန်၍ပြောပြလိုက်၏ သည်တော့

"ကောင်းပြီ ကိုပိုက် ဒါဖြင့် 'လူကျား' ဆိုတာ တကယ်ရှိခဲ့ တကယ်တွေ့ခဲ့တာပေါ့"

"ကျွန်တော်မလိမ်ပါဘူး 'လူကျား' ဆိုတာရှိတယ်၊ တွေ့ခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော့်ဝတ္ထုထဲမှာပါတဲ့အတိုင်း အမှန်ကြီးမဟုတ်ပါဘူး၊ တစ် ယောက်ထဲကိုသာတွေ့ဖူးခဲ့တာ၊ အဲဒီလူဟာတစ်ကိုယ်ပဲကျားစိတ်ပြောင်း လဲသွားတတ်တယ်၊ အာဋ္ဌာဝကစိတ်ဝင်တာမျိုးမဟုတ်ဘူး၊ ဘာဆေးမင် ကြောင့် စုပ်ထိုးထားခြင်းလဲမရှိဘူး အတော်လေးတော့ထူးဆန်းတယ်၊ ဘယ် လိုခေါ်မလဲ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်လေမလားတော့မသိဘူးပေါ့၊ အဲဒီ လူနဲ့ကြုံခဲ့ရလို့ ကျွန်တော်က 'လူကျား' ဆိုတဲ့ ဝတ္ထုလေးကိုဖန်တီးရေးလိုက် တာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိချင်တာ အဲ့ဒါပါပဲ၊ ကိုပိုက်၊ အဲ့ဒီလူကို ကျွန်တေ
တွေ့ချင်တယ်ဗျာ လေ့လာချင်တယ်၊ စီစဉ်ပေးနိုင်မလား"

သည်တော့ ဒေါက်တာအောင်သော်၏ သဘောထားပ
ကျွန်တော်ရိပ်မိလိုက်သည်။ တကယ်တော့ သူဟာသာမန်စာဖတ်ပရိသ
တစ်ဦးမဟုတ်လေပဲ ဦးနှောက်အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာ အထူး
သမားတော်တစ်ယောက်ကိုး၊ သို့ကြောင့်လည်း လူကျားကိုတွေ့ချင်
တာ သုတေသနလုပ်ချင်နေတာကိုး။ သို့ကြောင့်

"ရပါတယ်အကို၊ အကိုအားမယ်ဆိုရင်ဖြင့် ကျွန်တော် အဲ့ဒီ
ရှိတဲ့နေရာကိုခေါ် သွားပါ့မယ်" ဟုပြောလိုက်သည်နှင့် ထိုနေ့မှ နောက်တ
ပတ်အကြာတွင် ဒေါက်တာအောင်သော်၊ လင်းမြင့်လှိုင်နှင့် ကျွန်တော်
သည် အနောက်ရိုးမတောသို့ ခရီးထွက်ခဲ့ကြတော့၏။ သုံးရက်လော
အကြာတွင် အနောက်ရိုးမတောင်ခြေတွင်ရှိ ရွာသိမ်ရွာငယ်ကလေး
ရောက်ခဲ့ကြသည်နှင့် ကျွန်တော့်၏မိတ်ဆွေဖြစ်သူ ရွာလူကြီး 'စောကဲသာ
ထံသို့ဝင်လိုက်ကာ လာရင်းကိစ္စအကျိုးအကြောင်းပြောပြလိုက်သည်။

"သူမရှိဘူး လွန်ခဲ့တဲ့ဆယ်ရက်လောက်က တောထဲထွက်သွ
တာပဲ" လို့ စောကဲသာကပြောသဖြင့်

"ဒါဖြင့် သူ"

"ကျွန်တော်တို့တွေ့ချင်သော 'လူကျား' သည် ရွာလူကြီးစော
သာနှင့် တူတော်စပ်သူဖြစ်ခြင်းကြောင့် မေးရခက်ဖြစ်နေသည်ကို
ဆောပေါက်သောစောကဲသာက -



"ဟုတ်တယ် သူ့စိတ်ရိုင်းတွေဝင်နေပြန်တယ်နဲ့တူပါတယ်၊ ဒါ
ကြောင့် ထုံးစံအတိုင်း ရွာထဲမှာမနေဘဲ တောထဲထွက်သွားတာပဲပေါ့ သူ့
ကိစ္စကို ငါဘယ်လိုဆုံးဖြတ်ရမလဲမသိပါဘူး" ဟု စိတ်ညည်းညူဟန်ဖြင့်
ပြောလာသဖြင့်

"ဘာမှမပူပါနဲ့ဖထီးရယ် ခုကျွန်တော်နဲ့ပါလာတဲ့သူက ဦး
နှောက်အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာ အထူးကုသမားတော်တစ်ယောက်
ပဲပေါ့" ရယ်လို့ ကျွန်တော်က စောကဲသာကို 'ဒေါက်တာအောင်သော်'
နှင့် မိတ်ဆက်ပေးလိုက်၏။

"ဟုတ်လားဗွေ့ သိပ်ကောင်းတာပေါ့၊ ငါလဲသူ့ကိုသနားနေတာက
သွဲလို့ ဘာလုပ်ပေးရမှန်းမသိဖြစ်နေတာ၊ နို့ဖြင့် ကောင်လေးဘဝက သ
နားစရာပါကွယ်၊ ဒါဖြင့် ငါတို့တွေနက်ဖြန် တောတက်ကြမယ်။ သူ့ကို
လိုက်ရှာပြီးခေါ်ကြမယ် မကောင်းလား"

"ကောင်းတာပေါ့ ဖထီးရယ်၊ သူ့ကိုတွေ့အောင်ရှာပြီး ကျွန်တော်
ရန်ကုန်ခေါ် သွားမယ်၊ သုတေသနလုပ်ကြည့်မယ်။ သူ့အတွက်လဲကောင်း
လာမယ်၊ ဆေးပညာသမိုင်းအတွက်လဲကောင်းလာမှာပါ"

ဒေါက်တာအောင်သော်က အားတက်ရှင်လန်းစွာ ပြောလေ၏။
ဆေးပညာသမိုင်းတွင် ထူးခြားမှုတစ်ခုတော့ဖြင့် ဖြစ်လာဦးပေမပေါ့။ သို့
ဖြင့် ကျွန်တော်တို့သည် နောက်တစ်နေ့တွင် 'လူကျား' ကိုရှာဖွေရန်တော
ထဲဝင်ခဲ့ကြ၏။

လမ်းခရီးကြမ်းတွင် ဒေါက်တာအောင်သော်သည် ဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းအတွက် ထူးခြားသည့်သုတေသနဇာက်ခတို ဦးဆောင်လုပ်နိုင်တော့
မည့်သူ့ဘဝကို တွေး၍ကြည်နူးနေသည်ကြောင့်ပေလားမသိ ညည်းညူ
ခြင်း၊ စိတ်ပျက်အားလျော့ခြင်းမရှိ လန်းဆန်းတက်ကြွနေသည်ကို တွေ့ရ
၏။

လမ်းခရီးတွင် ကြုံသည့်သားကောင်ကလေးများကို ပစ်ခတ်
စားသောက်၊ ကြုံရာဝါးခုတ်တဲလေးများတွင် ဖြစ်သလိုနားလိုက်၊ အိပ်လိုက်
နှင့် တစ်ညနှင့်နှစ်ရက်တိုင်ခဲ့ရပေပြီ။ လူတို့ကိုမတွေ့သေး သည်လို့နှင့်
အမဲလိုက်ရင်း ခရီးဆန့်ခဲ့ကြပြန်သည်။

လွန်ခဲ့သောနေ့တွေက တောကြက်၊ ဖွတ်၊ လိပ် စသည်အ
ကောင်လေးများရပါ၏။ ယနေ့ခရီးနေမွန်းတည့်သည့်တိုင် မည်သည့်
သားကောင်မျှမတွေ့ မပစ်ခတ်ရသေးသည်ကြောင့် နံနက်စာအလို့ငှာ
နေ့ကရထားသည့် တောင်လိပ်အသားကင်ကိုစားရင်း နားနေလိုက်ကြပြ
သည်။

တောင်လိပ်သားကင်ကိုမြည်းစားရင်း ဒေါက်တာအောင်သော်
က. . .

"ဖွတ်ဥ. . . လိပ်သည်း. . . ကျွဲနို့ခဲ" ဆိုပြီး လိပ်အသည်းကင်
လေးကို ရွေးစားလေ၏။ သို့ကြောင့် ကျွန်တော်က. .

"ခုအကိုစားနေတဲ့လိပ်အသည်းကိုပြောတာမဟုတ်ဘူး" ဒေါ
တောင်လိပ်၊ စာဆိုအရ ကောင်းလှချည်ရဲ့ဆိုတဲ့လိပ်အသည်းဆိုတာ သ
[illegible] လိပ်ရဲ့အသည်းကိုပြောတာအကိုရဲ့" ဟုရှင်းပြလိုက်၏။



ထိုစဉ် ရှေ့တောင်ကြောဆီမှ တောကောင်နှစ်ကောင်တိုက်ခိုက်
သတ်ပုတ်နေသံကြားလိုက်ရသောကြောင့် ကျွန်တော်သည် သေနတ်ကို
ဆွဲယူကာ ကမန်းကတန်းတောင်ကြောပေါ်သို့ ပြေးတက်သွားလိုက်သည်။
ကျွန်တော့်နောက်မှ လင်းမြင့်လှိုင်ကပ်လိုက်ပါလာ၏။ တောင်ကြောလေး
ပေါ်ရောက်သည်နှင့် ဘေးဘီဝန်းကျင်ကိုစေ့စပ်သေချာစွာ နားစွင့်ရှာ
ကြည့်မိသည်။ မည်သည့်နေရာမှထွက်ပေါ်လာသည့်အသံဖြစ်လေသ
နည်း။ ယခုတော့ဖြင့် တိတ်ဆိတ်လို့ပါကလား၊ ကြာကြာစေ့စေ့မကြည့်
လိုက်ရ တောင်ကြောလေးအောက်ရှိ 'ခြုံနွယ်' 'ခြုံပုတ်' ကြားမှ တောဝက်
တစ်ကောင်သည် လှစ်ခနဲပြေးထွက်သွားသောကြောင့် ပစ်ခွင့်မရလိုက်
ချေ။ မရှေးမနှောင်းပင် ထိုခြုံပုတ်ကြားမှပင် လူတစ်ယောက်ပြေးထွက်လာ
ပြီး ကျွန်တော်တို့နှင့်ခပ်လှမ်းလှမ်းတွင် လဲကျသွားတော့၏။

ထိုလူထံသို့ ကျွန်တော်နှင့်လင်းမြင့်လှိုင် ပြေးဆင်းသွားကြသည်။
ကျွန်တော်တို့နောက်မှ စောကဲ့သာနှင့် ဒေါက်တာအောင်သော်ပါလာကြ
၏။ ထိုလူကား ဝက်ပက်ခံရသည့်ဒဏ်ရာကြောင့် လဲကျနေခြင်းဖြစ်တော့
၏။ မှောက်ခုံဖြစ်နေသည့်ထိုလူအား ဆွဲလှန်လိုက်သည်တွင် အင်မတန်
အံ့ဩကြရတော့၏။

"ဟင်"

ထိုသူကား ကျွန်တော်တို့လိုက်ရှာနေကြသည့်လူကျားဝင်ဖြစ်၏။
သူ၏ပေါင်လယ်လောက်တွင် ဝက်ပတ်ဒဏ်ရာကြောင့် ဟက်တက်ကွဲ
အသားစတို့ ဖွာလန်ကျနေသည်ဖြစ်၏။ ဒေါက်တာအောင်သော်က

www.burmeseclassic.com

www.burmeseclassic.com



ဆေးထည့် ပတ်တီးစီးပေးလိုက်သည်တွင် ထိုလူနာ အနာတရသက်သာ လာပြီဖြစ်၍ မျက်လုံးဖွင့်ကြည့်လာတော့၏။

"အော် . . ဖထီ ဟင်. . ဆရာလေး" စောကဲသာနှင့် ကျွန် တော်အားမြင်လိုက်သည်နှင့် မှတ်မိစွာဖြင့် နှုတ်ဆက်လာခြင်းကို ကြည့် ခြင်းအားဖြင့် သူ့တွင်ပုံမှန်စိတ်ဝင်နေသည်ကို သတိပြုမိလိုက်သည်။ သို့ ဖြင့် ကျွန်တော်သည်. . . .

"အကိုသော် ဒါ ကျွန်တော်တို့လိုက်ရှာနေတဲ့လူပဲပေါ့" ရယ်လို့ ဒေါက်တာအောင်သော်ကိုပြောလိုက်သည်။

ဒေါက်တာအောင်သော်က သူအင်မတန်တွေ့မြင်လိုသောသူကို တွေ့လိုက်ရပြီဖြစ်သဖြင့် ကျေနပ်ပြုံး ပြုံးနေသလို ရွာလူကြီး 'စောကဲသာ' သည်လည်း ဘူတော်မောင်ကို ပုံမှန်စိတ်ဖြင့်ပြန်တွေ့လိုက်ရသည်ကြောင့် ဝမ်းသာကြည်နူးနေလေတော့၏။

လူကျားသည် ပုံမှန်စိတ်ဖြစ်နေသည်ဆိုသော်လည်း တော ကောင်တို့၏ အသံကြားလေတိုင်း သူ့မျက်ဝန်းတို့သည် နီရဲလာကြ၏ ပြီးတော့ဖုထစ်လုံးကြွသောကြွက်သားစိုင်တို့သည် တင်းမာလာကြသည် ဒေါက်တာအောင်သော်က သတိထားမိကြောင်း ကျွန်တော့်ကို တိုးတိုး ပြော၍ပြလေသဖြင့်

"ကိုပိုက်. . ကျွန်တော်တို့ သူ့ကိုသည်တောဝတ်ဝန်းကျင်က အမြန်ဆုံးခေါ် ထုတ်သွားဖို့လိုတယ်၊ ဘာလို့လဲဆိုတော့ ပတ်ဝန်းကျင်က လူ့ရဲ့စိတ်ကိုပြောင်းလဲစေနိုင်တယ်" ဟုလည်းသတိပေးလာသည်ဖြစ်ခြင်း



ကြောင့် ကျွန်တော်တို့သည် ထိုနေရာမှ အားခြင်းဖယ်ခွာခရီးဆန့် ရွာသို့ ပြန်ခဲ့ကြတော့၏။

ညအိပ်စခန်းချသည့်နေရာတွင် ကျွန်တော်တို့သည် ဒေါက်တာ အောင်သော်စီမံသည့်အတိုင်း လူကျားကို စိတ်ရှိင်းများပြန်မဝင်လာအောင် ရွာလူကြီးစောကဲသာပြောပြ၍ သိရသည့်လူကျားစိတ်ဝင်စားသော ဇာတ် သဘင်အကြောင်းတို့ကို မနားတမ်းပြောပြကြကာ စိတ်လွှဲပေးနေကြရ၏။ ပြီးနောက် ဒေါက်တာအောင်သော်သည် လူကျားအား အိပ်ဆေးတိုက်၍ အိပ်စေလိုက်တော့၏။

နောက်တစ်နေ့ မနက်စောစောတွင် ရွာသို့တန်း၍ပြန်ခဲ့ကြတော့ ၏။ လူကျား၏ပေါင်မှဒဏ်ရာတား မပြောပလောက်သဖြင့် တော်သေး။

သို့ဖြင့် ကျွန်တော်တို့သည် နေမွန်းမတည့်မီ ရွာသို့ ရောက်ရန် ခရီးတစ်ဝက်သို့ပင်ရောက်ခဲ့ကြ၏။ ခဏတဖြုတ်နား၊ စားသောက်ပြီးခရီး ပြန်အဆက် ဝါးမြိုက်တောလေးတစ်ခုအရောက်တွင် ဝက်သိုက်တစ်စုကို မမျှော်လင့်ပဲတွေ့လိုက်ရသည်၊ ထိုဝက်သိုက်တွင်ရှိ ဝက်မကြီးသည် ကျွန်တော်တို့လူစုကို ရုတ်တရက်တွေ့လိုက်ရသောကြောင့် လန့်ဖျပ်ကာ ထွက်ပြေးသွားတော့၏။ လျှင်မြန်ဖျတ်လတ်သော မုဆိုးပီပီ လင်းမြင့်လှိုင် သည် သူ့လက်တွင်းရှိ ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ဖြင့် လှမ်းပစ်လိုက်၏။

"ဒိုန်း"

ပစ်လိုက်သော ကျည်ထိမှန်သွားပုံရ၏။ ဝက်မကြီးသည် ပြေး ရင်းလွှားရင်း ဘေးသို့ယိုင်သွား၏။ အပြေးနှုန်းအနည်းငယ်နှေးကွေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်တောင်းကိုမထိခြင်းကြောင့် လဲပြိုခြင်းမရှိခြင်းဖြစ်မည်။ သို့ပြေးလွှားနေသည့် ဝက်မကြီးကို ငေးကြည့်နေကြစဉ်မှာပင် လူကျားသည် ကျွန်တော်တို့အပါးမှ လှစ်ခနဲ ဝက်မကြီးနောက်သို့ ပြေးလွှားလိုက်သွားတော့၏။

'လူကျား' တစ်ယောက် ခုန်ကျော်ပြေးလွှားသွားပုံသည် လူသားတစ်ယောက်နှင့်လုံးဝမတူဘဲ ကျားရဲတစ်ကောင်ပမာ ဖြစ်တော့၏။ ပါးစပ်မှလည်း တဝေါင်းဝေါင်း အော်မြည်သွားပြန်၏။ သူ့အားကြည့်ပြီး ကျွန်တော်တို့တွေ အံ့သြတကြီးဖြစ်ရ၏။ လှစ်ခနဲ လှစ်ခနဲခုန်ကျော်ပြေးလွှားနေသည်မှာ မြန်လိုက်သည်ဖြစ်ခြင်း ဝက်မကြီးသည်လည်း ဝါးမြိုက်တောမှလွန်၍ အောက်ပေါင်းရှင်းသော အင်ကြင်းတောသို့ အရောက်တွင် လူကျားသည် ထိုဝက်မကြီးအား ခုန်အုပ်ဖမ်းလိုက်သည်မှာ ကျားတစ်ကောင်ကဲ့သို့ပင်ဖြစ်၏။

ဝက်မကြီးတော လူကျားပါလဲပြိုလုံးထွေးနေကြတော့၏။ တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီးထုံးထွေးတိုက်ခိုက်နေကြ၏။ ပြင်းထန်သောသားရဲကောင်တို့၏တိုက်ပွဲပင်ဖြစ်တော့သည်။ သို့ကြောင့် ကျွန်တော်တို့သည် လူကျားအတွက်စိုးရိမ်ပူပန်ကြရသည်ဖြစ်သဖြင့် ထိုတိုက်ပွဲအနားသို့အပြေးအလွှားသွားလိုက်ကြသည်။

ထိုတိုက်ပွဲအနားသို့ ရောက်သွားကြသည့်အခါတွင် အားမာန်အပြည့်တိုက်ခိုက်ခဲ့သည်ဖြစ်သောကြောင့် လူကျား၏တကိုယ်လုံးအနှံ့ ဝက်ပက်ခံရသည့်ဒဏ်ရာများအပြည့်ဖြင့် လဲကျသေဆုံးနေသလို လူကျားသည်လည်း မည်သို့မည်ပုံတိုက်ခိုက်ထားလေသည်မသိ ဝက်မကြီး၏သည်



သည်း 'လည်စေ့' နှင့် 'ဝမ်းဗိုက်' ပေါက် အူများထွက်ကာ အသက်တင်းမဲ့နေတော့၏။

ဖေါက်တာအောင်သော်တစ်ယောက် ခဲလေသမျှ သဲရေကျဖြစ်ရလေသည်။ သူ၏'လူကျား' သုတေသနစီမံကိန်းသည် ဖြစ်လုဖြစ်ခင်မှာ ချက်သုဉ်းသွားရလေပြီဖြစ်တော့၏။

တကယ်တော့ လူကျားသည် ယခုဝက်မကြီးကိုမြင်လိုက်သည်နှင့် မနေ့ကသူ့အားပက်၍ထွက်ပြေးသွားသောဝက်ကိုသတိရသွားပြီး နာကျည်းခံပြင်းစိတ်ကြောင့် စိတ်ရိုင်းများရုတ်တရက်ဝင်လာပြီး ကလဲ့စားချေလိုက်လသတ်ဖြတ်ခဲ့ခြင်းကြောင့် သူ၏အသက်ကိုပင် ပေးဆပ်လိုက်ခြင်းဖြစ်ပေတော့သည်။

ကိုပိုက်

(လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၉၈ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com






## "အလှည့်"

အန္တရာယ် အရိပ်အငွေ့တို ရလိုက်သည်ကြောင့်လားမသိ၊ "တောခွေးမကြီး" သည်ခေါင်းကိုငှဲ့ယမ်း၍ ပတ်ဝန်းကျင်အားစူးစိုက်ကြည့်နေ၏။ သူ၏နားရွက်တစ်စုံသည် ထောင်မတ်ကာဆတ်ခနဲ့ဆတ်ခနဲ တုန်နေ၏။

ထိုသို့ကျရောက်လာတော့မည့် အန္တရာယ်ကို ထိတ်တိုက်ရင်ဆိုင်ရလေမည်လား၊ သို့မဟုတ်ပြေးလွှားဆွက်သွားရလေမည်လား ဝေခွဲမရဖြစ်နေဆဲမှပင်အရှိန်နှုန်းမြန်စွာဖြင့် လေထုကိုဖြတ်ထိုးဖောက်ထွက်လာသည့် အသံတစ်သံကြားလိုက်ရသည်ကြောင့် ရှောင်တိမ်းပြေးလွှားရန် ကြိုးစားလိုက်နေဆဲမှာပင်သူ၏ ဝမ်းဗိုက် နံကြားတွင်းသို့ တစ်စုံတစ်ခုသော အရာဝတ္ထုတစ်ခုကပြင်းထန်သော အရှိန်နှုန်းဖြင့် ဖောက်ဝင်လာတော့၏။

ရှောင်တိမ်းပြေးလွှားရန် သတိရလိုက်သည်နှင့် ကိုယ်[illegible] သွားခြင်းကြောင့် လက်ပြင်ကို လာရောက်ထိခိုက်ခြင်းမှ ကင်းလွတ်၍

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်းဝိုက်နံကြားသို့ စူးဝင်ခံလိုက်ရခြင်းသည် သူ့တွက်ပြေးလွှားနိုင်စွမ်းကို အနှောက်အယှက်မပြုနိုင်ခြင်းဖြစ်တော့သည်။

ထို့ကြောင့် နာကျင်သည့်ဝေဒနာခံစားနေရင်းမှ ပြေးလွှားနေနိုင်ခြင်းဖြစ်သည်။ သို့မဟုတ်လက်ပြင်ကိုထိခိုက်လာပါမူ ပြေးလွှားနိုင်စွမ်းရှိတော့မည် မဟုတ်ဘဲ ထိုနေရာ၌ပင်ခွေယိုင်လဲကျ၍ကွလှလှကြီးဖြင့် ကြုံရတော့မည်ဖြစ်သည်။

"တောက်"

မြားတန်းလန်းဖြင့် ပြေးထွက်သွားသည့် "တောခွေးမကြီး" ကို ငေးငိုင်ကြည့်ရင်းမုဆိုးတာတီးသည် "တောက်" တစ်ချက်ပြင်းပြင်း ခေါက်လိုက်ကာ . . .

"ဒီခွေးမ သိပ်ဝေးဝေးပြေးနိုင်မယ် မဟုတ်ဘူး၊ လိုက်သွားကြည့်မယ်ဗျာ" ရယ်သို့ မချိတင်ကဲ ပြောလိုက်သည့်စကားကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကိုငဲ့ကြည့်ကာ ဘယ်လိုသဘောရသလဲဟူ၍ မျက်နှာရိပ် မျက်နှာကဲဖြင့် မေးဆတ်မေးလိုက်သည်။

"ခင်ဗျားသဘောပဲလေ" ရယ်လို့ လင်းမြင့်လှိုင်က ကျွန်တော်အကြည့်မှလွဲဖယ်ကာ မုဆိုးတာတီးထံသို့ လှည့်ကြည့်အဖြေပေးလိုက်သည်။ သို့ကြောင့် မုဆိုးတာတီးသည် သူ၏ဒူးလေးကြီးကို ပုခုံးတင်ထမ်းကာရှေ့မှသုတ်ခြေတင်သွားတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်းသူ့နောက်မှ ခပ်သွက်သွက်လိုက်သွားကြတော့သည်။

တကယ်တော့ မုဆိုးတာတီးသည် ပဲခူးရိုးမ အနောက် တော



ခွင်တွင် နာမည်ကြီးအမဲပစ်မုဆိုး တစ်ယောက်ဖြစ်၏။ တောကျွမ်းသည်။ သူ၏ သားသတ်လက်နက်ကား ဒူးလေးပင်ဖြစ်တော့၏။ ပစ်တိုင်းလွဲဟုသိရ၏။ သူသည်လူပျိုပေါက်ကလေးအရွယ်မှစ၍ ယခုအသက်ငါးဆယ်ကျော်တိုင်ဒူးလေးဖြင့်သာ အနောက်ရိုးမတောတခွင်၌ လှည့်လည်အမဲပစ်အသက်မွေးဝမ်းကြောင်း ပြုနေသူဖြစ်သည်။

သူပစ်လိုက်သည့် 'ဒူးလေးမြားတံ' သည် အများအားဖြင့် သားကောင်တို့၏ လက်ပြင်ကိုထိမှန်ခံရခြင်းကြောင့် ပြေးလွှားနိုင်စွမ်းမရှိတော့ဘဲ ခွေယိုင်လဲကျကြရတော့၏။ သည်တော့မှ မပြေးလွှားနိုင်တော့သည့် သားကောင်တို ထုရိုက်ခုတ်ထစ်သတ်ဖြတ်တတ်၏။ သို့ကြောင့်သည်းသူတွင် ဒူးလေးအပြင် "ဒါးမ" ရှည်တလက် အမြဲဆောင်ထားခြင်းဖြစ်သည်။

သူ၏မြားတံတွင် အဆိပ်လူးထားခြင်းမရှိသည်ကြောင့် သူပစ်လိုက်သည့် သားကောင်မှန်သမျှ အတန်ကြာကြာနာကျင်သော ဝေဒနာများခံစားရလေပြီးမှ သေဆုံးကြရခြင်းဖြစ်သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်ကား အမဲကောင်ကို မစ်ခတ်ခွင့်ရလေတိုင်းဖြင့် ကိစ္စတုန်းအောင် သေချာချိန်ရွယ်ပစ်ခတ်တတ်ကြသည်။ (အတတ်နိုင်ဆုံးပေါ့လေ) ကျွန်တော်တို့ ပစ်လိုက်သောကျည်ထိမှန်ခံလိုက်ရသည်နှင့် မည်သည့်ဝေဒနာမျှ မခံစားလိုက်ရဘဲ အသက်ထွက်သွားသည်ကများသည်။

ထိုသည်ကား သားကောင်ကိုဖမ်းဆီးသတ်ဖြတ်ပုံ မတူခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မုဆိုးတာတီးအားလည်း အပြစ်မဆိုသာခဲ့ချေ။ သူ၏သားသ
လတ်နက်သည် ကျွန်တော်တို့ကိုင်ဆောင်သော ပြင်းထန်စွာ မြည်ပေ
ပေါက်ကွဲပြီး လျှင်မြန်သော အရှိန်နှုန်းဖြင့် သေကွင်းကို လာရောက်ထိမ်
စေမည့် ခဲသီးကျည်ဆံထည့်ပစ်ရသော ခေတ်မီလက်နက်မှ မဟုတ်လေ
ရှေး ဟောင်းလတ်နက်ရယ်လို့ခေါ်နိုင်လောက်သည့် မြားတံတပ်ပစ်သ
ဒူးလေးဖြစ်သည်။

ယခုလည်းကြည့် အရှေ့ရိုးမတစ်ကြောတွင် လူသိများသ
မုဆိုးနှစ်ယောက်ဖြစ်သော ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ရှေ့တွင် သူ
အစွမ်းအစကို ပြလိုသည်ကြောင့် တောလိုက်ထွက်လာကြသည်နှင့် ရှေ
မြင်ရသည့် စားမရသောတောခွေးမကို လက်စွမ်းပြပစ်ခတ်ပြလိုက်ရာ
ထိုသို့လွဲချော်သွားပြီး တောခွေးမထွက်ပြေးသွားခြင်းကြောင့် သူသည် ရှ
ရမ်း. . . ရမ်းကာ စားမရသည့် တောခွေးမနောက်သို့ လိုက်ခဲ့ခြင်း
သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တာတီးတစ်ယောက် ရှ
သွားမည်စိုး၍ အလိုက်သင့်ပင် သူ့နောက်မှ လိုက်ခဲ့ကြခြင်းဖြစ်သည
တကယ်တော့ ကျွန်တော်သည် စားသောက်မရသည့်တောခွေးမနောက်
ခြေရာခံလိုက်နေကြမည့်အစား အခြားသားကောင်တစ်ကောင်ကော
ရှာဖွေပစ်ခတ်လိုကြသည်အမှန်ဖြစ်၏။

"ရှေ့နားမှာတင်လဲကျသေဆုံးမှာပါ" ရယ်လို့ တာတီး
တတွတ်တွက်ပြောရင်း သွားနေသော်လည်း ခရီးသာ အတော်ပေါ

သည်။ တောခွေးမကို မမြင်ရသေးချေ။ သည်လိုနှင့် တောတိုးခဲ့ရာ တောင်
ကြောစွယ်မြင့်မြင့်လေးတစ်ခုအနားတွင် ဝတ်ဖြူစင်ကြယ်နှင့် ဖိုးသူတော်
တစ်ပါးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

သို့ကြောင့် . . . . ကျွန်တော်တို့ သုံးယောက်သည် တောကြီး
မျက်မည်းတွင်းမှ ထိုဖိုးသူတော်ကို အံ့ဩတကြီးဖြင့် ငေးကြည့်နေကြဆဲမှာ
ပင် . .

"တောလိုက်မုဆိုးတွေထင်ပ"

လူသံပီပီသသကြောင့် ယုန်ထင်ကြောင်ထင်ထင်နေကြသည့်
ကျွန်တော်တို့နှစ်ယောက်သည် ဖိုးသူတော်အနားသို့ သွားရောက်ဂါရဝ
ပြုလိုက်ကြသည်။ ပြီးနောက် . . . "ဖိုးသူတော်ကြီးက ဘယ်ကလဲ၊ သည်
တောထဲမှာ ဘာလာလုပ်တာတုန်း" ရယ်လို့ ကျွန်တော်က စပ်စပ်စုစု
မေးလိုက်သည်။

ဖိုးသူတော်ကြီးသည် ကျွန်တော်အား ပြုံးပြုံးလေးဖြင့် ငေးစိုက်စူး
စမ်းကြည့်ရင်း . . . " ကျုပ်က သည်တောတောင်ထဲမှာ ကျုပ်ဆရာ
ရသေ့နဲ့ လာပြီး သတ္တဝါတွေ၊ (၇) ရက်သားသမီးတွေကို ကယ်တင်နိုင်ဖို့
ကြိုးပမ်းနေတဲ့သူတွေပဲ။ ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်ကောင်း
ကောင်းသိတယ် 'ကိုပိုက်နဲ့ တိုလင်း' မဟုတ်လားရယ်လို့ ကျွန်တော်နှင့်
လင်းမြင့်လှိုင်ကိုမေး၏။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်
ဖိုးသူတော်အား သေချာစူးစိုက်အကဲခတ်ကြည့်လိုက်ကြရင်း . .

"ဒါနဲ့ . . ဖိုးသူတော်က . ." ဟူ၏ သာပြောလိုက်ရုံရှိ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

"ကျုပ်တို့ ဘော်ခီးတောင်တန်းမှာ ဆုံကြသေးတယ်လေ

အဲဒီတုန်းက ကျုပ်ဟာ ဖိုးသူတော်မဝတ်သေးဘူး" ရယ်လို့ သူက အစ

ပေးလေသည်ကြောင့် ကျွန်တော်သည် ဖိုးသူတော်အား ကောင်းကော

မှတ်မိသွားသည်ကြောင့် . . . .

"ဟာ . . ဟုတ်ပြီ . . အောင်စိုးဝင်း . . အောင်စိုးဝင်း .

မဟုတ်လား" ဟုမေးလိုက်သည်။

"ဟုတ်ပါ့ဗျာ"

"ဒါနဲ့ . . . ဖိုးသူတော်ကြီးရဲ့ ဆရာရသေ့ခုဘယ်မှာတုန်း . .

ရှာလို့တွေ့ပြီးလား . . ဖိုးသူတော်ကြီးနဲ့ ကျွန်တော်တို့ လမ်းခွဲကြပြီးနော

ရေဝေးသုသာန်ဘက်မှာ ဖိုးသူတော်နဲ့ ဆရာရသေ့ကိုတွေ့မိကြတ

ပြောလို့ကျွန်တော်နဲ့ လင်းမြင့်လှိုင် အဲဒီအနားရှိတဲ့ ဦးစောလူးသစ်စက်

စတည်းချလာရှာကြသေးတယ်"

[ရသေ့ကြီးပညာဗလနှင့် အောင်စိုးဝင်းအကြောင်းကို ကျွန်တေ

သည် ၁၉၉၉၊ ဖေဖော်ဝါရီလထုတ် စစ်ပြန်မဂ္ဂဇင်းတွင် ထူးဆန်းသော

ရသေ့ကြီးခေါင်းစဉ်ဖြင့် ရေးခဲ့ပြီးဖြစ်သည်။]

ကျွန်တော်စကားကြောင့် ဖိုးသူတော်ကြီးသည် ပြုံး၍နေ

"ဟုတ်တယ် . . . . ကျုပ်နဲ့ ဆရာရသေ့ပြန်ဆုံကြပြီး ရေဝေးသုသာန်

မှုတင်ဆောက်တည်ကြသေးတယ် ခဏပါပဲ . . . အဲဒီကနေ ကျိုက်ထီး

မှာ သွားအဓိဋ္ဌာန်ဝင်ကြသေးတာပေါ့၊ ပြီးတော့ ဆရာရသေ့ကသည်



စေတီတစ်ဆူတည်ဖို့ရှိတဲ့အတွက် ရောက်နေကြတာကြာပြီ" ဟုပြောလာ

သည်ကြောင့် ကျွန်တော်သည် ဖိုးသူတော်အောင်စိုးဝင်း၏ ဆရာရသေ့နှင့်

တွေ့ရတော့မည် ဖြစ်သောကြောင့် အားရဝမ်းသာစွာမေးလိုက်သည်။

"ဒါဖြင့် . . ကျွန်တော်တို့ဖိုးသူတော်ကြီးရဲ့ ဆရာရသေ့နဲ့ . . ကံကြုံလို့ဆုံကြရတော့မှာပေါ့နော်"

ဖိုးသူတော်ကြီးက ခေါင်းကိုယမ်းလိုက်ပြီး . . "မဆုံနိုင်သေးဘူး" ယတိပြတ်ပြောလာသည်ဖြစ်၍

"ဘာဖြစ်လို့တုန်းဗျ"

လင်းမြင့်လှိုင်က မတော့မနပ်လေသံဖြင့် မေးလိုက်သည်။

"ဆရာရသေ့မနက်ကပဲ ခရီးထွက်သွားတယ်"

ဖိုးသူတော်စကားကြောင့် ကျွန်တော်အလွန်အမင်းစိတ်ပျက်သွားရသည်။

"ကဲလာကြ . . လာကြ . . ကျုပ်နောက်လိုက်ခဲ့ကြ . . မနက်စာ မစားရသေးဘူးဟုတ်လား . . . ကျုပ်ဆရာရသေ့က သူခရီးထွက်သွားပြီး မကြာခင်မှာပဲ ညစ်ပတ်တဲ့ လူသုံးယောက်ရောက်လာလိမ့်မယ်လို့ ပြောသွားတာ မှန်နေပါပကောလား ပြီးတော့ခင်ဗျားတို့အတွက် ထမင်းချက်ထားလိုက်မှာခဲ့သေးတယ်"

ဖိုးသူတော်စကားကြောင့် အလွန်အမင်းအံ့ဩကြရပြန်သည်။ ဖိုးသူတော်ကြီးသည် ကျွန်တော်တို့အား ညာဝါးဖြီးဖြန်းပြောနေခြင်းမဟုတ် ဖိုးသူတော်ကြီးတို့၏ တရားစခန်းတဲရောက်သည့်အခါတွင်ချက်ပြုတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြီး အရုံသင့်ပြင်ဆင်ထားသည့် သုံးယောက်စာ ထမင်းဟင်းပွဲပွဲနွေး
များတွေ့ရခြင်းကြောင့်ပင်ဖြစ်တော့၏။

"ပြီးတော့ ကျုပ်ဆရာရသေးက မှာလိုက်သေးတယ်၊ ဧည့်သည်
သုံးယောက်ကို ငါးပါးသီလယူခိုင်းပါတဲ့၊ ဘာလို့လဲဆိုတော့ အဲဒီသုံးယော
ထဲက တစ်ယောက်က ဝိညာဉ်ဘဝနဲ့ သည်တောထဲရောက်လာတုန်း
သူနဲ့ကြုံခဲ့ဖူးတယ်လို့ပြောတယ်"

ဖိုးသူတော်စကားကြောင့်ကျွန်တော်အလွန်အမင်းစိုးရိမ်ထိ
လန့်သွားမိပြန်၏။ ဘယ်သူများဖြစ်မှာပါလိမ့် . . ဖိုးသူတော် စကားအ
ကျွန်တော်တို့သုံးယောက်ထဲမှ တစ်ယောက်ယောက်သည် မလွဲဧကံမုချ
"ဥပစ္ဆေဒက" ကံထိုက်၍ သေရမည့်သူဖြစ်နေသည်။

"ကဲ . . လာကြ . . လာကြ ဆာနေရောမယ်စားလိုက်ကြ"
ကာ အရုံသင့်ပြင်ထားသည့် ထမင်းပွဲတွင် ဝင်စားစေလေသည်။

ဆာဆာရှိသည်နှင့် ကျွန်တော်တို့စားလိုက်ကြသည်။ ကော
လိုက်သည့်လက်ရာ ဖိုးသူတော်ကြီးချက်သည်ထင်ပါ၏။ ဘာတွေကို ဘယ်
ချက်ပြုတ်ထားလေသည်မသိချေ။ စားသောက်ပြီးလေမှ ဖိုးသူတော်
ပြော၍ သိရသည်မှာ . . ကျွန်တော်တို့ မြိန်ရည်ရှက်ရည် စားလိုက်
သည့် ဟင်း ကား "ကဒက်" ဥကို အခြောက်လုပ်ကာ ဖြုပ်သီးစပ်စပ်
ကြော်ထားခြင်း အသားတုပြုလုပ်ထားသည့် "ဝ"ဥ ကို ဆီပြန်ချက်ထ
ခြင်း သက်သက်လွတ်ဟင်းများဖြစ်၏ ဟုသိရ၏။

စားသောက်ကြပြီးနောက် ကျွန်တော်တို့အား ငါးပါးသီလခံယူ



စေ၏။ သို့နောက် ကျွန်တော်တို့အား ဤသို့ပြောလာ၏။

"လူတွေဟာ မသေခင်နေရမယ့် အချိန်ကလေးမှာ သေရမယ့် ရက်ကိုစောင့်ရင်းလှုပ်ရှားရုန်းကန်စားသောက်နေထိုင်ကြတာပဲ မဟုတ်လား။ အားလုံးသွားရမယ့်လမ်းကသည်လမ်းပဲမဟုတ်လား။ သည်လိုကြီး အိပ်စားနေတာနဲ့ တင်းတိမ်မနေကြဖို့ပြောချင်တယ်။ ဘဝအဓိပ္ပါယ်ရှိအောင်လုပ်ကြပေါ့။ သေခြင်းဆိုတဲ့ မရဏကောင်ကြီးကို မကြောက်မရွံ့ ရဲရဲကြီး ရင်ဆိုင်နိုင်အောင် ခုကတည်းကပြင်ဆင်ကျင့်ကြံပါကလား၊ ဘယ်လိုလုပ်ရမလဲဟုတ်လား၊ သရဏဂုံသုံးပါး ခါးဝတ်ပုဆိုးကဲ့သို့ မြဲပါလေ့စေ။ အဲ . . အရေးကြီးတာ ပြောရဦးမယ်။ သူ့အသက်သတ်ခြင်းဆိုတဲ့ "ပါဏာတိပါတာ" ကံကို အတော်များများလူတွေ မလွတ်ကင်းကြဘူး။ တစ်ချို့ကကင်းတယ်လို့ သူတို့ကိုယ် သူတို့ထင်နေကြတယ်။ ခြင်တောင် လေးတစ်ကောင်ကိုက်ခံရလို့ ရှတ်တရက်ဖြန်းခနဲရိုက်သတ်မိတာ အပြစ် မရှိလို့ မထင်ကြနဲ့ အပြစ်ရှိတာပဲ။ ကိုယ်ကိုက်ခံရတယ်၊ နာတယ်၊ သည် တော့ ဆတ်ခနဲ ဒေါသဖြစ်ပြီး ရိုက်သတ်လိုက်တာမဟုတ်လား။ ကိုလင်းနဲ့ ကိုပိုက်ကိုအဓိကပြောချင်တာက ဟိုဘက်က ဒူးလေးနဲ့ မုဆိုးဆရာကြီး လည်းပါတယ်နော်။ အမဲလိုက်တဲ့ အလုပ်ကို လုံးဝစွန့်လွှတ်လိုက်ကြစေချင် တယ်။ အရင်တစ်ခါဆုံကြတုန်းကလဲပြောဖူးပါတယ်။ ခုထိမိုက်နေကြ တုန်းပဲလား။ အပြစ်မဲ့ သတ္တဝါလေးတွေကို လိုက်လံသတ်ဖြတ်နေကြတာ ပဲ။ မသေခင်နေကြမယ့် အချိန်ကလေးမှာ သတ္တဝါချင်းစာနာပါ။ ကိုယ် ချင်းစာပါ။ ကြည့်လေ ခြင်ကောင်လေးကိုက်ခံရတာတောင် ငါ့ဖျားတို့

www.burmeseclassic.com

www.burmeseclassic.com



နာတယ်ထင်ပြီး ဒေါသနဲ့ ဖြန်းခနဲ ရိုက် - ကြတယ်။ သူတို့ ခဏှာ ခင်ဗျားတို့ပစ်လိုက်တဲ့မြားစူး၊ ကျည်ထိခံရပြီး ပြင်းထန်တဲ့ ဝေဒနာတွေ ခံစားရင်း သေကြရရှာတယ်။ လူဆိုတာလဲ သတ္တဝါ၊ တိရစ္ဆာန်ဆိုတာလဲ သတ္တဝါမဟုတ်လား။ သတ္တဝါချင်း သတ်ဖြတ်စားနေလို့ ဘာအကျိုးဖြစ် လာမှာတုန်း၊ ကျားဆိုတဲ့ သတ္တဝါက စဉ်းစားဉာဏ် "ဦးနှောက်" မရှိလို့ အစာအလို့ငှာ သားကောင်ငယ်လေးတွေကို သတ်ဖြတ်စားနေတာ ပြဿနာမရှိဘူး၊ အပြစ်မရှိလောက်ဘူး၊ သူဟာ ဟင်းသီးဟင်းရွက်တွေ စားနေပြီးအသက်ရှင်နေထိုင်လို့ရတာမှ မဟုတ်တာချည်း။ ဒါကို သဘာ လို့ပြောလို့ရတာပဲ ဒါပေမယ့်လူတွေဟာ အသိဉာဏ်ရှိတဲ့ ကောင်းတဲ့ "ဦးနှောက်" ရှိတယ်၊ စဉ်းစားဉာဏ်ရှိတယ်။ ဝေခွဲပိုင်းဖြတ်နိုင်စွမ်းရှိ တယ်။ ဟင်းသီးဟင်းရွက်တွေ စားနေလို့လဲရတယ်၊ ဘာလဲ လျှာအရသာ စားနေချင်ကြတာလား လျှာကိုအလိုမလိုက်ကြပါနဲ့၊ တဏှာကိုဦးစားမပေး ကြပါနဲ့၊ အစားလေးတလှမ်းနဲ့ သူ့အသက်ကို သတ်ကြတာ မကောင်းပါ ဘူး၊ အပါယ်တံခါးပိတ်အောင်ရတဲ့ အချိန်တိုကလေးမှာ ကြိုးစား ကြည့် ကြပါလား"

ဖိုးသူတော်ကြီးစကားကြောင့် ကျွန်တော်သည် နက်နက်နဲနဲတွေး ကြည့်လိုက်မိသည်။ ဟုတ်တာပေါ့ သတိမမူ ဂူမမြင်ဖြစ်နေတာပဲ ဆိုတယ်ဆိုရင် ကျွန်တော်သည် "ပါဏာတိပါတာ" ကံကို သိသိကြီးနှင့် ကျူးလွန်နေတာပဲ။ သံသရာမှာ ခံစားရမယ့် ဝဋ်ကို မေ့နေတာပဲ။ ထို ကြောင့် ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်သည်။



ထိုသည်ကား မုဆိုးအလုပ်ကို လုံးဝစွန့်လွှတ်လိုက်ခြင်းဖြစ်တော့၏။ ထို့ အပြင် အသက်သတ်လွှတ်စားဖို့ရာပင် စဉ်းစားလိုက်ပြီးဖြစ်၏။ ဘယ် တွက်ဆိုသော် ကျွန်တော်အဖို့ အသားဟင်းလျာများ စားနေခြင်း သည် သတ္တဝါလေးတွေကို ကိုယ်ထိလက်ရောက် သတ်ဖြတ်ခြင်း မဟုတ်သော် လည်း သွယ်ဝိုက်သောနည်းဖြင့် ကျူးလွန်ရာများရောက်လေမလားရယ်လို့ အသိတစ်ခုဝင်လာသည်ကြောင့်ပင် ဖြစ်တော့၏။ ဥပမာ ဆိုပါတော့ . .

တောရွာတစ်ရွာက အမျိုးအဆွေမိတ်ဆွေအပေါင်းအသင်း အိမ်သွားလည်တယ်၊ သည်တော့သူတို့ အိမ်ရှင်တွေက တောအရပ်ဆို တော့ ဟင်းလျာက အရံသင့်မရှိ ဧည့်သည်တွေကိုလည်း ဧည့်ခံကျွေးစေ ချင်၊ သည်တော့ ဘာလုပ်ကြသလဲ၊ ကိုယ့်အိမ်မှာရှိတဲ့ 'ကြက်' 'ဘဲ' ကို သတ်ကျွေးကြ၊ မရှိရင် ရွာထဲကအိမ်တစ်အိမ်မှာရှိနိုင်လောက်တဲ့ ကြက်၊ ဘဲကို ရှာဝယ်ပြီးသတ်ကျွေးကြ၊ လုပ်တတ်ကြတယ်လေ။ တစ်ခါလို့ ဧည့်သည်ဟာ အသက်သတ်လွတ်စားပါတယ်ဆိုရင်သည် 'ကြက်' 'ဘဲ' တွေ ဘယ်အသက်ခံရတော့မှာလဲ အဲလိုပေါ့နော်၊ အသားဟင်းလျာတို့ ဘယ်မက်ခုံမင် စွာစားနေကြသူတွေရှိတော့ကာ သတ္တဝါတွေကို သတ်ပြီး ရောင်းတဲ့သူတွေ ရှိနေတာပေါ့။ အသားဟင်းလျာကို စားနေကြသူတွေ မရှိတော့ရင် သတ္တဝါတွေကို သတ်ပြီးရောင်းတဲ့သူတွေ ဘယ်လာရှိတော့ မှာတုန်းရယ်လို့ ကျွန်တော်အတွေးပေါက်မိသည်ကြောင့် အသက်သတ် လွှတ်စားရန်စဉ်းစား ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ နှမ်းတလုံးတည်းဖြင့် ဆီဖြစ်မလာနိုင်ကြောင်းတော့ဖြင့်ကျွန်တော်သိပါသည်၊ သို့သော် နှမ်းစေ့

www.burmeseclassic.com

www.burmeseclassic.com



လေးတွေအများကြီး ဖြစ်လာပါက ဆီဆိုတာဖြစ်လာမှာ မလွဲကေန် ...
ပါသည်။

သို့ကြောင့် . . .

"ဟုတ်လိုက်လေ ဖိုးသူတော်ကြီးရယ်၊ ကျွန်တော်သဘောပေါ...
သွားပါပြီ၊ ဒါကြောင့် သတ္တဝါတွေကို ကိုယ်ထိလက်ရောက်ခုလို လိုက်...
သတ်ဖြတ်နေခြင်းသာ မဟုတ်၊ သွယ်ဝိုက်သောနည်းနဲ့လဲ 'ပါဏာ...
ပါတာ" ကဲ မထိုက်အောင် သနားကြင်နာစိတ်အပြည့်နဲ့ ကနေ့က...
အသက်သတ်လွတ်စားပါတော့မယ် ဖိုးသူတော်ရယ် ကတိပေးပါတ...

လင်းမြင့်လှိုင်သည်လည်း ကျွန်တော်ကဲ့သို့ပင် ဖိုးသူတော်...
အား ကတိပေးလိုက်သော်ငြား မုဆိုးတာတီးကား သဘောမပေါက်သ...
အပြင် . . .

"ဒီဘဝ သည်ကိုယ်နဲ့စံမယ်၊ နောက်ဘဝ နောက်ကိုယ်နဲ့...
တော့မယ်ဗျာ " ရယ်လို့ ရယ်သွမ်းသွေးကာ ပြောလာပြန်သေး၏။

ထိုတစ်ည ဖိုးသူတော်တဲတွင် ညအိပ်ကြသည်။ ဖိုးသူတော်...
ယောက် ကျွန်တော်တို့မအိပ်ခင်ကတည်းက ရွတ်ဖတ်နေသည့် တရား...
နှင့် မေတ္တာပို့သံများသည် ကျွန်တော်တို့ နောက်တစ်နေ့အိပ်ရာထသ...
တိုင် ရွတ်ဖတ်မေတ္တာပို့နေဆဲဖြစ်၏။

ကျွန်တော်တို့သည် ပြန်ကြတော့မည်ဖြစ်၍ဖိုးသူတော်ကြီးထ...
ရွတ်ဖတ်သံအပြီးကိုစောင့်၍ နှုတ်ဆက်လိုက်ကြသည်တွင် ဖိုးသူ...
ကြီးက —

*"ကောင်းပြီ သရဏဂုံသုံးပါးကိုဘယ်တော့မှ မမေ့လျော့ကြလေ...၊ ငါးပါးသီလ မမြဲနိုင်တောင် လေးပါး ဒါမှမဟုတ် သုံးပါးအဲဒါမှ မဟုတ်...သေးလဲ နှစ်ပါး၊ မလုံနိုင်သေးဘူးလား၊ အင်း တပါးလောက်တော့ လုံအောင်...ထိန်းကြပါ၊ အော် -- ဒါနဲ့ မပြန်ခင် ကျူပ်ကိုအကူအညီတစ်ခုပေးခဲ့ကြ...ဦး'

'ဘာများအကူအညီပေးရမှာလဲ ဖိုးသူတော်ကြီးရဲ့'

လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ---

"တဲ . . ဒါဖြင့် ကျူပ်နောက်လိုက်ခဲ့ကြ "

ဆိုကာ ကျောင်းသခ်န်းတဲ တောင်ဘက်ရှိ ချုံစပ်လေးတစ်ခုသို့...လှမ်းသွားရင်း ကျောင်းသခ်န်းထဲအနားမှ 'ပေါက်ပြား' တလက်ကို တပါ...တည်း ယူလာခိုင်းသည်ကြောင့် ကျွန်တော်သည် ဘာများပါလိမ့်ရယ်လို့...စဉ်းစားဝေခွဲမရဖြစ်ရတော့၏။

ဦးတည်သွားရာ ချုံစပ်ကလေးနောက်ကွယ်သို့ ရောက်သည့်...အခါတွင် မြားတန်းလန်းနှင့် အသက်ဇီဝိတ်ကင်းမဲ့နေပြီဖြစ်သည့် တော...ခွေးမတကောင်ကိုတွေ့လိုက်ကြရသည်။ သူ့နဘေးတွင် နို့စို့မပျက် ခွေးသား...ပေါက်ကလေးသုံးကောင်၊ ထိုမြင်ကွင်းကြောင့် ကျွန်တော် စိတ်မကောင်း...ဖြစ်သွားမိသည်။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော် ကဲ့သို့ပင် ခံစား...လိုက်ရပေလိမ့်မည်။ သို့ကြောင့် သူ့မျက်နှာလည်းမကောင်း။

မုဆိုးတာတီးကတော့ ထိုတောခွေးမကြီးကို တွေ့လိုက်သည်...ကြောင့် ပြုံးသယောင်သမ်းသော မျက်နှာဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုးဝေ့ကြည့်လာသည့် သူဆိုလိုချင်သည်ကား သူမြားချက်ကြောင့် တော ခွေးမကြီး သေကိုသေရမည် အမှန်ဆိုတာ မလွဲဘူးဟုတ်လားရယ်လို့ ပြော လိုခြင်းဖြစ်သည်။ သို့ကြောင့်လည်း မုဆိုးတာတီးကို ကျွန်တော် ရှုံ့မှန်းသွား မိသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖိုးသူတော်ကြီး၏ အလိုကျ ထိုတောခွေးမကြီးကို ကောင်းမွန်စွာ မြေမြှုပ်ပေးလိုက်ကြသည်။

"ကဲ . . သွားကြပေတော့ ဦးသူတော်ပြောတာမမေ့ကြနဲ့နော်" ဟု ဆပ်ပြန်တလဲလဲမှာရင်း ဘုရားစာများ ရွတ်ဖတ်ကာ ကျန်ရစ်ခဲ့လေ တော့၏။ မုဆိုးတာတီးကား မည်သို့မျှ ထူးခြားဟန်မပြ၊ သတ္တဝါတွေတာ ငှေချွတ်မှ ကျွတ်တာဗျ" ရယ်လို့ပင် အယူလွဲပြောနေပြန်သေး၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်ကား မုဆိုးတာတီးကို မည်သို့မျှ အတိုက်အခံမပြောမနေတော့ဘဲပြန်လမ်းတစ်လျှောက် သတ္တဝါတွေအား မေတ္တာပို့နေကြသည် ဖြစ်သည်ကြောင့် -

'ခက်တာပဲဗျာ၊ ခင်ဗျားတို့က အဲလိုမေတ္တာတွေပို့နေမှတော့ ဘယ်သားကောင်ရတော့မှာတုန်း' ရယ်လို့ပင် အပြစ်တင်လိုဟန်ဖြင့် မုဆိုးတာတီးကပြောပြန်သေး၏။

သို့နှင့်ပဲ . . . တောလမ်းခရီးလျှောက်ခဲ့ကြရာမှ 'ရင်ငန်း' တော လေးအစပ်နေရာတွင် ဖြူတကောင်သည် ကျွန်တော်တို့ရှေ့မှဖြတ်ပြေး သွားသည်ကို မုဆိုးတာတီးက တွေ့လိုက်သည်နှင့် ရုတ်တရက်မို့ဒူးလေးဖြင့် ချိန်ခတ်ရန်အချိန်မရလိုက်ခြင်းကြောင့် သူမြားတံထည့် ပုလိုင်းတွင်းမှ



ဓါးရှည်ဖြင့် လိုက်လံခုတ်သတ်ရန် ထိုဖြူကောင်နောက်ပြေးလိုက်သွား တော့၏။

ဖြူကောင်ကား သူ့ကြုံတွေ့သည့် အန္တရာယ်မှ လွတ်မြောက် နိုင်ရန် ပြေးလွှားနေသလို မုဆိုးတာတီးသည်လည်း ကမူးရှူးထိုးပြေးလိုက် နေတော့၏။

နောက်ဆုံးမတော့ ဖြူကောင်သည်ပြေးမလွတ်တော့သည်မှန်း သိသွားသည်ကြောင့်လားမသိ၊ ရုတ်တရက် ရပ်တန့်လိုက်ကာ အန္တရယ်ဆိုး မှကာကွယ်နိုင်ရန်အလို့ငှာ သဘာဝဖန်တီးပေးထားသည့်ဆူးတောင်များကို ဖြန့်ကားလိုက်တော့သည့်အချိန်မှာပင် ကံဆိုးရှာသော မုဆိုးတာတီးသည် ခြေလှမ်းမှာပင် သစ်ငုတ်တိုတစ်ခုကို အလုတ်တိုက်မိသည်ဖြစ်၍ ရှေ့သို့ အရှိန်ပြင်းစွာဖြင့် ဟပ်ထိုးလဲကျသွားသည်ကြောင့် မျှော်လင့်ထားသော ဖြစ်ရပ်တစ်ခု လျှပ်တပြက်ဖြစ်သွားခဲ့ရလေတော့သည်။

'အား'

မုဆိုးတာတီး၏ လွန်စွာမျှနာကျင်သော ဝေဒနာခံစားလိုက်ရ သည်ကြောင့် အြောက်လန့်တကြားအော်လိုက်သံကြီးသည် တတောလုံး ဟိုတင်ဟိန်းသွားလေတော့သည်။

မုဆိုးတာတီးတယောက်အဖြစ်ဆိုးနှင့် ကြုံရလေပြီ ဖြစ်တော့ သည်။ မှောက်လျက်လဲနေပြီး ခြေလက်တို့ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည့် မုဆိုးတာတီးကို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဆွဲလှန်လိုက်ကြသည်။

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

လွန်စွာမှ ထိတ်လန့်အံ့သြဖွယ်မြင်ကွင်းဖြစ်သည်။ ဆူးတောင်များသည် မုဆိုးတာတီး၏ မျက်နှာ၊ လည်ပင်းနှင့် မျက်လုံးများကို ဖောက်ဝင်လျက် တန်းလန်းဖြစ်နေရှာသည့် ဖြူကောင်သည် ရှန်းကန်နေလေတိုင်း မုဆိုးတာတီးတစ်ယောက်နာကျည်းစွာ အော်ဟစ်နေရရှာလေတော့သည်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ဘာလုပ်၍ ဘာကိုင်ရမည်မသိကြောင့် ငေးနေမိကြ၏။

ဖြူကောင်ဆူးတို့၏ အဆိပ်ကြောင့်ထင်၏။ မကြာမီမှာပင် မုဆိုးတာတီးတစ်ယောက် 'ညည်းညည်းညူညူ' နှင့် ငြိမ်သက်သွားတော့သည်။ ဖြူကောင်သည်ကား သူ့မျက်နှာတွင် တန်းလန်းလူးလွန့်လူပ်ရှားနေဆဲ။

အော် . . သတ္တဝါလေးတွေကိုမြှားဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သော တာတီးတစ်ယောက် သူ့ကိုယ်၌ ယခုတော့ဖြူဆူးတောင်များ မျက်နှာတပြင်လုံး စိုက်ဝင်ကာ မချိမဆန့် ဝေဒနာခံစားပြီး သေဆုံးသွားရရှာလေတော့သည်။

အော် . . တူသောအကျိုးပေးပင်ဖြစ်တော့၏။ ရသေ့ကြီးတွေ့ခဲ့သည့်ဝိညာဉ်ဆိုသည်ကား ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့၏ ဝိညာဉ်မဟုတ်ပဲ မုဆိုးတာတီး၏ ဝိညာဉ်ဖြစ်နေပါကောလား။

**ထိုပိုက်**

(လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၉၈ ခုနှစ်)

# အငြိုး



www.burmeseclassic.com

www.burmeseclassic.com



## "အမြီး"

ပျဉ်းမကုန်းရွာကလေးသည် ပဲခူးရိုးမတောင်ခြေတွင်ရှိ၏။ အိမ်ခြေငါးဆယ်ခန့်သာရှိသည်။ တောကိုမှီ၍နေကြသည်ဖြစ်၍ သစ်ခုတ်၊ ဝါးခုတ်၊ တောင်ယာအလုပ်နှင့် တောကောင်များဖမ်းဆီးသတ်ဖြတ်ရောင်းချ စားသောက်ကြရသည်။

ထိုအိမ်ခြေငါးဆယ်ရှိ ပျဉ်းမကုန်းရွာငယ်စုလေးတွင် တောလိုက်ခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ ဆယ်ဦးခန့်ရှိသည်။ ဒူးလေးများ၊ တူမီးတစ်လုံးထိုးသေနတ်ဖြင့် အမဲလိုက်ကြသည်။

ထိုမုဆိုးတို့သည် သူတို့သတ်ဖြတ်ရရှိသော သားကောင်အသားများကိုဖျက်၍ ရွာတွင်းနှင့်ပတ်ဝန်းကျင်အနီးရှိ ရွာငယ်ကလေးများသို့ သွားရောက်ရောင်းချတတ်ကြသည်။

ထိုရွာသား မုဆိုးတစ်ဦးဖြစ်သည့် ဖိုးစိုးဆိုသူကား ရံခါဆိုသလို ဥက္ကံမြို့သို့ ရောက်တတ်၏။ သူတို့ ပျဉ်းမကုန်းရွာကလေးနှင့် ဆိုပါလျှင် မိုင်ငါးဆယ်ခန့်ရှိမည်ထင်၏။ ထို မိုင်ငါးဆယ်ခန့်သာရှိသည့် ဥက္ကံမြို့ပေါ်သို့ ထိုပျဉ်းမကုန်းရွာသားများ မရောက်တတ်ကြ။ ဖိုးစိုးဆိုသူကား သူ၏ဆွေမျိုးသားချင်းများရှိကြသဖြင့် ရောက်တတ်ခြင်းဖြစ်၏။

ယခုအခါတွင် မြို့သူမြို့သားအချို့သည် တောကောင်သားများကို စားလေ့စားထရှိလာကြသည်ကြောင့် အချို့အချို့သော အဆက်အသွယ်ရှိကြသည့် ထမင်းဆိုင်များတွင် ဂျီသား၊ ဆတ်သား၊ ယုန်သား



စသည့် တောကောင်သားများကို ချက်ပြုတ်ရောင်းချတတ်သည်ဖြစ်၏။ ဖိုးစိုးသည် ထိုဆိုင်များနှင့် အဆက်အသွယ်ပြုကာ တောကောင်သားများကို သွားရောက်ရောင်းချတတ်၏။ ထို့ကြောင့် သူကိုယ်တိုင်ရှာ၍ မလောက်သည်ကြောင့် ရွာခံမုဆိုးများပစ်ခတ်ရရှိသည့် သားကောင်များကို ဝယ်ယူကာ တစ်ဆင့်ရောင်းချလေတော့၏။

သည်လိုနှင့်စီးပွား ဖြစ်နေလေတော့သည်ကြောင့် သူသည် တောတက်အမဲမလိုက်တော့ဘဲ တစ်ဆင့်ဝယ်ယူကာ ရောင်းချခြင်းအလုပ်သာလုပ်တော့၏။ ပထမတော့ ဟုတ်လို့ မှန်ကန်လို့ နောက်တော့အာလောဘအာတောမသတ်နိုင်ဖြစ်ပြီး ရွာခံမုဆိုးများထံမှ အသားတို့ ဈေးနှိမ်ဝယ်ခြင်း၊ ငွေကိုလည်း မြို့တွင်အကြွေးကျန်နေသည်ဟု အကြောင်းပြကာ အကြွေးချန်တော့၏။

ဖိုးစိုးသည် ပျဉ်းမကုန်းရွာသား မုဆိုးများကိုမှီ၍ စီးပွားအကြီးအကျယ်ဖြစ်လာသည်။ ကက်ဆက်နှင့်စက်ဘီးနှင့် ကုန်စုံဆိုင်နှင့် ဖြစ်လာသည်။ ရွာခံမုဆိုးများကား အကုသိုလ်အပေါ် အကုသိုလ်ထပ်ရင်း တစ်နှပ်နပ် တလိမ်လိမ်သာဖြစ်တော့၏။ စားသောက်ရုံကလေးတင် မည်သို့မျှ တိုးတက်ပြောင်းလဲမှု ဖြစ်မလာချေ။ ဖိုးစိုးထံမှရရန် အသားဖိုးငွေ ကြွေးကျန်များကို မနည်းတောင်းယူရ၏။ သည်တော့မှ ဖိုးစိုးသည် အနည်းအကျဉ်းမျှပေး၏။ အကြောင်းပြချက်ကား မြို့မှကြွေးကျန်များ မရသေးသဖြင့် သူ့ဈေးဆိုင်ကလေးရောင်းရငွေမှ စိုက်ထုတ်ပေးခြင်းဟုပြောသေး၏။ တကယ်တော့ သူသည် အသားဖိုးငွေများရပြီးသားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးထားခြင်းဖြစ်၏။ ထိုသည်ကို ဒေသခံ မုဆိုးများက ရိပ်မိလာသည် ဖြစ်၍ သူ့အားသားကောင်များ မရောင်းကြတော့ချေ။ ယခင်ကလိုပင် ရွာနီးချုပ်စပ် လှည့်ပတ်၍သာ ရောင်းကြတော့၏။ သည်တော့ ဖိုးစိုး တစ်ယောက် ကိုယ်တိုင် တောတိုးအမဲပစ် လိုက်ရတော့သည့်ဘဝ ပြန်ရောက်ခဲ့ချေပြီ။

ရွာခံမုဆိုးများကို ပေးရန်ရှိသည့်အကြွေးများကိုလည်း မပေးတော့ချေ။ အကြောင်းအမျိုးမျိုးပြ ရှောင်ရှားနေတော့၏။ ကြာတော့က ဒေသခံမုဆိုးတို့သည် သူ့အားရွံ့မုန်းလာကြ၏။ ဝိုင်းပယ်လိုက်ကြတော့၏။ သူကလည်း ပြတ်သည် ပေးရန်ရှိသည့်ကြွေးများ မြို့မှမရသဖြင့် မပေးနိုင်တော့ဟု ပြောင်ပြောင်တင်းတင်းလိမ်လည်ပြောလေတော့၏။

သည်တော့ ရွာခံမုဆိုးများသည် အောင့်သက်သက်ဖြင့် နေလိုက်ကြရုံမျှတပါး မည်သို့မျှ မတတ်နိုင်ကြတော့ချေ။ ရေခပ်မကြုံ ထင်းခုတ်ကြုံကိုသာ စောင့်နေလေတော့၏။

တကယ်တော့ဖိုးစိုးသည် အမဲပစ်ကျွမ်းကျင်လေသူတစ်ယောက်တော့မဟုတ်ချေ။ သည်တော့ သူသည် မြို့သို့တက်ရောင်းရန် သားကောင်များလုံလုံလောက်လောက် သူ့တွင်မရှိ။ မည်သူ့ထံကမှလည်း တစ်ဆင့်ပြန်ဝယ်၍ မရတော့သဖြင့် ကျေးရွာတွင် တာဝန်ကျတောခေါင်းကြီးကို အရက်တိုက် စည်းရုံးမိတ်ဖွဲ့ကာ ထိုတောခေါင်းကြီးနှင့်ပူးပေါင်း၍ ဒေသခံမုဆိုးတို့ထံမှတောကောင်သားတို့ကို နိုင်ထက်ကလူပြု ဈေးနှိမ်ဝယ်ခြင်းကို ပြုလာပြန်တော့၏။ ဒေသခံ မုဆိုးတို့သည် သူ့အား မရောင်းချင်သော်ငြား



တောတောင်နှင့် ဆက်နွယ်နေသည့် လုပ်ငန်းများလုပ်နေကြရသည် ကြောင့် တောခေါင်းကြီးမျက်နှာ ဖြင့် ရောင်းကြလေ၏။ ကျေနပ်ခြင်းတော့ မရှိကြ။ အောင့်သက်သက်ဖြင့် ခံရခက်နေကြတော့၏။ နောက်ဆုံးမတော့ ဖိုးစိုးအပေါ်ကြိတ်၍ အငြိုးအတေးထားရုံမှလွဲ၍ မည်သို့တတ်နိုင်ကြပေလိမ့်မည်နည်း။

ထိုသည်ကား ပျဉ်းမကုန်းရွာကလေးရှိ ဒေသခံမုဆိုးများဖြစ်ကြသည့် စောပန်းခင်၊ ကိုနွဲ့ငယ်နှင့် စောဖေနှောင်းတို့ ပြောပြသည့် ဖိုးစိုးအကြောင်းပင်ဖြစ်တော့၏။

တကယ်တော့ စောပန်းခင်၊ ကိုနွဲ့ငယ်နှင့် စောဖေနှောင်းတို့သည် ရိုးသားပွင့်လင်း၍ အမဲလိုက်ကျွမ်းကျင်သည့် မုဆိုးများဖြစ်ကြ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုရွာနှင့်ဆက်စပ်နေသည့် ပဲခူးရိုးမတောတွင်းဝင်၍ အမဲကြီးပစ်လေတိုင်း ထိုသုံးဦးကို အပါခေါ် လေ့ရှိကြ၏။ သူတို့သည် သားကောင်တို့၏ စရိုက်လက္ခဏာကို သိကြ၏။ ခြေရာကောက်လိုက်ခြင်း အတတ်ပညာကို ကျွမ်းကျင်ကြ၏။ သူတို့နှင့် အမဲပစ်ထွက်လေတိုင်း သားကောင်မရမရှိ။ မည်သည့်သားကောင်အသား စားလိုသည်၊ ရလိုသည်သာပြော ထိုတောမှာရှိလို့ကတော့ ရှာဖွေပစ်ခတ်ပေးနိုင်ကြ၏။ ကျွမ်းကျင်ရာလိမ်မာရာကိုး။

ယခုလည်း ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုမုဆိုးကြီးသုံးဦးကိုအပါခေါ်၍ ပဲခူးရိုးမတောအတွင်းဝင်၍ အမဲကြီးပစ်ထွက်ခဲ့ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် ရွှေပြည်သာမြို့သစ်တွင် အိမ်သစ်ဆောက်နေသူဖြစ်သည်။ ဘောပစ်မုဆိုးပီပီ သူ့အိမ်တွင် သားကောင်တို့၏ ဦးချိုဦးခေါင်းသားရေထည်တို့ဖြင့် တန်ဆာဆင်လိုသည်ဖြစ်၍ လိုအပ်နေသေးသည့် "ပြောင်ချို" အတွက် ပျဉ်းမကုန်းရွာကလေးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ လိုအပ်ချက်ကို ထိုမုဆိုးကြီးသုံးဦးအား ပြောပြလိုက်သည်တွင် . . .

"ဆရာလေးတို့ လိုချင်တဲ့ 'ပြောင်ခေါင်း' ကိုရအောင် ပစ်ပေးမယ်ဗျာ" ရယ်လို့ ထိုသူသုံးဦးက အာမခံ၍ ခေါ်လာခြင်းကြောင့် ယခုလို ပဲခူးရိုးမဆီ ရောက်လာခဲ့ကြခြင်းဖြစ်တော့၏။

ဤသို့ဖြင့် ခရီးထွက်ခဲ့ရင်း ဖိုးစိုးအကြောင်းကို ပြောပြကြခြင်းဖြစ်သည်။ သူတို့ပြောစကားအရ ကျွန်တော်တို့သည်ပင် ဖိုးစိုးကို ရွံ့မုန်းလာမိ၏။

ကျွန်တော်တို့သည် ပျဉ်းမတောအတွင်း ရောက်လာသည့်အခါတွင် ပြောင်ခြေရာများ တွေ့သည်ဖြစ်၍ ထိုပြောင်ခြေရာလမ်းအတိုင်း တောင်ကြောလေးပေါ်မှ မျက်ခြေမပြတ်ကြည့်ကာ လိုက်ခဲ့ကြတော့၏။ ရေခန်းစ ပြုနေပြီဖြစ်သည့် ကျောက်ချောင်းလေးအတိုင်း ခြေရာသည် ဦးတည်နေသည်ဖြစ်၍ ကျွန်တော်တို့သည် တောင်ကြောလေးအပေါ်မှသာ လိုက်ခဲ့ကြတော့၏။ သို့မှသာလျှင် သားကောင်ကို တွေ့လျှင် အပေါ်စီးမှ ချောင်းမြောင်းပစ်ခတ်နိုင်မည် မဟုတ်ပါလား။



နှစ်ဖာလုံသာသာခန့် လိုက်ခဲ့ကြပြီးနောက် ချောင်းရေစပ်အနားတွင် သင်းကွဲပြောင်ကြီးတစ်ကောင် ရေငုံ့သောက်နေသည်ကို တွေ့လိုက်ကြသည်တွင် ရှေ့မှဦးဆောင်သွားနေသည့် စောပန်းခင်သည် နောက်မှလိုက်လာသူတို့အား လက်တားကာ၍ ငြိမ်ငြိမ်လေးနေကြရန် အချက်ပေးလာသည်ဖြစ်၍ ကျွန်တော်တို့သည်လည်း ငြိမ်သက်နေလိုက်ကြကာ ရေငုံ့သောက်နေသည့် ပြောင်ကြီးနှင့်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြသည်။ ထိုပြောင်ကြီးနှင့် မနီးမဝေးနေရာတွင် ဂျီငယ်တစ်ကောင် ရေသောက်နေ၏။ ထိုဂျီငယ်နောက်နား ခပ်လှမ်းလှမ်းတွင် လှိုဏ်တစ်ခုရှိနေ၏။ ထိုသည်မှလွဲ၍ အခြားထူးခြားမှု မည်သို့မျှမရှိပါချေ။

ထိုဂျီအား ကျွန်တော်တို့ မပစ်လို၊ ပြောင်ကိုသာ ရလိုသည်ကြောင့် ချက်ကောင်းပစ်ခတ်နိုင်ကြရန် အလို့ငှာ တစ်ဦးကိုတစ်ဦးမျက်ရိပ်ပြတိုင်ပင်ယူကာ ခြေသနတ်ကိုယ်စီဖြင့် ချိန်ရွယ်နေကြစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်လာတော့၏။ အခြားမဟုတ် ပြောင်ကြီးနှင့် ခပ်လှမ်းလှမ်းရှိ ဂျီကောင်ငယ်အား မည်သည့်အချိန်က ချောင်းမြောင်းနေသည်မသိသော ဟင်းကောင်း (ကျား) က လှိုဏ်အတွင်းမှ ထွက်၍ ခုန်အုပ်ကိုက်ခဲလိုက်သံကြောင့် ပြောင်သည်လည်း ကြောက်လန့်တကြား ချောင်းအထက်သို့ ကဆုန်ပေါက်ပြေးလွှားသွားလေတော့၏။ ဟင်းကောင်းသည် သားကောင်ငယ်ဂျီကို ကိုက်ခဲကာ လှိုဏ်အတွင်းဝင်သွားလေတော့၏။

"တောက်"

မချိတင်ကဲ ဖြစ်သွားကြသဖြင့် မုဆိုးကြီးစောဖေနောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ တောက်တစ်ချက်ခတ်လိုက်သည်ကြောင့် . . .

"တိုးတိုးလုပ်ပါဗျ။ တော်ကြာ ဟင်းကောင်ကြီးကြားသွားမှ ကျုပ်တို့ပါ ပြန်လမ်းမရှိ ဖြစ်သွားဦးမယ်" ရယ်လို့ လင်းမြင့်လှိုင်က သတိပေးပြောလိုက်တော့မှ ငြိမ်ကုတ်သွားတော့၏။

"ကဲ. . ဘယ်လိုလုပ်ကြမလဲ၊ ဟင်းကောင်ကြီးက လျှိုထဲမှာရှိနေပြီ ရှေ့ဆက်သွားလို့မဖြစ်လဲ နောက်ကြောင်းပြန်ကြတာပေါ့"

ကျွန်တော်ပြောလိုက်သည်တွင် မုဆိုးကြီးစောပန်းခင်က . . .

"ခဏနားကြတာပေါ့ဗျာ၊ ဟင်းကောင်ကြီးက သူ့အစာရနေတုန်း ငြိမ်တုတ်နေမှာ . . အဲသူ့နားတော့ မတိုးလေနဲ့ အစာမာန်ဖိပြီး မဲမဲမြင်ရာ ပြဿနာရှာလိမ့်မယ်. . . သည်တော့ ကျွန်တော်တို့ ဒီမှာခဏနားကြရင်း ဟင်းကောင်ကြီးရဲ့အခြေအနေပေါ် မှာမူတည်ပြီးဆက်လှုပ်ရှားကြတာပေါ့၊ အချိန်တွေအများကြီး ရှိနေသေးတာပဲ။ သည်တစ်ဝိုက်မှာ ပြောင်တွေပေါပါတယ်။ ရှာရလွယ်တယ် ရှေ့ဆက်လိုက်ရင် တစ်ကောင်မဟုတ် တစ်ကောင်တော့ ရမှာသေချာပါတယ်"

"ကောင်းပြီလေ" မုဆိုးကြီးစောပန်းခင်ရဲ့ အဆိုကို ကျွန်တော်နှင့် လင်းမြင့်လှိုင်က လက်ခံလိုက်ကြသည်။ ရှာတဲ့သူက ရှာပေးနေတာ လိုက်တဲ့သူက ပိုစိတ်ရှည်ရမေမပေါ့။ သို့ကြောင့် ထိုနေရာတွင်ပင် ကျွန်တော်သည် ခြေပစ်လက်ပစ်ထိုင်ချနားလိုက်လေတော့သည်။

လင်းမြင့်လှိုင်သည် ကျွန်တော့်နည်းတူ ထိုင်ချလိုက်ရင်း သူ့ဘောင်းဘီအိတ်တွင်းမှ ပုလင်းပြားလေးကို ထုတ်၍ တင့်မော့သောက်လိုက်



ပြီး ကျွန်တော့်ထံသို့ကမ်းပေးလာသည် ဖြစ်၍ လှမ်းယူလိုက်ကာ တစ်ဆင့် မုဆိုးကြီးစောဖန်းခင်သို့ ထိုးပေးရင်း "အမောပြေလေးပေါ့ဗျာ" ဟုဆိုကာ ပြောလိုက်၏။

ပုလင်းပြားလေးအတွင်းရှိ အရက်များကို တင့်စီသောက်လိုက်၏။ မောပန်းကိုက်ခဲခြင်းတို့ကို ယူပစ်သလို ပျောက်သွားကြ၏။

အားလုံးခြေပစ်လက်ပစ် ဖြစ်နေကြသော်လည်း မုဆိုးကြီးကိုနွဲ့ငယ်သည် ချောင်းစပ်နှင့်လျှိုအတွင်းသို့သာ ဖူးစိုက်လှေလာအကဲခတ်ကြည့်နေလေ၏။ ဟင်းကောင် (ကျား) ကို ပစ်ချင်နေပြီထင်ပါရဲ့။ အတန်ကြာတွင် ကိုနွဲ့ငယ်က တိုးတိတ်ညင်သာသောလေသံဖြင့် "ခွာစောရေ ဟိုက လာနေတာ ဖိုးစိုးမဟုတ်လား" ဟု မုဆိုးကြီးစောပန်းခင်ကို ပြောလာသဖြင့် စောပန်းခင်နှင့် စောဖေနောင်းတို့သည် ကိုနွဲ့ငယ်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသလို ကျွန်တော်လည်း လိုက်ကြည့်မိတော့၏။

လူတစ်ယောက် အရပ်ထောင်ထောင်မောင်းမောင်း၊ မဲမဲ နှုတ်ခမ်းမွေးထူထူဖြစ်ဖြင့် တူမီးသေနတ်ကို ပုခုံးထက်ထမ်းကာ ချောင်းရိုးအတိုင်း ဆန်ထက်လာ၏။ တဖြည်းဖြည်းဖြင့် စောစောက ပြောင်ရေသောက်နေသည့် နေရာသို့ရောက်လာ၏။ ထို့ထက်ပို၍ ထိုသူလျှိုအနားကို ရောက်လုတွင် မုဆိုးကြီးများဖြစ်ကြသည့် စောဖေနောင်း၊ ကိုနွဲ့ငယ်နှင့် စောပန်းခင်တို့သည် တစ်ဦးကိုတစ်ဦး မျက်နှာရိပ်မျက်နှာကဲပြကာ သေနတ်ကိုယ်စီ ချိန်ရွယ်၍နေရာမှ ပြေးထွက်သွားကာ. .

"ဟိတ်ကောင် ငစိုး" ဟု ပြိုင်တူလှမ်းဖော်လိုက်သံကြောင့် ထိုသူ

www.burmeseclassic.com

www.burmeseclassic.com



သည် အသံလာရာသို့ အံ့ဩတကြီး လှမ်းမော့ကြည့်လိုက်သည်။

ကျွန်တော်လည်း ထိုသူတို့၏ လှုပ်ရှားမှု ထိုသူတို့ခေါ် လိုက်သည့်နာမည်ကြောင့် အခြေအနေအရပ်ရပ်ကို တွက်ဆနိုင်လိုက်သည်ဖြစ်၍. .

"ဟိတ်လူတွေ မလုပ်နဲ့ ၊ မလုပ်နဲ့၊ ခင်ဗျားတို့စိတ်လိုက်မာန်ပါ လုပ်လိုက်ရင် လူသတ်သမားတွေဖြစ်သွားကြတော့မပေါ့၊ အဲဒီလိုတော့ မလုပ်လိုက်ကြပါနဲ့ဗျာ" ရယ်လို့ လှမ်းတားလိုက်သော်ငြား. . . .

"ကျွန်တော်တို့ သူ့ကိုမသတ်ကြပါဘူးဗျာ၊ ပညာပေးရုံပါ" ဟုဆိုကာ ထိုသူအား တစ်ယောက်ကသေနတ်ဖြင့် ထိုးချိန်လိုက်၏။ တစ်ယောက်က မိုးပေါ် ထောင်၍ သေနတ်ဖောက်လိုက်၏။ သည်တော့ ဖိုးစိုးဆိုသူသည် သူ့နာမည်ခေါ်သံကြောင့် ကမ်းပါးပေါ် သို့လှမ်းကြည့်လိုက်စဉ် မည်သူတွေဖြစ်သည်ကို သိလိုက်ခြင်း၊ သေနတ်ဖြင့် သူ့အား ချိန်ရွယ်ထားလိုက်ခြင်းတို့ကို ဆက်စပ်တွေးယူစဉ် သူ့အားပစ်သတ်ကြတော့မည် ဟု တွက်ဆလိုက်ကာ လွတ်ရာလွတ်ကြောင်း ပြေးကွယ်စရာတစ်လမ်းတည်းရှိနေသည့်လှိုဏ် အတွင်းသို့ ပြေးဝင်သွားတော့၏။

ထိုသည်ကား သူ၏မဟာအမှားကြီးပင် ဖြစ်တော့၏။

လှိုဏ်အတွင်းမှ အစာကိုမာန်ဖီစားနေသည့် ဖားကောင်ကြီးသည် သေနတ်သံကြောင့် မြီးတော့တစ်ပြိုင်နက်ဆိုသလို သူ့အစာလာလုနေသည့် သတ္တဝါတစ်ကောင်ရယ်လို့ တွက်လိုက်ပြီးပြေးဝင်လာသူကို ရန်ပြုပုတ်ခတ် ကိုက်ဆွဲပစ်မည်မလွဲ ဧကပင်ဖြစ်တော့၏။ ထင်လိုက်သည့် အတိုင်းပင် လှိုဏ်အတွင်းပြေးဝင်သွားသည့် ထိုသူ၏ကျယ်လောင်သော အသံနက်ကြီးဝါးဝါးသည်ထိုလှိုဏ်အတွင်းမှ ပျံ့လွင့်ထွက်လာလေတော့၏။

"အား"

ငယ်သံပါအောင် အော်လိုက်သံကြောင့် မုဆိုးကြီးသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မချိပြုံးပြုံးလိုက်ကြလေသည်။

"ကျွန်တော်တို့ သူ့ကို မသတ်ကြပါဘူးဗျာ" ဟု ပြောနေကြသော်လည်း. . .

ထိုသူကား ကျားစာဖြစ်သွားရရှာလေပြီ ဖြစ်သည်။ သည်ညှိယုန်မြင်သည်ချုံထွင်လိုက်ကြသည့် မုဆိုးကြီးသုံးဦးကား. . .

"ဖိုးစိုးတစ်ယောက် ကျားကိုက်၍ သေရှာလေပြီ" ဟု စုပ်သတ်၍ ပြောနေချေ၏. . . .။

အော်. . အပြုံးအဝေးတား ကြောက်စရာပင် ဖြစ်တော့၏ ။

**ကိုနိုင်**

(ပြည်သာယာမဂ္ဂဇင်း၊ မေလ၊ ၁၉၉၈ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com

# အငြိုးတကြီးနဲ့ ခြေကျိုးကြီး



ရုပ် – ကိုသိုက်

## "အငြိုးတကြီးနဲ့ ခြေကျိုးကြီး"

တစ်နေကုန်နေလို့မှဖြင့် နေရောင်ခြည်ပျောက်တိပျောက်ကြား လေးသာရရှိနိုင်သည့် လွန်စွာမှ တောနက်လှသော "မဟူရာ" ကြိုးဝိုင်းအတွင်းသို့ ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် အမဲလိုက်ရန်အတွက် သစ်တောဦးစီးဌာနမှ ဆရာဦးစိုးဝင်းလှိုင်၏ ကူညီပံ့ပိုးမှုဖြင့် ရောက်နေကြပေသည်။

ကျွန်းသင်းသတ်အဖွဲ့သည် စုစုပေါင်းလေးဖွဲ့ဖြစ်သည်။ တစ်ဖွဲ့တွင် ဝန်ထမ်းသုံးဦးနှင့် အလုပ်သမား ၄-၅ ယောက်ဖြစ်၏။ သင်းသတ်ရန် ခတ်မှတ်ထားသည့် ကြိုးဝိုင်းအတွင်းသို့ရောက်သည့်အခါတစ်ဖွဲ့နှင့် တစ်ဖွဲ့ တစ်မိုင်ခန့်၊ မိုင်ဝက်ခန့်လောက်တွင် စခန်းချကြသည်။ ကျွန်တော်တို့နှစ်ယောက်သည် တောအုပ်ကိုအောင်ဆန်းဦးခေါင်းဆောင်သည့် အထက်အဖွဲ့နှင့် လိုက်နေကြသည်။ ကျွန်တော်တို့နှစ်ယောက်သည် စခန်းမှထွက်ကာ အမဲထွက်ပစ်လိုက်၊ ပြန်လာလိုက်လုပ်နေကြသည်။ အမဲရသည့်အခါ ပဲရှ၊ မရသည့်အခါလည်းရှိပေသည်။

သို့ဖြင့်လေးငါးရက်အကြာတွင် တောအုပ်ကြီး ဦးကြွယ်နေထိုင်သည့် အောက်ဘက်စခန်းမှ အလုပ်သမားတစ်ယောက်အသတ်ခံရသည် (သူတို့အထင်)ဟုဆိုကာ အရေးပေါ် လာရောက်အကြောင်းကြားသဖြင့် ကျွန်တော်၊ လင်းမြင့်လှိုင်နှင့်တောအုပ် ကိုအောင်ဆန်းတို့သည် ချက်ချင်းပင်

www.burmeseclassic.com

အောက်စခန်းသို့ရောက်ခဲ့ကြသည်။ ရောက်ရောက်ချင်းပင် တောအုပ်ကြ နှင့်အဖွဲ့သည် အသက်ခံရသည်ဟုဆိုသော အလောင်းရှိရာသို့ လိုက်ပြ သည်။

"ကျွန်တော်ထင်တာကတော့ "ထိန်လင်း" လက်ချက်လို့ပဲတွေ တာပဲ အဲဒီညပိုင်းလောက်ကခုသေနေတဲ့ ကုလားလေးမြင့်နိုင်ရယ်၊ ထိ လင်းရယ် စကားများကြသေးတယ်"

ဦးကြွယ်စကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ ပြီးနောက်ကျ တော်သည် ရုပ်ပျက်ဆင်းပျက်သေနေသည့် "မြင့်နိုင်" ၏ အလောင်း သေသေချာချာကြည့်လိုက်ပြန်သည်။

ဦးခေါင်းတစ်ခြမ်းသည် အသားဖတ်များဖွာလန်ကြကာသွေး ဖုတ်တို့ပေနေကြပြီး လက်ဝဲဘက်လက်တစ်ဖက်သည်လည်း လက်မော ရင်းပိုင်းမှနေ၍ပြတ်နေလေသည်။ ပြတ်နေသော လက်တစ်အ ဘယ်ရောက်နေသည်မသိ၊ သူ၏အလောင်းနံဘေးတွင်တော့ ကျားခြေ လက်ဆတ်ဆတ်တို့ကိုတွေ့ရသည်ဖြစ်သောကြောင့် "မြင့်နိုင်" ကိုကျားဆွဲ သွားကြောင်း အတပ်သိလိုက်ပေသည်။ ထို့ကြောင့် –

"ဒီမယ်ဦးကြွယ်၊ မြင့်နိုင်ကို တစ်ဦးတစ်ယောက်ကသတ်သွ တာမဟုတ်ဘူး၊ သည်မယ်လာကြည့်ဟင်းကောင်ခြေရာတွေတွေ့တယ် ဟုတ်လား၊ ပြီးတော့သူ့ရထားတဲ့ ဒဏ်ရာတွေကလဲ ကျားကိုက်ဖဲ့ထား ဒဏ်ရာ ဒဏ်ချက်တွေပဲပေါ့"



"အိုဟုတ်လား၊ ကျွန်တော်တို့ကတော့ဘာမှမသိပါဘူးဗျာ"

"ဒါကြောင့်ပြောတာပေါ့ဦးကြွယ်ရ၊ ခင်ဗျားကဘာမှလဲမသိပဲနဲ့၊ ထိန်လင်းသာခင်ဗျားစွပ်စွဲတာ သိရင်မလွယ်ဘူးမှတ်၊ အဲဒီအကောင်ကိုက ကျွတ်ဆတ်ဆတ်ရယ်"

ဦးကြွယ်အားတောအုပ်ကိုကျော်သိန်းက အမြင်ကပ်ဟန်ဖြင့် ပြောလိုက်သည်။ သူ့လက်အောက်ဝန်ထမ်းများ၏ ကြည့်ညိုလေးစားခြင်း ခံရသူတစ်ယောက်မဟုတ်ကြောင်း သိသာထင်ရှားပေသည်။

"ကိုပိုက်ရေ သည်မှာတင်းကောင်ခြေရာတွေကို ဓိုသေချာချာ လာကြည့်စမ်းပါဗျ၊ ခင်ဗျားကိုထူးဆန်းတာလေးတွေပြချင်လို့"

မြေပြင်မှ ထင်ကျန်ရစ်လေသည့် ကျားခြေရာများကို ဟိုတို့ဒီဒီ လိုက်လံကြည့်ရှုနေရာမှ လင်းမြင့်လှိုင်သည် ကျွန်တော့်ကို လှမ်းခေါ်သဖြင့် သူ့ထံသို့ သွားလိုက်သည်။

"ဟဲ သည်ခြေရာကိုကြည့်စမ်း ကျားခြေရာမယ်ဘာထူးဆန်းတာ တွေ့သလဲ"

လင်းမြင့်လှိုင်၏ အမေးကြောင့် ကျွန်တော်သည် စိုစွတ်နေသည့် မြေပေါ်မှ ထင်ထင်ရှားရှားကျန်ရစ်သည့် ကျားခြေရာကိုသေသေချာချာငုံ့ ကြည့်လိုက်သည်။

"အင်း ဟုတ်ပြီ၊ ဒီဟင်းကောင်က ခြေလေးချောင်းရှိပေမယ့်သုံး ချောင်းပဲအားပြုသွားလာနေရတဲ့ ကောင်ပဲဖြစ်ရမယ်"

ကျွန်တော့်အဖြေကို လင်းမြင့်လှိုင်သည် ကျေနပ်စွာ ပြုံးလိုက် ကာ –

www.burmeseclassic.com



ဟုတ်တယ်ကိုပိုက်၊ ဒီဟင်းကောင်ကရှေ့ခြေတစ်ချောင်းနာနေတာဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ဒဏ်ရာရထားလို့ ခြေတစ်ဘက်ထော့ကျိုးဖြစ်နေတာ"

"ဗျာ ဘယ်လိုလုပ်သိကြသလဲ၊ ရှင်းပြပါဦးဗျာ"

ဦးကြွယ်က ကျွန်တော်တို့နှစ်ယောက်ကို အံ့ဩတကြီးငေးမော ကြည့်နေရင်းမေးလေသည်။

"ကဲကိုပိုက်ရေ၊ ခင်ဗျားပဲရှင်းပြလိုက်ပါတော့" ဆိုပြီး လင်းမြင့်လှိုင် သည်ကျားခြေရာများအတိုင်းရှေ့သို့ ဆက်လိုက်သွားလေသည်။

"ဒီလိုဗျ ဦးကြွယ်ရဲ့ လာ ဒီခြေရာတွေလာကြည့် ဒါဟင်းကောင်ကြီးခဏရပ်နေတဲ့နေရာဖြစ်တယ်။ ခြေလေးချောင်းအရာမယ် ဟောသည်မှာတွေ့လား ရှေ့ခြေတစ်ချောင်းရဲ့ ခြေရာကသိပ်မထင်ရှားဘူး၊ ကျန်သုံးချောင်းရာ ကထင်ထင်ရှားရှားကြီးရယ်၊ သည်တော့ကာ သည်ကောင်ကြီးကနာနေတဲ့ခြေတစ်ဘက်ကို ဖွဖွထားပြီး ကျန်ခြေသုံးချောင်းက သူ့ရဲ့ခန္ဓာကိုယ်ကြီးကို ထိန်းရပ်နေရလို့ သုံးချောင်းရာက ထင်ထင်ရှားရှားဖြစ်ပြီး တစ်ချောင်းက ဖွဖွလေးအားပြုထားတော့ကာ ခြေရာသိပ်မထင်တာပေါ့"

"ဩော် ဒါကြောင့်အတပ်ပြောနိုင်တာကိုး"

ထိုသို့ ကျွန်တော်ပြောလိုက်သည့်အခါတွင် ဦးကြွယ်သည် သဘောပေါက်သွားပြီးခေါင်းတဆတ်ဆတ်ညိတ်ကာကျွန်တော့်အပါးမှထွက်သွားတော့၏။ ကျွန်တော်သည်လည်း ထိုင်ရာမှ ထလိုက်ကာ -

"ကဲကိုလင်းရေ၊ စခန်းပြန်ကြတာပေါ့။ ဟိုတျမှာဘယ်လိုဆက်လုပ်ကြမလဲဆိုတာ တိုင်ပင်ကြတာပေါ့"



"ကောင်းပြီလေ"

သည်လိုနှင့် ကျွန်တော်တို့သည် အလုပ်သမားအချို့အား အလောင်းနှင့် ပတ်သက်၍ဆက်လုပ်ရမည့် လိုအပ်သောညွှန်ကြားမှုများကို ပေး၍ခဲ့ပြီးနောက်စခန်းသို့ပြန်ခဲ့ကြတော့၏။

စခန်းသို့ရောက်၍ ညစာစားပြီးလေသည့်အခါတွင် နှံ့နှားနေနေ စကားစမြည်ပြောနေစဉ် -

"ဒီမယ်ဦးကြီး "မြင့်နိုင်" ကို ကျွန်တော်သတ်ပါတယ်လို့ ပြောတယ်ဆို" စခန်းတဲရှေ့တွင် အရက်မူးနေဟန်ရှိသော ပိန်ရှည်ရှည်၊ နှာခေါင်းချွန်ချွန်၊ လူငယ်တစ်ယောက်သည် တောအုပ်ကြီး ဦးကြွယ်အား သုံးအော်ပြောနေလေသည်။ ရုတ်တရက်ကြားလိုက်ရသည့် အသံကြောင့် တောအုပ်ကြီးသည် ဆတ်ကနဲကိုယ်တစ်ချက်တွန့်သွားကာ -

"ဟင်ထိန်လင်း မင်းကိုဘယ်သူပြောတုန်း"

တုန်ယင်နေသော အသံဖြင့် ပြန်မေးလိုက်သည်။

"ဘယ်သူပြောပြောပေါ့ဗျ၊ ခင်ဗျားပြောတာအဟုတ်ပဲလား၊ လူကြီးတစ်ယောက်ဖြစ်ပြီး အဲလို လူတစ်ဖက်သားကို မစွပ်စွဲပါနဲ့"

အခြေအနေမှန်ကို ကျွန်တော်ရိပ်မိလိုက်ပေပြီ၊ သို့ကြောင့်ကြားမှနေ၍ ရှင်းပြလိုက်သည်။

"ဒီလိုပါငါ့ညီရာ သူကာလမင်းကိုမစွပ်စွဲပါဘူး၊ တကယ့်တော့ မြင့်နိုင်သေရတာ ကျားကိုက်ခံရလို့ပဲကွ"

ကျွန်တော်စကားကြောင့် ထိုသူငယ်သည်ငြိမ်သွားပြီး တစုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တိုစဉ်းစားဟန်ဖြစ်နေသောကြောင့် ကျွန်တော်သည် စကားဆက်လိုက်ပြ
၏။

"အေး သေသွားတဲ့ ဒီကောင်လေးကလဲ အချိန်မတော်ဘာလို့များ
အပြင်ထွက်သွားရတာလဲ မသိဘူး"

"အင်းနေ့ခင်းပိုင်းလောက်က သူအလုပ်ဆင်းရင်းမြေပြန့်
တောလေးနားမယ်အိပ်တန်းဝင် "ဝါးရောင်း" ငှက်ချိုးတွေ တွေ့ခဲ့တယ်
ပြောသံကြားတယ်။ အဲဒီ့ကို ငှက်ပစ်ရအောင်သွားတာဖြစ်မှာပေါ့"

ထိန်လင်းက သူ့စိတ်ထင်ပြောလေသည်။ ပြီးနောက်ခေါင်း
ဆတ်ဆတ်လုပ်နေပြီး -

"ဒီမယ် ဦးကြီးနောင်ကိုစကားမဆင်မခြင်မပြောပါနဲ့၊ နောင်
တစ်ခါဆိုရင်သည်းမခံဘူးနော်" ဆိုကာတောအုပ်ကြီးကို ကြိမ်းဝါးရင်း
မှောင်တွင်းသို့ တိုးဝင်သွားလေသည်။ တောအုပ်ကြီးကလည်း သူ့အပြ
သူသိသောကြောင့် ငြိမ်နေလေတော့၏။

ထိန်လင်းထွက်သွားပြီး တဖြော်ဆိတ်ငြိမ်သွားသည့်စကားဝိုင်းေ
ကို စတင်ဖြိုခွဲလိုက်သူမှာလမ်းဖြူ "ကရင်ကြီး" စောတာလူးပင်ဖြစ်သည်

"ဒါနဲ့ ဆရာလေးတို့နေ့လယ်က ပြောသံကြားတယ်၊ အဲ
ဟင်းကောင်က ခြေတစ်ဖက်မသန်ဘူးဆို"

"ဟုတ်တယ် စောတာလူး"

လင်းမြင့်လှိုင်ကထောက်ခံပြောလိုက်သောကြောင့် စောတာ
၏ မျက်နှာသည် ဝင်းလက်သွားကာ -



"ဒါဆိုရင် ဒီကောင်ကြီးရာဇဝင်ကို ကျွန်တော်ကောင်းကောင်း
သိတယ်"

စောတာလူးစကားကြောင့် ကျွန်တော်အတော်ကလေးစိတ်ဝင်
စားသွားသည်။ တကယ်တော့ လူသားစားကျားကို နှိမ်နင်းရန်အတွက်ထို
ကျား၏ ရာဇဝင်ကို သိထားသင့်သည်မဟုတ်ပါလား။ ကျားသတ္တဝါတို့နှင့်
ပတ်သက်၍ သိထားသလောက်ပြောရမည်ဆိုပါက ကျားတို့သည် နဂိုမူ
အရွယ်တုန်းကတောဘုရင်ဆိုလည်းမမှားနိုင်ချေ။ သူ၏အစာကိုလျင်မြန်
ဖျတ်လတ်စွာ ဖမ်းယူရှာဖွေစားသောက်နိုင်သော်လည်း ကျားအိုလာသည့်
အခါ လေးလံထိုင်းမှိုင်းလာသောကြောင့် ရှာနှင့်နီးသောတောတွင်သာ
စားကျက်ချပြီး တောစပ်တွင်းစားကျက်ကျော်ရောက်လာသည့်နွားနွား။ ရှာ
ကျွဲတို့ကို ဖမ်းဆီး စားသောက်ကြလေတော့၏။ သို့အပြင် နုရွယ်သော
ကျားတစ်ကောင်ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် မသန်မစွမ်း
ဖြစ်နေသည့်အခါတွင် သူတို့၏စားကျက်သည်လည်း ရွာနားပတ်ဝန်းကျင်
ပင်ဖြစ်တော့၏။ တစ်ခါတစ်ရံ အတင့်ရဲစွာဖြင့် ရွာတွင်းသို့ အများအားဖြင့်
ညပိုင်းခိုးဝင်ကာ အိမ်မွေးတိရစ္ဆာန်တို့ကိုဝင်ဆွဲတတ်၏။

ကျားသတ္တဝါတို့သည် လူသားတို့ကို မျက်နှာချင်းမဆိုင်ရဲ။ အင်
မတန်ကြောက်ကြသည်။ သို့ရာတွင် လူသားတို့သည် သူတို့အား အန္တရာယ်
တစ်စုံတစ်ရာပေးလိုက်၍ အနာတရဖြစ်သွားပါက လူသားတို့ကို ကျားနာ
ခဲတတ်ကြပေသည်။ ထို့ကြောင့် ယခုမြင့်နိုင်အား တိုက်သတ်သွားသည့်
ခြေတစ်ဖက်ကျိုး (အထင်) ကျားရာဇဝင်ကို စောတာလူးကသိနေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသဖြင့် ကျွန်တော်စိတ်ဝင်စားသွားခြင်းဖြစ်သည်။

"ကဲပြောစမ်းပါဦး စောတာလူးရဲ့"

ကျွန်တော့်အမေးကြောင့် စောတာလူးသည် သူ့ခါးပိုက်ထောင်အတွင်းမှဆေးတံ ဆေးထည့်ထားသည့် ပလတ်စတစ်အိတ်ကိုထုတ်ယူ၍ ဆေးအနည်းငယ်ကိုယူကာ သူ၏ပါးစပ်တွင်ခဲထားသည့် ဝါးဆေးတံကိုဖြုတ်ပြီး ဆေးအိုးအတွင်းသို့ သိပ်ထည့်မီးညှိကာ တစ်ချက်ပြင်းပြင်းဖွာရှိုက်လိုက်ပြီးနောက် လေးလေးပင်ပင်စပြောလေသည်။

"ပြီးခဲ့တဲ့သုံးလလောက်က သည်နေရာကို မုဆိုးတစ်ယောက်နဲ့ ရောက်ခဲ့ဘူးတယ်၊ ညဘက်မယ် သူရယ်၊ ကျွန်တော်ရယ် စခန်းချအိပ်နေတုန်း ကျားဟိန်းသံကြောင့်လန့်နိုးလာကြတယ်၊ ညအမှောင်ထဲမှာ ဝင်းလက်နေတဲ့ကျားမျက်လုံးနှစ်လုံးကိုမြင်လိုက်ကြတော့ကြက်သီးမွေးညင်းတောင်ထမိတယ်၊ သည်တော့ ကျွန်တော်ကပြာပုံးစပြုနေတဲ့ထင်းမီးတွေကို ပြန်မွှေးမယ်လုပ်တော့ အဲဒီလူက 'နေနေ မီးမွှေးမနေနဲ့၊ သည်ကောင်ကြီးကို ကျွန်တော်ဆော်ပစ်လိုက်မယ်'ဆိုပြီး သူ့သေနတ်နဲ့ ဟင်းကောင်ကြီးကို လှမ်းချိန်လိုက်တယ်၊ ကျွန်တော်တားဆီးဖို့စဉ်းစားမိလိုက်တဲ့အချိန်မှာပဲ သူ့လက်ထဲကသေနတ်ကျည်ဆံကထွက်ပြီးဖြစ်နေတယ်လေ"

စောတာလူးသည် ပြောလက်စစကားကိုရပ်လိုက်ပြီး ဆေးတံဖွာနေလိုက်ပြန်သည်။ အတန်ကြာမှဆက်ပြောပြန်သည်။

"ဟင်းကောင်လဲအသံနက်ကြီးနဲ့ ကျယ်ကျယ်လောင်လောင်အော်ပြီး တောထဲတိုးဝင်ပြေးသွားတော့တယ်၊ သူပစ်လိုက်တာမှန်သွားပုံရတယ်၊



မိုးလင်းတော့ ကျွန်တော်တို့နှစ်ယောက် သွေးစက်တွေနောက် ခြေရာခံလိုက်ကြသေးတယ်၊ မတွေ့ဘူး အဲဒီဟင်းကောင်ရဲ့ခြေရာကြည့်ရတာ ရှေ့လက်တစ်ချောင်းဒဏ်ရာရသွားပုံဘဲဆရာ"

အင်းဖြစ်နိုင်သည်။ စောတာလူးပြောသည့်ကျားသည် မြင့်နိုင်ကို ကိုက်သတ်သွားသောအကောင်ဖြစ်နိုင်သည်။ ဘာပြောပြောပေါ့လေ၊ လူသားစားဖူးသွားသည့်ကျားဆိုတော့ နှိမ်နင်းရပေလိမ့်မည်။ စည်းကမ်းမရှိသော မုဆိုးတစ်ယောက်ကြောင့် အပြစ်မဲ့သည့်လူသားတစ်ယောက် အသက်ဆုံးရှုံးရပေပြီ။ သည်ကောင်ကြီးရှိနေသမျှ တောနှင့်မကင်း ဝမ်းစာရှာဖွေစားနေရသူများအတွက် များစွာအန္တရာယ်နိုင်သည်မဟုတ်ပါလား။ ထို့ကြောင့် နောက်တစ်နေ့တွင် စခန်းအားလုံးရှိ ဝန်ထမ်းနှင့် လုပ်သားအားလုံးကို အောက်စခန်းသို့စုစုဝေးဝေးပြောင်းရွှေ့နေစေပြီး သင်းသတ်လုပ်ငန်းကို ခေတ္တရပ်နားထားလိုက်သည်။ ပြီးနောက် တောအုပ်ကြီး ဦးကြွယ်သည် စခန်းရှိလူအားလုံးကို သူ၏ခွင့်ပြုချက်မရဘဲ မည်သူမျှ စခန်းနှင့်ဝေးဝေးလံလံမသွားကြရန် မှာထားခဲ့ပြီးလျှင် ထိုလူသားစားကျားကို နှိမ်နင်းရန်အတွက် ကျွန်တော်လင်းမြင့်လှိုင်၊ ဦးကြွယ်၊ ကိုအောင်ဆန်းနှင့် တောကျွမ်းကျင်သူစောတာလူးတို့သည် စခန်းမှထွက်ခဲ့ကြလေသည်။ ထိုအခါ ထိန်လင်းသည် မှုတေတေမျက်နှာဖြင့် 'ကျွန်တော်လဲလိုက်ခဲ့မယ်' ဆိုပြီးသူ၏ လက်စွဲတော် 'ဗုဆိန်' ကိုကိုင်၍လိုက်ခဲ့လေသည်။ ဦးကြွယ်ကတော့ဖြင့် ကျေနပ်ပုံသိပ်မပေါ်၊ သို့ကြောင့် ကျွန်တော်က –

"ကောင်းတာပေါ့၊ လူအင်အားများတော့ပိုကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဦးကြွယ်ကိုပြောလိုက်ရသည်။

တစ်နေကုန်တောတိုးခဲ့ကြသော်လည်း ထူးခြားမှုမရှိ၊ ခြေရာပင် ရှာမရ။ သို့ရာတွင် ထိုနေ့ညနေစောင်းတွင် စခန်းတစ်ဝိုက် ကျားဟိန်းသံများ ကြားရသဖြင့် -

"ကဲ အားလုံးပဲနီးနီးကြားကြား စည်းစည်းလုံးလုံးရှိကြပါ။ သည်ကောင်ကြီးက အင်မတန်ပါးတဲ့ကောင်၊ သူ့ကိုကျွန်တော်တို့တစ်နေ့လုံး လိုက်ရှာတာခြေရာတောင်မတွေ့ခဲ့ဘူး။ ခု ကျွန်တော်တို့ကိုလာချောင်းနေတာနဲ့ တူတယ်။ သည်ညတော့ ကင်းစောင့်တဲ့တာဝန်ကိုကျွန်တော်နှင့်ကိုလင်းတို့ ကအဝ တာဝန်ယူပါမယ်"

"ဒီလိုကြီးလဲဘယ်ဟုတ်မလဲ၊ ဝန်ထမ်းထဲကလဲကင်းစောင့်ဖို့ တာဝန်ယူရမှာပေါ့" ဆိုပြီး ဦးကြွယ်သည် တောအုပ်ကိုအောင်ဆန်းနှင့်တောခေါင်းမြင့်မောင်တို့ကို ကျွန်တော်တို့နှင့်အတူ ကင်းစောင့်စေလေသည်။

ညဉ့်တစ်ချက်ထိုးသည့်တိုင် မည်သို့ထူးခြားမှုမရှိချေ။ တစ်ချက်တစ်ချက် "ဂျီ" ဟောက်သံမှလွဲ၍ ဘာသံမျှမကြားရ၊ တိတ်ဆိတ်နေသည်။ ထိုသို့ဆိတ်ငြိမ်နေခြင်းကို ကျွန်တော်မကြိုက်၊ ထို့ကြောင့် -

"ကိုလင်း ဒီလိုဆိတ်ငြိမ်လွန်းအားကြီးတာမကြိုက်ဘူးဗျာ"

"ဟုတ်တယ်ကိုပိုက်ရဲ့ သတိဝီရိယတော့ထားရလိမ့်မယ်"

သည်လိုနှင့် နာရီပြန်နှစ်ချက်လောက်တွင် ကျွန်တော်သည် အိပ်ငိုက်စပြုလာ၏။ နေ့လယ်ခင်းကလည်း ထိုသကောင့်သား ကျားမသားကို တောနင်းရှာဖွေခဲ့ရခြင်းကြောင့် ပင်ပန်းနေသည်။ သို့ကြောင့် မှေးကနဲတစ်



ချက်ငိုက်သွားသည်ကြောင့် မျက်လုံးကိုမနည်းကြိုးစားဖွင့်ထားရ၏။ ညနေစောင်းလောက်က သည်ကောင်ကြီးစခန်းနားလာဟိန်းသွားခဲ့သည်။ ဆိပ်ငြိမ်းသည့်အကောင် ခုတော့ ငြိမ်နေသည်။ မည်သို့အကြံတွေထုတ်နေသည်သိ။ အင်းလေ သူလည်းတောဘုရင်တစ်ဆူဘဲမဟုတ်လား။

တစ်ခဏအကြာတွင် ကျွန်တော်တို့စခန်းပေါ် မှငှက်တစ်ကောင်သည် ဖူးဖူးရှရှအော်မြည်ကာဖြတ်ပြန်သွားလေသည်။ ရုတ်တရက်မို့ ကြက်သီးမွေးညှင်းထမိသည်။

"ရှစ် ရှီး"

"တာ အဲဒီငှက်လာရင်နောက်ကကျားပါလာတတ်တယ်"

တောအုပ်ကိုအောင်ဆန်းကပြောသည်။

"ဘာဗျ"

လင်းမြင့်လှိုင်သည် ထိုငှက်အကြောင်းမသိသေးဟုထင်သည်။ ကိုအောင်ဆန်း၏စကားကို အံ့ဩစိတ်ဝင်စားနေသဖြင့် ထိုငှက်အကြောင်းကောင်းကောင်းသိသောကျွန်တော်ကပြောလိုက်သည်။

"ဟုတ်တယ် ကိုလင်း၊ အဲဒီငှက်ကို ဘယ်လိုခေါ်လဲတော့မသိဘူး။ သူအော်သွားတာ 'ထွက်ဟေ့' ဆိုတဲ့စကားသံကိုလေချွန်သံလို ဖူးဖူးရှရှအော်သွားတာပဲ၊ စောစောကကိုလင်းလဲကြားလိုက်တယ်မဟုတ်လား"

"အင်းအင်းဟုတ်တယ်"

ကျွန်တော်က စကားဆက်လိုက်ပြန်သည်။

"အဲဒီငှက်လာပြီးရင် သူ့နောက်မယ် ဟင်းကောင်ပါလာတာသေ

www.burmeseclassic.com

www.burmeseclassic.com



ချာပြီလေ။ ဒီငှက်ကဘာလဲဆိုတော့ ဟင်းကောင်ရဲ့ အရှေ့မယ် အမြဲတမ်း ပါလာတတ်တယ်၊ သဘောကတော့ တောကောင်ငယ်လေးတွေကို သတိပေးတာပေါ့ဗျာ။ ဟင်းကောင်လာပြီပြေးကြဟေ့လို့ အဆိုရှိတာပဲလေဗျာ။ ဟုတ်မဟုတ်တော့မသိဘူး"

"အင်း အတော်ထူးဆန်းတာပဲ"

"ဟုတ်တယ် သဘာဝတရားကသိပ်ဆန်းကျယ်တယ် အဲဒီဆန်းကြယ်တဲ့သဘာဝတရားတွေကို လူတွေကပုံပြင်အဖြစ်၊ ဒဏ္ဍာရီအဖြစ်ဖန်တီးလိုက်ကြတယ်"

"ရှင်းပါဦး ကိုပိုက်ရဲ့"

လင်းမြင့်လှိုင်က ကျွန်တော့်စကားကိုလွန်စွာမှုစိတ်ဝင်စားနေချေသည်။

"ခုဒီငှက်အကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်ပြောနေတာတွေဟာ ရှေးလူတွေပြောခဲ့ကြတာတွေပဲပေါ့ တကယ်ဟုတ်မဟုတ်တော့ မသိဘူးပေါ့ဗျာ။ ယူတ္တိတော့တန်တယ်နော်"

"ဒါနဲ့ဆရာပိုက်၊ ဆရာလင်းတို့အိပ်ပျော်နေရင်း ရန်သူကိုဟန့်တားနှင်ထုတ်တဲ့ကျွန်နှင် (ကျားနှင်) ငှက်လေးအကြောင်းပြောပါဦး"

ကျွန်တော်စကားကိုဖြတ်၍ တောခေါင်း 'မြင့်မောင်' ကပြောလိုက်သည့်စကားကြောင့် လင်းမြင့်လှိုင်သည် မျက်ခုံးနှစ်ဘက်ကိုပင့်လိုက်ကာ

"ဟား ဟား လုပ်ပါဦးဗျ၊ ကျွန်တော်မသိတာတွေအများကြီးရှိသေးပါကလား"



"အင်း ဒဏ္ဍာရီပေါ့ဗျာ၊ ဒီငှက်ကလေးရဲ့သဘာဝပေါ့ဗျာ၊ ကိုလင်းကိုတစ်ခုကျွန်တော်မေးမယ်"

"မေးပါ မေးပါ"

"တောက်တဲ့ကတောက်တဲ့လို့အော်တယ်နော်"

"အင်းလေ"

"ဥဩကလဲ ဥဩလို့အော်ကြတာပဲမဟုတ်လား ကောင်းမြီ ဗီဗီသသအော်ကြတာလား"

ကျွန်တော်စကားကြောင့် လင်းမြင့်လှိုင်သည် တစ်ချက်တွေသွားတာ

"ဒီလိုတော့မဟုတ်ဘူး အသံပေါ့ သံစဉ်ပေါ့"

"အဲလိုပေါ့ကိုလင်း၊ ခုပြောမယ့်ကျွန်နှင် (ကျားနှင်) ငှက်ဟာလေးကလဲ အိပ်နေရင်းနဲ့အော်နေတာ၊ အချို့က 'ကြက်ဝက်ခြောက်ကောင်' လို့အော်တာတဲ့ ဒါပေမယ့် အကိုးအကားဒဏ္ဍာရီနဲ့ပြောတဲ့သူတွေကျတော့ 'ရိုက်ပုတ်ထုတ်လိုက်' လို့အော်တာတဲ့လေ"

ကျွန်တော်စကားကြောင့် လင်းမြင့်လှိုင်သည် အံ့ဩစွာဖြင့်

"ကိုပိုက်ကြုံဖူးလား" ဟုမေးလာသဖြင့် ကျွန်တော်ကဆက်ရှင်းပြလိုက်၏။

"ကြုံဖူးတာပေါ့ဗျာ၊ သံစဉ်အတိုင်း 'ရိုက်ပုတ်ထုတ်လိုက်' လို့စိတ်ထဲစွဲနေရင်လဲဟုတ်တာပဲ၊ 'ကြက် ဝက် ခြောက်ကောင်' ရယ်လို့ စိတ်ထဲစွဲနေရင်လဲဟုတ်သလိုလိုပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် စောစောက ကိုပိုက်ပြောခဲ့တဲ့စကားထဲမယ် အကိုး အကားဒဏ္ဍာရီနဲ့ပြောတဲ့သူတွေက 'ရိုက်ပုတ်ထုတ်လိုက်' ဆိုတာအမှန်လို့ ပြောခဲ့တယ်နော်၊ အဲဒီဒဏ္ဍာရီကဘယ်လိုလဲ"

လင်းမြင့်လှိုင်အမေးကိုကျွန်တော်ကမဖြေသေးဘဲ ဆေးလိပ်မီးတို့ လိုက်ပြီး အားပါးတရဖွာရှိုက်လိုက်သည်။ ပြီးမှ

"တိုတိုနဲ့လိုရင်းပဲပြောမယ်ဗျာ၊ ခင်ဗျားက ကလေးလဲမဟုတ် တော့ ပုံပြင်အတိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောမနေတော့ဘူး၊ သည်လို ကျားကအဲဒီငှက် ကလေးကို မင်းအိပ်ချင်တဲ့အချိန်ကျရင် ငါလာစားမယ်လို့ပြောလိုက်တော့ 'ကျုပ်ဘယ်တော့မှမအိပ်ဘူးကြည့်နေ' ဆိုပြီး အဲဒီငှက်ကလေးက ခြုံပုတ် လေးတွေထဲဝင်ဝင်အိပ်နေပြီး 'ရိုက်ပုတ်ထုတ်လိုက်' ဆိုပြီးအော်နေတာတဲ့ဗျ သဘောက ကျားကိုသူကမအိပ်သေးဘူးဆိုပြီး လှည့်စားနေတာပေါ့။ အကယ်တော့ ဘာလဲဆိုတော့ကာ လူတွေအိပ်နေရင်းဟောက်တဲ့အသံလို ပေါ့ဗျာ"

"ရှူး တိုးတိုး အသံကြားတယ်"

ကျွန်တော်စကားကိုဖြတ်၍ ကိုအောင်ဆန်းသတိပေးသဖြင့် ဝတ် ဝန်းကျင်ကိုလှည့်ပတ်မျက်လုံးဝေ့ကြည့်နားစွင့်လိုက်သည်။

"ဟုတ်တယ်ကိုပိုက်၊ သေနတ်မောင်းတင်ပြီး အရံသင့်လုပ်ထား ကြရင် အကောင်းဆုံးဖြစ်လိမ့်မယ်"

ထို့ကြောင့်ကျွန်တော်သည် လိုလိုမယ်မယ် သေနတ်မောင်းကို တင်ထားလိုက်သည်။ တိတ်ဆိတ်နေသည်မို့ အသံထွက်သွား၏။



"ချောက်"

သေနတ်မောင်းတင်သံကြောင့် သဲ့သဲ့ကြားရသောခြေသံပျောက် သွားသည်။ ကျွန်တော်တို့အားလုံးငြိမ်နေလိုက်ကြသဖြင့် တခဏအကြာ တွင် သစ်ရွက်ခြောက်များအပေါ် နင်းလျှောက်နေသည့်အသံကိုကြားလိုက် ရသဖြင့် အသံထွက်လာရာအမှောင်တွင်းသို့ စူးစူးစိုက်စိုက်ကြည့်လိုက်ကြ သည်။

"ဟာ ဟင်"

ရုတ်တရက်မို့ အံ့ဩထိတ်လန့်သွားကြသည်။ နီရဲရဲမျက်လုံးနှစ်စုံ ခြုံပုတ်အတွင်းမှတိုးထွက်လာခြင်းဖြစ်မည်။ မျက်လုံးအရောင်တောက်ပခြင်း၊ မျက်လုံးတစ်စုံစီ၏မြေပြင်နှင့်အကွာအဝေးအနိမ့်အမြင့်ကိုမှန်းဆကြည့်မိ သည့်အခါတွင် ထိုသတ္တဝါကောင်သည် ကျားမှလွဲ၍ မည်သည့်အကောင် မှမဖြစ်နိုင်ချေ။ ပို၍သေချာသွားသည်မှာ လေတစ်ချက်ဝေ့အတိုက်လိုက် တွင် ထိုသတ္တဝါကောင်၏ကိုယ်သင်းနံ့ဝုတ်အက်အက်ညှီစို့စို့က ကျွန်တော် တို့နှာခေါင်းတွင်းသို့တိုးဝင်လာခြင်းကြောင့်ဖြစ်သည်။ သို့ကြောင့်ကျွန်တော် သည် လင်းမြင့်လှိုင်ကိုသတိပေးကာ သေနတ်မောင်းကို ကမန်းကတန်းညှစ် ချလိုက်သည်။

"ကိုလင်း ဒါဟင်းကောင်ပဲ ပစ်ပစ်"

"ဒိန်း"

"ဒိန်း"

ကျွန်တော့်သေနတ်သံနှင့်အတူ ကိုလင်းထံမှသေနတ်သံပါထွက် ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းထန်သောယမ်းအားပေါက်ကွဲသံကြောင့် အိပ်တန်းဝင်တိရစ္ဆာန်တို့သည် လန့်ဖျပ်ကာ ဝရုန်းသုန်းကားပြေးထွက်သွားကြ၏။ တစ်တောလုံးဆူညံသွားတော့သည်။ စခန်းရှိလူအားလုံးလည်း လန့်နိုးလာကြသည်။

"ဝေး ဝေး ဟေး ဟေး"

"ဖုံး ဖုံး ဒုံး ဒုံး၊ ဘုန်း ဘုန်း"

အော်သူအော်၊ သံပုံးများတီးသူကတီးဖြင့် တောထုတ်လိုက်ကြသည်။

"ကြည့်စမ်းကိုလင်း၊ ဒီကောင်ကြီးတော်တော်အတင့်ရဲပါကလား၊ စခန်းနားတောင်လာရဲတယ်ဗျာ"

"ဒါပေါ့ဗျာ သူကလူသားစားဖူးသွားတော့ ခံတွင်းတွေ့သွားပြီကိုး"

"ကျွန်တော်တို့ပစ်လိုက်တာ ဘယ်လိုနေမလဲမသိဘူး"

"ဟုတ်တယ်ကိုပိုက် မနက်မှကြည့်ကြတာပေါ့"

"ကဲ ကဲ စိတ်ချလက်ချသာအိပ်ကြပါတော့၊ ဒီကောင်ကြီးပြန်လာတော့မှာမဟုတ်ပါဘူး၊ ကဲကိုလင်းရေ ကျွန်တော်တို့လဲအနားယူ မှေးလိုက်ကြတာပေါ့၊ နေ့လယ်ခင်းကလဲပင်ပန်းထားကြတယ်မဟုတ်လား" ဆိုပြီး အိပ်ယာထဲဝင်လှဲနေလိုက်သည်။ ပင်ပန်းနေ၍လားမသိ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ညကလှမ်းပစ်လိုက်သည့်ပစ်မှတ်နေရာကိုသွားကြည့်ကြသည်။



"တာကိုပိုက် ညကပစ်လိုက်တာမှန်သွားတယ်ဗျ"

အင်ဖက်ခြောက်များပေါ်မှ အိုင်ထွန်းနေသည့်သွေးကွက်ကြီးကို 'လင်းမြင့်လှိုင်' သည် ငုံ့ကြည့်ရင်း အားရဝမ်းသာပြောလေသည်။

"ချက်ကောင်းမှထိရဲ့လားမသိပါဘူး၊ ကဲကြာတယ်၊ ဒဏ်ရာရနေတဲ့ဒီကောင်ကြီးနောက်ကို အချိန်မီလိုက်ကြတာပေါ့"ဆိုပြီး ကျွန်တော်ကညည်းညည်းညူညူပြောလိုက်သည်။

"သတိတော့ထားရမယ်နော် တစ်ကောင်ထဲမဟုတ်ဘူး နှစ်ကောင်"

ရှုတ်ပွနေသည့်ကျားခြေရာများကိုကြည့်၍ လင်းမြင့်လှိုင်ကပြော၏။ ထို့နောက် ကျွန်တော်တို့သည် မနေ့ကလူစုအတိုင်း စခန်းမှထွက်ခဲ့ကြပြန်သည်။ သွေးစက်နှင့်ခြေရာတို့ကိုကြည့်၍လိုက်ခဲ့ကြသည်။ မန်းတောနားအရောက်တွင် တစ်ကောင်ခြေရာပျောက်သွားလေသည်။ ကျန်တစ်ကောင်၏ခြေရာကိုဆက်၍လိုက်ခဲ့ကြသည်။

"တစ်ကောင်ရဲ့ခြေရာပျောက်နေတယ်၊ သတိထားကြနော်"

လင်းမြင့်လှိုင်၏ သတိပေးသံကိုအားလုံးကလက်ခံကြသည်။ ဒီကောင်တွေသည် အင်မတန်ပါးနပ်သည့်ကောင်တွေဖြစ်၏။

မန်းတောလေးအလွန်တွင် လျှိုတစ်ခုကိုတွေ့ရ၏။ ထိုလျှိုကလေးနားတွင် ယင်ကြီးများအုံနေသည့်လူ့လက်ဖျံရိုးတစ်ချောင်းကို တွေ့လိုက်ကြသည်။ ထိုလက်ဖျံရိုးမှထွက်လာသောအပုပ်နံ့ကြောင့် ကျွန်တော်တို့သည် နှာခေါင်းရှုံ့သွားကြ၏။ ဒါမြင့်နိုင်၏လက်ဖျံရိုးပင်ဖြစ်ပေလိမ့်မည်။ သို့ဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဒီကောင်ကြီး လှိုဏ်ထဲမှာရှိမှာသေချာသည်။ သေနတ်မောင်းကိုအရံသင့် လုပ်ထားပြီး ၊ လှိုဏ်ထဲသို့အသေအချာစူးစိုက်ကြည့်လိုက်သည်။ ထိုလှိုဏ် အတွင်းမှ မြတ်ရိုင်းပင်နှင့် နွယ်ရိုင်းတို့လှုပ်ရှားလာသဖြင့်

"ကိုလင်း သတိထားတော့"

"ဝေါင်း"

ပြောလို့မှမဆုံးသေး။ ထိုလှိုဏ်အတွင်းမှကျားတစ်ကောင်သည် ရုတ်တရက်ခုန်ထွက်လာသည်။ ကျွန်တော်တို့အားလုံး နောက်တွန့်သွားကြသည်။

"ဝေါင်း ဝေါင်း"

လားလား ထိုကျားသည် လှိုဏ်ထဲမှ ခုန်ထွက်လာနိုင်ခြင်း ဝေးဝေး မပြေးနိုင်၊ အော်မယ့်သာအော် မာန်ဖီမဲ့သာမာန်ဖီနေသည် ဖင်ဒရွတ် တိုက်ဆွဲနေ၏။ ညကကျွန်တော်တို့ ပစ်လိုက်သည့်ကျည်သည် ထိုကျား၏ ခါးပိုင်းကိုထိသွားသည်ပဲ။ ထို့ကြောင့် ဒီကောင်ကြီးဝေးဝေးပြေးထွက်မသွားနိုင်ခြင်း ဖြစ်၏။

တဒင်္ဂမှင်သက်မိနေရာမှ သတိပြန်ဝင်လာသည်နှင့် ကျွန်တော်သည် ထိုအကောင်ကြီး၏ ဦးခေါင်းသို့ သေနတ်ဖြင့်ထိုးချိန်ကာပစ်လိုက်သည်။

"ဒိန်း"

သွားပြီ လုံးဝမလှုပ်နိုင်တော့ ဒါပေမယ့် ဒီကောင်ကြီးသည် မြိုင်နှင်ကိုသတ်ဖြတ်စားသွားသောအကောင်မဟုတ်နိုင်၊ သူ၏ရှေ့လက်သည်



အကောင်းပကတိပါကလား ဒီကောင်က ကျားမကြီးဖြစ်သည်။ ပျောက်နေသည့်အကောင်က လူသားစားတဲ့အကောင်ဖြစ်မည်။ ထိုကောင်ကြီးဘယ် ပျောက်နေပြီလဲ ထိုကျားသေကြီးကိုကြည့်ရင်းတွေးနေစဉ်

"ကိုပိုက် နောက်မှာ နောက်မှာ"

လင်းမြင့်လှိုင်ထံမှအော်ဟစ်သတိပေးသံကြောင့် ကမန်းကတန်း နောက်သို့လှည့်ကြည့်လိုက်သည်။

"ဒိန်း"

လင်းမြင့်လှိုင်ထံမှသေနတ်သံဖြစ်၏။ ကျွန်တော်ထံသို့ ခုန်အုပ်လာသည့်ထိုအကောင်ကြီးကို မြင်လိုက်ရသည့်အချိန် သည် လွန်စွာမျှ နောက်ကျသွားချေပြီ။ သို့သော် နောက်ဆုံးကြိုးစားခြင်းအနေဖြင့် ငုံ့၍ရှောင်လိုက်ကာ ဘေးသို့လှိမ့်ချလိုက်သည်။ ကျွန်တော့်ကျောပြင်တွင် ပူကနဲဖြစ်သွား၏။ လက်တွင်းမှသေနတ်သည်လည်း လွင့်ကျသွားတော့၏။ ထိုစဉ် ဦးကြွယ်သည် သူ့လက်တွင်းမှ 'ပုဆိန်' ဖြင့် မြေပြင်သို့ဘုတ်ကနဲပြုတ်ကျလာသည့်ကျားကြီးကိုပြေး၍ခုတ်လေသည်။

"ဝေါင်း"

စူးစူးဝါးဝါးအသံနက်ကြီးဖြင့်ဟိန်းလိုက်ကာ ရှေ့လက်ဖြင့် ပုတ်ထုတ်လိုက်သည့်အတွက် ဦးကြွယ်၏ခန္ဓာကိုယ်သည် သွေးချင်းချင်းနီရဲကာ ဘေးသို့ဖင်ထိုင်လဲသွားလေတော့၏။

ထိုစဉ် ကျားကြီးသည် ဒဏ်ရာဒဏ်ချက်များရရှိထားသော်လည်း လဲနေရာမှ လူးလဲထကာ မာန်ဖီရင်း ဦးကြွယ်ထံသို့ ခုန်အုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကြောင့် ကျွန်တော့်မျက်လုံးများပြာသွားသည်။ ဦးကြွယ်တော
သွားချေပြီ။ ထိုစဉ် မမျှော်လင့်ဘဲနှင့် ဦးကြွယ်နှင့်ကျားကြီးအကြားသို့ လူ
တစ်ယောက်ပြေးဝင်လာကာ ကျားကြီးကို သူ့လက်တွင်းမှ 'ပုဆိန်' ဖြင့်
လွှဲ၍ခုတ်ချလိုက်လေသည်နှင့် တစ်ပြိုင်နက်ပင် လင်းခြင့်လှိုင်ထံမှ သေနတ်
သံတစ်ချက်ထွက်လာပြန်သည်။

"ဒိန်း"

ထိုလူကော ကျားကြီးပါ မြေပြင်သို့လဲကျသွားလေသည်။

ငြိမ်သက်နေသည့်ကျားကြီးအောက်မှလူသည် ရှန်းကန်နေသည်
ဖြစ်သောကြောင့် ကျွန်တော်တို့သည် ကျားသေကြီးကို မယူဖယ်ရှားပေ
လိုက်ကြသည်။ ထိုလူသည် ဒဏ်ရာဒဏ်ချက်များကြားမှ သွေးရူးသွေးတန်း
ဖြင့် ထလာလေသည်။

"ဟင် ထိန်လင်းပါလား"

ထိုစဉ် ဦးကြွယ်သည်အားတင်းကာထလာပြီး ထိန်လင်း၏ပခုံး
နှစ်ဖက်ကိုပြေး၍စုပ်ကိုင်ကာ သူ့ရင်ခွင်အတွင်းသို့ ပွေ့ဖက်လိုက်ရင်း တုန်
ယင်သောအသံဖြင့်

"မင်းကငါ့ရဲ့အသက်သခင်ကျေးဇူးရှင်ပါကွာ၊ ငါ့ရဲ့အသက်သခင်
ပါ၊ မင်းအပေါ် ငါအထင်မှားခဲ့တာကို ခွင့်လွှတ်ပါကွာ၊ ခွင့်လွှတ်ပါနော်"

ဦးကြွယ်သည် ထိန်လင်းကိုသူ၏ရင်ခွင်တွင်းပွေ့ဖက်ထားရင်း
ပင် ဝမ်းသာဝမ်းနည်းတစ်ပြိုင်နက်ခံစားလိုက်ရသဖြင့် မျက်ရည်များ ဖြိုင်
ဖြိုင်ကျလာလေတော့၏။



ထိန်လင်းသည် လူငယ်တစ်ယောက်ဖြစ်သော်လည်း သဘော
ထားကြီးခြင်း၊ အငြိုးတရားမထားတတ်ခြင်းကို သူသိရပေပြီ။

တကယ်တော့ ထိန်လင်းသည် သူ့အပေါ် အထင်အမြင်မှား၍
စွပ်စွဲခဲ့သူတစ်ယောက်အပေါ် ခွင့်လွှတ်နိုင်ပြီး လူသားအချင်းချင်း ယုံစာ
ရှိမှု၊ သတ္တိရှိစွာဖြင့် သေရေးရှင်ရေးကိစ္စမှ ကယ်တင်ခဲ့ခြင်းဖြစ်ပေသည်။

သို့ရာတွင် ထိန်လင်းသည်ကား လူသားစားကျားခြေကျိုးကြီး၏
နောက်ဆုံးအငြိုးတကြီးဖြင့် ကိုက်ခဲသွားသောဒဏ်ရာဒဏ်ချက်များကြောင့်
ဦးကြွယ်၏ရင်ခွင်တွင်းမှာပင် အသက်ထွက်သွားတော့သည်။

ကျားကြီးသည်လည်း နှလုံးသား တည့်တည့်စိုက်ဝင်နေသည့်
ပုဆိန်ဒဏ်ချက်ကြောင့်ပင်သေဆုံး၍ စည်းလုံးညီညွတ်သော လူတို့အား
အရှုံးပေးသွားရခြင်းဖြစ်တော့၏။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ လမ်းပြကြီးစောတာလူးသည် ကျွန်
တော်တို့အား စကားတစ်ခွန်းကို ကရင်ပီပီ ခပ်ပြတ်ပြတ်ပြောကာ လှည့်
ထွက်သွားလေတော့သည်။

"အဲဒါမင်းတို့အတွက် သင်ခန်းစာပဲ"

ကိုပိုက်

စမ်းသီတာမဂ္ဂဇင်း၊ အမှတ် ၇၊ အောက်တိုဘာ

www.burmeseclassic.com

www.burmeseclassic.com

# မျှော်လင့်လျက်ပါ အင်ဂျယ်လာ





## မျှော်လင့်လျက်ပါ အင်ဂျယ်လာ

တောတောင်အတွင်း၌လှည့်လည်အမဲလိုက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့သလို တောတောင်အတွင်းမျက်စိလည်လမ်းမှားခဲ့သည်မှာလည်း အကြိမ်ကြိမ်။ သားရဲတောင်တို့နှင့် သူနိုင်ကိုယ်နိုင် စွမ်းရည်ပြိုင်ခဲ့ရသည့်အကြိမ်ပေါင်းလည်း မနည်းခဲ့ချေ။ ဖြစ်သလို ထူးခြားသောပုဂ္ဂိုလ်ထူးများနှင့်လည်း ကြုံရသေး၏။ တောလိုက်မုဆိုးဖြစ်သော်ငြား . . သားတောင်ဘဝရောက်ခဲ့ခြင်းလည်း ရှိခဲ့ဖူးပေသည်။ သို့ဆိုသလို တောတောင်တစ်ခွင် ကြုံခဲ့စဉ်များကို ဘယ်သောအခါမှ မမေ့နိုင်ခဲ့ချေ။ ထိုသည်ဖြစ်စဉ်များမှ ကျွန်တော်၏ တောကုန်းတွင် ကြီးမားသောဒဏ်ရာကြီး ရရှိခဲ့ဖူးသည့် မမေ့ရက်နိုင်ဖြစ်စဉ်နှင့်ပတ်သက်လေသော "ပက်ထရီရှာ" ဆိုသူ လူမျိုးခြားတလေးမလေးနှင့် "မုဆိုးမလေးကျားနီ" တို့လိုပင် ဘယ်သောအခါမှ မမေ့ရက်နိုင်သည့် "အင်ဂျယ်လာ" ဆိုသူကလေးနှင့် ကြုံခဲ့ဖြစ်စဉ်လေးသည်လည်း ကျွန်တော့်ဘဝ တစ်သက်တာတွင် မှတ်မှတ်ရရရှိနေပြန်လေးတော့၏။ ခုချိန် "အင်ဂျယ်လာ" တစ်ယောက်မှနေဦးမည်ဆိုလျှင် ကျွန်တော်ကဲ့သို့ပင် ၅၀ နီး ချဉ်းကပ်နေရာမည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်ဂျယ်လာ" ကား သစ်တောဝန်သမီးဖြစ်သည်။ သူ့ဖခင် သစ်တောဝန် 'မစ္စတာဖရက်ဒီ" အကြောင်းကို ဦးစွာ ပြောမှသာလျှင် အင်ဂျယ်လာနှင့်ကျွန်တော့်အကြောင်း ပြောဖြစ်ပေရော့မည်။

သစ်တောဝန်မစ္စတာဖရတ်ဒီတား အင်္ဂလိပ်လူမျိုး ဖြစ်သည်။ သူ၏'ဇနီးသည်'ကား ပြင်သစ်လူမျိုးဖြစ်သောကြောင့် အင်ဂျယ်လာသည် ချစ်စရာကောင်းသော ကပြားမလေးဖြစ်လာ၏။ မစ္စတာဖရက်ဒီသည် အမဲလိုက်ခြင်းကို လွန်စွာနှစ်သက်ခုံမင်သူဖြစ်ပေ၏။ ထို့ကြောင့်လည်း သစ်တောဌာနမှ ဆောင်းဦးကာလတွင် ကျွန်းသစ်သုတ်ခြင်းလုပ်ငန်းကို သစ်တောကြိုးဝိုင်းများအတွင်း စင်ရောက်လုပ်ကိုင်လေတိုင်း သူအမြဲလိုက်ပါလေတော့၏။ သစ်တောဝန်ရယ်လို့ ရုံးစားပွဲတွင်ထိုင်ပြီး စားပွဲပေါ်တွင်သာ (ON TABLE) အလုပ်လုပ်နေသူမဟုတ်။ ကိုယ်တိုင်ပင်ပန်းဆင်းရဲဒုက္ခခံကာ အလုပ်လုပ်တတ်သူဖြစ်သည်။ သူကား တောတောင်အတွင်း နေထိုင်ရသည်ကို ပို၍နှစ်ခြိုက်ပုံရ၏။ ပျော်မွေ့ပုံပေါ်၏။ ထိုစဉ်က ကျွန်တော်သည် သူ့လက်အောက်တွင် အမှုထမ်းနေရသည့် တောအုပ်ကလေးတစ်ယောက်ဖြစ်ပေသည်။

"မစ္စတာဖရက်ဒီ"ကား ရန်ကုန်တိုင်း သစ်တောဝန်၊ ကျွန်တော်ကား ရန်ကုန်တိုင်း လက်အောက်ခံလှည်းကူးမြို့နယ်တွင် တာဝန်ကျတောအုပ်ကလေးဖြစ်ပြား ကျွန်တော့်ကို သူ ကောင်းကောင်းသိပေသည်။

တိုင်းသစ်တောဝန်တစ်ယောက်က ဘာမဟုတ်သည့် တောအုပ်ကလေးကို သိနေသည်ဆိုခြင်းကား လွန်အံ့မထင်။ ဘယ်တွက်မူကား ကျွန်တော်သည် ရန်ကုန်တိုင်းတစ်တိုင်းလုံးတွင် တောလုပ်ငန်းမှန်သမျှကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်နိုင်ခြင်း၊ အမဲလိုက်မုဆိုးကောင်းတစ်ယောက်ဖြစ်ခြင်းကြောင့်ပင်။

'မစ္စတာဖရက်ဒီ'တစ်ယောက် တောလုပ်ငန်းခွင် လာလေတိုင်း ကျွန်တော့်ကိုအဖော်ပြု၍ အမဲပစ်ထွက်တတ်၏။ အကြိမ်ပေါင်းမနည်းခဲ့ပြီ။ နှစ်တွေမနည်းခဲ့ပြီဖြစ်ပြား သူ့တွင် လွန်စွာမျှ ချောမောလှပသော သမီးတစ်ယောက်ရှိမှန်း လုံးဝကြိုတင်မသိရှိထားခဲ့ချေ။ ထိုသည်အားလည်း ကျွန်တော်၏ ညံ့ဖျင်းမှုဟု ပြော၍မဖြစ်။ သစ်တောဌာနတစ်ခုလုံးကလည်း သိရှိမထားခဲ့ချေ။ သားသမီးမရှိသူဟုသာ လက်ခံထားကြ၏။ အဘယ်ကြောင့်ဟူမူ သူတို့ဇနီးမောင်နှံတွင် သမီးတစ်ယောက် ထွန်းကားခဲ့သော်ငြား ငယ်စဉ်ကတည်းက သူ၏အစ်ကိုဖြစ်သူထံတွင် မွေးစားရန် ပေးထားခဲ့ခြင်းကြောင့် မည်သူမျှ သူ့တွင် သမီးရှိသည် မသိကြခြင်းဖြစ်၏။

သူတို့၏ တစ်ဦးတည်းသောသမီးလေးကို မွေးစားခဲ့သူသည် အမေရိကားသို့ သွားချည်ပြန်လှည့် ပြုချေသူများလည်းဖြစ်သည့်အားလျော်စွာ မွေးစားသမီး (တူမ) ကလေးကိုလည်း အမေရိကားတွင် ပညာသင်ပေးခဲ့ကြ၏။ အချိန်တန်အရွယ်ရောက် ပညာလည်းစုံချေပြီတွင် သူ၏မွေးစားဖခင်နှင့်မိခင်တို့သည် ကံဇာတ်ဆရာ၏ စီမံခန့်ခွဲမှုအရ လူလောကကြီးမှ ရုတ်တရက် ထွက်ခွာ

www.burmeseclassic.com



ပြောင်းရွှေ့ပေးလိုက်ရတော့၏။ သည်တော့သမီးလေးသည် ဖခင်မိခင်ရှိရာ မြန်မာပြည်သို့ ပြန်ခဲ့ပေတော့၏။

သည်တော့မှ 'မစ္စတာဖရက်ဒီ'တွင် သမီးရှိကြောင်း သိရတော့၏။ သမီးလေးသည် အရှေ့တိုင်းသူဖြစ်ပြား အနောက်နိုင်ငံတွင် ကြီးပြင်းခဲ့သူဖြစ်သည့်အလျောက် ခေတ်ဆန်စွာ နေထိုင်သွားလာတတ်ခြင်းသည် မဆန်းတော့ချေ။ ဖခင်-မိခင်ဖြစ်သူကို မိတ်ဆွေသူငယ်ချင်းလို ဆက်ဆံတတ်၏။

ဖခင်ဖြစ်သူသည်လည်း အနောက်နိုင်ငံတွင် ပညာသင်ကြားခဲ့သူဖြစ်သည်ကြောင့် သူ့တွင်ဆန်းဆန်းပြားပြား ခံစားမှုလုံးဝ မရှိပါချေ။ သားအဖတွေနေထိုင်ပြုမူဆက်ဆံပုံသည် ကျွန်တော်တို့ အရှေ့တိုင်းသားအမြင်တွင်တော့ ဆန်းပြားနေ၏။

"အင်ဂျယ်လာ" နှင့်ကျွန်တော် စတင်ဆုံစည်းခဲ့သည်ကား ပဲခူးရိုးမအရှေ့ခြမ်း၊ 'ပေါင်းလင်း' သစ်တောကြိုးဝိုင်းတွင် ဖြစ်၏။

ချမ်းအေးသောဆောင်းကာလ 'နိုဝင်ဘာလ' လယ်လောက်က ဖြစ်သည်။ ကျွန်းသင်းသတ်လုပ်ငန်းဆောင်ရွက်ရန် သစ်တောအဖွဲ့ ပေါင်းလင်း ကြိုးဝိုင်းသို့ ဝင်ခဲ့ကြ၏။ သစ်တောဝန် မစ္စတာဖရက်ဒီသည်လည်း ထုံးစံအတိုင်းပါလာတော့၏။ သည်တစ်ခေါက်သူပါလာခြင်းသည် ယခင်အခေါက်များနှင့်မတူ။ သူနှင့်အတူ သမီးဖြစ်သူ "အင်ဂျယ်လာ" ပါလာ၏။ အမဲပစ်လိုက်လာခြင်းဟု သိရ၏။ သည်တော့ တစ်ချိန်က ကျွန်တော်နှင့် ဆုံခဲ့သော မုဆိုးမလေး 'ကျားနီ' ကို သတိရလိုက်သေးတော့၏။



အထူးဧည့်သည်ပါလာသည်ဖြစ်၍ သစ်တောဝန် မစ္စတာဖရက်ဒီသည် ကျွန်တော့်အား တောလုပ်ငန်းများလုပ်ရန် တောအုပ်ကလေးအဖြစ်နှင့်မဟုတ်လေဘဲ လမ်းပြမုဆိုးအဖြစ်-ခေါ်လာခြင်းဖြစ်သည်ကြောင့် သူတို့စခန်းအနီးတွင်သာ ခေါ်ထားလေ၏။

အမဲလိုက်သည်ဆိုရာ၌ ခါတိုင်းနှစ်တွေ၊ အကြိမ်တွေလို လုပ်ငန်းခွင် ဧရိယာတစ်ဝိုက်အတွင်း အပျော်သဘော အမဲပစ်ထွက်ကြခြင်း မဟုတ်လေတော့။ လုပ်ငန်းခွင်ဧရိယာအပြင်ဘက်သို့ ထုတ်၍ စခန်းတဲထိုးကာ အမဲပစ်ထွက်ကြခြင်းဖြစ်၏။

အင်ဂျယ်လာနှင့် ကျွန်တော် စတင်ဆုံစည်းသည့်နေ့က တစ်ခွန်းတစ်ပါဒမှ စကားမပြောဖြစ်ခဲ့ကြ။ ကျွန်တော့်အား သူ့ဖခင်၏ လက်အောက်တပည့် အသေးလေးတစ်ယောက်အနေဖြင့် မြင်ကာ ဖုတ်လေသည့်ငပိ ရှိစေသဘောထားခဲ့လေသည်လားမသိ။ မည်သို့ဖြစ်စေ သူမကိုတော့ဖြင့် ကျွန်တော် မြင်မြင်ချင်း စိတ်ဝင်စားခဲ့၏။

သူမ၏အသွင် အမြင်ဆန်းခြင်းကြောင့်မဟုတ်။ မုဆိုးမလေး 'ကျားနီ' ကဲ့သို့ပင် အမဲလိုက် ကျွမ်းကျင်သောကြောင့်ဖြစ်၏။

ပထမဦး အမဲလိုက်ထွက်သည့်နေ့က မျောက်ညိုကြီး နှစ်ကောင်ကို သူ ရအောင်ပစ်ခဲ့၏။ ကျွန်တော်ကား ဘယ်အတွက်ကြောင့်ရယ်မသိ မည်သည့်သားကောင်မျှ ရအောင်မပစ်ခတ်နိုင်သည်ကြောင့် သူမ ကျွန်တော့်အပေါ် အထင်အမြင်သေးလေသည်လား မသိချေ။

ရှစ်ရက်မြောက်ယနေ့တွင်တော့ ကျွန်တော်တို့သုံးယောက် အတူ ကျင်း စောင့်ပစ်ကြ၏။ ဆားကျင်းတစ်ဝိုက်တွင် တောဝက်ကြီးရာများ ထပ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဖြစ်၍ နေကျချိန်လေးတွင် ဝက်တစ်အုပ် မလွဲမသွေ ရောက်လာတော့မည်ဖြစ်ခြင်းကြောင့် စခန်းတဲနှင့်လည်း ဘာမျှမဝေးသည်ဖြစ်၍ တောဝက်ကို စောင့်ပစ်ကြ၏။

မှန်းထားသည့်အတိုင်း နေကျချိန်လေးတွင် တကွဲကွဲ တကွကွဖြင့် ဆူညံသောအသံများပြု၍ တောဝက်တစ်အုပ် ဆားကျင်းသို့ ရောက်လာကြတော့၏။

"တောဝက်တစ်ကောင်လောက် သမီး ရအောင်ပစ်ချင်တယ်" ဆိုလာသောကြောင့် မစ္စတာဖရက်ဒီနှင့် ကျွန်တော်လည်း သူ့ဆန္ဒ လိုက်လျောလိုက်ရသည်ဆိုငြား မည်သည့်ကြောင့်မသိ သူမအတွက် ကျွန်တော် စိုးရိမ်နေမိ၏။

"ဖြစ်ပါ့မလား" ရယ်လို့တော့ မစ္စတာဖရက်ဒီကို တိုးတိုးတပ်ပြောလိုက်သည်ကို သူမ ကြားသွားလေသည်ကြောင့် ကျွန်တော့်အား မျက်စောင်းတစ်ချက်ထိုးလိုက်ကာ "ကြည့်နေပေါ့" ရယ်လို့ပြောပြီး ဆားကျင်းတွင် ဆူညံစွာ အလုအယက် ဆားငံရည်သောက်ဆားငံမြေ လျက်စားနေကြသည့် ဝက်တစ်အုပ်မှ ခေါင်းဆောင်ဟုထင်ရသော အစွယ်ဖွေးဖွေးနှင့် အကောင်ကြီးကြီး ဝက်တောင်းကြီးတစ်ကောင်ကိုရွေးကာ ပစ်ရန်ကြံသည်နေသည့် သူမအကြံကိုသိလိုက်ရသဖြင့် ကျွန်တော်က "အင်ဂျယ်လာ. . . အဲဒီ အကောင်ကြီးကို ပစ်မှတ်ရွေးမယ်ဆိုရင် မင်း စိတ်ငြိမ်ဖို့ရယ်၊ ပစ်တွင်းကိုတည့်တည့်မှန်အောင်ပစ်ခတ်နိုင်ဖို့ရယ် လိုတယ်နော်" သတိပေးလိုက်သည်တွင် သူမက နှုတ်ခမ်းစူလိုက်ပြီး-



"နင် ငါ့ကို အထင်သေးတာပဲ၊ ခဏလေး တိတ်ဆိတ် ငြိမ်သက်ပေးခြင်းဟာ နင့်အတွက် ငါ့ကို ကူညီပေးခြင်းပဲ" လို့ ပြောပြီး ကျွန်တော်ထင်ထားသည့်အတိုင်း ခေါင်းဆောင် ဝက်တောင်းကြီးကိုရွေး၍ ပစ်မှတ်ချိန် သေချာလောက်ပြီ သဘောထားလိုက်တာမောင်းထိန်းခလုတ်ပေါ် ရွရွလေးတင်ထားသည့် သူမ၏ လက်ညှိုးလေးကို ကွေးလိုက်၏။

"ဒိန်း"

"ဒိန်း"

ပြင်းထန်သော ယမ်းအား ပေါက်ကွဲသံနှင့်အတူ ဝက်တစ်အုပ်သည် လန့်ဖျတ်ပြေးသွားကုန်၏။ ခြေဦးတည့်ရာပြေးလွှားကုန်ကြရာ ဝက်အလယ်များတွင်းမှ သူမ၏ ပစ်မှတ်ထားခံရသော ဝက်တောင်းကြီးကား ယမ်းအားပေါက်ကွဲသံနှင့်တစ်ပြိုင်နက် သူ့ထံပြေးထွက်လာသည့် ကျည်ဖူးမှာ သူ၏ရှေ့လက်ပြင်သို့ တန်းတန်းမတ်မတ်လျှင်မြန်သောနှုန်းဖြင့် ရောက်လာခဲ့သော်လည်း ကြောက်လန့်တကြား ပြေးလွှားနေကြသောဝက်အုပ်မှ ဝက်ပျိုတစ်ကောင်၏ တွန်းတိုက်ခြင်း ခံလိုက်ရသည်ကြောင့် သူ၏ခါးရိုးကိုသာ ရှပ်မှန်သွားတော့၏။ သူ့တွက် တဒင်္ဂတောင်းသွားတော့သည် ဆိုရမည်ဖြစ်သော်လည်း အင်ဂျယ်လာအတွက်တော့ဖြင့် ကံဆိုးရှာသူတစ်ယောက်ဖြစ်သွားလေတော့၏။ ဝက်တောင်းကြီးသည် သူ့အား အနာတရဖြစ်အောင် ပြုလုပ်လာသည်ကို ရုတ်ချည်း သိလိုက်သည်နှင့် သူ၏ ရန်သူကို အသေ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရန် ဒေါသတကြီးဖြင့် ပြေးလာတိုက်ခိုက်လေတော့၏။

"ဟာ"

ရုတ်တရက်ဖြစ်ပေါ်လာသည့် ကြမ္မာဆိုးကို အင်ဂျယ်လာတစ်ယောက် မည်သို့ထားဆီးခုခံရမည်မှန်း မသိလိုက်သလို "မစ္စတာဖရက်ဒီ"လည်း သူ၏သမီး ရင်ဆိုင်လိုက်ရတော့မည့် ဒုက္ခဆိုးကို မည်သို့ ဖြေရှင်းရမည်မသိ ငေးကြောင်နေတော့၏။

ကျွန်တော်ကား ဝါရင့်မုဆိုးပီပီ ကြိုတင်တွက်ဆပြီးဖြစ်၍ 'အင်ဂျယ်လာ'ထံသို့ ဒေါမာန်တကြီး တစ်ရှိန်ထိုး ပြေးဝင်လာသော ဝက်တောင်းကြီးကို လက်တွင်းအသင့်ရှိ မှိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ဖြင့် ပစ်လိုက်သည်။

"ဒိန်း"

အရှိန်ဖြင့်ပြေးလာသော ဝက်တောင်းကြီးသည် ရုတ်တရက်ခဲသီးကျည်ဖူးတစ်တောင့် သူ့လက်ပြင်တွင်း ဖောက်ဝင်သွားသည့်ကြောင့် ဆက်မပြေးနိုင်တော့ဘဲ ရှေ့သို့ ဟပ်ထိုးလဲကျ သွားတော့၏။

"ဟူး. . တော်ပါသေးရဲ့. . "

အင်ဂျယ်လာနှင့် မစ္စတာဖရက်ဒီတော့မသိ ကျွန်တော့်မှာကား ဇောချွေးတို့ ပျံနေချေသည်။

ဝက်တောင်းကြီးသည် အင်ဂျယ်လာနှင့် ဘာမျှ မဝေးသော ၁၀-ပေသာသာအကွာတွင် လူးလွန့်လူးလှုပ်ရှားရင်း ညည်းညူအော်ဟစ်နေတော့၏။ ရန်သူကို ထ၍တိုက်ခိုက်ရန် ကြိုးစားသော်ငြား မထနိုင်ဖြစ်နေ၏။ ထိုဝက်တောင်းကြီးဖြစ်အင်ကိုကြည့်ပြီး အင်ဂျယ်လာ



တစ်ယောက် စိုးရိမ်ထိတ်လန့်နေတော့၏။ ထို့ကြောင့် ကျွန်တော်သည် ထို ဝက်တောင်ကြီးနားသွား၍ နောက်ထပ် ကျည်တစ်တောင့် ဖြုတ်ကာ ဇီဝိန်ချွေပေးလိုက်ရ၏။

ကျွန်တော်၏သေနတ်ပြောင်းဝမှ ယမ်းငွေ့များ မပျယ်မီမှာပင် မစ္စတာဖရက်ဒီတစ်ယောက် ပခုံးလာပုတ်လေကာ. .

"ကျေးဇူးတင်လိုက်တာဗျာ. . ကျုပ်ရဲ့သမီးအသက်ကို ဘုရားသခင်ရဲ့ကျေးဇူးတော် အလိုတော်ကျ ကိုပိုက် ကယ်တင်ပေးခဲ့တာပဲလေ"

"ရပါတယ်ဝန်မင်းရယ်"

"ကဲ သမီး. . . ကိုပိုက်ကို ကျေးဇူးတင်စကား ပြောဦးမှပေါ့တွယ်"

သည်တော့မှ 'အင်ဂျယ်လာ' သည် စိုးရိမ်ထိတ်လန့် ရှိနေကြားမှ-

"သိုင်းကျူးကိုပိုက်. . ဘယ်တော့မှမမေ့ပါဘူး" ရယ်လို့ပဲ ပြောပြီး သူ့ဖခင်ရင်ခွင်း ပြေးဝင်၍ အားပါးတရ ငိုချလိုက်လေတော့၏။

သည်နောက်ပိုင်း အင်ဂျယ်လာနှင့်ကျွန်တော် မိတ်ဆွေကောင်းများ ဖြစ်သွားကြတော့၏။

သုံးညအိပ်-လေးရက်တိုင်တောတွင်း စခန်းချ အမဲပစ်ခဲ့ကြပြီးနောက် သစ်တောအဖွဲ့ရှိရာသို့ ပြောင်းရွှေ့စခန်းချနေလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ရရှိသော အမဲကောင်များကို ဝန်ထမ်းများအား ဝေခြမ်းပေးလိုက်၏။

သစ်တောအဖွဲ့နှင့် စခန်းချနေထိုင်ဆဲကာလတွင် ကျွန်တော်သည် အင်ဂျင်လာနှင့်အတူ ပန်းပုတ်များကို လိုက်လံစုဆောင်း မောင်းပေးရ၏။ ပန်းပုတ်ဆိုသည်မှာ သစ်တောဝန်ထမ်းတို့ အခေါ်ဖြစ်၏။ သစ်ခွပန်းပင်များကို ဆိုလိုခြင်းဖြစ်၏။ တကယ်တော့ အင်ဂျယ်လာသည် မိန်းမသားတစ်ဦးပင် မဟုတ်ပါလား။ 'အလှအပကို မက်မောသည်ပဲပေါ့။' သည်တော့ တောတောင်၏အလှကို လိုက်လံခံစားတတ်လာ၏။ လွန်ခဲ့သော (၄)ရက်လောက်က ကြမ်းကြမ်းတမ်းတမ်း စိတ်ဓာတ်များဖြင့် သားကောင်တိရစ္ဆာန်တို့ကို သတ်ဖြတ်ခဲ့ကြ၏။ ယခုတော့ နူးညံ့သိမ်မွေ့စွာဖြင့် တောတောင်၏သဘာဝအလှကို ခံစားရင်း ကျေးငှက်သာရကာများနှင့်အတူ တေးသီကျူးကြ၏။ စမ်းရေစီးသံလေးများနှင့်အတူ ကဗျာရွတ်ကြ၏။

သူသီဆိုပြသောတေးသံလေးများတွင် အချစ်သီချင်းများပါသလို ကျွန်တော်ရွတ်ပြသော ကဗျာများတွင် အချစ်ကဗျာများပါလာလေတော့၏။ သည့်နောက် သူ၏အချစ်သီချင်းနှင့် ကျွန်တော်၏ အချစ်ကဗျာ ဖလှယ်ပြီးတော့ သံပြိုင်ကျူးရင့်လိုက်ကြ၏။

ပျော်ရွှင်ဖွယ်ကောင်းသည့် ကမ္ဘာလေးတစ်ခု ဖန်တီးလိုက်ကြသော်ငြား ထို အေးချမ်းကမ္ဘာလေးသည် တာရှည်မခံလိုက်လေ။



ကျွန်တော် မုဆိုးဘဝတစ်လျှောက်လုံးတွင် ဒုက္ခပေးခြင်းခံနေရသော သားရဲကောင်များက ကျွန်တော်တို့အား သူတို့တာမှာအတွင်းမှ ထွက်ခွာသွားခင် ကာလကလေး အငတာအတွင်းမှာပင် ကျွန်တော်တည် ထောင်ခဲ့သော ချစ်စဖွယ်ကမ္ဘာလေးကို ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးကြလေတော့၏။

တိရစ္ဆာန်ပင်ဖြစ်သော်ငြား အငြိုးတရား ကြီးမားလိုက်ကြတာဟု စာဖွဲ့ပြောရမလိုပင် ဖြစ်တော့၏။

စခန်းသိမ်းလုနီး တစ်ပတ်အလိုတွင် ဖြစ်သည်။ မြို့အပြန် သားကောင်သားတွေ ယူသွားလိုသည်ဟု မစ္စတာ ဖရက်ဒီက ပြောလာသည် ဖြစ်၍ အမဲပစ် ထွက်ခဲ့ကြပြန်သည်။

ဆောင်းကာလဖြစ်ငြား မိုးအုပ်မှိုင်းနေ၏။ ထိုသည်ကြောင့် ကျွန်တော့်စိတ်သည် မလန်း။ ဝမ်းနည်းသလိုလို ခံစားနေရ၏။ စိတ်မပါသော်လည်း နောင် ကော်ရတော့မည့် ယောက္ခမကြီး၏ဆန္ဒကို ဖြည့်ဆည်းပေးရမည်ဖြစ်၏။ စိတ်မလန်းသော်လည်း အင်ဂျယ်လာလည်း ပါလာသည်ဖြစ်၍ မငြင်းသာ၊ မတားသာ။ အမဲကြီးပစ်ထွက်ခဲ့ရပြန်၏။

တစ်မနက်ခင်းလုံး မိုးအုပ်နေခြင်းကို အင်ဂျယ်လာနှင့် ကျွန်တော်၏ ကြမ္မာဆိုးအား ကြိုတင် သိရှိနေခြင်းကြောင့် နိမိတ်ပြနေလေသည်ဟု ပြောရမလိုပင်။ အကယ်၍ မိုးသည်းထန်စွာရွာလိုက်ပါက အင်ဂျယ်လာနှင့် ကျွန်တော်တို့ ကံကြမ္မာဆိုးနှင့်ကြုံတွေ့ခြင်းဘေးမှ လွတ်ကင်းကောင်း လွတ်ကင်းကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စခန်းမှနေ၍ ငမိုးရိပ်ချောင်းမကြီးအတိုင်း ဆန် တက်ခဲ့ကြသည်။ မည်သို့မျှ မဝေးလှသည်နေရာတွင် ချောင်း ကြီးမှခွဲထွက်လေသည့် ချောင်းလေးအတိုင်း ဆန်တက်ခဲ့ကြပြန်၏။ (ထိုချောင်းခွဲလေးအမည်ကိုတော့ မမှတ်မိတော့ပါ။) ၁၀ မိနစ်ခ လျှောက်ခဲ့ပြီးသည်တွင် ချောင်းလက်တက်လေးတစ်ခု တွေ့ပြ သဖြင့် ထိုလက်တက်ကလေးအတိုင်း ဝင်သင့်မဝင်သင့် ရပ်၍ စဉ်းစားနေကြစဉ်-

"ဟာ- ကိုပိုက်ရေ သည်မယ် 'ပြောင်'ခြေရာ ထင်တယ်

မစ္စတာဖရက်ဒီအသံကြောင့် သူညွှန်ပြရာ မြေပြင်သို့ ကြည့်လိုက်သည်။ 'ပြောင်'ခြေရာမဟုတ်။ ဆတ်ခြေရာဖြစ်၏ ယခုမြင်လိုက်ရသောခြေရာကား ခြေဖျားဦး ချွန်ချွန်ဖြစ်နေသော ကြောင့် ဆတ်ခြေရာဟု အတတ်ပြော နိုင်ခြင်းဖြစ်၏။ သို့ကြောင့်

"ပြောင်ခြေရာမဟုတ်ဘူး ဝန်မင်းရဲ့၊ ဒါ ဆတ်ခြေရာ သည်ကောင် သည်ချောင်းလက်တက်ထဲ ဝင်သွားတာပဲ"

"ဒါဖြင့် လိုက်သွားကြရအောင်ဗျာ"

'မစ္စတာဖရက်ဒီ'၏ အဆိုပြုချက်ကို ခေါင်းညိတ် အတ ပြုပြီး "အင်ဂျယ်လာ"ကိုလည်း ခေါင်းဆတ် အချက်ပြ ခေါ်လိုက် တာ ရေခန်းနေပြီဖြစ်သော ထိုချောင်းလက်တက်အတွင်းသို့ လိုက်သွားကြ၏။

ချောင်းလက်တက်လေးအတိုင်း ဝင်လိုက်လေ ကျဉ်းမြော လာလေဖြစ်သည်ကြောင့် သည် 'ဆတ်'ကောင် ကျွန်တော်တို့ ပြေးမလွတ်နိုင်တော့ဟု အတတ်တွက်လိုက်ကြ၏။



'မစ္စတာဖရက်ဒီ'ကား သေချာပေါက် 'ဆတ်'တစ်ကောင် ပစ်ရချေရဲ့ဆိုပြီး တတ်ကြွစွာဖြင့် ရှေ့မှ ဦးဆောင် သွားနေလေ၏။ ချောင်းလက်တက်လေးအတိုင်း စုန်တက်ခဲ့ကြရာမှ -

"ဝေါင်း ဝေါင်း ဂရွး ဝူး"

ကျွန်တော်တို့ ရောက်နေသည့်နေရာ၏ ရှေ့ ၁၅-ကိုက် လောက်ရှိ ခန္နးတောစပ်တွင်းမှ သားရဲတစ်ကောင်၏ အစာ မာန် ဖီသံကို ကြားလိုက်ရသဖြင့် ခေါင်းနပန်းကြီးသွား၏။ မှားပြီ။ ကျွန် တော်၏ အမှတ်တမဲ့နိုင်မှုကြောင့် မုဆိုးဘဝမှ သားကောင်ဘဝသို့ ရောက်ကြရပေတော့မည်။ လောဘဇောဖြင့် မဆင်မခြင် လိုက်ခဲ့မိ သည့် ကျွန်တော်၏ မဟာအမှားပင်ဖြစ်ပါ၏။

ကျွန်တော်တို့လိုက်နေသော 'ဆတ်'ကို သားရဲတစ်ကောင် က လက်ဦးမှု ရသွားချေပြီဖြစ်၏။ သူရရှိထားသောသားကောင်ကို စားသောက်နေရာမှ ကျွန်တော်တို့၏အသံကို ကြားသွားသဖြင့် သူ့ အစာ လာလုမည်ထင်ကာ မာန်ဖီနေခြင်းဖြစ်သည်။ သို့ မာန်ဖီနေရုံ ဖြင့် မလုံလောက်တော့ဟု ထင်သွားသည်ကြောင့်လား မသိ။ ကျွန် တော်တို့အား တိုက်ခိုက် နှင်ထုတ်ပစ်ရန် ရုတ်တရက် ခန္နးတောမှ ဒေါသတကြီးဖြင့် ခုန်ထွက်လာတော့၏။

"ဝုန်း"

"ဘုရားရေ"

ထို သားရဲကောင်ကို ရုတ်တရက် မျက်နှာချင်းဆိုင် မြင် လိုက်ရသော အင်ဂျယ်လာက ဘုရားတရင်း ငေးငိုင်သွားသလို ရှေ့

www.burmeseclassic.com

www.burmeseclassic.com



မှ ဦးဆောင်သွားနေသည့် မစ္စတာ ဖရက်ဒီကလည်း ဘာလုပ်ရမည် မသိ ကြောင်နေဆဲမှာပင် အတွေ့အကြုံ ရင့်ကျက်မှု အတန်အသင့် ရှိပြီးဖြစ်သည့် ကျွန်တော်သည် ကျရောက်လာတော့မည့် အန္တရာယ်ကို ကြိုတင်သိလိုက်ရသဖြင့် -

"ဖယ်ဖယ် ဝန်မင်း" ပြောပြောဆိုဆို 'မစ္စတာဖရက်ဒီ'အား တွန်းဖယ်လိုက်စဉ် ထိုသတ္တဝါကောင်သည် မိုးပျံ ခုန်လွှားလိုက်ပြီး ဖြစ်နေသည်ကြောင့် ထိုသတ္တဝါကောင်အား ကျွန်တော် မည်သို့မျှ ဟန့်တားခွင့် မရလိုက်မီမှာပင် ထိုသတ္တဝါကောင်၏ မာန်ဖီ တိုက် ခိုက်ခြင်းကို အလူးအလဲ ခံလိုက်ရတော့၏။ ကျွန်တော့်သေနတ် သည်လည်း ဘယ်ဆီ လွင့်ထွက်သွားလေသည်မသိ။ လက်ချည်း သက်သက် လုံးထွေးသတ်ပုတ်နေရာမှ ခါးကြားတွင်းရှိ တောလိုက် ဓားမြှောင်ကို သတိရလိုက်သဖြင့် တိုက်ခိုက်လုံးထွေးနေသည့်ကြား မှ ခက်ခက်ခဲခဲ ထုတ်ယူကာ ထိုသတ္တဝါကောင်ကို ထိုးနှက်နေမိ၏။ ထိုသတ္တဝါကောင်၏ ကုတ်ချက် ပြင်းလှ၏။ ကျောပြင်နှင့် ရင်ဘတ် အစုံတို့တွင် ပွန်းပဲ့ ဖြစ်ဖြစ်သွားကာ သွေးတို့ ယိုစီး ထွက်လာကြကုန် ၏။ ကျွန်တော်၏လက်ချက်ဖြင့် ထိုသတ္တဝါကောင်သည်လည်း အော် ဟစ် ရုန်းကန် သဘ်ပုတ်နေဆဲမှာပင် ထိုသတ္တဝါကောင်သည် အံကြိတ် ဖွယ် ကျွန်တော့်ခန္ဓာကိုယ်မှ ပယ်ခွာသွားလေတော့သည်။ ဘယ် တွက်ကြောင့်ပါဇီမှ် သိလိုသည်ကြောင့် နာကျင်နေသည့် ဝေဒနာ များကြားမှ အားယူ- ကုန်းထကြည့်လိုက်၏။

'အင်ဂျယ်လာ' လက်ချက်ပါကလား။ ကျွန်တော့်အား ဒေါသမာန်ဖီ လုံးထွေး ကုတ်ဖဲ့နေသည့် ကျားသစ်ကောင်ကို နောက်



မှ ဆွဲ၍ ဝင်ရောက် လုံးထွေး ဖယ်ခွာရင်း သူမလက်တွင်းမှ အမဲလိုက်ဓားမြှောင်ဖြင့် ဆင့်တာဆင့်ကာ ထိုးသွင်း သတ်ဖြတ်နေ တော့၏။

ကျားသစ်ကောင်၏ ပြိုင်ဖက်သည် 'အင်ဂျယ်လာ' ဖြစ် သွားရပြန်၏။ သို့ကြောင့် ကျွန်တော်သည် သေနတ်ကိုင်ရင်း ဘာ လုပ်ရမှန်းမသိဖြစ်နေသည့် မစ္စတာဖရက်ဒီ၏ လက်တွင်းမှ သေနတ် ကို ဆွဲယူကာ ကျားသစ်နှင့် 'အင်ဂျယ်လာ' သီးခြားစီ ကွာဟသွား သည်နှင့် ထိုအခွင့်ကောင်းကို လက်လွှတ်မခံဘဲ သေနတ်မောင်း ထိန်းခလုတ်ကို ကမန်းကတန်း ဖြုတ်ချလိုက်၏။

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ကျားသစ် ကောင်သည် ၂-ပေခန့် လွင့်ထွက်သွားကာ ငြိမ်သက်သွားတော့၏။ သည်တော့မှ ကျွန်တော်သည်လည်း ဒဏ်ရာဗလပွဖြင့် ညည်းညူ နေသည့် 'အင်ဂျယ်လာ' အနားသို့ ပြေးကပ်သွားလိုက်၏။

'အင်ဂျယ်လာ'နားပင် မရောက်။ ခွေခေါက် လဲကျသွား ရပြန်၏။

ကျွန်တော် သတိရလာသည့်အခါတွင်ဇလှည်းကူးမြို့ တိုက် နယ် ဆေးရုံပေါ်သို့ ရောက်နေသည်ဟု သိရ၏။

ကျားသစ်ကုတ်ခံ ဒဏ်ရာဖြင့် ၂-ရက်လုံးလုံး သတိမေ့နေ သည် ဆိုကြ၏။ 'အင်ဂျယ်လာ'တို့ သားအဖကို သတိရရချင်း မေးလိုက်သည်တွင် သင်းသတ်အရာရှိ နယ်စီးတောအုပ်ကြီး ဦး အောင်ဆန်းက-

www.burmeseclassic.com

www.burmeseclassic.com



"ဝန်မင်းရဲ့သမီးလေးလဲ ဒဏ်ရာအတော်များများ ရသွားတယ်။ မောင်ရင်လောက်တော့ သေလောက်အောင် မဟုတ်ပေမယ့် မျက်နှာပြင်မှာ ရလိုက်တဲ့ဒဏ်ရာတွေကို 'ပလပ်စတစ်ဆာဂျာရီ' လုပ်ဖို့ အမေရိကားကို သွားကုရမှာဖြစ်တဲ့အတွက် ရန်ကုန်ကို ချက်ချင်းပြန်သွားကြတယ်။ မောင်ရင့်ကိုလည်း ကျုပ်တို့လက်ထဲ အပ်သွားလေရဲ့။ ဪ- ဒါနဲ့'အင်ဂျယ်လာ'က မောင်ရင့်ကို စာရေးပေးသွားတယ်"ဟု ဆိုကာ စာရွက်ပိုင်းလေးတစ်ခု ပေး၏။ ကမန်းကတန်း ဖြန့်ဖတ်လိုက်သည်။

"မသေသေးရင် တစ်ချိန်ချိန်ပြန်ဆုံကြတာပေါ့" တဲ့လေ..ဒါပဲ၊ တိုတိုလေး။ ထိုသည်နောက်ပိုင်း ယနေ့တိုင် သူမနှင့် ပြန်မဆုံစည်းလေတော့။ သူမရရှိသောဒဏ်ရာအခြေအနေ ဆိုးသည် ကောင်းသည် မည်သို့ရှိမည်မသိ။ သူမတွင်လည်း ကျားသစ် ကုတ်ထားသည့်ဒဏ်ရာ များစွာပါသွား၏။ ထိုဒဏ်ရာများက သူမ၏အလှကို သိမ်ငယ်သွားစေလေသည်လား။ ထိုဒဏ်ရာတို့ကို မြင်လေတိုင်း ကျွန်တော့်ကို သတိရနေမည်လား။ သို့မဟုတ် နာကြည်းနေလေမည်လား။ မည်သို့ပင်ဖြစ်ပါစေ၊ ကျွန်တော့် ခန္ဓာကိုယ် အနှံ့အပြားတွင် ထင်ကျန်ရစ်နေသည့် ကျားသစ်ကုတ်ဒဏ်ရာအမာရွတ်ဗလပွထက် သူမကြောင့် ကျွန်တော့်နှလုံးသားတွင် ထင်ကျန်ရစ်လေသည့်ဒဏ်ရာအမာရွတ်က ပို၍ တစ်သက်တာ အမှတ်ရနေစေတော့၏။ ဘယ့်တွက်ကြောင့်ဆိုမူ.. သူမသည် ကျွန်တော်နှင့်အတူ သားကောင်ကို မကြောက်မရွံ့ စွမ်းစွမ်းတမံ



တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်။ သူမ၏ ထိုသတ္တိသည် အချစ်ကြောင့် ပေါက်ပွားလာခြင်းကလွဲ၍ အခြားမည်သည့်အတွက်ကြောင့်မျှ မဖြစ်နိုင်ပါချေ။ သို့ကြောင့်လည်း သူမကို ကျွန်တော် ယနေ့တိုင် မျှော်လင့်နေဆဲပါ။

တိုရိုတ်

၂၀. ၂. ၉၉

www.burmeseclassic.com

www.burmeseclassic.com






၃

## အစ်ကိုကြီးအဖအရာ ဆိုကြားသော်လည်း

ဘယ်သောအခါမှ ပြန်မလာတော့မှန်း သိပေမယ့် သူ့ကိုပြန်ခေါ်လာရန်အတွက် သည်လမ်းခရီးကြမ်းကို လိုက်ခဲ့ခြင်းဖြစ်၏။

ပြည်လမ်းမကြီးတစ်လျှောက် တရိပ်ရိပ်ပြေးနေသည့်ကားလေးနှင့် ယာဉ်မောင်းကိုလှရွှေကိုကြည့်ပြီး အားမလိုအားမရဖြစ်မိသည်။ နှေးလိုက်တာဟုထင်မိ၏။ သူ့ထံ မြန်မြန်ရောက်လိုလှချေပြီ။ သို့ကြောင့် ကိုယ်တိုင်ပင် ဝင်မောင်းလိုက်ချင်သည့်စိတ်တွေ ပေါ်လာမိ၏။ တကယ်တော့ ကျွန်တော်၏ အလောတကြီးနိုင်မှု ဆန္ဒစောနေခြင်းကြောင့်ပင်ဖြစ်သည်။ ယာဉ်မောင်းကိုလှရွှေကလည်း သူမောင်းနေကျ သည့်ကားလေးကို ကျွမ်းကျင်လိမ္မာစွာဖြင့် တစ်နာရီမိုင်(၆၀)နှုန်း မောင်းနှင်နေသည်မဟုတ်ပါလား။

ကားကလည်းအကောင်းစား၊ တောင်ပေါ်လမ်းတွင် မောင်းနှင်ရန် အသင့်တော်ဆုံး တိုယိုတာ၊ လန်ခရူစာ-ဖိုးဒိုး ဖြစ်သည်။

သို့ကြောင့် ကျွန်တော့်အနေဖြင့် ဝင်မောင်း၍ မည်သို့ရပါလိမ့်မည်နည်း။ သည်ကားလေးကို မောင်းနေကျကိုလှရွှေထက် ကျွမ်းကျင်အောင်မောင်းနိုင်ဦးတော့ ကျွန်တော့်အား သူတို့၏ကားလေးမောင်းလိမ့်မည်မဟုတ်။

ညီငယ်နှင့်ပက်သက်၍ သည်လမ်းခရီးကို အလောတကြီးလိုက်ခွင့်ရခဲ့တာတောင်မှလူကြီးခွင့်ပြုချက် ၂-ယောက်သာလိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်မဟုတ်ပါကလား။ ဒါကိုပဲ ကြံဖန်တွေးဖူးတင်ရပေလိမ့်မည်။ သို့ဖြင့်စိတ်လှုပ်ရှားရင်မောစွာစီးနင်းလိုက်ပါခဲ့ရင်း "ပတောင်း" သို့ရောက်ခဲ့ သည်။ အချိန်မရှိတော့ပြီဖြစ်၍ "ပတောင်း" တွင် ညအိပ်ကြ သည်။

တစ်ညလုံးငုတ်တုတ်၊ သည်လိုနှင့် မိုးစင်စင်လင်းလုတွင် 'ပတောင်း' မှဆက်လက် ခရီးဆန့်ခဲ့ရပြန်သည်။ လေးမျက်နှာ အရောက်တွင် အဆာပြေ နံနက်ခင်းစာ ဝင်စားကြသည်။ လက်ဖက်ရည်ခရ၊ မုန့်ဟင်းခါးနှင့် အကြော်၊ စားလိုစိတ်မရှိသော်လည်း ရှေ့ခရီးအတွက် ဖျစ်ညှစ်ပိုက်ဖြည့်စားလိုက်ရ၏။

ကျွန်တော်နှင့်အတူ တစ်ခရီးတည်းလာခဲ့ကြသူများကတော့ ညီငယ်၏ယောက္ခမ။ ပြီးတော့ညီငယ်တို့ရွာနမှ လူကြီးနှစ်ယောက်နှင့် ယာဉ်မောင်းကိုလှရွှေ။ သူတို့က ညီငယ်တို့၏ဖြစ်ရပ်မှန်ကို စုံစမ်းစစ်ဆေးမှုပြုရန် လာခဲ့ကြသူများဖြစ်၏။

'ဂွလမ်းကိုဒီကပဲသွားတာမဟုတ်လား'ဟုမုန့်ဟင်းခါးဆိုင်ပိုင်ရှင်ကို မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ရှေ့နားမယ် လမ်းခွဲတစ်ခုတွေ့လိမ့်မယ်၊ ညာဘက်ချိုးတဲ့လမ်း ဂွသွားတဲ့လမ်းပဲပေါ့' ဟူ၍ ပြောလိုက်ပြီးနောက် သူကပင် ဆက်ပြောပြန်၏။

'ဟို-ရက်ပိုင်းကတောင် ဂွအတက်လေးမှာ ကားတစ်စီးမှောက်သွားသေးတယ်၊ မဖြစ်သင့်ဘဲဖြစ်တာတဲ့၊ ကားမောင်းတဲ့သူက မူးနေတာပဲ'

'ဟုတ်ကဲ့ကျွန်တော်တို့ အဲ့ဒီကိစ္စ သွားမလို့ပါ'

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ၊ သားရွှေစင်မဂ္ဂဇင်း



အရာရှိတစ်ယောက်က ပြောလိုက်သည်တွင်-

'အေးဗျာ တစ်ယောက်သေတယ်၊ ကားပိသွားတာ၊ အလောင်းကိုတောင် အခုထိ ကားအောက်က မထုတ်ရသေးဘူးတဲ့'

'ဗျာ-ဘာဖြစ်လို့တုန်း'

ကျွန်တော်က အလောတကြီး ဝင်မေးလိုက်၏။ ထိုအခါ-

'အလောင်းကိုဖယ်လိုက်ရင် ကားကချောက်ထဲထိုးကျသွားမှာတဲ့'

'အို . . .'

ကျွန်တော့်ရင်ထဲတွင် ဆို့သွားသည်။ ဖြစ်ရလေခြင်း ညီငယ်ရယ်။ သူတို့ပြောတော့ အလောင်းဟာ 'ဂွ'ဆေးရုံမှာဆို၊ ခုတော့ အလောင်းတောင် ကားအောက်က မထုတ်ရသေးပါလား။

ကျွန်တော်သည် မျက်စိမျက်နှာပျက်နေသည့် အရာရှိ နှစ်ယောက်ကို အဓိပ္ပာယ်မြောက်များစွာပါသည့် အကြည့်ဖြင့် ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။ 'ဟုတ်ချင်မှဟုတ်မှာပါ၊ ကျွန်တော်တို့ တယ်လီဖုန်းရတော့ အလောင်းဆေးရုံမှာလို့ ပြောတာပဲလေ'

အင်း . . . သူတို့ပြောသလိုဖြစ်ပါစေ၊ စကားဆိုတာဒီလိုပဲကားတတ်ကြတာပဲလေဆိုပြီး မိမိကိုယ်မိမိ ဖြေသိမ့်လိုက်ကာ ငြိမ်သက်စွာဖြင့် ကားနောက်ခန်းမှလိုက်ခဲ့ပြန်သည်။သို့ရာတွင်မဟုတ်ပါစေနှင့်ရယ်လို့ အထပ်ထပ်အခါခါ ကြိတ်၍ဆုတောင်းနေရပြန်သည်။

သည်လိုဖြင့် သေိုင်းချောင်း၊ ချေကြည်ဖြတ်၍ 'ဂွ'တောင်တက်လမ်းသို့ ရောက်ခဲ့ချေပြီ တောင်လမ်းတွေ တဖြည်းဖြည်းမြင့်တက်လာသည်။ လမ်းသည်လည်း ငါးသိုင်းချောင်း၊ ချေကြည်လမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



လောက်မကျယ်။ ကားပေါ်ပါလာသူများ၏ စိတ်တွင်းဝယ်မည်သို့ ဖြစ်ပေါ်နေကြသည်မသိ။ ကျွန်တော့်မှာတော့ ညီငယ်အတွက် ဝမ်းပန်းတနည်းဖြစ်ရ၏။ 'ဂွ'တောင်တက်လမ်းခရီးတစ်မိုင်၊ ထိုမှသည် တစ်မိုင်ခွဲ (ငါးသိုင်းချောင်း ရေကြည်တောင်တက်လမ်းမှ ဆိုလျှင် (၂၅မိုင် ၄ ဖာလုံ) အရောက်တွင် မှောက်သွားသည့် ကားတို့ ဘွားခနဲ တွေ့လိုက်ကြသည်။

သည်တော့ ကျွန်တော်တို့စီးလာသည့်ကားလေးသည် ငြိမ့်ခနဲ ထိုးရပ်သွားသည်။ ကားပေါ်ပါသူအားလုံး ဆင်းလိုက်ကြသည်။ ကျွန်တော်သည် ကမန်းကတန်းပင် တစောင်းလဲနေသည့် ကားစိမ်းကြီးရှိရာသို့ ပြေးသွားကာ ပတ်ပတ်လည်လှည့်ကြည့်လိုက်သည်။ တော်သေးရဲ့။ လေးမျက်နှာမှ မှန်ပြတင်းခါး ဆိုင်ပိုင်ရှင် ပြောလိုက်သည့် စကား မမှန်ချေ။ ဘာပြောပြော အနည်းငယ်တော့ စိတ်သက်သာရာ ရသွားသည်။

ကျွန်တော်၏ စိတ်သက်သာမှုကား တာရှည်မခံလိုက်ရချေ။

'အလောင်းဆေးရုံရောက်သွားပြီလား'

အရာရှိတစ်ဦး၏ အမေးကို ထိုကားနေရာတွင် စောင့်ကြပ်နေသည့် အလုပ်သမားတစ်ဦးက ပြောလိုက်သည့် စကားတစ်ခွန်းသည် ကျွန်တော့်နှလုံးသားကို ဆုပ်မွချေလိုက်သကဲ့သို့ ခံစားလိုက်ရ၏။

'အလောင်း ကားအောက်မှာ ရှိသေးတယ်'

'ဟင်. . . . .'

ကျွန်တော်သည် ကမန်းကတန်း ကားနားသို့ ပြန်သွားကာ စေ့စေ့စပ်စပ် ကြည့်လိုက်ပြန်သည် မတွေ့။



'ဘယ်မလဲဗျ'

ထိုအလုပ်သမားကို ခပ်ဆတ်ဆတ်မေးလိုက်မိသည်။

'အဲဒီ ကားဘီးအောက်မှာလေ၊ သေသေချာချာကြည့်ပါ'

သေသေချာချာကြည့်သည်မတွေ့။ ရင်တွေခုန်နေသည်။ ရင်တွေ တုန်နေသည်။ စိတ်လောနေ၍လားမသိ မတွေ့။

'အဲဒီမှာလေ ဆရာလေးရဲ့၊ သေသေချာချာကြည့်ပါ။ ဟိုမှာ မတွေ့လား'

သည်တော့မှ ကမ်းပါးချောက်ထဲ ကျလုကျခင် ဖြစ်နေသည့် ကားကြီးတစ်စီးလုံး၏ အလေးချိန်ကို ထိန်းထားသည့် တစ်ဘီးတည်းသော နောက်ဘီး၏အောက်တွင် ညီငယ်၏ မျက်နှာလေးကိုတွေ့ လိုက်တော့၏။

ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ 'ရှင်ဆို့သွားတာပဲ' ဆိုသည့်စကားရပ် ပေါ်ပေါက်လာရသည့် ခံစားချက် အစစ်အမှန်ကို လက်တွေ့ခံစားလိုက်ရခြင်း ဖြစ်ပေတော့သည်။

အဖြစ်ဆိုးလိုက်တာညီငယ်ရယ်။ ကြည့်စမ်း ညီငယ်ရဲ့ မျက်နှာလေးကောင်းကောင်းမှတ်မိတာပေါ့။ နှစ်ပေါင်းလေး ဆယ်နီးနီး တူတူနေ ခဲ့ကြသူတွေပဲ။ မမှတ်မိဘဲ ဘယ်နေပါ့မလဲလေ။

ညီငယ်၏ခန္ဓာကိုယ်တစ်ခုလုံး ဘာမှမမြင်ရ။ ကားအောက်တွင် မည်သို့မည်ပုံ ပိညပ်နေသည်မသိ။ ကားနောက်ဘီး၏ တာယာ အောက်မှပေါ်နေသည့် ညီငယ်၏မျက်နှာလေးသည် ကျွန်တော့် အား-

www.burmeseclassic.com

www.burmeseclassic.com



'ရက်စက်လိုက်ကြတာ အစ်ကိုရယ်၊ သူတို့က ကျွန်တော့်ကို ခုချိန်ထိ သည်အတိုင်းပဲ ပစ်ထားကြတယ်၊ တကယ်ဆိုရင် သူတို့အားလုံးကို ကျွန်တော်ကယ်လိုက်တာပါ။ ကျွန်တော်သာ ခုလိုပုံစံနဲ့ တားဘီးအောက်မှာ 'ကြမ်းတုံး' လို ခံမနေရင် တားကြီးတစ်စင်းလုံး ချောက်ထဲထိုးကျသွားမှာ၊ အားလုံးသေချင်သေကြမှာ၊ အစ်ကိုရယ် ကျွန်တော့်ကိုယ်ပေါ်မှာ ပိနေတဲ့ကားကြီးကို ဖယ်ထုတ်ပေးစမ်းပါ' ရယ်လို့ အသနားခံပြောနေသယောင်ယောင်။ ကျွန်တော်ဘာလုပ်ပေးနိုင်မှာတုံး။ သည်ကားကြီးတစ်စီးလုံး ကျွန်တော်တစ်ယောက်တည်းဖြင့် မတွန်းချ၍ မည်သို့ရပါလိမ့်မည်နည်း။ သူရှူးတစ်ယောက်လို မ,ကြည့် တွန်းကြည့်သေး၏။ ပြီးတော့ ဝိုင်းကူမ,တွန်းကြမည့်သူများ ရှိလိုငြား မတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေကြည့်မိပြန်သည်။ အားလုံးသောသူများသည် ကျွန်တော်အား သနားစရာ သတ္တဝါငယ် တစ်ကောင်ကဲ့သို့ ရီဝေသော မျက်နှာများဖြင့် ဝိုင်းကြည့်နေကြတာခေါင်းခါယမ်း၍ ကျွန်တော့်အပါးမှ ဖွယ်ခွာထွက်သွားကြတော့၏။ မဖြစ်နိုင်မှန်းကျွန်တော်လည်း သိပါသည်။ 'သူ့ကိုသည်အတိုင်းမထားကြပါနဲ့ဗျာ၊ မြန်မြန်ထုတ်ပေးကြပါ' ရယ်လို့ မေတ္တာရပ်ခံ ပြောရုံမှတစ်ပါး ကျွန်တော်ဘာလုပ်ပေးနိုင်ပါမလဲလေ။ ညီငယ်ရယ် အစ်ကိုရဲ့ အားနည်းချက်ကိုခွင့်လွှတ်ပါကွာ။

'သူ့အလောင်းကိုဖယ်လိုက်ရင် ကားကြီးချောက်ထဲကျသွားမှာ လို့' ဆိုသည့်မုန့်ဟင်းခါးဆိုင်ပိုင်ရှင်၏ စကားသံသည် ကျွန်တော် နားထဲတွင်ထပ်တလဲလဲ ကြားနေတော့၏။ 'အဖြစ်ဆိုးလှချည်လား ကွာ' ဆိုပြီးအားပါးတရ အော်ဟစ်လိုက်တာ ယောကျ်ားတန်မဲ့ ချုံး



ချုံးချလိုက်တော့၏။ တဒင်္ဂအချိန်လေးအတွင်း ဗျတ်ခနဲ ထတ်ဝေယံကျော်' လေးက ကျွန်တော့်အသိထဲသို့ တိုးဝင်လာတော့၏။

ညီငယ်သိပ်ချစ်တဲ့သူရဲ့သားလေး၊ ၆လသားလေးသာ ရှိသေးတဲ့ သူရဲ့သားဦးလေး။ ၆ လသားလေးဆိုပေမယ့် သူ့သားလေးနှင့်သူ သုံးလသာ အတူတူနေခဲ့ကြရသည်။ မွေးတင်းမှသည် သုံးလသာလျှင် သားလေးနှင့်အတူတူနေခဲ့ရပြီး ယခုနောက်သုံးလသည် သူ့သားလေး နှင့်သူ ခွဲနေရခြင်းဖြစ်သည်။

သည်တော၊ သည်တောင်၊ သည်လျှိုမြောင်တွင်းဝယ် ညီငယ်တစ်ယောက် နိုင်ငံလုပ်ငန်းတာဝန်ဖြင့် လာနေရသည်မှာ သုံးလကြာခဲ့ချေပြီ။

ယခု သူတို့ဝင်ရောက်လုပ်ကိုင်မည့် ရခိုင်ပြည်နယ် 'ဂွ' မြို့နယ် သစ်တောကြိုးဝိုင်းအတွင်း ၄-၅ ၁၀ရက်စာ လုပ်ငန်းလုပ်ကိုင်ပေးပြီးလျှင် သူတို့လုပ်ငန်းသိမ်း အိမ်ပြန်ကြရန်သာရှိတော့သည်။ ညီငယ်သည် ယခုလိုအဖြစ်ဆိုးကြီးဖြင့် မကြုံတွေ့ခင်လွန်ခဲ့သော ၁၀ ရက်ခန့်က အိမ်သို့ခေတ္တပြန်ရောက်လာသေးသည်။ (လာနှုတ်ဆက်သလိုပါပဲလား) ထိုစဉ်က ပြောသွားသေးသည်။ သူပြန်လာလျှင် သူ့သားလေးကို ဘုရားတွေလိုက်ပို့မည်။ တိရစ္ဆာန်ရုံလိုက်ပို့မည်။ စတိုးဆိုင်တွေလိုက်ပို့ပြီး သားလေးလိုချင်သည့် တစားစရာအရုပ်များ ဝယ်ပေးမည်။ ပြီးတော့ သားလေးကို ခရစ်ယာန်ဘာသာ သွင်းပြီး သည်နှင့် တင်ပွန်းတပ်ပေးမည်... တဲ့လေ။

တကယ်တော့ ညီငယ်သည် ကျွန်တော်တို့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဖြစ်သော်ငြား၊ သူ့ဇနီးသည် ကိုးကွယ်သည့်ခရစ်ယာန်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာသို့ ကူးပြောင်းသွားသူတစ်ယောက်ဖြစ်သည်။ ထိုစဉ်က ယင်းကိစ္စနှင့်ပတ်သက်၍ အမေ့ကိုမပြောရဲသဖြင့် ကျွန်တော်အား အစ်ကိုကြီးတစ်ယောက်အနေဖြင့် ဦးစွာ ဖွင့်ဟတိုင်ပင်ပြောသေး၏။ (သည်တုန်းက အဖေဆုံးပြီးဖြစ်သည်) ကျွန်တော့်အနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်၍ ဘာသာတရားဟူသည် ကိုယ်သန်ရာကိုးကွယ်ကြတာပဲ၊ ကိုယ်နှစ်သက်ရာ ကိုးကွယ်ခွင့်ရှိသောကြောင့် အမေနှင့် ညီများကို နားဝင်အောင်ပြောပြကာ သူ့စိတ်ချမ်းသာမှုကို ဖြုလုပ်ပေးခဲ့ပါသည်။ မိသားစုကလည်း ကန့်ကွက်တားဆီးမှု မပြုခဲ့ကြချေ။ သူ့စိတ်ချမ်းသာမှုကို အားလုံးက လိုက်လျောခဲ့ကြ၏။ အဘယ်ကြောင့်ဆို သော် တစ်နှစ်ခွဲတိုင်တိုင် ဦးနှောက်ကင်ဆာဖြင့် အိပ်ရာထဲ ပတ်လက်ဖြစ်နေရှာသည့် ကျေးဇူးရှင်ဖခင်ကြီးကို အများဆုံးတာဝန်ယူ၍ ပြုစုကုသပေးခဲ့သူမှာ သူပင်မဟုတ်ပါကလား။

ညီအစ်ကိုမောင်နှမတွေကို သူချစ်သည်။ အမေနှင့်အဖေတို့ သူချစ်သည်။ သူ့ဇနီးနှင့်ကလေးကိုသူချစ်သည်။ အစစအရာရာ လိုက်လျောသည်။ လိုအပ်သည်များကို ဖြည့်ဆည်းပေးတတ်သည်။

ခုတော့ အားလုံးကို သူ ရုတ်တရက် ခွဲသွားချေပြီဖြစ်သည်။ မခွဲချင်ဘဲခွဲသွားသည်လား။ ခွဲချင်၍ခွဲသွားသည်လား။ ကျွန်တော်မသိ။ မည်သူမျှလည်း သိမည်မဟုတ်၊ သူကိုယ်နှိုက်ကလည်း သိချင်မှ သိပေလိမ့်မည်။ မည်သို့ပင်ဆိုစေ သူ၏ဆန္ဒဖြစ်လိုသည်များကိုတော့ ကျန်ရစ်သူ ကျွန်တော်တို့တွေက ဆက်လုပ်ပေးရလိမ့်မည်။

ကားဘီးအောက်က သူ့မျက်နှာကိုကြည့်ရင်း ကျွန်တော် ဝမ်းနည်း ရင်ဆို့ခဲ့ရ၏။ ချုံးပွဲချငိုခဲ့ရ၏။



သေခြင်းသဘောတရားကို ကျွန်တော်နားမလည်သည်မဟုတ်၊ နားလည်ပါ၏။ ဆရာသော်တာဆွေပြောသလို၊ လူသားတိုင်း မွေး၊ နေ, သေ, ချည်း မဟုတ်ပါလား။ မွေးကင်းစကလေးအရွယ်မှစ၍ လမ်းလျှောက်တတ်လာကြသည်နှင့် သေဖို့ရာ နေ့ထိုင်စားသောက်၍ သေလမ်းကို လျှောက်နေကြရသူတွေချည်းပင်ဖြစ်သည်။

ဧည့်သည်မင်းနိုင်ငံသို့ သေခြင်းအမျိုးမျိုးဖြင့် သွားနေကြသည်ပင် မဟုတ်ပါလား။

ညီဖယ်၏ အမင်္ဂလာသတင်းဆိုးကိုမကြားမီ၊ သည်လမ်းခရီးကို မလာခင်အချိန်ပိုင်းလေးတွင် ကျွန်တော်ဘာမျှမသိ။ ကျွန်တော် လုပ်ငန်းခွင်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် ပျော်ရွှင်စွာ အလုပ်လုပ်နေသည်။ လုပ်ငန်းခွင်သို့ရုံးမှ လိုက်ခေါ်သတင်းပေးလာသည်။ တောအုပ်ကျော်ဝင်းတို့ သစ်တောသယံဇာတစာရင်းကောက်အဖွဲ့ ငါးသိုင်းချောင်းမှ 'ဂွ'သို့ စခန်းအကူးအပြောင်းတွင် မှတော်တဆ ကားမှောက်သွားသည်။ တစ်ယောက် ကားပိ၍ဆုံးသည်။ငါးယောက် အတွင်းလူနာဖြစ်သည်။ ကံဆိုးစွာ အသက်ပါသွားသူမှာ ကျွန်တော်၏ ညီငယ်ကျော်ဝင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စစ်ဆေးမှုအတွက် ရုံးချုပ်မှ သွားကြမည်။ သေဆုံးသူ၏ကာ ယကံရှင်နှစ်ဦးသာ လိုက်ခွင့်ရှိသည်တဲ့ အမင်္ဂလာသတင်းဆိုးကို မမျှော်လင့်ဘဲ ကြားသိလိုက်ရ၏။ သည်တော့ အစ်ကိုကြီးဖြစ်သည့် ကျွန်တော်နှင့်ညီငယ်၏ သက်ရှိပိုင်ဆိုင်သော သူ့ဇနီးသည်၏ဖခင်ဖြစ်သူတို့သည်၊ ဤခရီးကြမ်းသို့ ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘိုဒေးအလောင်းကို ပြန်ယူခဲ့ပါ' ညီတွေရဲ့ အမှာစကား။ 'သားလေးအလောင်းကို မဖြစ်မနေ ပြန်သယ်လာပါ။ သားလေးရဲ့ မျက်နှာကို နောက်ဆုံးအနေနဲ့ ကြည့်ချင်တယ်။ သည်မှာ ခမ်းခမ်းနားနား၊ စည်စည်ကားကား သဂြိုဟ်ချင်တယ်' အမေရဲ့ ဝမ်းပန်းတနည်း မှာစကား။

'ဖြစ်ပြီးမှတော့ မထူးပါဘူး၊ ဟိုမှာပဲ သဂြိုဟ်ခဲ့ပါ' ဆိုသည့် ညီငယ်ချစ်လှပါသည်ဆိုသော သူ့ဇနီး၏အပြော။

မြို့ငယ်စွာဖြင့် မြေ[illegible]ကိုက်ကြသည့် သူတွေရဲ့အမှာစကားသံတွေက ကျွန်တော့်နားထဲတွင် ဆူညံကြပ်သည်းမွန်းကြပ်နေတော့၏။

သေခြင်းတရားကို နားလည်အသည်၊ လူဆိုတာသေမျိုးချည်း။ သူ့ရဲ့ဝဋ် ကြွေးကြောင့် သည်သို့အဖြစ်ဆိုးဖြင့် ကြုံရခြင်းဖြစ်သည်။

ကျွန်တော့်တွင် တရားရှိပါ၏။ မည်သို့ တတ်နိုင်ပါအံ့နည်း။ သို့ဝေမင့် အမေ့ဆန္ဒ၊ ညီတွေရဲ့ဆန္ဒ ဖြည့်ဆည်းရန် လမ်းတလျှောက်သူ့ အားပြန်ခေါ် လာရန် စဉ်းစားရင်းလိုက်ခဲ့၏။ သို့သော် ဆန္ဒမပြည့်ခဲ့ပါ။

မည်သို့ပင်ဖြစ်စေ၊ မိမိတတ်နိုင်သည့် လုပ်သင့်လုပ်ထိုက်သည်များကို ပြုလုပ်ခဲ့ရပြီးဖြစ်၍ ကျွန်တော်သည် အနည်းငယ် ကျေနပ်နှစ်သိမ့်ခဲ့ရသလို ကျွန်ရစ်သူ ညီအစ်ကိုမောင်နှမတွေနှင့် အမေသည်လည်း ကျေနပ်ကြပေမည်။

ကျွန်တော့်အနေဖြင့် ညီငယ် ကျေနပ်လောက်အောင် လုပ်ဆောင် မပေးနိုင်ခဲ့တာတွေကို ညီငယ်တစ်ယောက် သဘောပေါက်နားလည်ပေလိမ့်မည်။



အစ်ကိုကြီး အဖအရာ ဆိုငြားသော်လည်း ညီငယ်နှင့်ပတ်သက်၍ ကျွန်တော်ဖြစ်ချင်တာတွေ၊ လုပ်ဆောင်ချင်တာတွေသည် အရာရာ၏ လွှမ်းမိုးထားခြင်းကို ခံလိုက်ရသဖြင့် ငွေမရှိ ဂုဏ်မရှိ ပြောပိုင်ဆိုခွင့်မရှိသော ကျွန်တော့်အား တမလွန်ရောက် ညီငယ် ခွင့်လွှတ်နိုင်ပေလိမ့်မည်။

တိုးပိုက်

သားရွှေစင်မင်္ဂလာရင်း။ နို၀င်ဘာလ-၁၉၉၃

www.burmeseclassic.com

www.burmeseclassic.com



# အနာဂတ်တစ္ဆေ



## အနာဂတ်တစ္ဆေ

လူပေါင်းသုံးယောက်မျှသာရှိသည့် ကျွန်တော်တို့မိသားစုလေး၏ ပျော်ရွှင်စရာကမ္ဘာကလေးသည် မမျှော်လင့်ပါဘဲနှင့် ပျက်စီး လွင့်ပြယ်ပျောက်ဆုံးသွားတော့၏။

သာယာပျော်ရွှင်ဖွယ်ကောင်းသည့် မိသားစုသုံးယောက်ကမ္ဘာလေးကို ပျက်စီးသွားစေသူမှာ ကျွန်တော်၏တစ်ဦးတည်းသော သမီးလေးပင်ဖြစ်တော့၏။

မွေးကင်းစကလေးအရွယ်မှစ၍ ယခုထက်တိုင် သည်းအူလိုက်သမျှချစ်ခဲ့ရသူလေးဖြစ်သည်။ 'ပိုး' ကလေးသဖွယ် တယုတယမွေးခဲ့ရသည်။ နာမည်ကိုပင် 'ပိုးကလေး' ဟူ၍ နူးနူးညံ့ညံ့ပေးထားသည်။ သမီးဖြတ်သန်းလာခဲ့ရသည့် အရွယ်အဆင့်ဆင့်အလိုက် လိုလေသေးမရှိစေရ။ တစ်ချက်ကလေး မျက်နှာမညှိုးစေရ။ တခြားကလေးတွေကို ကလေးရယ်လို့မမြင်၊ ကိုယ့်သမီးလေးကိုမှ သမီးလေးရယ်လို့ တယူသန်စွဲပင်ဖြစ်ခဲ့ရသည်။

သမီးလေးနှင့်ပတ်သတ်သမျှ အချိန်ကုန်ခံခဲ့ကြသည်။ ငွေကုန်လူပန်းခံခဲ့ကြသည်။ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်မို့ တစ်ရံတစ်ခါဖျားနာခဲ့လျှင် ကျွန်တော်ကောဇနီးသည်ပါ နေမထိထိုင်မသာဖြစ်ကြရ၏။ အစွမ်းကုန်ဆေးကုပေးသည့် ဆရာဝန်ကိုပင် အားလို အားမရဖြစ်မိသည်။ မိဘမပါဘဲနှင့် အိမ်တွင်းမှအိမ်ပြင်သို့မည်သည့်အခါမျှမထွက်စေရ။ (ကျောင်းသွားသည်မှတစ်ပါး) သူကလေး

www.burmeseclassic.com



အရွယ် သူငယ်ချင်းတွေနှင့် ကစားလိုက အိမ်တွင်းသာ ကစားစေ၏။ သမီးရဲ့ကျောင်းနေဖက်သူငယ်ချင်းတွေ၊ အရပ်တွင်းမှ သူငယ်ချင်းတွေ ဘယ်လောက်လာလာ၊ စားကြစမ်း၊ သောက်ကြစမ်း၊ ကစားကြစမ်း၊ ခုန့်ချင်သလောက်ခုန်ပလေ့စေ၊ မျက်စိအောက်တွင် သမီးလေး ရှိနေလျှင်တော်ပြီ။

သမီးသူငယ်ချင်းတွေ မလာသည့်အခါ အရွယ်ကိုမှုမငဲ့ဘဲ သမီးလေးရဲ့ ထမင်းအဖော် လုပ်ခဲ့ရပေါင်းလည်း မနည်းတော့ချေ။ ဆင်ကြီးလည်းဖြစ်ခဲ့သည်။ မြင်းကဲ့သို့လည်း ခွစီးခံခဲ့ရသည်။ သမီးက ကျောင်းဆရာမကြီးလုပ်သည့်အခါ ကျောင်းသားငယ်လေးတစ်ယောက်ကဲ့သို့ နားရွက်ဆွဲ ထိုင်ထလုပ်ရသည်။ လက်ဖြန့်ကာ ပေတံဖြင့် အရိုက်ခံခဲ့ဖူးသည့်အပြင် လူနာတစ်ယောက်အဖြစ် ဆေးထိုးခံရသေးသည်မှာလည်း အကြိမ်ပေါင်းမနည်းတော့ပေ။ သမီးလေး ပျော်ပါးစေချင်သည်။ သို့ကလို သမီးလေးကြီးလာလျှင် ဆရာမကြီး ဖြစ်စေချင်သည်။ သို့မဟုတ်ဆရာဝန်မကြီး ဖြစ်စေချင်ပါသည်။ ဘယ်လိုပင်ဖြစ်ပလေ့စေ အလုပ်မှ မောမောပန်းပန်းပြန်လာသည့် အခါ အိမ်ရောက်သည်နှင့် သမီးလေး မျက်နှာကိုမြင်လိုက်ရပါက တစ်နေ့လုံး ပင်ပန်းခဲ့သမျှ၊ စိတ်ညစ်ညူးခဲ့သမျှတွေသည် ပြေပျောက်သွားကြတုန်လေ၏။

ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် အရိပ်တကြည့်ကြည့် ကြည့်နေသည့်ကြားမှ အရွယ်လေးရောက်လာသည်။ သို့ရာတွင် အထက်တန်းကျောင်းသူကြီးဖြစ်လာသည့်တိုင် ကလေးငယ်လေးတစ်ယောက်ဟုပင် ထင်မှတ်ထားကြသည်။ ကလေးငယ်အရွယ်



က စိတ်မချလို့အိမ်မှာပင် ဆရာမခေါ်၍ ကျူရှင်ပေးခဲ့သည်။ (ကျောင်းတွင်စာမလိုက်နိုင်ပါက ဆရာ၊ ဆရာမတို့၏ ဆူပူမာန်မဲခြင်း၊ ရိုက်နှက်ခြင်းခံရမည်စိုး၍ဖြစ်သည်) ကြီးလာတော့လည်း အပျိုရွယ်လေးမို့ စိတ်မချသဖြင့် အိမ်မှာပင် ဆရာမခေါ်၍ ကျူရှင်ပေးရပြန်သည်။

ပြီးတော့ ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ အစစအရာရာ လိုလေသေး မရှိစေရ။ အဲလို တယုတယ ထားခဲ့သည်။ အသည်းအူလိုက်ထားမျှ ချစ်ရသူလေးမို့ လက်ဖျားကလေးနှင့်တို့ဖို့ နေနေသာသာ စကားပင် ထန်ထန်မာမာ မပြောရက်ခဲ့ချေ။ ခုတော့ဖြင့် မည်သို့မျှ မမျှော်လင့်ခဲ့သည့်ကိစ္စကြီးကို သမီးသည် ရုတ်တရက် လုပ်သွားရက်လေ၏။

မိုက်လိုက်သည့်သမီး။ သူ့ကောင်လေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်သူ့သားလဲ၊ သမီးလေးကို စိတ်ချမ်းသာအောင် ထားနိုင်ပါ့မလား၊ သမီးလေးကို နှိပ်စက်မယ့်သူလား။ သည်ကောင်လေးမှာ နူးညံ့တဲ့ နှလုံးသားရော ရှိပါ့မလား။ အရက်သောက်တတ်သလား။ ဆေးသမားလေးဖြစ်နေဒုက္ခ။ သမီးမိုက်အတွက် ပူပင်နေရသည်။

ဘယ်ပဲပြောပြော သမီးလေးကို တွေ့အောင်ရှာ၍လိုက်ခေါ်ရမည်။ သို့ကြောင့် နေရာအနှံ့ ရှာခဲ့သည်။ ဘယ်မှာမှ ရှာမရ။ သမီးလေးကို စွန့်လွှတ်ရတော့မည်။ ထမင်းလုံးတစ္ဆေခြောက်ခံရသူဝမ်း ခံစားနေရသည်။ ရင်တွင်းဝယ် မောဟိုက်နေ၏။ သို့ကြောင့် ရင်ထဲတွင် ပေါ့သွားစေရန်အတွက် နားနှစ်ဖက်ကိုပိတ်၊ မျက်စိကို စုံမှိတ်ထားကာ အားကုန်ကြိုး၍ အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အား. . . ."

"မောင်. . . မောင်. . . ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဇနီးသည် လှုပ်နှိုးမှုကြောင့် အိပ်ရာမှ လန့်နိုးလာသည်။

"ဟင်. . . . ကြည့်စမ်း၊ တစ်ကိုယ်လုံး ချွေးစေးတွေနဲ့ ပါလား။ ထမင်းလုံး တစ္ဆေခြောက်ခံရလို့လား၊ ဒါမှမဟုတ် ဘီလူးစီးခံရလို့လား၊ မောင့်ကိုကြည့်ရတာ တစ်ခုခုကို ကြောက်လန့်နေသလိုပဲ"

စိုးရိမ်တကြီးဖြင့် မေးလာသည်ကို ဂရုမစိုက်အားဘဲ သူမ၏ ပခုံးနှစ်ဖက်ကို ဆွဲလှည့်လိုက်တာ သူမ၏နောက်ကျောဘေးရှိ သမီးကို လှမ်းကြည့်လိုက်သည်။

"ဟူး. . . တော်ပါသေးရဲ့"

မီခင်ဘေးတွင် လှုပ်ရှားရုန်းကန်ရင်း ကျွန်တော့်အား ပြုံးပြနေသည့် တစ်ဦးတည်းသော (နှစ်ခါလည်သားမျှသာရှိသေးသည့်) သမီး 'ပိုးငယ်လေး'ကို တွေ့လိုက်ပါမှ မိမိအဖြစ်ကို မိမိပြန်စဉ်းစားမိသဖြင့် အားပါးတရရယ်လိုက်မိလေသည်။

"ဟား ဟား ဟား ဟား. . . . . ဟား"

တကယ်တော့ ကျွန်တော်သည် အိပ်ပျော်နေရင်း ထမင်းလုံး တစ္ဆေခြောက်ခံရခြင်းမဟုတ်။ ဘီလူးစီးခံရခြင်းလည်း မဟုတ်ချေ။

"အနာဂတ်တစ္ဆေခြောက်ခံနေရခြင်းသာ ဖြစ်ပေတော့သည်။

(ချယ်ရီမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၉၂)